

မြသရဖူ
စာပေနှင့်အနုပညာလုပ်ငန်း
အမှတ်(၅၂)၊ (၄၆)လမ်း ရန်ကုန်မြို့။
ဖုန်း၊ ၀၁-၂၉၆၈၀၁၊ ၇၂၅၁၀၆

# ပန်းဝတ္ထုဘာသာလက်ရာဓါးသည်

နှင့်

## အခြားမှုခင်းဝတ္ထုတိုများ

ဝင်းဇော် (သုံးဆယ်)

ART: KYAW SOE NYEIN DESIGN: CHAN PYAE

## ဒို့တာဝန် အရေးသုံးပါး

- ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

စီစဉ်သူ-ဆန်းလွင်ဦး

◆

ပထမအကြိမ်ပုံနှိပ်ခြင်း
(၂၀၀၇ခုနှစ်၊ ဇွန်လ)၊ အုပ်ရေ - ၅၀၀

◆

စာမူခွင့်ပြုချက်အမှတ်
၅၀၀၃၅၀၄၀၇

◆

မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၀၄၃၇၀၅၀၇

◆

မျက်နှာဖုံးနှင့်အတွင်းသရုပ်ဖော်
ဝမ်းရှိ ကျော်ရိုးညိမ်း

◆

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ
(၁၁၁) ပုံနှိပ်တိုက်၊ ဦးအောင်သူရ (မြ - ၀၆၅၈၂)၊ အမှတ်(၁)ဝက်မွန်ကြီးရွာဝန်း
ယာန်းမြို့နယ်၊ ရန်ကုန်မြို့

◆

ထုတ်ဝေသူ
ဦးဆန်းလွင်ဦး (ယာယီအထွေထွေထုတ်ဝေခွင့် - ၁၀၁၂)၊ (မြသရဖူစာပေနှင့်အနုပညာလုပ်ငန်း)
အမှတ်(၅၂)၊ ရွှေညီထပ်၊ ၄လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၂၉၆၀၀၁၊ ၂၉၆၇၃၂၊ ၇၂၄၁၀၆

◆

စာစီပြင်ဆင်ပုံနှိပ်ဖြန့်ချိရေး- မြသရဖူစာပေ

◆

အထောက်ပြန့်မှုပြည်ဖြန့်ချိရေး- နှင်းဆီစာပေ၊ ထွန်းဦးစာပေ (မွှေးလေး)

◆

တန်ဖိုး - ၁၀၀၀ ကျပ်

# မာတိကာ

## ပန်းခြွေသောလက်ရက်စက်သည်နှင့် အခြားမှုခင်းဝတ္ထုတိုများ

ပန်းခြွေလက်ရက်စက်သည်...

အကြွေပန်းပေမယ့် မောင်နမ်းဝံ့သည်

မပွင့်မီက နွမ်းကြွေရတဲ့ပန်းတစ်ပွင့်

မဝွေ့သောပန်းကို နမ်းခြွေရက်သူများ

အခြွေခံပန်း၏ အလွမ်းသံသရာ

ရှူးခြွေဖျက်ဆီးရက်တယ်

မပွင့်မီက ကြွေလွင့်သည်

သဝန်တိုခြင်း၊ အမုန်းကင်းမေ

စိတ်ရိုင်း၊

မပြေသာကြမ္မာဆိုး

သံသယအမုန်း

ဆူညံသံတွေကြားမှာ

မိန်းကလေးငယ်အသိမကြွယ်

အရွယ်မတိုင်မီစိတ်ရိုင်း၊

# စီစဉ်သူ၏ အမှာစကား

မှုခင်းကျူးဆင်းရေး တရား ဥပဒေစိုးမိုးရေး ပြည်သူ့ဘဝလုံခြုံရေး ရပ်ရွာ အေးချမ်းသာယာရေးတို့၏ အကျိုးရလာဒ်ကို သိရှိနားလည်လာကြသော လုပ်သား ပြည်သူတို့က ရဲတပ်ဖွဲ့ဝင်များနှင့်အတူ ပါဝင်လက်တွဲကာ မှုခင်းများနှင့် ပတ်သက်သော အဖြစ်မှန်ပေါ်ပေါက်ရေး ရာဇဝတ်သားတို့အား ဖမ်းဆီးရမိရေးတို့အတွက် သတင်း ပေးခြင်း၊ သက်သေပြုခြင်းများ ပြုလုပ်ကူညီကြသည်။ မီဒီယာများဘက်မှလည်း အများပြည်သူတို့ အတွက် ဘဝလုံခြုံမှုရှိစေရန် ဆောင်ရန်၊ ရှောင်ရန်များအတွက် အသိသင်ခန်းစာပေး ဇာတ်လမ်းများဖြင့် တစ်တပ်တစ်အားဆိုသလို တင်ဆက်ရေး သားကြပါသည်။

ယခု ညီငယ်မှုခင်းစာရေးဆရာဝင်းဇော်(ဘုံးဆယ်)မှ “ပန်းခြွေသော လက်ရက်စက်သည်”နှင့် အခြားမှုခင်းဝတ္ထုတိုများ စာစုအား ဖတ်ရှုခံစားပေးပါရန် ကမ်းလှမ်းမှုကြောင့် ဖတ်ရှုဖြစ်ခဲ့မိပါသည်။ တကယ်ဖြစ်ရပ်မှန်ဇာတ်လမ်းများကို ကွက်ကွက်ကွင်းကွင်း မြင်လာအောင်၊ ထင်လာအောင်ရေးသားနိုင်သော သူ့ ကလောင်စွမ်းရည်ကို ချီးကျူးမိရင်း မြသရဖူစာပေမှ အများပြည်သူအကျိုးရှိစေမည့် ရသတစ်ခုပေးဆက်ဖို့ ကြံစည်မိခဲ့ရသည်။ မိန်းမသားတို့၏ဘဝ အသက်၊ အရှက်လုံခြုံ မှုတို့အတွက် အသိပညာပေးစာစုတစ်စုအဖြစ် ထုတ်ဝေရန် ဆုံးဖြတ်မိပါသည်။

ကမ္ဘာတို့ယခေါ် မိန်းမသားတို့ဘဝသည် အညီရှိရာ ယင်အုံခြင်း၊ ခံရတတ်ပါသည်။ ဆူးပေါ်ဖက်ကျ ဖက်ပေါက် သည့်ဘဝ၊ ဖက်ပေါ်ဆူးကျလည်း ဖက်ပေါက်သည့်ဘဝများပင်။ ပန်းတို့ရှိရာ လိပ်ပြာတို့ လာတတ်ကြပါသည်။ ပိတုန်းတို့ လာတတ်ကြသည်။ ထိုထိုသော အခါများတွင် မိန်းမသားတို့အဖို့ အရွယ်မရောက်သေးသူ၊ အရွယ်ရောက်ပြီးသူ မိန်းမသားများ မပွင့်မီက မကြွေလွင့်ဖို့၊ ဖူးပွင့်စပန်းကလေးများအား ခူးခြွေသူလက်မှ ကင်းဝေးစေဖို့ အကြွေပန်းကလေးများ မဖြစ်စေဖို့ ပန်းကောင်းလေးများ အညွန့် မကျိုးစေဖို့ ဘဝဆိုးမျိုးနှင့်မကြုံတွေ့စေဖို့၊ လူစိတ်ကင်းမဲ့သူများ၏ အန္တရာယ်မှ ရှောင်ရှားနိုင်ဖို့ သတိပြုဆင်ခြင်စရာများ ဤစာစုတွင် ဖတ်ရှုမိရင်း အသိနှင့်သတိ ဆင်ခြင်နိုင်မည်ဖြစ်သလို၊ ယနေ့နိုင်ငံတော်မှ အကောင်အထည်ဖေါ်ဆောင်ရွက် လျက်ရှိသော လူကုန်ကူးမှု၊ အမျိုးသမီးများအကြမ်းဖက်မှုမှ ကာကွယ်ရေးဆိုင်ရာ ဥပဒေများပြဋ္ဌာန်းပြီး၊ ဆောင်ရွက်လုပ်ကိုင်နေမှုများအားလည်း တစ်စုံတစ်ခုသော အထောက်အကူအဖြစ် ဤစာစုဖြင့် ထောက်ကူနိုင်မှုများ ပေးစွမ်းမည်ဟု ယုံကြည်မိ လိုက်ရပါသည်။

စီစဉ်သူ

ဆန်းလှိုင်ဦး

မြသရဖူစာပေနှင့်အနုပညာလုပ်ငန်း

## ဝင်းဇော်(သုံးဆယ်)၏ ကိုယ်ရေးရာဇဝင်အကျဉ်း

| | |
|---|---|
| အမည်ရင်း | ဦးဝင်းဇော် |
| ကလောင်အမည် | ဝင်းဇော် (သုံးဆယ်) |
| မိဘအမည် | ဦးအောင်တင်+ဒေါ်ကျင်စိန် |
| မွေးသက္ကရာဇ် | ၃ . ၆ . ၆၃ |
| ပညာအရည်အချင်း | (၁၀)တန်း |
| နိုင်ငံသားမှတ်ပုံတင်အမှတ် | ၇/သဝတ(နိုင်)၀၀၈၄၄၈ |
| နေရပ်လိပ်စာ | ကမ်းနားလမ်း၊ ဈေးရပ်ကွက်၊ သုံးဆယ်မြို့။ |

၁၉၈၀ ခုနှစ်၊ ဇန်နဝါရီလထုတ် ယုဝတီဂျာနယ်တွင် 'ဘဝခရီးသည်' ကဗျာကို စတင်ပုံနှိပ်ဖော်ပြခြင်း ခံရသည်။ ရွှေဒေွး၊ တေးဇ၊ မိုးသောက်ပန်း၊ စစ်ပြန်၊ ငွေတာရီ၊ မြဝတီမဂ္ဂဇင်းများတွင် ကဗျာများ၊ ပုံပြင်၊ ဝတ္ထုတိုများ ရေးသားခဲ့သည်။ ၁၉၈၇ ခုနှစ် နီလာအောင်(မှုခင်း)တွင် 'တစ်ခုသောမလေးသတ်မှု' မှုခင်းဇာတ်လမ်းကို စတင်ရေးသားရာမှ မှုခင်းစာပေလောကသို့ ဝင်ရောက်လာခဲ့သည်။ မှုခင်းမဂ္ဂဇင်းများတွင် မှုခင်းဇာတ်လမ်းများ အဆက်မပြတ်ရေးသားလာခဲ့သည်။ မှုခင်းမဂ္ဂဇင်းတိုင်းနှင့် ဂျာနယ်များတွင် မှုခင်း၊ ကျွန်းရေ ဝတ္ထုတို၊ ဆောင်းပါးများ ရေးသားနေဆဲ ဖြစ်သည်။ ယနေ့အထိ ကဗျာ(၇၃)ပုဒ်၊ ပုံပြင်(၁၀၀)ကျော်၊ ဆောင်းပါး(၂၀၀)ကျော်၊ ဝတ္ထုတို/ရှည်ပေါင်းစုံ (၅၀၀)ကျော် ရေးသားခဲ့ပြီး ဖြစ်သည်။ စာပေရေးသားခြင်းဖြင့် ဘဝရပ်တည်လျက်ရှိသည်။




# ပန်းခြွေသောလက် ရက်စက်သည်

## ပန်းခြွေသောလက်ရက်စက်သည်

'ဗိုလ်ကြီးကို ရပ်ကွက်လူကြီးနှစ်ဦးနဲ့ အမျိုးသမီးနှစ်ဦးတို့က တွေ့ခွင့်တောင်းနေလို့ သတင်းလာပို့တာပါ'

ရဲစခန်းကင်း တာဝန်ကျရဲတပ်သားလေးက စခန်းမှူးရဲအုပ်ဖော် အောင်ထွန်းထံသို့ လာရောက်သတင်းပို့သည်။

'ဒီနေ့ တာဝန်မှူး ဘယ်သူလဲ'

'ရဲအရာခံ တင်ဝင်းပါဆရာ'

'ဆရာကြီးတင်ဝင်း ဘာလုပ်နေတာလဲ'

'မြို့နယ်မှူးရုံးကို ပေးပို့ရမယ့် အစီရင်ခံစာတွေ ရေးနေတယ် ဆရာ။ ဆရာကြီးတင်ဝင်းကို ပြောပြပြီးမှ ဗိုလ်ကြီးဆီကို သတင်းလာ





ပို့မိတာပါ'

'ငါ့ကို တွေ့ခွင့်တောင်းတဲ့သူတွေကို ငါ့အခန်းထဲ ခေါ်လာခဲ့ကွာ'

'ဟုတ်ကဲ့ပါ ဗိုလ်ကြီး'

ရဲတပ်သား ကျော်လွင်က အခန်းထဲမှ ထွက်သွားသည်။ ခဏကြာ တော့ ရဲတပ်သားကျော်လွင်နှင့်အတူ ရပ်ကွက်လူကြီးနှစ်ဦး၊ အမျိုးသမီးနှစ် ဦးတို့သည် စခန်းမှူးအခန်းထဲသို့ ဝင်လာကြ၏။

'လာကြပါ၊ ထိုင်ကြပါ။ ကျွန်တော် စခန်းမှူးရဲအုပ်ဖော်အောင်ထွန်းပါ'

'ဘာကိစ္စရှိလို့လဲ ခင်ဗျာ။ ဘယ်လိုကူညီရမလဲ'

စခန်းမှူးရဲအုပ်ဖော်အောင်ထွန်းက ဧည့်သည်များကို နေရာပေးရင်း မေးလေသည်။

'ကျွန်တော်က ထန်းသုံးပင်ရွာ ရပ်ကွက်ဥက္ကဋ္ဌ ဦးစိုးမောင်ပါ၊ သူက အဖွဲ့ဝင်ဦးသန်းထွန်း၊ ဒီမိန်းကလေး နာမည်က မနှင်းအေးပါ ဆရာ ကျွန်တော် တို့ ဆရာ့ဆီလာရတဲ့အကြောင်းကို ပြောပြပါ့မယ်။ ကျွန်တော်တို့ရွာသူ မနှင်းအေးက (+++)မြို့၊ ဇေယျာသုခလမ်းက ကုန်သည်ကြီး ဦးသောင်းထွန်းအိမ်မှာ အိမ်ဖော်သွားလုပ်နေတာ လေးငါးနှစ်ရှိပါပြီ'

'ဦးသောင်းထွန်းလား သိပါတယ်၊ တချို့က လူပျိုကြီးလို့လည်း ပြောတယ်။ တချို့က မုဆိုးဖိုလို့လည်း ပြောကြတယ်။ သူ့မှာ သမီး

တစ်ယောက်လည်း ရှိတယ်။ ဆက်ပြောပါဦး'

'မနှင်းအေးက သူတို့အိမ်မှာ အလုပ်လုပ်လာတာ ကြာပြီဆိုတော့ မိသားစုလိုဖြစ်နေပါပြီဆရာ။ မနှင်းအေးက ဦးသောင်းထွန်းကို မိဘလို သဘောထားပြီး သူ့သမီး အင်း ဘယ်လိုပြောရမလဲဆရာ၊ အမျှာမျှာအသိမှာတော့ သမီးပေါ့။ တကယ်တော့ အငယ်အနှောင်းပါ။ မနှင်းအေးရဲ့ ပြောစကားအရတော့ ဦးသောင်းထွန်းနဲ့ မချမ်းသာက တိတ်တိတ်ပုန်းညားနေကြတာတဲ့ဆရာ။ လွန်ခဲ့တဲ့ တစ်ပတ်လောက်ကတော့ မချမ်းသာက ရန်ကုန်သွားတယ်ပြောပြီး အိမ်ပြန်မလာဘူး။ အဲဒီအိမ်မှာ ဦးသောင်းထွန်းနဲ့ မနှင်းအေး နှစ်ယောက်ထဲရှိနေတုန်း တစ်ညမှာ ဦးသောင်းထွန်းက မနှင်းအေးကို အလိုမတူဘဲ သားမယား အဖြစ် အဓမ္မပြုကျင့်ခဲ့တယ်ဆရာ'

'ဗျာ'

ကျေးရွာလူကြီး၏စကားကြောင့် စခန်းမှူးရဲအုပ်ဇော်အောင်ထွန်း အံ့ဩသွားမိသည်။ မနှင်းအေး၏ မျက်နှာကိုလည်း လှမ်း၍ အကဲခတ်မိသည်။ မနှင်းအေးသည် အလွန်ရှက်နေပုံရလေသည်။

'ဦးသောင်းထွန်းက မနှင်းအေးကို စော်ကားပြီးတော့ အခု သူပြုမူခဲ့တဲ့ ကိစ္စကို သူများလျှောက်ပြောရင် မနှင်းအေးကို သတ်ပစ်မယ်လို့ ကြိမ်းဝါးသေးသတဲ့။ နောက်တစ်နေ့ မနက်မှာ မချမ်းသာက အိမ်ကို ပြန်ရောက်လာတယ်။ မနှင်းအေးကိုလည်း အိမ်ထဲက အိမ်ပြင် မထွက်နိုင်ဘဲ နေခိုင်းသတဲ့။ မနေ့ကတော့ ဦးသောင်းထွန်းနဲ့ မချမ်း





သာတို့ရဲ့အလစ်မှာ မနှင်းအေးက ရွာကို ထွက်ပြေးလာပြီး သူ့အမေကို ပြောပြတယ်။ သူ့အမေက ကျွန်တော်တို့ကို လာပြီး တိုင်ကြားထားလို့ ဆရာ့ဆီကို ခေါ်လာခဲ့တာပါဆရာ'

'ဟင် . . .'

'မနှင်းအေးရဲ့ အဖြစ်ကိုကြားရတာ စိတ်မကောင်းစရာပဲဗျာ။ တောက်၊ ဦးသောင်းထွန်းက မြို့မျက်နှာဖုံးဟန်ဆောင်ပြီး သမင်ရေခြံ့တဲ့ ကျားဆိုးကြီးပါလား။ ဒီကိစ္စဖြစ်တာ တစ်ပတ်လောက်ရှိပြီပေါ့နော်'

'ဟုတ်ပါတယ်'

'ငါ့ညီမ မနှင်းအေးက အစ်ကိုမေးတာကို မရှက်မကြောက် ဖြေပေးနော်၊ ဒါမှ အစ်ကိုတို့က ဥပဒေအရ ဘယ်လို ဆက်လက်ဆောင်ရွက်ရမယ်ဆိုတာ စဉ်းစားလို့ရမယ်'

'ဟုတ်၊ ဟုတ်ကဲ့ပါရှင်'

'မနှင်းအေးကို ဦးသောင်းထွန်းက ဘယ်ပုံဘယ်နည်း စော်ကားခဲ့တယ်ဆိုတာ အစ်ကို့ကို အသေးစိတ် ပြောပြပေးပါ။ အစ်ကိုက လိုက်ပြီး မှတ်သားထားမယ်'

'အခု ကိစ္စကို ကျွန်တော်တို့က ဘယ်သူ့မှ အသိမခံသေးဘူး။ မနှင်းအေးတို့က သားအမိသုံးယောက်တည်း ရှိတယ်။ သူ့မောင်လေးက ရှစ်တန်းကျောင်းသား။ မနှင်းအေးက သူ့အမေနဲ့ မောင်လေးအတွက် ဦးသောင်းထွန်းရဲ့အိမ်မှာ အိမ်ဖော်လုပ်နေရတာပါဆရာ။

အခုကိစ္စကို မနှင်းဖွေး အစ်ကိုဝမ်းကွဲတွေသာ သိသွားရင် ဦးသောင်းထွန်းကို သွားပြီး သတ်ကြမှာဗျ'

'ဒါသကို ရှေ့မထားကြပါနဲ့ဗျာ၊ ဥပဒေအရ အမှန်အတိုင်းဖြစ်အောင် ကျွန်တော်တို့ ဆောင်ရွက်ပေးပါ့မယ်။ မနှင်းဖွေးက ပြောပြပါဦး'

× × × × ×

'အဖေရေ မနက်ဖြန်ကျရင် သမီး ရန်ကုန်ကို ကုန်ပစ္စည်းတွေ သွားဝယ်ဦးမယ်၊ အဖေ ဘာမှာချင်သေးလဲ'

နေ့လယ်စာ ထမင်းစားရင်း မချမ်းသာက ဦးသောင်းထွန်းကို ပြောသည်။

'နှင်၊ ရန်ကုန်ကိုသွားပြီး ပိုက်ဆံသွားဖြုန်းမလို့ မဟုတ်လား'

'ဟာ အဖေကလဲ ရန်ကုန်မရောက်တာလဲကြာပြီ။ ပစ္စည်းတွေလဲ ဝယ်စရာရှိလို့ပါ'

'မမ ရန်ကုန်သွားရင် နှင်းဖွေး လိုက်ချင်လိုက်တာ၊ နှင်းဖွေးက ရန်ကုန်ကို တစ်ခါမှ မရောက်ဖူးလို့'

'နှင်က ငါနဲ့ လိုက်လာရင်'အဖေ့ကို ဘယ်သူက ထမင်းဟင်းချက်ကျွေးမှာလဲ နှင်းဖွေးရဲ့'

မချမ်းသာက လေသံမာမာဖြင့် ပြောသည်။

'နောက်တစ်ခါ ဘဘ ရန်ကုန်သွားတော့မှ နှင်းဖွေးလိုက်ခဲ့။ နှင်းဖွေးကို နေရာအနှံ့ လိုက်ပို့ပေးမယ်၊ ဒီတစ်ခါတော့ မလိုက်ချင်နဲ့





ဦး၊ ဘဘက သိပ်နေကောင်းတာမဟုတ်ဘူး ကလေးရဲ့'

မနှင်းဖွေးက ခေါင်းညိတ်သည်။ မချမ်းသာက ပြုံးပြီး ခေါင်းညိတ်သည်။ မနှင်းဖွေးက သည်အိမ်တွင် အနေကြာလာပြီဆိုတော့ မိသားစုလို ဖြစ်နေသည်။ ဦးသောင်းထွန်းက မနှင်းဖွေးကို အိမ်ဖော်ဟု သဘောမထား။ မိသားစုတစ်ယောက်ပမာ အခွင့်အရေးပေးသည်။ ညစဉ်ညတိုင်း ဗီဒီယိုဇာတ်ကားခွေတွေ ငှားပေးပြီး ကြည့်နိုင်းသည်။

မချမ်းသာက မြန်မာဗီဒီယိုဇာတ်ကားကို ပျင်းလို့ဆိုပြီး မကြည့်၊ နိုင်ငံခြားကားများကိုသာ ငှား၍ ကြည့်သည်။ မနှင်းဖွေးကတော့ နိုင်ငံခြားဇာတ်ကားထဲတွင် မျက်စိရှက်စရာတွေ ပါလာတတ်၍ မကြည့်ရဲ။

'ညည်းက ခေတ်မမီဘူး။ ဒါကြောင့် ညည်းကို တုံးလွန်းအလွန်းတယ်လို့ ငါပြောတာ'

ဤသည်ကား မချမ်းသာ၏ လက်သုံးစကား။ မချမ်းသာက အလွန် ခေတ်ဆန်သည်။ ညဖက်တွင် ညဝတ်အင်္ကျီကြီးကို မလုံမလဲဝတ်ဆင်ထား၏။ ဦးသောင်းထွန်းနှင့်မချမ်းသာတို့၏ အကြောင်းကို သည်အိမ်ရောက်ကာစက မနှင်းဖွေး ဘာမှမသိ။ နောက်တော့ တဖြည်းဖြည်း ရိပ်စားမိလာသည်။

နောက်နေ့ နံနက်တွင် မချမ်းသာ ရန်ကုန်သို့ သွားသည်။ မနှင်းဖွေးက နံနက်ပိုင်းတွင် ချက်ပြုတ်ပြီးသည်နှင့် အဝတ်တွေ

လျှော်၏။ နေ့လယ် ထမင်းစားပြီးလျှင် ဦးသောင်းထွန်းက တစ်ရေး အိပ်သည်။ မနှင်းအေး တယ်လီဗေးရှင်းကြည့်ရင်း အနားယူ၏။

'ညည်းအစ်မ မချမ်းသာကတော့ ရန်ကုန်က ဆွေမျိုးတွေအိမ်မှာ ညအိပ်ပြီးနဲ့ တူပါရဲ့ကွယ်'

ဦးသောင်းထွန်းက တီဗီကြည့်နေရင်းက ပြောသည်။

'ကျွန်မ မမချမ်းသာကို ထိုင်စောင့်ပေးနေပါ့မယ်'

'ည ဆယ်နာရီအထိလောက်ပဲ ထိုင်စောင့်ကြည့်ပေါ့။ မလာသေးရင်တော့ ညည်းအိပ်ရာဝင်တော့။ အိမ်တံခါးပေါက်တွေကို အသေအချာပိတ်နော်။ အခု လတ်တစ်လော ရပ်ကွက်ထဲမှာ သူခိုးတွေ သောင်းကျန်းနေပြန်ပြီလို့ ပြောတယ်။ ဘဘက အိမ်မှာ ကိုက်တတ်တဲ့ ခွေးကိုဝယ်ပြီး မွေးထားချင်တာ၊ ညည်းအစ်မက မမွေးပါနဲ့လို့ ပြောလို့၊ ဘဘကတော့ အိပ်တော့မယ်ကွာ'

ဦးသောင်းထွန်းက အိပ်ခန်းထဲသို့ ဝင်သွားသည်။ မနှင်းအေးက ည ဆယ်နာရီအထိ မချမ်းသာကို ထိုင်စောင့်နေ၏။ တစ်နေကုန် အလုပ်ပင်ပန်းလှသည်မို့ မနှင်းအေးအိပ်ငိုက်လာသည်။ ထို့ကြောင့် လျှပ်စစ်မီးချောင်းကို ပိတ်ပြီး အိပ်ခန်းထဲသို့ ဝင်လာခဲ့၏။ အိမ်အပြင်ဘက်တွင် မိုးက သည်းထန်စွာ ရွာလာသည်။

မချမ်းသာပြန်လာ၍ မိုးရွာသံနှင့် ခေါ်မရလျှင် စိတ်ဆိုးလေမည်လားဟု မနှင်းအေး တွေးမိ၏။ မနှင်းအေးသည် အိမ်ပြင်သို့ နားစွင့်ရင်း အိပ်သည်။ မိုးကလည်း သည်းသည်ထက် သည်းလာ





သည်။ မနှင်းအေး အိပ်ပျော်သွား၏။ နှစ်ခြိုက်စွာ အိပ်မောကျနေစဉ် သူ့ကိုယ်ပေါ်သို့ ဖိစီးလာသောအရာကြောင့် မနှင်းအေး လန့်၍ နိုးသွား၏။

'ဟင် ဘယ်သူလဲ၊ ဘယ်သူလဲ'

'ဘဘပါ မနှင်းအေးရဲ့'

'အို'

မနှင်းအေးက အသံကုန်အော်ဟစ်ပေမယ့် မိုးရွာနေသံကြောင့် မည်သူမျှ ကြားမည်မထင်။ အားမတန်သဖြင့် မနှင်းအေးက မာန်လျှော့လိုက်ရသည်။ မနှင်းအေး၏ ဘဝကို ဦးသောင်းထွန်းက နင်းခြေပစ်လိုက်သည်။

'မငိုပါနဲ့ မနှင်းအေးရယ်၊ ဘဘလေ ဘဘ'

'သွား၊ လူယုတ်မာကြီး၊ သားသမီးချင်း မစာနာ မိုက်ရိုင်းတယ်'

ဦးသောင်းထွန်းက မနှင်းအေး၏ အခန်းထဲမှ ထွက်သွားသည်။ မနှင်းအေးငိုရင်း ကျန်ခဲ့၏။ တစ်ညလုံး မအိပ်နိုင်ဘဲ မနှင်းအေး ကိုယ့်ဘဝကိုယ် ယူကျုံးမရ ဖြစ်မိသည်။ ရက်စက်လေခြင်း၊ ယုတ်မာလေခြင်းဟု ခံပြင်းမိ၏။ မိမိက မိဘသဖွယ် သဘောထားမိသူက မိမိဘဝကို ဖျက်ဆီးရက်လေခြင်းဟု ဝမ်းနည်းမိသည်။

'ညက ဖြစ်ပျက်ခဲ့တာကို နင် ဘယ်သူ့မှ လျှောက်မပြောနဲ့၊ ဟိုလူဒီလူကို လျှောက်ပြောလို့ကတော့ နင့်ကို ငါ သတ်ပစ်မယ်၊

ကြားလား'

'ဟုတ်၊ ဟုတ်ကဲ့'

နောက်တစ်နေ့ နံနက်တွင် ဦးသောင်းထွန်းက မနှင်းအေးကို ပြောသည်။ မနှင်းအေး၏ စိတ်သည် လေးလံထိုင်းမှိုင်းနေ၏။ ဘာအလုပ်ကိုမှ လုပ်ချင်ကိုင်ချင်စိတ် မရှိ။ သည်အိမ်နှင့် ဝေးရာကိုသာ ထွက်ပြေးချင်နေမိသည်။

နေ့လယ်တွင် မချမ်းသာအိမ်သို့ ပြန်ရောက်လာ၏။ ဦးသောင်းထွန်းက မချမ်းသာကို ခေါ်ပြီး တီးတိုးပြောနေသည်။

'ညည်း ညက ဝတ်ခဲ့တဲ့ လုံချည် ငါ့ကို ပေးစမ်း နှင်းအေး'

'ဘာလုပ်မလို့လဲဟင် မမ'

'ငါ့ကို ပြန်မေးမနေနဲ့၊ ငါတောင်းတာကိုသာ ပေးစမ်း'

မနှင်းအေးက ခါးမှ လုံချည်ကို လဲ၍ ပေးလိုက်သည်။ မချမ်းသာက မနှင်းအေး၏ လုံချည်ကို ခြံ အနောက်ဘက်သို့ ယူသွားပြီး ရေနံဆီလောင်းကာ မီးရှို့ပစ်လိုက်သည်။

မချမ်းသာက မနှင်းအေးကို ဈေးသို့မလွှတ်။ သူကိုယ်တိုင် ဈေးသို့ သွားသည်။ ဦးသောင်းထွန်းနှင့်တစ်အိမ်တည်း နှစ်ယောက်ထဲ နေရသည့်အချိန်တွင် မနှင်းအေး ကြောက်နေမိ၏။ မနှင်းအေးက မချမ်းသာ၏ရှေ့တွင် မည်သို့မျှ မခံစားရသလို ဟန်ဆောင်နေပြသည်။ သူတို့ကွယ်ရာမှာတော့ ရှိုက်ကာ ရှိုက်ကာ ငိုနေမိ၏။

ဦးသောင်းထွန်းနှင့်မချမ်းသာတို့၏ အလစ်မှာတော့ မနှင်း





အေးသည် အဝတ်အစားထုပ်ကို ယူ၍ သူ့ရွာရှိရာသို့ ပြေးလာခဲ့၏။

× × × × ×

မနှင်းအေးက ရဲစခန်းမှူး ရဲအုပ်ဇော်အောင်ထွန်းကို ပြောပြီး ရှုက်နေ၏။ စခန်းမှူးက ခေါင်းတဆတ်ဆတ်ညိတ်ရင်း နားထောင်နေသည်။

'ဟင် ဒါဆို အခင်းဖြစ်စဉ်တုန်းက မနှင်းအေးဝတ်ထားတဲ့ လုံချည်ကို မချမ်းသာက မီးရှို့ပြီး ဖျောက်ဖျက်ပစ်လိုက်ပြီပေါ့'

'အဲဒီညက ဝတ်ခဲ့တဲ့ လုံချည်ကို ကျွန်မ လဲဝတ်ထားတာပါ၊ မချမ်းသာ မီးရှို့ပစ်လိုက်တာ အဲဒီလုံချည်မဟုတ်ဘူး'

'ဟာ၊ ဒါဆို တော်သေးတာပေါ့။ အဲ့ဒီညက ဝတ်ဆင်ခဲ့တဲ့ လုံချည်ကော မနှင်းအေး၊ လုံချည်ကို ရေလျှော်ပစ်မိသေးလား'

'ရေမလျှော်ပါဘူး၊ ရပ်ကွက်လူကြီးတွေပြောလို့ အဲဒီ လုံချည်ကို ကျွန်မတစ်ခါတည်း ယူလာပါတယ်'

'အဲဒီလုံချည်ဟာ အမိက သက်သေခံပစ္စည်းပဲ။ ဒီလုံချည်ကို ဓာတုဗေဒဝန်ဆီကို ပေးပို့ပြီး စစ်ဆေးခိုင်းရမှာ'

စခန်းမှူး ရဲအုပ်ဇော်အောင်ထွန်းက အလိုမတူဘဲ . သားမယားအဖြစ် အဓမ္မပြုကျင့်ခဲ့သော ဦးသောင်းထွန်းအား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၇၆ဖြင့် အမှုဖွင့်ပြီး နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်မြင့်လွင်အား သွားရောက်ဖမ်းဆီးခိုင်းလိုက်၏။ ဦးသောင်းထွန်းရော မနှင်းအေးကိုပါ ပြည်သူ့ဆေးရုံသို့ ခေါ်သွားပြီး မှုခင်းဆရာဝန်ထံ

အပ်နှံ၍ ဆေးစစ်ချက်ရယူသည်။

'လူကြီးလူကောင်းဟန်ဆောင်ပြီး အတော်ယုတ်မာတဲ့ လူပဲဗျာ'

× × × × ×

'ကျွန်တော့်ကို အထင်မလွဲပါနဲ့ဆရာရယ်၊ ကျွန်တော် မနှင်းအေးကို မစော်ကားခဲ့ပါဘူး။ သူ့အိမ်က ပျောက်သွားလို့ ကျွန်တော် စိတ်ပူနေတာပါ'

'တော်စမ်းဗျာ။ ခင်ဗျား မစော်ကားဘဲနဲ့ မိန်းကလေးက သူ့ကို အလိုမတူဘဲ သားမယားအဖြစ် ပြုကျင့်တယ်လို့လာပြီး တိုင်ပါ့မလား'

'ကျွန်တော် . . .'

'ဦးသောင်းထွန်း ခင်ဗျား လိမ်ညာပြီး ပြောဆိုနေလည်း အပိုပဲ။ မနှင်းအေး အဲဒီအခင်းဖြစ်တဲ့ညက ဝတ်ဆင်ခဲ့တဲ့ လုံချည်က ကျွန်တော်တို့ဆီမှာ တင်ပြထားပြီးပြီ'

'ဗျာ'

'အဲဒီလုံချည်ကို ဓာတုဗေဒဝန်ဆီပေးပို့ပြီး လုံချည်ကို စစ်ဆေးထားတယ်။ ခင်ဗျား ဘယ်လောက်ငြင်းငြင်း အပိုပဲ။ မနှင်းအေးကို ဆရာဝန်တွေဆီခေါ်သွားပြီး စစ်ဆေးပြီးပြီ။ ဆေးစစ်ချက် အစီရင်ခံစာမှာလည်း +++++++++++++၊ ဘယ်လိုလဲ ဦးသောင်းထွန်း'

'ကျွန် . . ကျွန်တော် မနှင်းအေးကို စော်ကားခဲ့မိပါတယ်





ဆရာ။ ကျွန်တော် သူ ကျေနပ်လောက်တဲ့ လျော်ကြေးပေး . . . ပေး'

'တောက်၊ တော်စမ်း ဦးသောင်းထွန်း၊ သူများရဲ့ သမီးပျိုလေးကို စော်ကားပြီး လျော်ကြေးပေးလိုက်တာနဲ့ ခင်ဗျားအမှုက ပြီးပြတ်မယ်ထင်လို့လား။ ဒါ ရဲအရေးပိုင်တဲ့အမှု၊ မုဒိမ်းမှုဗျ။ အမှုကြီး၊ ခင်ဗျားပြုလုပ်ခဲ့တဲ့ အပြစ်ကို တရားဥပဒေအရ ခင်ဗျား ခံစားရမှာပဲ'

× × × × ×

'ဓာတုဗေဒဝန်ဆီက တွေ့ရှိချက်အစီရင်ခံစာမှာ လုံချည်တွင် သုက်ပိုးတွေ့ရှိတယ်လို့ ဖော်ပြထားတယ်။ ဦးသောင်းထွန်းရဲ့ ယုတ်မာရက်စက်မှုဟာ အထင်းသား ပေါ်နေတာပဲ'

စခန်းမှူး ရဲအုပ်ဇော်အောင်ထွန်းက ပြောသည်။

'မနှင်းအေးမှာ သူ့ကို လက်ထပ်မယ့် အမျိုးသားရှိတယ်လို့ သိရတယ်ဆရာ။ အခု ဦးသောင်းထွန်းက မနှင်းအေးကို စော်ကားလိုက်တာ လူသိရှင်ကြားဖြစ်သွားတော့ သူ့ချစ်သူက မနှင်းအေးကို လက်မထပ်နိုင်တော့ဘူးလို့ သတင်းကြားရတယ်။ မနှင်းအေးကတော့ သနားစရာပဲ'

'မနှင်းအေးအတွက် စိတ်မကောင်းလိုက်တာကွာ'

'လူမဆန်တဲ့ လူတွေကြောင့် အမျိုးကောင်းသားသမီးတွေ ဘယ်လောက် ပန်းကောင်းအညွန့်ကျိုး ဖြစ်ကြရသလဲဆရာ'

'မိုက်မှားသူတွေအတွက် ဥပဒေက မျက်နှာသာ မပေးပါဘူး'

× × × × ×




# အကြေွပန်းပေမယ့် မောင်နမ်းဝံ့သည်

မြသရဖုစာပေနှင့်အနုပညာလုပ်ငန်း

## အကြေွပန်းပေမဲ့ မောင်နမ်းဝံ့သည်

"တောက်. . . ခံပြင်းစရာကောင်းလိုက်တာကွာ"

စိုးမောင်က အံကို တင်းတင်းကြိတ်ထားရင်းမှ ပြော၏ စိုးမောင်၏ မျက်နှာသည် အလွန်ပင် တင်းမာနေလေ၏။ စိုးမောင် ကုလားထိုင်ပေါ်သို့ ဝုန်းကနဲ ထိုင်ချလိုက်၏။ စိုးမောင်၏ သူငယ်ချ တင်ဝင်းမြင့်က စိုးမောင်၏ ဘေးမှ ထိုင်ခုံတွင် ဝင်ထိုင်၏။

"မင်းစိတ်ထဲမှာ ဘယ်လောက်ခံစားရမယ်ဆိုတာ ငါ ကို ချင်းစာမိပါတယ် စိုးမောင်ရယ်။ မင်းအတွက်ရော ခင်လေးနွယ်

မြသရဖုစာပေနှင့်အနုပညာလုပ်ငန်း

တွက်ပါ ငါစိတ်မကောင်းပါဘူး။ မင်းတို့နှစ်ယောက်စလုံး တစ်ဦးပေါ်တစ်ဦး သစ္စာမရှိကြတာမှ မဟုတ်ဘဲ တစ်ဦးနဲ့တစ်ဦးသစ္စာရှိစွာနဲ့ ချစ်လာကြတာ သုံးနှစ်ကျော်ပြီပဲ. . ."

တင်ဝင်းမြင့်က စိုးမောင်၏ ပခုံးကို ကိုင်ထားရင်းမှ ပြော၏။

"ခင်လေး. . . ငါ့အပေါ် ဘယ်လောက်သစ္စာရှိတယ်ဆိုတာ ငါသိတာပေါ့။ ငါတို့နှစ်ဦး ချစ်သူဖြစ်နေကြတာကိုလည်း တစ်မြို့လုံးက သိထားတယ်။ ငါတို့ချစ်သူနှစ်ဦး တွဲသွားတွဲလာ နေလာခဲ့ကြတာလည်း ကြာပြီပဲ၊ လာမယ့်သီတင်းကျွတ်ကျရင် မိဘစုံရာနဲ့ ခင်လေးမိဘတွေဆီမှာ စေ့စပ်လက်ထပ်ဖို့ စီစဉ်ထားပြီးပြီပဲ. . .၊ ခင်လေးမိဘတွေက ငါနဲ့သဘောတူထားလို့ သူ့အိမ်ကို ငါဝင်ထွက် သွားလာနေတာ ကြာပြီလေ။ အခုအချိန်အထိ ခင်လေးအပေါ်မှာ ငါ အခွင့်အရေးယူခဲ့တာ မရှိခဲ့ဘူး"

"ငါ သိပါတယ် စိုးမောင်ရယ်။ မင်း မိဘတွေက ခင်လေးနွယ်နဲ့ပတ်သက်ပြီး ဘာပြောကြသေးလဲ"

စိုးမောင်က ခေါင်းကုတ်သည်။

"ဖေဖေကတော့ မေးတယ်။ သားဘယ်လို သဘောရသလဲ . . ." တဲ့။

"မင်း. . . သဘောထားကကော"

"ငါ. . . စဉ်းစားရခက်နေတယ် တင်ဝင်းမြင့်၊ ငါ ဈေးဘက်ကို မသွားမလာရဲဘူး။ လူတွေအားလုံးရဲ့ မေးခွန်းဆန်တဲ့မျက်လုံးတွေ





တို့ ငါ ရင်မဆိုင်ရဲဘူးကွာ"

"မင်း . . . တစ်စုံတစ်ခုကိုတော့ ဆုံးဖြတ်ရမှာပေါ့"

'ဒီအတောအတွင်း မင်း ခင်လေးနွယ်နဲ့ တွေ့သေးလား"

"ခင်လေးလဲ ငါ့ကို ရှက်နေမှာပေါ့. . . အပြင်မထွက်ဘူး။ ခင်လေးရဲ့ သူငယ်ချင်း မမြင့်မြင့်အောင်နဲ့တော့ တွေ့တယ်။ ခင်လေးက ရှက်တယ်ဆိုပြီး အချိန်တိုင်းငိုနေတာပဲတဲ့"

"ခင်လေးနွယ် ရှက်မယ်ဆိုရင်လည်း ရှက်စရာပေါ့စိုးမောင်ရယ်. . . အခုကိစ္စက ရပ်သိရွာသိ ဖြစ်သွားရတာ။ မင်း ခင်လေးနွယ်နဲ့တွေ့ဆုံဖို့ စိတ်ကူးထားသေးလား"

"ငါ့ ချစ်သူကိုတော့ ငါ တွေ့ချင်တာပေါ့။ ဒါပေမယ့် ဖေဖေ၊ မေမေတို့ရဲ့ သဘောထားက ဘာမှန်းမသိသေးဘူး။ အခုအချိန်မှာ ခင်လေးတို့အိမ်ကို ငါသွားဖို့ဆိုတာလည်း မလွယ်ဘူး။ ပတ်ဝန်းကျင်က မလိုတမာ ပြောဆိုကြမှာ အမှန်ပဲ"

"ဒီလိုဖြစ်မယ်လို့ ငါ လုံးဝ မထင်ဘူးကွာ"

ထိုစဉ် စိုးမောင်၏ အဖေနှင့်အမေသည် အပြင်က ပြန်လာ၏။ တင်ဝင်းမြင့်ကိုတွေ့တော့ ပြုံးပြကြ၏။ သို့သော် အသက်မပါ။ အပြုံးကို ဟန်ဆောင်ထားမှန်း သိသာလှ၏။

"ဘယ်တုန်းက ရောက်လဲ မောင်တင်ဝင်းမြင့်"

"မင်းရဲ့ သူငယ်ချင်း စိတ်ဝေဒနာခံစားနေရတယ်။ အားပေးစကားပြောလိုက်ပါကွာ။ မသွားမဖြစ်တဲ့ မိတ်ဆွေရဲ့အသုဘမို့ ဦးလေး

တို့ လင်မယားသွားပါတယ်။ အသုဘအိမ်မှာ ခင်လေးနွယ်ရဲ့ အကြောင်းက ပြောမဆုံးပေါင်၊ တောသုံးတောင်ဖြစ်နေကြတယ်။ မင်းရဲ့ သူငယ်ချင်းကိုတော့ အသေအချာ စဉ်းစားဖို့ ပြောထားရတယ်။ ငါတို့ လင်မယား လူပုံအလယ်မှာ မျက်နှာမထားတတ်လို့ အသုဘအိမ်မှာ အချိန်ကြာကြာမနေခဲ့ရပါဘူး။

"သားကိုတော့ သနားမိပါတယ်။ ဒါပေမယ့် ဦးလေးတို့က လူ့အသိုင်းအဝိုင်းကြားမှာ နေထိုင်ကြတဲ့ သူတွေမဟုတ်လား။ လူတွေရဲ့ တစ်သက်လုံး မေးငေါ့ရောဖြစ်မဲ့ဘဝမျိုးတော့ အရောက်မခံနိုင်ဘူးလေ"

စိုးမောင်၏အဖေ ဦးအောင်မင်းက အပေါ်အင်္ကျီကိုချွတ်ရင်း လှမ်းပြောသည်။ တင်ဝင်းမြင့်က ခေါင်းတဆတ်ဆတ်ညိတ်ရင်း နားထောင်နေသည်။ စိုးမောင်က ခေါင်းကို အောက်သို့ ငုံ့ထားပြီး တွေးနေ၏။

"မောင်တင်ဝင်းမြင့်ကော ဘယ်လိုသတင်းတွေ ကြားရသလဲ"

ဦးအောင်မင်းက တင်ဝင်းမြင့်၏ အနားတွင် လာ၍ ရပ်ရင်း မေးသည်။ တင်ဝင်းမြင့်က စိုးမောင်၏ မျက်နှာကို ကြည့်လေ၏။

"ကျွန်တော် သတင်းကြားတာကတော့ . . . ဒီလို ဦးလေးရဲ့ . . ."

× × × × ×





"ငါ သေသွားရင် ကောင်းမယ် ချိုလွင်ရယ်"

ခင်လေးနွယ်က ခေါင်းငုံ့ ငိုနေရင်းမှ ပြောသည်။

"ဘာ့ကြောင့် နင်သေရမှာလဲ၊ မဟုတ်တာ. . ."

"အခု. . . ငါ့ဘဝက သေတာနဲ့ ဘာခြားလို့လဲ ချိုလွင်ရယ်"

"အခု ကိစ္စက နင့်ကြောင့် ဖြစ်ရတာမှမဟုတ်ဘဲ နင့်မှာ ဘာအပြစ်မှမရှိတာ. . .။ အားလုံးက နင့်အပေါ် နားလည်ခွင့်လွှတ်ပေးကြမှာပါ၊ ဘာမှ စိတ်အားမငယ်ပါနဲ့သူငယ်ချင်းရယ်"

ချိုချိုလွင်မောင်က ခင်လေးနွယ်ကို ဖက်ထားရင်း ပြောသည်။

"ချိုလွင် နင် ကိုမောင်နဲ့တွေ့သေးသလားဟင်"

ခင်လေးနွယ်၏ မျက်နှာက အားငယ်နေသယောင် ရှိလေ၏။

"ကိုစိုးမောင်လည်း ရှက်လို့ အပြင်မထွက်ဘူးလို့ သိရတယ်။ နင်နဲ့ပတ်သက်ပြီး သူ ရှက်မယ်ဆိုလည်း ရှက်စရာပေါ့ဟယ်။ နင်နဲ့ သူနဲ့ သမီးရည်းစားဖြစ်နေကြတာ တစ်မြို့လုံးက သိနေတာပဲ"

"ကိုမောင်က ငါ့အပေါ် ဘယ်လိုသဘောထားသလဲဆိုတာ သိချင်လိုက်တာ"

"ယောကျ်ားတွေဆိုတာ ငါတို့ မိန်းမတွေလို အပြစ်ကို ခွင့်လွှတ်ကြမှာမဟုတ်ဘူး။ ပြီးတော့ ကိုစိုးမောင်ရဲ့ မိဘအသိုင်းအဝိုင်းက အခြေကြီး၊ အနေကြီးတွေဆိုတော့ ခန့်မှန်းရခက်တယ် ခင်လေး

ရယ်"

"ချစ်သူက အပြစ်ယူမယ်ဆိုလည်း ဘာတတ်နိုင်တော့မှာလဲ"

ခင်လေးနွယ်က မျက်ဝန်းမှ မျက်ရည်စများကို သုတ်ရင်း ပြောသည်။ ခင်လေးနွယ်၏ ရှိုက်သံက တစ်ချက် တစ်ချက်ပေါ်လာလေ၏။

"ခင်လေး နှင့် အစ်မနဲ့ ကလေးတွေ မမြင်ပါလား"

"အမေက မမနဲ့သူ့သားသမီးတွေကို အိမ်ပေါ်က နှင်ချလို့ သူ့ယောက်ျားအိမ်ကို ပြောင်းသွားကြပြီ"

"မမတင်လေးနွယ်မှာ ဘာအပြစ်မှမရှိဘဲ"

"အဖေက သိပ်ဒေါသကြီးတာ ချိုလွင်ရဲ့၊ မမတို့ မိသားစုကို အမေက အရင်ကတည်းက နေစေချင်တာ မဟုတ်ဘူး"

"ဩော်"

× × × × ×

မခင်လေးနွယ်တို့ မိသားစုက . . . မြို့ဈေးသစ်ရပ်ကွက်၊ အင်ကြင်း မြိုင်လမ်းထဲတွင် နေထိုင်ကြသည်။ မခင်လေးနွယ်၏ ဖခင်က စိုက်ပျိုးရေးဌာနမှ မန်နေဂျာတစ်ဦး ဖြစ်၏။ အဖေ၊ အမေနှင့် မခင်လေးနွယ်တို့ နေထိုင်သော မိသားစုထဲသို့ မတင်လေးနွယ်တို့ မိသားစုက ရောက်လာ၏။ မခင်လေးနွယ်၏ ဖခင်က သမီးကြီး မိသားစုပြောင်းရွှေ့လာသည်ကို နှစ်သက်ပုံမရ။ သမီးကြီးမို့ မပြောသာ၍သာ နှုတ်ဆိတ်နေခဲ့သည်။





မတင်လေးနွယ်၏ ယောကျ်ားက လောင်းကစားနှင့် အသောက်အစားဖက်သူမို့ မခင်လေးနွယ်၏အဖေ ဦးထွန်းတင်က သူ့သမက်ကို ကြည့်မရ။ မတင်လေးနွယ်၏ယောကျ်ား ကိုခင်မောင်မြတ်က အရက်မူးလာတိုင်း မတင်လေးနွယ်နှင့်စကားများ တတ်၏။

"ဟော့ . . ဟော့ ဒီအိမ်မှာ မင်းတို့ လင်မယားနှစ်ယောက်တည်း နေတာမဟုတ်ဘူး။ ကျန်တဲ့သူတွေကိုလည်း အားနာကြဦး"

ဦးထွန်းတင်၏ ကျယ်လောင်သော သတိပေးသံကြားလျှင် မတင်လေးနွယ်တို့ စကားများနေသံ ရပ်သွား၏။

"တို့ မိသားစုသုံးယောက် အေးအေးဆေးဆေး နေရမလား အောက်မေ့ပါတယ်။ မိတင်လေးတို့ ဗရုတ်သုတ်ခ မိသားစုတွေ ရောက်လာတာ အနှောက်အယှက်တစ်ခုပဲ"

မတင်လေးနွယ်တို့ မိသားစုမရှိသည့်အခါ ဦးထွန်းတင်က တစ်ယောက်တည်း ညည်းညူနေတတ်သည်။

"မမတို့ မိသားစုမပြေလည်လို့ သမီးတို့ အိမ်လာနေတာကို မမ စိတ်ညစ်သွားအောင်တော့ မပြောပါနဲ့ အဖေရယ်"

"အဖေက နင့် အစ်မယောကျ်ား ခင်မောင်မြတ်ကို ကြည့်လို့ ရတာမဟုတ်ဘူး၊ ပုံစံက ဒေါင့်မကျိုးတဲ့အပြင် စကားပြောတဲ့ပုံစံက မာရေကြောရေနဲ့ သမီးကြီးနဲ့မြေးတွေရဲ့ မျက်နှာထောက်နေလို့ပေါ့ကွာ. . ."

× × × × ×

မခင်လေးနွယ်၏ အဖေနှင့်အမေက ခရီးသွားနေ၏။ အိမ်တွင် မခင်လေးနွယ်နှင့်သူ့အစ်မ မတင်လေးနွယ် မိသားစုသာ ရှိနေသည်။

ညနေက သည်းထန်စွာ ရွာသွန်းနေသောမိုးသည် ညရောက်သည်အထိ မဆဲနိုင်သေး။ မတင်လေးနွယ်က သူ့ယောကျ်ားပြန်မလာသေး၍ အိမ်ရှေ့မှ ထိုင်စောင့်နေသည်။

"မမ ညီမလေးအိပ်ယာဝင်တော့မယ်"

မခင်လေးနွယ်က သူ့အစ်မကို ပြောပြီး အိပ်ခန်းထဲ ဝင်လာခဲ့၏။ တစ်နေကုန် ပင်ပန်းထားသမျှကို အိပ်ယာပေါ်သို့ ရောက်တော့မှ အပန်းဖြေ အနားယူရသည်။ စိတ်ကို လျှော့ချလိုက်တော့ မျက်ခွံတွေ လေးလာသည်။ အိမ်ခေါင်မိုး သွပ်ပြားပေါ်သို့ တစ်စက်စက်ကျနေသော မိုးရေပေါက်သံသည် ကျယ်လောင်ရာမှ တိုးတိုးလာ၏။ ပတ်ဝန်းကျင်၏ ဆူညံမှုကို မခင်လေးနွယ် ဘာမှမသိတော့. . .။

× × × × ×

မခင်လေးနွယ်သည် အိပ်ပျော်နေရင်းမှ အိပ်မက်လား. . .၊ လက်တွေ့လား ဝေခွဲစဉ်းစား၍မရသော ဖြစ်ရပ်တစ်ခုဖြင့် ကြုံတွေ့နေရသည်။ လေးလံသောအရာတစ်ခုက သူမကိုယ်ပေါ်သို့ ဖိထားသလို ခံစားရသည်။ မခင်လေးနွယ် ရုတ်တရက် လန့်နိုးသွားသည်။ သို့ပေမင့် အသိက နောက်ကျသွားလေပြီ။ စူးရှသော အရက်နံ့က မခင်လေးနွယ်၏ နှာခေါင်းထဲသို့ တိုးဝင်လာသည်။





"ဟင်. . . ဘယ်သူလဲ၊ ဖယ်. . . ဖယ်. . . ဟာ"

မခင်လေးနွယ်က သူ့အားဖက်တွယ်ထားသူကို အတင်းတွန်းထယ်ပစ်လိုက်၏။ ဖက်တွယ်ထားသူနောက်သို့ လန်ကျသွား၏။

"ဟင်. . . ကိုခင်မောင်မြတ်၊ ရှင် ရှင်. . . ကျွန်မကို. . . လူယုတ်မာကြီး. . ."

မခင်လေးနွယ်က အဝတ်အစား ကပိုကရိုဖြင့် အိပ်ခန်းထဲမှ ပြေးထွက်လာ၏။ ဆူညံသောအသံများကြောင့် မတင်လေးနွယ်လည်း အခန်းအပြင်သို့ ထွက်လာလေ၏။

"ညီမလေး၊ ဘာ . . . ဘာဖြစ်လို့လဲ"

"မမ ယောကျ်ားက ကျွန်မကို အတင်းအဓမ္မစော်ကားတယ်"

မခင်လေးနွယ်က သူ့အစ်မကို ပြေးဖက်ရင်း ပြောသည်။

"သေချာရဲ့လား ညီမလေးရယ်"

"ကျွန်မက မတရားအစော်ကားခံရတဲ့သူပါ မဟုတ်ဘဲ ပြောပါ့မလား၊ အစ်မယောကျ်ားက လူယုတ်မာ"

"မိုက်ရိုင်းလိုက်တာ ကိုခင်မောင်မြတ်ရယ်၊ ကျွန်မမိဘတွေ မရှိတာကို ရှင်က အခွင့်အရေးယူပြီး ကျွန်မ ညီမလေးကို အနိုင်ကျင့်တာ. . . လူယုတ်မာ. . ."

မတင်လေးနွယ်က သူ့ညီမ ခင်လေးနွယ်ကို ခေါ်ပြီး ရပ်ကွက်လူကြီး ဦးအေးငွေထံသို့ ခေါ်သွား၏။ မခင်လေးနွယ်က ဦးအေးငွေအား အကျိုးအကြောင်း ပြောပြသည်။

"ဟာ. . . ဒီကိစ္စက လူမှုရေးဖောက်ပြန်မှုပဲ ခွင့်လွှတ်နိုင်စရာအကြောင်းမရှိဘူး။ ရဲစခန်းမှာ အမှုဖွင့်တိုင်ကြားရမယ်"

ဦးရေအေးငွေက မတင်လေးနွယ်နှင့် မခင်လေးနွယ်တို့အား ရဲစခန်းသို့ ခေါ်သွားသည်။

"ရှက်လိုက်တာ ဦးလေးရယ်"

မခင်လေးနွယ်က ငိုနေရင်းမှ ပြောသည်။

"ဟာ. . . ဘာမှ ရှက်စရာမလိုဘူး . . . ငါ့တူမက မတရားအစော်ကားခံရတာပဲ. . .၊ လူမဆန်တဲ့ကောင်ကို ဥပဒေအရ အရေးယူရမှာပေါ့"

ရပ်ကွက်လူကြီးဦးအေးငွေက စခန်းမှူးရဲအုပ်သန်းနွယ်အား အကျိုးအကြောင်းပြောပြလိုက်၏။ စခန်းမှူး ရဲအုပ်သန်းနွယ်က မခင်လေးနွယ်အား သိလိုသမျှကို မေးမြန်းသည်။ အခင်းဖြစ်ပွားသည့်နေရာအား စစ်ဆေးကြည့်ရှုပြီး မှုခင်းဓါတ်ပုံများ ရိုက်ကူး၏။ မခင်လေးနွယ်အား ဆေးရုံသို့ ခေါ်သွားပြီး ဆေးစစ်ချက်ရယူသည်။ အခင်းဖြစ်ပွားစဉ်က မခင်လေးနွယ်ဝတ်ဆင်ခဲ့သော လုံချည်အားသက်သေများ၏ ရှေ့မှောက်တွင် ရှာဖွေပုံစံဖြင့် သိမ်းဆည်းပြီး ပလတ်စတစ်အိတ်ထဲသို့ ထည့်ကာ စက္ကူအိတ်ဖြင့် ချိတ်ပိတ်၏။

မခင်လေးနွယ်အား အလိုမတူဘဲ သားမယားအဖြစ် ပြုကျင့်ခဲ့သော ခင်မောင်မြတ်အား (ပ)၁၇၈/၈၉ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၇၆ အရ ဖမ်းဆီးအရေးယူခဲ့သည်။





× × × × ×

"ခင်လေးနွယ်နဲ့ သား သိပ်တွေ့ချင်တာပဲအမေရယ်. . ."

စိုးမောင်၏ အသံက ဆို့နစ်နေသည်။

"ရပ်သိရွာသိ ဖြစ်ထားတဲ့ကိစ္စဆိုတော့ သားကို ပတ်ဝန်းကျင်က မေ့ငေ့ါကြလိမ့်မယ်"

"ပတ်ဝန်းကျင်က ကဲ့ရဲ့တာကို သား ဂရုမထားပါဘူး။ အခုအချိန်မှာ ခင်လေး သိပ်ရှက်နေမယ်၊ စိတ်အားငယ်နေမှာတော့ အမှန်ပဲ။ မိဘမသိအောင်လည်း သားမလုပ်ချင်ဘူး။ ခင်လေးနဲ့သား တိတ်တဆိတ် တွေ့မှာပါ"

"အန္တရာယ်တွေ များနေမလားကွယ်"

"ဘာမှ စိတ်မပူပါနဲ့ အမေရယ်"

စိုးမောင်က ချိုလွှင်၏အဆက်အသွယ်ဖြင့် ခင်လေးနွယ်ထံသို့ စာရေးသည်။ ညဉ့်နက်နက်တွင် ခင်လေးနွယ်၏ မိဘတွေမသိအောင် ခင်လေးနွယ်နှင့် ချိန်းတွေ့သည်။

× × × × ×

"ကိုမောင် ခင်လေးကို စိတ်ပျက်မသွားဘူးလား"

နှစ်ဦးသား တွေ့တွေ့ချင်း ခင်လေးနွယ်က မေးသည်။

"ဘာလို့ စိတ်ပျက်ရမှာလဲ ခင်လေးရယ်၊ ခင်လေးက ကိုမောင့်အပေါ်မှာ သစ္စာဖောက်ခဲ့တာမှ မဟုတ်ဘဲ၊ ဟို. . . လူယုတ်မာကြောင့် ခင်လေးဘဝ ညှိုးနွမ်းခဲ့ရတာပဲ"

"ကိုမောင့်မိဘတွေက ခင်လေးအပေါ် ဘာပြောကြသေးလဲ"

"ကိုမောင့်ကို စဉ်းစားပါဦးလို့ပဲ ပြောတယ်"

"ခင်လေးဘဝက ကိုမောင်နဲ့ မတန်တော့ပါဘူး"

"ဟာ ဒါတွေ မပြောနဲ့ခင်လေးရယ်၊ ကိုမောင်က ခင်လေး ဘဝကို စာနာတယ်။ ခင်လေးကို ကိုမောင်ချစ်တာ အဲဒါတွေနဲ့ မဆိုင်ပါဘူး"

"ဒါပေမယ့် ကိုမောင်ရယ်. . . ဘဝစွန်းထင်းခဲ့တဲ့ ခင်လေးကို ကိုမောင်လက်ထပ်ယူရင် တစ်သက်လုံး အပြောခံရလိမ့်မယ်"

"မစန်းစန်းမြင့်လို ဘဝပျက်စီးလေလွင့်နေတဲ့ လမ်းပေါ်က မိန်းမကို ယူခဲ့တဲ့ ကိုလှတင်ကို ဘယ်သူဘာပြောနိုင်လို့လဲ. . .၊ တရားရုံးမှာ ခင်လေးအစစ်ခံတဲ့နေ့က ရုံးကို ကိုမောင်လာမလို့ဘဲ။ အမှုသွား အမှုလာ အခြေအနေက . . . "

"ခင်လေးဘက်က လိုက်ပါဆောင်ရွက်ပေးတဲ့ ရှေ့နေက ပြောတာတော့ သက်သေခံပစ္စည်းနဲ့ သက်သေများရဲ့ထွက်ဆိုချက်အရ အမှုက နိုင်မာနေတော့ ခင်မောင်မြတ် ထောင်ဒဏ် ချမှတ်ခံရလိမ့်မယ်လို့ ပြောတယ်"

"သူ ကျူးလွန်တဲ့ ပြစ်မှုအတွက် တရားဥပဒေရဲ့ အဆုံးအဖြတ်ကို သူ ခံရမှာပေါ့"

"ဖေဖေက အမှုကိစ္စတွေပြီးရင် ညောင်လေးပင်မြို့က ခင်လေးအဒေါ်ဆီကို သွားနေဖို့ ပြောနေတယ်။ အဲဒါ ခင်လေး





စဉ်းစားနေတယ်"

ခင်လေးနွယ်က ရှက်ငိုရင်း ပြောသည်။

"ကိုမောင့်ကို ခွဲသွားဖို့ ခင်လေး စဉ်းစားနေသလား"

"ခင်လေး. . . ကိုမောင်နဲ့ မခွဲနိုင်ပါဘူး"

"ဒါဆိုရင် ခင်လေး ရင်ဆိုင်နေရတဲ့အမှု ပြီးသွားတာနဲ့ ခင်လေးကို ကိုမောင် လက်ထပ်မယ်"

"ဟင်"

× × × × ×

တရားခံ ခင်မောင်မြတ်မှာ ၄င်းကျူးလွန်ခဲ့သော ပြစ်မှုအတွက် အလုပ်နှင့်ထောင်ဒဏ်(၇)နှစ်ကျခံသွားရလေသည်။

× × × × ×

စိုးမောင်သည် ချစ်သူအား ပေးထားသောကတိအတိုင်း ခင်လေးနွယ်ကို တရားရုံးတွင် လက်မှတ်ထိုးပြီး လက်ထပ်ယူလိုက်၏။ တစ်မြို့လုံး၏ ပြစ်တင်ဝေဖန်စကားများကို စိုးမောင်နှင့်ခင်လေးနွယ်တို့ ဂရုမစိုက်။

ချစ်ခြင်းမေတ္တာတရားတွင် ပျိုခြင်း၊ အိုခြင်းသည် အဓိကမဟုတ်၊ တကယ်ချစ်တတ်ကြသော ချစ်သူနှစ်ဦးတို့အတွက် လောကဓံလှိုင်းအပုတ်ကို ကျောခံတံတိုင်းလုပ်နိုင်၏။

တူညီသော အချစ်သည်သာလျှင် ရင်၌ ခံစားရသော နှစ်သိမ့်ပီတိ အားလုံးတို့၏ သရဖူသာ ဖြစ်ပါတော့၏။

အချစ်သည်သတ္တိနှင့်အားကိုဖြစ်ထွန်းစေသောအရာဟု ဆိုလျှင် မည်သူငြင်းဆန်ဝံ့မည်နည်း။

အကြွေပန်းကလေးများကို နမ်းဝံ့သော ယောက်ျားပီသသူတို့၏ နှလုံးသားကား လေးစားဖွယ်ဖြစ်တော့၏။

*ဖြစ်မှု၊ ၂၀၀၀၊ ဇူလိုင်*

✡ ✡ ✡ ✡ ✡



# မပွင့်မီက နွမ်းကြွေရတဲ့ ပန်းတစ်ပွင့်



## မပွင့်မီက နွမ်းကြွေရတဲ့ ပန်းတစ်ပွင့်

*(ဖြစ်ရပ်မှန် မှုခင်းဇာတ်လမ်း)*

ကိုတင်မိုးသည် ပါးပြင်ပေါ်သို့ လိမ့်ဆင်းကျလာသော မျက်ရည်များကို လက်ဖမိုးဖြင့် သုတ်ပစ်လိုက်၏။ ရှက်စိတ်သည် ဒေါသနှင့်အတူ ရောပြွမ်း နေ၏။ ကိုတင်မိုးသည် နှုတ်ခမ်းကို သွားဖြင့် ကိုက်ထားမိသည်။

'တောက် . . .'

ကိုတင်မိုး တောက်ခေါက်လိုက်သည်။

အရပ်ထဲ ရွာထဲက လူတွေကို မျက်နှာမပြရဲ၍ အိမ်ပြင်သို့





သည်း မထွက်မီ၊ သူ့သမီးလေးအတွက် ရင်ထုမနာ ဖြစ်ရသည်။ သူ့သမီးလေးမှာ နေ့စဉ်နှင့်အမျှ ငို၍သာနေသည်ကို မြင်ရတော့ စိတ်မကောင်း ဖြစ်ရသည်၊ ထမင်းကိုလည်း ဟုတ်တိပတ်တိ မစား သောတ်။ သူ့အမေကတော့ သူ့သမီးကို ချော့မော့ကျွေးရှာသည်။ သမီးလေး သီတာသည် သူ့အဖေ ကိုတင်မိုးနှင့် သူ့အမေ မလှိုင်စိုး၏ မျက်နှာကို ရဲရဲမကြည့်ရဲ၊ သမီးလေး မသီတာ၏ ရင်ထဲတွင်လည်း ရှက်စိတ်ကြောက်စိတ်တွေ ထုံမွှန်းနေမည်မှာ မလွဲ၊ တစ်ရွာလုံးရှိ လူတွေက သမီးလေး မသီတာကို သနားနေကြသည်။

'ဟင်း . . . လူစိတ်ကင်းမဲ့ပြီး မိုက်ရိုင်းလိုက်တဲ့ ကောင်တွေ ဟွာ'

ကိုတင်မိုးမှာ ဒေါသကြောင့် မေးရိုးကြောများ တင်းလာ၏။ တောရွာလူကြီးတွေက တောင်းပန်လို့သာ စိတ်ကို မနည်းချုပ်တည်း ထားရသည်။ စိတ်ထဲကတော့ မကျေနပ်။ သည်ကောင်တွေကို မှတ် လောက်သားလောက်အောင် လုပ်ပစ်ချင်မိသည်။ နှမချင်းမစာနာ ပြုရက်လေခြင်းဟု ခံပြင်းမိသည်။ မလှိုင်စိုးက ကိုတင်မိုးဒေါသကြီးမှန်း သိ၍ ရိုင်းပျစော်ကားခဲ့သူတွေကို တရားဥပဒေအရ ဆက်လက် ဆောင်ရွက်ရန် တောင်းပန်ခဲ့သည်။

သည်သတင်းကြားတော့ ကိုတင်မိုးအဖေနှင့် အစ်ကိုတွေ၊ ညီတွေက အိမ်သို့ ရောက်လာကြသည်။ သူ့မြေး၊ သူ့တူမကို စော်ကားသည့်ကောင်တွေကို အပြတ်ရှင်းပစ်မည်ဟု ကြိမ်းဝါးကြ၏။

ကိုတင်မိုးက သူတို့ဒေါသကို တားဆီးပေးရသည်။

'လူစိတ်မရှိတဲ့ကောင်တွေကို ဒီရွာမှာ ထားဖို့မကောင်းဘူး'

'သူတို့ ကျူးလွန်တဲ့အပြစ်ကို တရားဥပဒေအရ သူတို့ခံရမှာပါ- အဖေရာ'

သူ့အဖေနှင့် အစ်ကိုတွေ၊ ညီတွေကို ချော့မော့၍ ပြန်လွှတ်လိုက်ရသည်။ သူတို့အားလုံး ကျေနပ်ပုံမရ။ သမီးလေး မသီတာက အခုမှ အသက်(၁၂)နှစ်သာ ရှိသေးသည်။ သူ့အဘိုး၊ သူ့ဦးကြီး၊ သူ့ဦးလေးတွေက သမီးလေး မသီတာကို အလွန်ချစ်ကြ၏။

ကိုတင်မိုးသည် မျက်စိကို စုံမှိတ်ကာ စိတ်ကို တည်ငြိမ်အောင် ကြိုးစားနေမိ၏။ အသက်ကို မှန်မှန် ရှူနေမိသည်။

'သမီးလေး အိပ်တော့နော်၊ ဘာမှ တွေးမနေပါနဲ့တော့ သမီးရယ်'

မလှိုင်စိုးက သမီးလေး မသီတာအား ပြောဆိုနေသံကို ကိုတင်မိုးကြားသည်။ ကိုတင်မိုးတို့ လင်မယားက သမီးလေးကို ကလေးငယ်တစ်ယောက်ပမာသာ သဘောထား၏။ သမီးလေး မသီတာကလည်း ကလေးစိတ်သာ ရှိသေးသည်။ သမီးလေး မသီတာသည် ညပိုင်း ကျောင်းစာကျက်ပြီးသည်နှင့် ရွာထဲမှ ဗီဒီယိုရုံတွင် ဗီဒီယိုကြည့်ပြီး ပျော်နေတတ်သည့်သူ ဖြစ်၏။ မလှိုင်စိုးကလည်း ဗီဒီယိုဝါသနာအိုး။ ကိုတင်မိုးကတော့ ဗီဒီယိုကြည့်ရသည်ကို ဝါသနာမပါ။





သူတို့သားအမိ ဗီဒီယိုသွားကြည့်လျှင် အိမ်မှာ စောင့်၍ နေတတ်၏။ ဤသည် ညကလည်း . . .

× × × × ×

အဲသည့်ညကလည်း သမီးလေး မသီတာသည် ကျောင်းစာကျက်ပြီးသည်နှင့် အိမ်ပေါ်မှ ပြေးဆင်းသွားသည်။ ရွာထဲမှ ဗီဒီယိုရုံသို့ ဗီဒီယိုသွားကြည့်မှန်း ကိုတင်မိုးသိလိုက်သည်။

'ဟဲ့. . အလှိုင်၊ နင့် သမီးကို ဗီဒီယို နေ့တိုင်းကြည့်တာ ပြောထားဦး စာမေးပွဲကြီးက နီးလာပြီ၊ နင်ကိုယ်တိုင်လည်း ညတိုင်းမကြည့်နဲ့တော့'

ကိုတင်မိုးက မလှိုင်စိုးကို ပြောသည်။

'ဟုတ်ကဲ့ပါရှင်၊ ပြောပါ့မယ်။ ဒီညတော့ ဝေဠုကျော်နဲ့စုလှိုင်နွဲ့တားမို့ သွားကြည့်ပါရစေဦး'

'နင်ကိုယ်တိုင်က ငမ်းငမ်းတက်ဖြစ်နေတော့ ငါ့သမီးပြောရမှာ ခက်နေတယ်။ ဒါပေမယ့် မပြောလို့ကတော့ မဖြစ်ဘူး။ တော်ကြာ ကလေးက စာမှာ ပေါ့သွားမယ်။ ငါးတန်းဆိုပေမယ့် သင်ရ၊ ကျက်ရတဲ့ စာတွေက အများကြီး'

'မနက်ကျရင် သမီးကို ကျွန်မကိုယ်တိုင် ပြောပါ့မယ်တော် . . .'

မလှိုင်စိုးက ကိုတင်မိုးကို ရေနွေးကြမ်းအိုး ထည့်ပေးခဲ့ပြီး

ရွာထဲမှ ဗီဒီယိုရုံဘက်သို့ ထွက်လာခဲ့သည်။ ဗီဒီယိုရုံတွင် နမူနာဇာတ်ကားတွေ ပြနေလောက်ပြီဟု မလှိုင်စိုးထင်မိသည်။ ဗီဒီယိုရုံ ဝင်ပေါက်တွင် ဝင်ခပေးခဲ့ပြီး ရုံထဲ ဝင်လာခဲ့၏။ ကျေးရွာဗီဒီယိုရုံဆိုတော့ ခုံးပေးထားသော ဖျာပေါ်တွင် ထိုင်ကြည့်ရသည်။ မလှိုင်စိုးသည် သူ့သမီး မသီတာကို ရွာထဲက ကလေးတွေနှင့်အတူ ဗီဒီယိုကြည့်နေသည်ဟု ထင်မိသည်။ ည(၉)နာရီထိုးကာနီးမှ ဝေဠုကျော်နှင့် စုလှိုင်နှင်း ပါဝင်သည့် 'မေတ္တာလှိုင်သောနွေ' ဗီဒီယိုဇာတ်ကားကို စတင်ပြသ၏။

မလှိုင်စိုးက ဝေဠုကျော်ပါဝင်သည့် ဗီဒီယိုဇာတ်ကားဆိုလျှင် လက်မလွှတ်တမ်း ကြည့်သည်။ တစ်နေ့တာလုံး မနားတမ်း အလုပ်လုပ်၍ ပင်ပန်းရသည်ကို ဗီဒီယိုကြည့်ပြီး အပန်းဖြေရသည်။

မလှိုင်စိုးမှာ ဗီဒီယိုဇာတ်ကားထဲမှ ဝေဠုကျော်နှင့်စုလှိုင်နှင်းတို့ချစ်သူနှစ်ဦးကို ကြည့်ပြီး သနားနေမိ၏။ ကံတရား၏ အလှည့်အပြောင်းကို အံ့ဩမိ၏။ ဇာတ်ကားထဲသို့ စိတ်နစ်မျောသွားသောအခါ ဝမ်းနည်းမိသလိုလိုပင်။

'ဝါး'

ဗီဒီယိုကြည့်နေသူများထဲမှ သမ်းဝေသံကို ကြားရသည်။ အချို့ ဗီဒီယိုကြည့်သူတွေက အခုလို လွမ်းဆွေးရသည့် ဇာတ်ကားဆိုလျှင် သမ်းဝေပြတတ်၏။ အချို့က စကားပြောနေတတ်၏။ ခံစား





ချက်ပြင်း ကြည့်နေသူတွေကို အနှောက်အယှက်ပေးသည့်သဘော ဖြစ်နေသည်။ ပြီးတော့ ကျေးရွာတွေမှာ ဗီဒီယိုကြည့်သူတွေက ဇာတ်သိမ်းခန်းတွင် မင်းသားနှင့်မင်းသမီးပေါင်းမှ သဘောကျသည်။ မင်းသားဖြစ်ဖြစ် မင်းသမီးဖြစ်ဖြစ် သေလို့ကတော့ ပြသသည့် ဗီဒီယို ရုံပိုင်ရှင်ကို မဆီမဆိုင်ဘဲ ဆဲသွား၏။

ည(၁၁)နာရီခန့်တွင် ဗီဒီယိုပြီးသည်။ မလှိုင်စိုးသည် မှိန်းမှိုနေ၍ သမီးလေး မသီတာကို စောင့်နေမိ၏။ ရွာထဲမှ ကလေးများကုန်သည့်တိုင် သူ့သမီးကို မတွေ့၊ ဒီကောင်မလေး ဗီဒီယိုမကြည့်ချင်၍ အိမ်သို့ ပြန်ကာ အိပ်လေသလားဟု တွေးလိုက်မိသည်။ မလှိုင်စိုးသည် အိမ်သို့ ပြန်လာခဲ့၏။

'ကိုတင်မိုး. . ကိုတင်မိုး'

အိပ်ပျော်နေသော ကိုတင်မိုးကို မလှိုင်စိုးက အော်၍ နှိုးသည်။ ကိုတင်မိုးက အိပ်ရာမှထကာ တံခါးလာ၍ ဖွင့်ပေး၏။

'ရှင့်သမီး ဗီဒီယို မကြည့်ချင်တာနဲ့ အိမ်ပြန်လာပြီး အိပ်နေပြီ ထင်တာလား'

'သမီးလေး အိမ်ပြန်မလာသေးဘူးကွ'

'ဟင်. . .'

ကိုတင်မိုး၏ စကားကြောင့် မလှိုင်စိုး တွေဝေသွား၏။

'ဟာ ဒီကောင်မလေး အိမ်ပြန်မလာဘဲ ဘယ်သွားနေပါလိမ့်၊

ကျွန်မရွာထဲက အိမ်တွေကို သွားမေးဦးမယ်'

'ငါ တံခါးစေ့ရုံစေ့ထားလိုက်မယ်'

မလှိုင်စိုးသည် ရွာထဲမှ အိမ်များသို့ သူ့သမီးလာမလာ လိုက်မေးသည်။ မည်သည့်အိမ်ကိုမျှ မလာဘူးဆိုသဖြင့် မလှိုင်စိုး စိတ်ပူသွားမိ၏။

'ဒီကောင်မလေး တော်တော်ခက်ပါလား။ ည(၁၁)နာရီ ကျော်နေပြီ'

မလှိုင်စိုးသည် အိမ်ပြန်လာခဲ့၏။ ကိုတင်မိုးက ပြန်လည် အိပ်မောကျနေပြီ။ မလှိုင်စိုးသည် သူ့သမီးလေးအတွက် စိတ်ပူနေမိ၍ အိပ်ရာသို့ မဝင်နိုင်သေး။ မှောင်ထဲတွင် ထိုင်နေမိ၏။ ခြင်ကိုက်ခံရ သည့်ဒဏ်ကိုပင် သတိမထားနိုင်။ မျက်ခွံတွေ လေးလာပေမယ့် အား ယူ၍ ဖွင့်ထားရသည်။ တစ်ဦးတည်းသော သမီးလေးမို့ မိဘ နှစ်ယောက်စလုံးက မသီတာကို အလိုလိုက်ထား၏။ မသီတာကလည်း ကလေးစိတ်ဖြင့် ဆိုးနွဲ့တတ်သည်။

'ဟဲ့ အလှိုင်၊ နင့်သမီးတွေ့ခဲ့လား'

ကိုတင်မိုးက မေးသည်။

'မတွေ့ခဲ့ဘူး၊ ဘယ်သူ့မှလည်း မေးလို့မရဘူး။ ဘယ်များသွား နေသလဲ မသိပါဘူး။ မနက်ကျမှ မှတ်လောက်အောင် ရိုက်ပစ်လိုက်ဦး မယ်'





'ရွာထဲက သူ့သူငယ်ချင်းတွေရဲ့ အိမ်မှာ လိုက်သွားပြီး အိပ် နေသလား မသိပါဘူး'

မသိပါဘူးတော်၊ မိဘကို စိတ်ပူအောင်လုပ်တဲ့ ကောင် မလေး'

ခေါင်းရင်းအိမ်မှ ဓါတ်ခဲတိုင်ကပ်နာရီက (၁၂)နာရီထိုးသံ ကြားရသည်။ မလှိုင်စိုးသည် သူ့သမီးကို ဒေါသဖြစ်နေမိ၏။ ညစဉ် ညတိုင်း ရွာထဲမှာ ဗီဒီယိုရုံတွင် ဗီဒီယိုကြည့်ခွင့်ပေးထားမိတာ များ လေသလားဟု တွေးမိလာသည်။

'တော်ပြီ။ မနက်ဖြန်ညကစပြီး ဒီကောင်မလေးကို ဗီဒီယိုရုံမှာ ဗီဒီယိုကြည့်ခွင့် မပေးတော့ဘူး။ ငါလည်း မကြည့်တော့ဘူး'

မလှိုင်စိုးသည် တစ်ဦးတည်း ရေရွတ်နေမိ၏။ ခြေရင်းအိမ် က ကိုဘသောင်း၏ သားလေးက တစ်ရေးနိုးတွင် အော်ငိုနေသည်။ သည်ကလေးက မွေးကတည်းက လေပြင်ပါလာ၍ ညတိုင်း သန်း ခေါင်ကျော်သည်နှင့် အော်ငိုနေတတ်သည်၊ အိပ်ရာမှနိုးတိုင်း ကြား နေကျမို့ အဆန်းမဟုတ်တော့။

တပို့တွဲလဆုတ်ရက်ပေမင့် ညသန်းခေါင်ကျော်လျှင် အအေး ဓာတ်က ဝင်လာစမြဲ မလှိုင်စိုး ကျောထဲတွင် ချမ်းစိမ့်စိမ့် ဖြစ်လာ၏။ ခြင်ထောင်ထဲမှ စောင်ကိုယူ၍ ခြုံထားမိသည်။ သမီးအတွက် စိတ်ပူ နေမိသည်မို့ အိပ်လို့ရမည် မထင်သေး။ ဖခင်ဖြစ်သူ ကိုတင်မိုး

သောက်နေကျ ကျောက်ဆူးဆေးပေါ့လိပ်ကိုယူကာ မီးညှိဖွာရှိုက်နေမိ၏။ သူ့သမီးလေး မသီတာ ဘယ်များသွားနေသလဲဟု တွေးမရ။ သည်လို တစ်ခါမှ မဖြစ်ဖူး၍ စိတ်မောနေမိသည်။ မလှိုင်စိုးသည် ထိုင်နေရင်းမှ အိပ်ငိုက်လာမိ၏။

အိမ်အောက်မှ ခွေးဟောင်သံကြား၍ မလှိုင်စိုး နားစွင့်နေမိသည်။ အိမ်ရှေ့လှေခါးမှ တက်လာသော ခြေသံကို ကြားမိသည်။

'သီတာ'

'ရှင်'

'ဟယ် ဒီကောင်မလေး'

မလှိုင်စိုးသည် ဖယောင်းတိုင်ကို မီးညှိလိုက်၏။ ထို့နောက် အိမ်တံခါးရှိရာသို့ လျှောက်လာပြီး တံခါးဖွင့်ပေးလိုက်သည်။

'ဟဲ့ နင် ဘယ်သွားနေတာလဲ'

တံခါးပြန်ပိတ်ရင်း မလှိုင်စိုးက မသီတာကို မေးသည်။

'ဘယ်မှ မသွားပါဘူး'

'ဘယ်မှ မသွားပါဘူးတာဆိုတယ်။ အခုအချိန်ကျမှ အိမ်ပြန်လာရသလား။ ညဉ့်(၁)နာရီလောက်ရှိပြီဟဲ့'

မသီတာခေါင်းကို အောက်သို့ ငုံ့ထားသည်။ မလှိုင်စိုးက သူ့သမီး၏ မျက်နှာကို ကြည့်သည်။ မသီတာ၏ မျက်ရည်တစ်ပေါက်က ကြမ်းပြင်ပေါ်သို့ ကျလာ၏။ ထို့နောက် မသီတာထံမှ ရှိုက်သံပေါ်လာ





၏။

'ဟာ ဟဲ့ နင် ဘာလို့ ငိုနေတာလဲ၊ ငါမေးတာဖြေလေ။ နင် ဘယ်သွားနေတာလဲ'

'သမီးကို ဟို . . ဟို'

မသီတာက တစ်စုံတစ်ခုကို ကြောက်ရွံ့နေသည့် အမူအရာဖြင့် ရှိုက်၍သာ ငိုနေသည်။

'တောက် . . ခက်လိုက်တာဟယ်၊ သွားအိပ်ချည်တော့ မနက်ကျမှ နင်နဲ့ ငါတွေ့မယ်။ မေးတာကို မဖြေဘဲ ငိုနေတယ်'

မသီတာသည် အိပ်ရာယာထဲသို့ ဝင်သွား၏။ မလှိုင်စိုးက သူ့သမီးကို ကြည့်ပြီး မကျေနပ်သည့်စိတ်ဖြင့် ဖယောင်းတိုင်မီးကို မှုတ်လိုက်သည်။ ထို့နောက် အိပ်ယာထဲသို့ ဝင်လာခဲ့၏။

မသီတာသည် သူ့အမေ မကြားအောင် ပါးစပ်ကို ပိတ်ရင်း ငိုနေမိ၏။ သည်နေ့ည သူမ ကြုံတွေ့လာရသော ရင်နာစရာဖြစ်ရပ်ကို သူ့အဖေနှင့်အမေအား ပြောမပြသင့်ဟု တွေးလိုက်မိသည်။ သူ့အဖေနှင့်အမေသာသိလျှင် ပြဿနာတွေ အကြီးအကျယ် ဖြစ်လာလိမ့်မည်။ သူ့အဖေက ဒေါသကြီးသူပီပီ ခွင့်လွှတ်လိမ့်မည်မဟုတ်။ မိမိ ဘဝအဖြစ်ဆိုးကို မည်သူ့ကိုမှ မသိစေချင်။ တစ်ရွာလုံး တစ်နယ်လုံးမှ မျက်လုံးပေါင်းများစွာကို မသီတာ ရင်မဆိုင်ရဲ၊ လူပေါင်းများစွာ၏ အကြည့်ကိုလည်း မခံစားနိုင်ပါ။

မသီတာ၏ ရင်ထဲတွင် တလှပ်လှပ်ဖြစ်နေ၏။ ရင်ခုန်နှုန်းသည် သာမန်ထက် အဆပေါင်းများစွာ မြန်နေသည်။ အားရပါးရငိုခဲ့၍ မျက်ရည်တွေပင် ခမ်းခြောက်နေပြီ။ မနက်ဖြန်မနက် သူ့အမေက သူ့ကိုမေးလျှင် သူ ဘယ်သို့ဖြေရမှန်း တွေးမရသေး။ မသီတာလည်း မျက်စိမှိတ်ထားရင်းမှ စိတ်ကို လျှော့ချလိုက်သည်။

သာယာဝတီ ရဲစခန်းသို့ စခန်းကျေးရွာအုပ်စု ငါးအိမ်တန်းရွာမှ (ရ. ဝ. တ)လူကြီးများနှင့် အမျိုးသမီးတစ်ဦး မိန်းကလေးငယ်တစ်ဦးတို့ ရောက်လာကြ၏။

× × × × ×

'ဘာများ ကူညီရမလဲခင်ဗျာ ပြောပါ'

'ကျွန်တော်က ငါးအိမ်တန်းက ကျေးရွာလူကြီး ဦးဘစံပါ။ ဒီကညီမက မလှိုင်စိုးပါ။ ဒီကလေးမလေးက မလှိုင်စိုးရဲ့ သမီး မသီတာပါ'

'ဟုတ်ကဲ့ ပြောပါ'

'ကဲ မလှိုင်စိုးကို မေးငေါ့ပြပြီး ပြောသည်။ ထိုနေ့၏ တာဝန်မှူးဖြစ်သော ရဲတပ်ကြပ်ကြီး (စာရေး) ထင်အောင်က မလှိုင်စိုးပြောမည့်စကားကို နားစွင့်နေ၏။

'မနေ့ညက ကျွန်မသမီးလေး မသီတာကို ရွာက လူငယ်နှစ်ယောက်က အလိုမတူဘဲ သားမယားအဖြစ် အတင်းအဓမ္မ ပြုကျင့်လို့ပါ'





'ဟင်'

မလှိုင်စိုး၏ စကားကြောင့် ရဲတပ်ကြပ်ကြီး (စာရေး) တင်အောင် အံ့သြသွား၏။ ရဲစခန်းမှူးရဲအုပ် တင့်ဆွေထံသို့လည်း ရဲတပ်ကြပ်တစ်ဦးအား သွားရောက်သတင်းပို့နိုင်းလိုက်သည်။ စခန်းမှူး ရဲအုပ်တင့်ဆွေက ငါးအိမ်တန်း ကျေးရွာ ဦးဘစံ၊ မလှိုင်စိုးနှင့် မသီတာတို့ကို သူ၏ ရုံးခန်းထဲသို့ ခေါ်လာသည်။ မသီတာသည် မျက်နှာ ကြောက်လန့်နေပုံရှိ၏။ မလှိုင်စိုးက ညက အကြောင်းကို စခန်းမှူး ရဲအုပ်တင့်ဆွေအား ပြောပြမည်ဟန် ပြင်ဆင်သည်။ ရဲတပ်ကြပ်ကြီး (စာရေး)တင်အောင်က ပြောပြသမျှကို ရေးမှတ်ထားရန် အသင့်ရှိနေ၏။ မလှိုင်စိုးက သူ့သမီးလေး၏ မျက်နှာကို ကြည့်သည်။ မသီတာလည်း အားငယ်စိုးရွံ့သော မျက်နှာလေးနှင့် ရှိနေသည်။

× × × × ×

သည်မနက် ကိုတင်မိုးက မြို့ဈေးသို့ အစောကြီး ထွက်သွားသည်။ မလှိုင်စိုးသည် အိပ်ယာမှ လူးလဲထကာ အိပ်ရာသိမ်းလိုက်၏။ သူ့သမီး မသီတာက အိပ်ရာမှမနိုးသေး။ ညက ညဉ့်နက်မှ အိမ်လည်ပြန်လာသော သူ့သမီးအပေါ်တွင် ရှိနေခဲ့သော ဒေါသသည် ပြန်လည်ရှင်သန်လာ၏။ ညက သူ့သမီးက သူမေးသမျှကို မဖြေဘဲ ဘာကြောင့်ငိုနေသည်ကို သိချင်နေ၏။

မလှိုင်စိုးသည် မျက်နှာသစ်ပြီးသည်နှင့် မီးမွှေးကာ ထမင်းအိုးတည်ထားလိုက်၏။ သူ့သမီးက အိပ်ရာမှ နိုးလာသည်။ မသီတာက သူ့အမေ၏ မျက်နှာကို မကြည့်ဘဲ ရေစင်သို့ လျှောက်သွား၏။

'ဟဲ့ ကောင်မလေး၊ ညည်းမျက်နှာသစ်ပြီးလို့ သနပ်ခါးလိမ်းပြီးရင် ငါ့ဆီကို လာခဲ့ပါဦး၊ ညည်းကို မေးစရာရှိသေးတယ်'

'ဟုတ် ဟုတ်ကဲ့ အမေ'

မသီတာက သနပ်ခါးလိမ်းပြီးသည်နှင့် သူ့အမေ၏ ဘေးနားတွင်လာ၍ ထိုင်နေသည်။

'ညက ညည်း ဘယ်လျှောက်သွားနေတာလဲ'

မလှိုင်စိုးက မီးဖိုထဲသို့ ထင်းချောင်းတစ်ချောင်း ထပ်ထည့်ရင်း မေး၏။ မသီတာက တစ်စုံတစ်ခုကို စဉ်းစားနေသလိုနှင့် ငြိမ်နေသည်။

'ဟဲ့ ငါမေးနေတယ်လေ'

'ညက ဟို ဟို'

'ဟာ ဒီကောင်မလေး ယောင်တိယောင်အနဲ့ ဘာဖြစ်နေတာလဲ'

'ညက သမီးကို အဟင့် ဟင့်'

မသီတာက ရှိုက်ကာ ရှိုက်ကာနှင့် ချုံးပွဲချ ငိုသည်။ မလှိုင်စိုးက မသီတာကို ဘာမှနားမလည်သလို ကြည့်နေသည်။ ပြီးတော့





အနားမှ ဝါးခြမ်းပြားကို ကောက်၍ ကိုင်လိုက်သည်။

'ညကလည်း ငါကမေးတာကို ငိုနေတယ်။ အခုမေးတော့လည်း ငိုနေပြန်ပြီ။ ငါ့ကို စိတ်တိုအောင် ညည်းလုပ်နေတာလား'

'သ. . . သမီးပြောပါ့မယ် အမေရဲ့ ညက. . .'

ညက မသီတာသည် ရွာထဲမှ ဗီဒီယိုရုံတွင် ဗီဒီယိုကြည့်ရန် အိမ်မှ ထွက်လာခဲ့၏။ ညနေက ဗီဒီယိုရုံရှေ့တွင် သည်နေ့ည ပြသမည့် ဗီဒီယိုဇာတ်ကားကို ရေးပြီး ကြော်ငြာထားသည်မို့ မသီတာက သိနေသည်။

ရွာလမ်းတစ်နေရာသို့ အရောက်တွင် ရွာထဲမှ လူနှစ်ဦးနှင့် မသီတာ တွေ့ကြ၏။ မှောင်မဲနေသော ညအခါတွင် အသံကြားရုံဖြင့် ပြည်သူ့ညည်ဝါဖြစ်သည်ကို သိ၏။ ထိုလူနှစ်ယောက်က မသီတာကို ပါးစပ်ပိတ်၍ အတင်းပွေ့ချီသည်။ ထို့နောက် မသီတာကို ချုပ်နှောင်၍ ခေါ်လာခဲ့သည်။ မသီတာမှာ အော်၍လည်း မရ၊ လူပ်ရှားရုန်းကန်၍ မရဘဲ ထိုလူနှစ်ဦးခေါ်ရာသို့ ပါလာရ၏။ ထိုလူနှစ်ယောက်က မသီတာကို ရွာနှင့်မနီးမဝေး လယ်ကွင်းထဲရှိ ကောက်ရိုးပုံသို့ ခေါ်လာခဲ့သည်။

'အူး. . အူး မစပါနဲ့ ကျွန်မ ဗီဒီယို သွားကြည့်မလို့'

'ဗီဒီယိုက မပြသေးပါဘူး'

ထိုနှစ်ယောက်က မသီတာကို ပါးစပ်ပိတ်၍ လက်နှစ်ဖက်

ကို အတင်းချုပ်ထားသည်။

မသီတာသည် အင်အားရှိသမျှ ရုန်းကန်ပေမယ့်မရ။ မသီတာက ဦးခေါင်းကို ဘယ်ညာ အဆက်မပြတ် ခါယမ်းပစ်လိုက်သည်။ အော်၍ငိုပေမယ့် အသံမထွက်။ လှုပ်ရှားရုန်းကန်ရင်းမှ အားအင်တွေ ဆုတ်ယုတ်သလို ခံစားရလာ၏။

သူမကို ချုပ်နှောင်ထားသော လူနှစ်ဦးအနက် တစ်ဦးက မသီတာ၏ အလိုဆန္ဒမပါဘဲ သားမယားအဖြစ်အတင်းအဓမ္မ ပြုကျင့်နေသည်။ ပြီးတော့ နောက်တစ်ဦးကလည်း မသီတာကို စော်ကားပြန်သည်။ လူသားစင်စစ်ဖြစ်ပါလျက် လူစိတ်ပျောက်ကာ တိရစ္ဆာန်စိတ်မွှေးနေကြသည့် လူနှစ်ဦး၏ ယုတ်မာမှုအောက်တွင် မသီတာ ဘဝနွမ်းကြေခဲ့ရ၏။ ပန်းကောင်းအညွန့်ကျိုးခဲ့ရ၏။

လူစိတ်ကင်းမဲ့နေသူ နှစ်ဦးသည် မသီတာကို ထားခဲ့ကာ ရွာထဲသို့ ပြန်ဝင်သွားကြသည်။ မသီတာမှာ လူးလိမ့်ငိုကြွေးရင်း ကျန်ရစ်ခဲ့သည်။ ရင်ထဲတွင် တင်းကြပ်နေအောင် ခံစားနေရ၏။ သူ့တစ်ကိုယ်လုံးသည် ချုပ်နှောင်ထားခြင်း ခံခဲ့ရသဖြင့် နာကျင်၍နေ၏။ သူမ ခြေထောက်မှဖိနပ်သည် မည်သည့်နေရာတွင် ကျကျန်ရစ်ခဲ့ပြီး မသိ။ မသီတာသည် ဇီဒီယိုသို့လည်း မသွားရဲတော့။ အိမ်သို့ပြန်ရန်လည်း ဝန်လေးနေမိ၏။ ယခုအချိန်ဆိုလျှင် အိမ်မှာ သူ့အဖေတစ်ယောက်တည်းသာရှိနေသည်။ သူ့အမေ မလှိုင်စိုးက ဇီဒီယိုရုံသို့





သွားလောက်ပြီဟု မသီတာ သိနေ၏။ မသီတာသည် ရှိုက်ကာ ရှိုက်ကာ ငိုနေရင်းမှ ကြောက်နေမိ၏။ သူမဘဝတွင် လုံးဝ မျှော်လင့်မထားခဲ့သော ရက်စက်ယုတ်မာမှုကို ခံလိုက်ရခြင်းဖြစ်၍ ငိုပြီး စိတ်အားငယ်သွားမိသည်။

သရဲကြောက်တတ်သော မသီတာသည် မှောင်ထဲတွင် ထိုင်နေမိ၏။ ရွာထဲဆီမှ မည်သည့် အသံမှ မကြားရ။ ညရောက်လျှင် ရွာထဲမှ လူအများစုသည် ဇီဒီယိုရုံထဲသို့ ရောက်နေတတ်ကြသည် မဟုတ်လား၊ မသီတာသည် ကောက်ရိုးပုံပေါ်တွင် လှဲနေရင်းမှ အိပ်ပျော်သွားလေ၏။

ဘယ်နှစ်နာရီကြာအောင် အိပ်ပျော်သွားသည် မသိ။ တစ်ကိုယ်လုံး အေးစိမ့်လာတော့မှ ဖျက်ခနဲ လန့်နိုးသွားသည်။ ရွာဘက်မှ ခွေးအူသံများကို ကြားရ၍ မသီတာကြောက်စိတ်ဝင်လာ၏။ ထို့ကြောင့် အိမ်ရှိရာသို့ ပြန်လာခဲ့သည်။ သူ့အဖေနှင့်အမေကတော့ သူ့ကို ရှာမတွေ့၍ စိတ်ပူနေမည်ကို သိနေ၏။ မသီတာသည် ခံစားနေရသော ဝေဒနာကြောင့် လမ်းကို ဖြေးညှင်းစွာသာ လျှောက်လာခဲ့သည်။

'ဒါဆိုရင် သမီးကို စော်ကားခဲ့တဲ့ လူက ဘယ်သူတွေလဲ'

စခန်းမှူးရဲအုပ် တင့်ဆွေက မသီတာကို မေးသည်။

'ကိုဆန်းဦးနဲ့ ကိုဇော်သက်ပါ'

'အဲဒီကောင်တွေက အသက်ဘယ်လောက်ရှိပြီလဲ ဦးဘစံ'

'အသက်က ဆယ့်ခွန်၊ ဆယ့်ရှစ်လောက်ပဲ ရှိဦးမယ် စခန်းမှူး'

'လူမဆန်ဘဲ ယုတ်မာတဲ့ကောင်တွေ၊ ဒီကောင်တွေ အခု ရွာမှာ ရှိသေးလား'

'ရှိပါတယ် စခန်းမှူး'

'လာဗျာ၊ ဒီလောက်မိုက်ရိုင်းတဲ့ ကောင်တွေကို အခု သွားဖမ်းမယ်'

ရဲစခန်းမှူး ရဲအုပ်တင့်ဆွေက ငါးအိမ်တန်းကျေးရွာသို့ ရဲတပ်ဖွဲ့ဝင်များနှင့်အတူ လိုက်သွားကာ မသီတာအား အလိုမတူဘဲ သားမယားအဖြစ် အတင်းအဓမ္မပြုကျင့်ခဲ့သည့် ဆန်းဦးနှင့် ဇော်သက်ကို ဖမ်းဆီးကာ ရဲစခန်းသို့ ခေါ်လာခဲ့သည်။ ထို့နောက် ဆန်းဦးနှင့် ဇော်သက်ကို မေးမြန်းစစ်ဆေးသည်။ ဆန်းဦးနှင့် ဇော်သက်တို့က ပထမ ငြင်းဆန်၍ နေသည်။ မသီတာ၏ မိခင် မလှိုင်စိုး၏ တိုင်တန်းချက်ကို ဖတ်ပြပြီး ပရိယာယ်သုံးကာ မေးမြန်းတော့မှ မုဒိန်းမှုကို ကျူးလွန်မိကြောင်း ဝန်ခံခဲ့သည်။ စခန်းမှူးရဲအုပ်တင့်ဆွေက မသီတာကို ဆေးရုံသို့ပို့ကာ စစ်ဆေးခိုင်း၏။ ပြီးနောက် ဆန်းဦးနှင့် ဇော်သက်ကို စစ်ဆေးသည်။ ဆရာဝန်က မသီတာကို စစ်ဆေးပြီး စိတ်မကောင်း ဖြစ်သွားပုံမြင်ရသည်။ မသီတာမှာ အလိုမတူဘဲ သားမယားအဖြစ် အတင်းအဓမ္မပြုကျင့်ခံထားရကြောင်း ပြောပြသည်။





ဆန်းဦးနှင့်ဇော်သက်မှာလည်း လွန်ခဲ့သော (၁၆)နာရီကျော်က ယောက်ျားအင်အားများ ဆုတ်ယုတ်ထားကြောင်း တွေ့ရသည်။

ရဲစခန်းမှူး ရဲအုပ်တင့်ဆွေက အခင်းဖြစ်ပွားစဉ်က မသီတာကိုဆန်းဦး၊ ဇော်သက်တို့ ဝတ်ဆင်ခဲ့သည့် အဝတ်အစားများကို သက်သေလူကြီးများရှေ့တွင် ရှာဖွေပုံစံဖြင့် သိမ်းဆည်းကာအိတ်ကြီး တစ်အိတ်ထဲသို့ ရည်ညွှန်းစာနှင့်အတူ ဓာတုဗေဒဌာနသို့ အမြန်ဆုံးပေးပို့စေသည်။

အခင်းဖြစ်ပွားသည့်နေရာကို သွားရောက်စစ်ဆေးစဉ်က တွေ့ရှိခဲ့သော သဲလွန်စ အထောက်အထားများကိုလည်း အဝတ်အစားများနှင့်အတူ တစ်ပါတည်းပေးပို့ခဲ့ခြင်း ဖြစ်သည်။

ထို့နောက် မသီတာအား အလိုမတူဘဲ သားမယားအဖြစ် အဓမ္မပြုကျင့်ခဲ့ကြသည့် ဆန်းဦး (အသက် ၁၈နှစ်) အဖ ဦးတင်လှနှင့် ဇော်သက် (အသက် ၂၀နှစ်) အဖဦးကျော်သန်းတို့ နှစ်ဦးအား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၇၆ အရ အမှုဖွင့် အရေးယူထားလိုက်သည်။

မုဒိန်းကောင်နှစ်ကောင်ဟာ မုဒိန်းမှုမကျူးလွန်ခင် တစ်ရက်က(    )ရွာက သူတို့ သူငယ်ချင်းရဲ့ ဗီဒီယိုရုံမှာ မြို့မှငှားလာတဲ့ ညစ်ညမ်းဗီဒီယိုခွေကို ကြည့်ခဲ့ကြတယ်တဲ့. . .၊ အဲဒီအပြာကားတွေ ကြည့်တော့ လူစိတ်ပျောက်ပြီး ကိုယ့်ညီမလေးအရွယ် အရွယ်မရောက်သေးတဲ့ မိန်းကလေးငယ်ကို ယုတ်မာမိုက်ရိုင်းခဲ့ကြတယ်။ အခု

ဖြစ်ရပ်နှင့်ပတ်သက်ပြီး မြို့နယ်အချို့၊ ကျေးရွာအချို့တွေမှာ ခိုးပြနေကြတဲ့ ညစ်ညမ်းဗီဒီယိုခွေ ပြသနေတာကို ဖမ်းဆီးပြီး ပြင်းပြင်းထန်ထန် အရေးယူဆောင်ရွက်ရတော့မယ်။ အခုလို ဖမ်းဆီးအရေးမယူရင် နေ့စဉ်ကာလတွေမှာ သွေးဆောင်ဆွဲခေါ်မှု၊ လက်ရောက်မှု မိန်းမကာယကံ့ဖြေဖျက်စီးမှု၊ မုဒိန်းမှု၊ ဓမ္မတာမဟုတ်တဲ့ ကာမစပ် ယှက်မှုတွေကို တိုးပွားလာနိုင်တယ်။ သမီးရှင် မိဘတွေအနေနဲ့လည်း မိမိသားသမီးကို အရွယ်ရောက်သည်ဖြစ်စေ၊ အရွယ်မရောက်သည်ဖြစ်စေ မိမိမောင်ဘွား၊ သွေးမျိုးမဟုတ်တဲ့ တစ်ယောက်တည်း ညအခါ ဗီဒီယိုကြည့်ခွင့်ပေးတာတို့ ပွဲကြည့်ခွင့်ပေးတာတို့ကို မပြုသင့်ဘူးဆိုတာ လွန်ခဲ့တဲ့ရက်က ဖြစ်ပွားခဲ့တဲ့ မုဒိမ်းမှုကို သင်ခန်းစာယူပြီး လိုက်နာသင့်တယ်ဟု' ရဲစခန်းမှူး ရဲအုပ်တင့်ဆွေသည် ရဲတပ်ဖွဲ့ဝင်များအား ပြောပြရင်း ရင်ထဲက လေပူကို မှုတ်ထုတ်လိုက်မိလေ၏။

*ဖြစ်မှု၊ ၁၉၉၇ ၊ အောက်တိုဘာ*

✡ ✡ ✡ ✡ ✡





# မမွေးသောပန်းကို နမ်းခြွေရက်သူများ

မြသရဖူစာပေနှင့်အနုပညာလုပ်ငန်း

## မမွှေးသော ပန်းကို နမ်းခြွေရက်သူများ

"ကျွန်တော်တို့ ရဲစခန်းအပိုင်၊ သဲကောကျောင်းကျေးရွာ တောင်ဘက်က ရိုးချောင်းထဲမှာ အသက် ၂၅ နှစ်ခန့်လို့ ခန့်မှန်းရတဲ့ အမျိုးသမီးအလောင်းကို တွေ့လို့ နယ်မြေကင်းလှည့်နေတဲ့ ကျွန်တော့်ကို လာပြောကြတယ်ဆရာ။ ကျွန်တော် အမျိုးသမီးအလောင်းကို သွားကြည့်ခဲ့တယ်။ အလောင်းက ပုပ်ပွနေပြီဆရာ။ အဲဒါဆရာ့ဆီကို ကျွန်တော်လာပြီး သတင်းပေးတာပါ"

"ဟင် . . . ဟုတ်လား"

နယ်ထိန်းတပ်ကြပ်မျိုးလွင်က (      )ရဲစခန်းမှူး ရဲအုပ်





အောင်မြင့်ထံသို့ လာ၍ သတင်းပို့သည်။

"အမျိုးသမီးရဲ့ အလောင်းမှာ ဘာဒဏ်ရာတွေ့ခဲ့သလဲ"

"သေသူအမျိုးသမီးရဲ့ ခန္ဓာကိုယ်ရှေ့ပိုင်းမှာတော့ ဘာဒဏ်ရာမှ မတွေ့ခဲ့ဘူးဆရာ။ ရိုးချောင်းလေးက ခါးလယ်လောက် အတိမ်အနက်ရှိတော့ အမျိုးသမီးဟာ ရေနစ်သေတာလား၊ ရေနှစ်သတ်ခံရတာလားဆိုတာ ဝေခွဲရခက်နေတယ်"

"စခန်းက နယ်ထိန်းနဲ့ တပ်သား ၄၊ ၅ ယောက်လောက် ခေါ်ခဲ့ကွာ။ အဲဒီနေရာကိုသွားရအောင်"

စခန်းမှူး ရဲအုပ်အောင်မြင့်က ရဲတပ်ဖွဲ့ဝင်ငါးဦးကို ခေါ်၍ သဲကောကျောင်းရွာသို့ လာခဲ့၏။ သဲကောကျောင်းရွာမှာ စခန်း၏အရှေ့မြောက် ၃ မိုင်ခန့် ဝေးကွာ၏။ ထိုရွာမှာ လယ်သမား၊ ကိုင်းသမား၊ ထင်းခုတ်သမား၊ တံငါလုပ်သားများ နေထိုင်ကြသည်။ စခန်းမှူး ရဲအုပ်အောင်မြင့်က သဲကောကျောင်းကျေးရွာလူကြီး ဦးအေးနိုင်ကို ခေါ်၍ အခင်းဖြစ်ပွားသည့်နေရာသို့ သွားကြည့်၏။

"ဒီမနက် ကျွန်တော်တို့ရွာထဲက ငါးရှာတဲ့ မောင်တင်အေးက အဲဒီ အမျိုးသမီးအလောင်းကို တွေ့လို့ ကျွန်တော့်ကို လာပြောတယ်။ ကျွန်တော်နဲ့ ကျေးရွာလူကြီးတွေက အမျိုးသမီးအလောင်းကို သွားကြည့်ကြတယ်။ အလောင်းကို ပုံစံမပျက်ရှိရအောင် ရွာကလူငယ်တွေကို စောင့်ရှောက်ခိုင်းထားပါတယ်။ ဆရာတို့ မလာခင်အချိန်ကလေး

အထိတော့ ရွာထဲက ကလေး၊ လူကြီးမကျန် အဲဒီအလောင်းကို သွားကြည့်ကြတာ ပွဲတော်ရှုံးတယ်"

စခန်းမှူး ရဲအုပ်အောင်မြင့်ကို ကျေးရွာလူကြီး ဦးအေးနိုင်က ပြောပြနေသည်။ ချိုးချောင်းမှာ အရှေ့မှ အနောက်သို့ စီးဆင်းနေ၏။ အမျိုးသမီးအလောင်းကို ရပ်ကြည့်နေသူများသည် ရဲတပ်ဖွဲ့ဝင်များနှင့် ကျေးရွာလူကြီးများ ကိုမြင်တော့ ရွာထဲသို့ ပြန်ဝင်သွားကြသည်။ အမျိုးသမီးအလောင်းက ချိုးချောင်း၏ ရေတိမ်ပိုင်းတွင် တင်နေသည်ကို တွေ့ရ၏။

စခန်းမှူး ရဲအုပ်အောင်မြင့်နှင့် ရဲတပ်ဖွဲ့ဝင်များက ချိုးချောင်းထဲသို့ ဆင်း၍ အမျိုးသမီးအလောင်းကို စစ်ဆေးကြည့်ရှုကြသည်။ သေဆုံးနေသူ အမျိုးသမီးသည် အပြာနုရောင် တက်ထရွန်ဝမ်းဆက်ကို ဝတ်ဆင်ထား၏။ မျက်နှာတွင် မိတ်ကပ်များ လိမ်းကျံထားခဲ့သည်ဟု ယူဆရသည်။ တစ်ကိုယ်လုံး ရေစိုနေသော်လည်း အပုပ်နံ့နှင့် အမွှေးအကြိုင်နံ့များက ရောပြွမ်းနေသည်။ သေဆုံးသူအမျိုးသမီး၏ နားနှစ်ဖက်တွင် ရွှေနားကပ် ပန်ဆင်ထား၏။ အပေါ်အကျီကြယ်သီး ၂လုံး ပြုတ်နေ၏။

"ကောင်မလေးက ညှိုချောလေးဗျ၊ သနားပါတယ်"

ကျေးရွာလူကြီး ဦးအေးနိုင်က ပြောသည်။

"အလိုလေး လူကြီးမင်းရယ်၊ အသေကောင်ကြည့်ပြီး၊ ဘယ်





လိုဖြစ်ရတာလဲ"

"အမြင်အတိုင်း ပြောရတာပါဗျာ"

ကျေးရွာလူကြီး ဦးအေးနိုင်မှာ ပျော်ပျော်ရွှင်ရွှင်နေတတ်သူမို့ အားလုံးက ဝိုင်း၍ ရယ်မောကြသည်။

စခန်းမှူး ရဲအုပ်အောင်မြင့်က အမျိုးသမီးအလောင်းကို တမ်းပါးပေါ်သို့ ဆွဲတင်စေသည်။

"ဟာ . . . ဒဏ်ရာက ဒီမှာ ဆရာ"

အမျိုးသမီး၏ လက်ယာဖက် ကျောတွင် စူးရှထက်မြက်သော လက်နက်ဖြင့် ထိုးသွင်းခံထားရသော ဒဏ်ရာကို တွေ့ရသည်။ ဒဏ်ရာမှာ အသားထဲသို့တိုင် ခပ်နက်နက် ထိုးသွင်းခံထားရသည်ဟု ယူဆရ၏။ ထိုသို့ဆိုလျှင် အမျိုးသမီးသည် ရေနစ်သေဆုံးခြင်း၊ ရေနှစ်သတ်ခံရခြင်း မဖြစ်နိုင်တော့။ အသတ်ခံရပြီးမှ ရေထဲသို့ မျှောချလိုက်ခြင်း ဖြစ်သည်။

"ဦးအေးနိုင်၊ ဒီအမျိုးသမီးကို ဦးလေးတို့ ရွာအရှေ့ဘက်မှာ ရှိတဲ့ ရွာတန်းရှည်၊ ညောင်ပင်သာရွာတွေမှာ တွေ့မြင်ဖူးသလား"

စခန်းမှူး ရဲအုပ်အောင်မြင့်က မေးသည်။

"မတွေ့မြင်မိဘူးဆရာ။ အရပ်တကာ၊ နယ်တကာလှည့်ပြီး ခေါ်ရှိတ်နေတဲ့ ကျွန်တော်တို့ရွာက သန်းထွန်းကို မေးကြည့်တော့လည်း မတွေ့မြင်ဖူးပါဘူးလို့ ပြောတယ်။ ဒီမိန်းကလေးဟာ ကျွန်တော်တို့

နယ်ထဲကတော့မဟုတ်ဘူး”

“ဒီမိန်းကလေး ဘာကြောင့် အသတ်ခံရတာလဲ။ ဘယ်သူတွေက သတ်တာလဲဆိုတာ စုံစမ်းရဦးမယ်”

စခန်းမှူး ရဲအုပ်အောင်မြင့်က အမျိုးသမီးအလောင်းအား လိုအပ်သည်များ စစ်ဆေးပြီးသည်နှင့် ဆေးရုံသို့ ပို့ခိုင်းလိုက်သည်။

“ကိုမျိုးလွင် ဆေးရုံရောက်ရင် ဓာတ်ပုံဆရာ ကျော်စိုးကို သွားခေါ်ပြီး အမျိုးသမီးအလောင်းကို အနီးကပ် ဓာတ်ပုံရိုက်ယူခိုင်းထားဗျာ။ ဒါမှစုံစမ်းတဲ့အခါ အထောက်အကူ ဖြစ်မယ်”

စခန်းမှူး ရဲအုပ်အောင်မြင့်သည် ရိုးချောင်းထဲတွင် ဒဏ်ရာဖြင့် သေဆုံးနေသော အမျိုးသမီးအလောင်းအား ဆေးရုံမှပင် တာဝန်ယူ၍ သင်္ဂြိုဟ်နိုင်ရန် ညွှန်ကြားစီစဉ်လိုက်၏။ အမည်မသိ အမျိုးသမီး၏ အလောင်းကို တွေ့ရှိသည်ဆိုသည့် သတင်းက တစ်နယ်လုံး ပျံ့နှံ့သွားသည်။ အမျိုးသမီးသည် မည်သူမည်ဝါ ဖြစ်သည်။ မည်သည့်အတွက်ကြောင့် အသတ်ခံရသည်ကို လူတိုင်းက သိချင်နေကြသည်။ သို့သော် အမျိုးသမီးအလောင်းနှင့်ပတ် သက်ပြီး မည်သည့် သတင်းအစအနမျှ စုံစမ်း၍ မရသေးပေ။

ရဲတပ်ကြပ် တင်မောင်ထူးက ဆေးရုံမှ ဆေးစစ်ချက် အစီရင်ခံစာကို ရဲအုပ်အောင်မြင့်ထံသို့ လာ၍ ပေးသည်။ ရဲအုပ်အောင်မြင့်က ဆေးစာကို ဖတ်ပြီး တွေဝေကာ စဉ်းစားနေသည်။ ထိုအချိန်တွင်





ရဲစခန်းရုံးခန်းထဲသို့ နယ်ထိန်းတပ်ကြပ်မျိုးလွင်ဝင်လာ၏။

“ဟာ . . . မျိုးလွင်လာကွာ အမျိုးသမီးအလောင်းရဲ့ ဆေးစာရပြီကွ။ ဆေးစာအရ အမျိုးသမီးဟာ မကွယ်လွန်မီ နာရီပိုင်းအတွင်းက ယောကျ်ားသုံးဦးနဲ့ ရင်းနှီးခဲ့တယ်တဲ့၊ အမျိုးသမီးရဲ့ မိန်းမကိုယ်ထဲမှာ အမျိုးအစားမတူတဲ့ သုက်သွေး သုံးမျိုးတွေ့ရတယ်လို့ ဖော်ပြထားတယ်။ ပြီးတော့ အမျိုးသမီးဟာ ယောကျ်ားသားတွေနဲ့ နေခဲ့ပြီးတော့မှ စူးရှထက်မြက်တဲ့ လက်နက်ဓားမြှောင်လို့ ယူဆရတဲ့ ဓားမြှောင်နဲ့ လက်ယာဘက် ကျောထဲကို လေးလက်မခန့် ထိုးသွင်းခံရပြီး နှလုံးကိုစိုက်ဝင်သွားတဲ့ဒဏ်ရာကြောင့် သေဆုံးရတာပဲ”

“ဟင် . . . ဟုတ်လားဆရာ၊ ယောကျ်ားသုံးဦးနဲ့ ရင်းရင်းနှီးနှီး ဆက်ဆံခဲ့တယ်ဆိုတော့ အသတ်ခံရတဲ့ အမျိုးသမီးဟာ ယောကျ်ားသုံးဦးရဲ့ အနိုင်ကျင့်ခံရတာလား။ ဒါမှမဟုတ် သွေးသားရောင်းစားတဲ့ ညဉ့်ငှက်မလေးလား။ စဉ်းစားစရာတော့ဖြစ်နေပြီ ဆရာရေ”

“ငါလည်း အဲဒါကို စဉ်းစားနေတာ။ ဒါနဲ့ အဲဒီ အမျိုးသမီးအလောင်းကို ရိုက်ယူထားတဲ့ ဓါတ်ပုံ ၁၀ ပုံကူးခိုင်းထားတာရောရခဲ့ပြီလား”

“အဲဒီ ဓါတ်ပုံတွေကို တစ်ခါတည်း သွားယူလာခဲ့တာ”

နယ်ထိန်းတပ်ကြပ် မျိုးလွင်က လွယ်အိတ်အတွင်းမှ ဓာတ်ပုံများကို စခန်းမှူးရဲအုပ်အောင်မြင့်အား လှမ်းပေးသည်။

"အမျိုးသမီးအလောင်းနဲ့ ပတ်သက်ပြီး ဖြစ်စဉ်နဲ့ ဓာတ်ပုံကို အခြား နယ်ရဲစခန်းတွေဆီပေးပို့ပြီး သတင်းယူရမယ်။ ဧရာဝတီတိုင်း အတွင်းက စခန်းတွေဆီကိုလည်း ပေးပို့အကူအညီတောင်းရမယ်။ အခုတော့ အသတ်ခံရတဲ့ အမျိုးသမီးက ဘယ်ကမှန်းမသိ၊ ဘာကြောင့် အသတ်ခံရမှန်းမသိ ဖြစ်နေတယ်။ ဦးနှောက်ကို အတော် အလုပ်ပေးရမယ့်မှုခင်းပဲ"

"ကျွန်တော့်ရဲ့ ရဲလုပ်သက်အတွေ့အကြုံအရ ပြောရရင်တော့ ယောကျ်ားသုံးဦးက အမျိုးသမီးကို အနိုင်ကျင့်ပြီးမှ ပြဿနာဖြစ်မှာစိုးရိမ်ပြီး နှုတ်ပိတ်လိုက်တာလား။ ညဥ့်ငှက်မဖို့ ပျော်ပါးပြီး အခကြေးငွေမပေးချင်တာကြောင့် သတ်ခဲ့တာလား။ ဒီနှစ်ချက်ထဲက တစ်ခုခုပဲ"

"ကိုယ့်ရဲ့ စခန်းပိုင်နယ်မြေအတွင်းမှာ ဖြစ်ပွားခဲ့တယ်လို့ ယူဆရတော့ အမှုမှန်ပေါ်ပေါက်လာရေးအတွက် အထူးကြိုးစား စုံစမ်းပါမျိုးလွင်"

"စိတ်ချပါဆရာ၊ ကျွန်တော်က ဒါမျိုးတွေ စုံစမ်းရတာ ဝါသနာပါပြီးသားဆိုတော့ မကြာခင်မှာ ထူးခြားတဲ့ သတင်းရလာလိမ့်မယ်လို့ ယုံကြည်ထားတယ်"

"အမျိုးသမီးအလောင်းမှာ ဝတ်ဆင်ထားတဲ့ အပြာနုရောင်တက်ထရွန်ဝမ်းဆက်ကို ဆေးရုံကနေ သက်သေခံပစ္စည်းအဖြစ်





သိမ်းလာခဲ့တာ စနစ်တကျ သိမ်းဆည်းပေးထားပါ"

"အဲဒီ အဝတ်အစားတွေမှာ အပုပ်နံ့က စွဲနေတယ်။ အနံ့ချင်လိုက်တာ"

"လုံခြုံတဲ့ ပလတ်စတစ်အိတ်ထဲမှာ အဲဒီအဝတ်အစားတွေ ထည့်ပြီး ကြိုးစည်းလိုက်ကွာ။ ဒီပစ္စည်းတွေက အရေးကြီးတယ်"

နယ်ထိန်းတပ်ကြပ် မျိုးလွင်က တစ်စုံတစ်ခုကို သတိရသွားတန် ရှိ၏။

"အသတ်ခံရတဲ့ အမျိုးသမီးရဲ့ အလောင်းကို ဆရာဝန်နဲ့အတူ သွားရောက်စစ်ဆေးခဲ့စဉ်က အမျိုးသမီးရဲ့ ရင်သားကြားက တွေ့ရှိလို့ သိမ်းဆည်းခဲ့တဲ့ ကျပ်၁၀၀ တန် တစ်ရွက်၊ ကျပ် ၂၀၀ တန် တစ်ရွက်တို့ဟာ လူသတ်မှုမှာ အဓိကသက်သေခံပစ္စည်းများ ဖြစ်နေမလားပဲ"

"ငါလဲ အဲဒါကိုပဲ သတိရတိုင်း စဉ်းစားနေတာ။ မိန်းမအဓော်များများဟာ ငွေစက္ကူတွေကို သူတို့ရဲ့ ရင်ဘတ်ထဲမှာ အမြဲသိမ်းထားတတ်ကြတယ်။ အမျိုးသမီးရဲ့အလောင်းကို စစ်ဆေး တုန်းက အလောင်းက ရိုးချောင်းတစ်လျှောက် မျောပါလာပြီးမှ ရေတိမ်မှာ တင်နေတာမဟုတ်လား။ အလောင်းကို စစ်ဆေးနေတုန်းရွာသားတွေက မဖွယ်မရာ စကားတွေပြောလို့ ရွာထဲကို နှင်လွှတ်ရသေးတယ် လေကွာ"

× × × × ×

နယ်ထိန်းတပ်ကြပ် မျိုးလွင်နှင့် ရဲတပ်သား စိုးမောင်တို့က အခြား မြို့နယ်ရှိ ရဲစခန်းများသို့ သွားရောက်ပြီး အသတ်ခံရသူ အမျိုးသမီး၏အလောင်းအား ရိုက်ကူးထားသော ဓာတ်ပုံနှင့်ဖြစ်စဉ်ကို ပေးပို့ကာ စုံစမ်း၏။

"လွန်ခဲ့တဲ့ တစ်ပတ်လောက်က ( ) မှာ (...)ပွဲ ကျင်းပခဲ့သေးတယ်။ အဲဒီ(...)ပွဲကို အနယ်နယ်အရပ်ရပ်က ဈေးသည်တွေ၊ ဘုရားဖူးတွေ လာကြတယ်။ ကျွန်တော်တို့က လုံခြုံရေးတာဝန်ယူပေးရတယ်။ အဲဒီ(...)ပွဲမှာ ဆရာမျိုးလွင်တို့ ရဲစခန်းပိုင်နယ်မြေအတွင်း အသတ်ခံရတဲ့ အမျိုးသမီးကို တွေ့မြင်ဖူးတယ်။ အဲဒီအမျိုးသမီးက ညဥ့်ငှက်မလေးဗျ"

နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်ဇော်မောင်က ပြောသည်။

"ဟာ... သဲလွန်စတော့ရပြီ၊ ဆက်ပြောပါဦး ဗိုလ်လေး"

နယ်ထိန်းတပ်ကြပ်မျိုးလွင်မှာ သတင်းအစကိုသိ၍ ဝမ်းသာသွား၏။

"ဒီအမျိုးသမီးက အသက်အရွယ်ကလည်းငယ်၊ ရုပ်ရည်ကလည်း ညှိချောလေး၊ ကိုယ်လုံးကိုယ်ပေါက်ကလည်းလှတော့ လူတိုင်းမျက်စိကျတာပေါ့။ ပွဲတော်ရက်အတွင်းမှာ အဲဒီအမျိုးသမီးက အတော်လှုပ်ရှားသွားတယ်။ လူငယ်တော်တော်များများက ဒီအမျိုးသမီး





နောက် ဝိုင်းလိုက်နေကြတယ်လို့ သိရတယ်။ သူက ပွဲတော်မှာ ကလေးကစားစရာ အရုပ်ရောင်းတဲ့ လင်မယားဆိုင်မှာနေတယ်။ ကျွန်တော်က အရုပ်ရောင်းတဲ့ လင်မယားကို မေးကြည့်တော့ အဲဒီ အမျိုးသမီးနာမည်က မြမြသင်းဆိုတာ သိရတယ်။ လမ်းမှာမိတ် ဆွေဖြစ်ခဲ့တာလို့ ပြောတယ်။ သူတို့လင်မယားကို တစ်နေ့ ငွေနှစ်ရာပေးပြီး နေတာတဲ့ဗျ"

"ဟင် ဒါဆို ကလေးကစားစရာ အရုပ်ရောင်းတဲ့ လင်မယားနဲ့လိပ်စာကိုရော ဗိုလ်လေးမေးလိုက်မိသေးလား"

နယ်ထိန်းတပ်ကြပ် မျိုးလွင်က မေးသည်။

"ဘာဖြစ်လို့လဲဗျ"

"ဒီလိုလေ ဗိုလ်လေးရဲ့။ မြမြသင်း အသတ်ခံရတဲ့နေ့က ပွဲတော်ရဲ့ နောက်ဆုံးနေ့မဟုတ်လား။ မြမြသင်းအသတ်ခံရတော့ သူသွားရေအိတ်ဖြစ် ဖြစ်၊ အဝတ်အစားထည့်တဲ့ တခြားအိတ်ဖြစ်ဖြစ် အရုပ်ရောင်းတဲ့လင်မယားဆီမှာ ကျန်ရစ်ခဲ့မှာအမှန်ပဲ"

နယ်ထိန်းတပ်ကြပ် မျိုးလွင်က သူ့ထင်မြင်ချက်ကို ပြောသည်။

"ဟာ... ဆရာမျိုးလွင်က စုံစမ်းထောက်လှမ်းတဲ့ နေရာမှာ ဆေးစပ်လှချည်လား။ ကျွန်တော်ကလည်း နယ်ထိန်းခေါင်းဆောင် တာဝန်ယူထားရတဲ့သူပဲဗျာ ဘယ်ပေါ့လျော့လိမ့်မလဲ။ အရုပ်ရောင်းတဲ့

ကိုစန်းထွန်း၊ မမြသက်တို့ဟာ ပေါင်းတည်၊ မှတ်တိုင်လမ်းမှာနေကြ တယ်တဲ့ဗျ"

ရဲတပ်ကြပ်မျိုးလွင်က အရုပ်ရောင်းသည့် လင်မယားလိပ်စာကို သူ၏မှတ်တမ်းစာအုပ်ထဲတွင် ရေးမှတ်ထားလိုက်သည်။

"အသတ်ခံရတဲ့ မြမြသင်းနဲ့ ပတ်သက်တဲ့ သတင်းအစအန တော့ရပြီ။ မြမြသင်းနဲ့ ဆက်ဆံခဲ့တဲ့ လူသုံးယောက်က မြမြသင်းကို ဘာကြောင့် သတ်ခဲ့တာလဲ၊ အဲဒီလူသုံးယောက်က ဘယ်သူတွေလဲဆိုတာ စုံစမ်းဖို့လိုသေးတယ်။ ကျွန်တော်ကတော့ ပေါင်းတည်၊ မှတ်တိုင်လမ်းက အရုပ်ရောင်းတဲ့ ဈေးဆိုင်ပိုင်ရှင် လင်မယားဆီကို လိုက်သွားပြီး စုံစမ်းရမယ်"

"ကျွန်တော်လဲ စုံစမ်းပေးပါ့မယ်။ သတင်းထူးခြားရင် ဆက်သွယ်အကြောင်းကြားလိုက်မယ်လေ"

"ကျေးဇူးတင်ပါတယ်ဗိုလ်လေး၊ အခု လူသတ်မှုက စိတ်ဝင်စားစရာကောင်းလွန်းလို့ ကြိုးစားပြီး စုံစမ်းနေတာ"

"ခက်ခဲနက်နဲတဲ့ အခုလူသတ်မှုကို စုံစမ်းဖော်ထုတ်ပြီး တရားခံတွေကို ဖမ်းဆီးမိရင်တော့ ရဲတပ်ဖွဲ့ဝင်တွေအတွက် ဂုဏ်ယူစရာပဲ"

"မကောင်းမှုဆိုတာ ဆိတ်ကွယ်ရာ မရှိပါဘူး။ အမှန်တရားဆိုတာ တစ်နေ့ပေါ်ပေါက်လာရမှာပဲ"

"ကျွန်တော် စခန်းပြန်ပြီး စခန်းမှူးဆီ သတင်းပို့လိုက်ဦးမယ်"

"ကောင်းပြီ၊ ဆရာမျိုးလွင်"

× × × × ×

နယ်ထိန်းတပ်ကြပ် မျိုးလွင်သည် ပေါင်းတည်မြို့သို့ လာခဲ့၏။ မှတ်တိုင်လမ်းမှ ကိုစန်းထွန်း၊ မမြသက်တို့အိမ်ကို စုံစမ်းမေးမြန်းသည်။ ကံကောင်းသည်ဟု ဆိုရမလားမသိ။ ကိုစန်းထွန်း၊ မမြသက်တို့ လင်မယားနှစ်ဦးစလုံးနှင့် တွေ့ရသည်။ နယ်ထိန်းတပ်ကြပ် မျိုးလွင်က ကိုစန်းထွန်းအား မြမြသင်းနှင့်ပတ်သက်ပြီး အကျိုးအကြောင်းပြောပြသည်။

"ဟာ. . . ဟုတ်လား။ ပွဲတော် နောက်ဆုံးနေ့ ညက မြသင်းပြန်မလာလို့ ကျွန်တော်တို့ စိတ်ပူနေတာ။ သူဘယ်သွားမှန်းလဲမသိရတော့ ပွဲတော်ရက်ပြီးပေမယ့် နှစ်ရက်လောက် စောင့်နေသေးတယ်။ ဈေးသည်တွေ အားလုံးနီးပါးပြန်တော့မှ ကျွန်တော်တို့လဲ ပြန်ခဲ့ကြတာ"

"ဒါဆိုရင် ခင်ဗျားတို့ဆီမှာ မြမြသင်းရဲ့ ပစ္စည်းတွေ ဥပမာ အဝတ်အစားတွေ ဘာတွေပေါ့ဗျာ၊ ဘာများ ကျန်ခဲ့သလဲ"

"မြသင်းရဲ့ သားရေအိတ်တစ်လုံး ကျန်ခဲ့တယ်။ အိတ်ထဲမှာ အဝတ်အစားတွေနဲ့ ငွေသုံးထောင်ကျော်တွေ့လို့ သိမ်းထားပါတယ်"




မြသရဖူစာပေနှင့်အနုပညာလုပ်ငန်း

"မြမြသင်းရဲ့ မှတ်ပုံတင်တွေ ဘာတွေ မတွေ့မိဘူးလား"

"သူ့ သားရေအိတ်ထဲမှာ ဒိုင်ယာရီစာအုပ်ကလေး တစ်အုပ်တော့ တွေ့မိပါတယ်။ အဲဒီစာအုပ်ထဲမှာ ရက်စွဲအလိုက် ယောကျ်ားတွေရဲ့ အမည်တွေ ရေးထားတယ်ဆရာ။ ဘာသဘောလဲတော့ မသိဘူး။ ဆရာ ဆိုရင် အဲဒီယောကျ်ားတွေနေတဲ့ မြို့ကိုပါ တွဲရေးထားတယ်။ ကျွန်တော်တို့ လင်မယား စာအုပ်ထဲက ယောကျ်ားနာမည်တွေကို ရေတွက်ကြည့်တာ လူပေါင်း ၇၀ ကျော်တယ်"

"အဲဒီ ဒိုင်ယာရီစာအုပ်ကလေးကို ခဏကြည့်ချင်ပါတယ်"

"ဟုတ်ကဲ့ ရပါတယ်ဆရာ"

ကိုစန်းထွန်းက မြမြသင်း၏ ဒိုင်ယာရီစာအုပ်ကလေးကို နယ်ထိန်းတပ်ကြပ်မျိုးလွင်အား လှမ်းပေး၏။ နယ်ထိန်းတပ်ကြပ်မျိုးလွင်က ဒိုင်ယာရီစာအုပ်ကလေးကို လှန်လှော၍ လေ့လာနေသည်။ ဒိုင်ယာရီစာအုပ်ထဲတွင် ရက်စွဲအလိုက် ယောကျ်ားများ၏ နာမည်များကို ရေးမှတ်ထား၏။ အချို့ယောကျ်ားများ၏ နာမည်ဘေးတွင် နေရပ်များကို ရေးသားထားသည်။ နယ်ထိန်းတပ်ကြပ်မျိုးလွင်က ပွဲတော်နေ့ရက်များကို ပြန်လည်စဉ်းစားကာ ဒိုင်ယာရီစာအုပ်ထဲတွင် ရှာဖွေလေသည်။

တွေ့ပြီ။ ပွဲတော်ကျင်းပသည့် ရက်စွဲများတွင် ယောကျ်ားများ၏ အမည်များကို မှတ်သားထား၏။ ပွဲတော် ပထမနေ့၊ ဒုတိယနေ့၊





တတိယနေ့၊ စတုတ္ထနေ့အထိ တွေ့ရ၏။ နယ်ထိန်းတပ်ကြပ် မျိုးလွင်က မြမြသင်း၏ လိပ်စာကို တွေ့လိုတွေ့ငြား ဒိုင်ယာရီစာအုပ်လေးထဲတွင် ရှာကြည့်၏။ ဘာမျှ မတွေ့ရ။

"အတော်ထူးဆန်းတဲ့ အမျိုးသမီးလို့ ပြောရမှာပဲ။ မြမြသင်းဟာ ကိုစန်းထွန်းတို့ လင်မယားဆိုင်မှာ တစ်နေ့ ငွေ နှစ်ရာပေးပြီး နေခဲ့တယ်လို့ သတင်းရထားတယ်။ အဲဒါ ဟုတ်ပါသလား။ ပြီးတော့ မြမြသင်းဟာ ညဥ့်ငှက်မလေးဆိုတာ ကိုစန်းထွန်းတို့ လင်မယား သိကြတယ်မဟုတ်လား"

နယ်ထိန်းတပ်ကြပ်မျိုးလွင်၏ စကားကြောင့် ကိုစန်းထွန်း မျက်နှာအမူအရာ မသိမသာ ပျက်သွား၏။

"ပွဲတော်ကို ဈေးရောင်းလာရင်း လမ်းမှာ မြမြသင်းနဲ့ ကျွန်တော်တို့ လင်မယား ခင်မင်ခဲ့ကြတာပါ။ ပွဲဈေးဆိုင်တန်းရောက်တော့ မြမြသင်းက ကျွန်တော်တို့ လင်မယားဆိုင်မှာ ပိုက်ဆံပေးပြီး တည်းခိုဒါရစေလို့ ပြောတယ်။ ကျွန်တော့်မိန်းမက သူ့ကိုသနားလို့ လက်ခံထားလိုက်တယ်။ ပွဲတော်စတဲ့နေ့တွေမှာ ပွဲတော်အတွင်း လျှောက်ကြည့်ဦးမယ်ဆိုပြီး ညဘက်ဆိုရင် ညဥ့်နက်မှ ပြန်လာတတ်တယ်။ အစတော့ ဒီမိန်းကလေးကို ရိုးရိုးအေးအေးလေး ထင်ခဲ့မိတာ။ ဆိုင်နားဝန်းကျင်က ဈေးသည်ကောင်လေးတွေပြောမှ ညဥ့်ငှက်မလေးဆိုတာ သိရတော့တယ်"

"ဒီတော့ ကျွန်တော့်မိန်းမက သူ့ကို ဆိုင်မှာ မတည်းခိုနဲ့တော့ ဆိုပြီး ပြောတယ်။ မြမြသင်းက ငိုယိုပြီး သူ့ဘဝဇာတ်လမ်းကို ပြောပြတယ်။ အဲဒီတော့မှ သူ ဘယ်မှာနေခဲ့တယ်ဆိုတာကအစ သိခဲ့ရတယ် ဆရာ"

ကိုစန်းထွန်းက ရေနွေးကြမ်းခွက်ကို ယူ၍ မော့သောက်လိုက်၏။ နယ်ထိန်းတပ်ကြပ်မျိုးလွင်က စိတ်ဝင်းစားစွာ နားထောင်နေမိ၏။

"မြမြသင်းက ခင်ဗျားတို့ လင်မယားကို ပြောပြတဲ့ သူ့ဘဝ ဇာတ်လမ်းလေးကို ပြောပြစမ်းပါဦး"

"ဒီလိုဆရာရေ့၊ မြမြသင်းက . . . မြို့က . . . ရပ်ကွက်ထဲမှာ နေတယ်။ အမေဖြစ်သူက သူ့ခုနစ်နှစ် သမီးမှာ ဆုံးပါးသွားတော့ သူ့အဖေက နောက်အိမ်ထောင်ပြုလိုက်တယ်။ ဒီတော့ မြမြသင်းဟာ မိထွေးရဲ့ နှိပ်စက်ညှဥ်းပန်းတဲ့ဒဏ်ကို နေ့စဥ်နဲ့အမျှ ခံခဲ့ရတယ်။ အသက် ၁၇ နှစ်သမီးအရွယ်လောက်မှာ ဈေးရောင်းရင်း ခင်မောင်မြင့်ဆိုတဲ့လူနဲ့ ချစ်ကြိုက်မိကြတယ်။ မြမြသင်းက ခင်မောင်မြင့်ကို သူ့ဘဝအတွက် အားကိုးအားထားပြုပြီး ချစ်ခဲ့တာ။ ဒါပေမယ့် ခင်မောင်မြင့်က လူလည်ဆိုတော့ မြမြသင်းရဲ့ အပျိုစင်ဘဝကို နွမ်းကြေအောင်ပြုပြီး ရှောင်ထွက်သွားတယ်။ နောက်တစ်နှစ်လောက်ကြာတော့ ခင်မောင်မြင့် ပြန်ရောက်လာပြီး မြမြသင်းကို ဆက်သွယ်ပြန်





တယ်။ မြမြသင်းက ခင်မောင်မြင့်ကို ဘဝပုံအပ်ပြီး ချစ်ခဲ့သူဆိုတော့ ဘယ်အပြစ်မြင်မှာလဲ"

"တစ်နေ့တော့ ခင်မောင်မြင့်က အလုပ်ကိစ္စကို အကြောင်းပြပြီး မြမြသင်းကို (. . .)မြို့ကို ခေါ်သွားတယ်။ ဖျော်ရည်ထဲမှာ အိပ်ဆေးခတ်ပြီး မြမြသင်းကို သူ့အပေါင်းအသင်းတွေနဲ့ ပေးပြီး ပျော်ပါးခိုင်းတယ်။ အဲဒီနောက်တော့ ခင်မောင်မြင့်လည်း ခြေရာပျောက်သွားခဲ့တယ်။ မြမြသင်းက ခင်မောင်မြင့် သူ့ဘဝကို ဖျက်ဆီးသွားတာကို စိတ်ထဲက နာကြည်းပြီး လေလွင့်ရှက်တိုက်ခဲ့တယ်။ သူ့ဘဝဟာ အခုလိုဖြစ်တဲ့အထိ မိုက်ခဲ့တာပါလို့ ပြောပြတယ်။ သူ့ဘဝကို မထူးတော့ဘူးလို့ သတ်မှတ်လိုက်တယ်။ သူက ယောကျ်ားပေါင်းစုံနဲ့ဆက်ဆံခဲ့ဖူးတဲ့ သူဆိုတော့ သူ့သွေးသားတွေ မသန့်ရှင်းတော့ဘူးဆိုတာ သိနေတယ်။ သူနဲ့ဆက်ဆံခဲ့တဲ့ ယောကျ်ားတွေ မှန်သမျှလည်း ရောဂါဆိုးတွေရကြမှာ အမှန်ပဲ"

ကိုစန်းထွန်းက ပြောရင်း ခဏ နားသည်။

"မြမြသင်း ဘဝမှန်ကို သိရတော့လည်း သနားပြီး လက်ခံထားမိတယ်၊ သူ့ဆီကို လာကြတဲ့ ယောကျ်ားတွေ မနည်းဘူး"

"ပွဲတော်နောက်ဆုံးညက ကိုစန်းထွန်းတို့ဆိုင်မှာ မြမြသင်း ဘယ်အချိန်အထိရှိခဲ့သလဲ"

ကိုစန်းထွန်းက ခဏ စဥ်းစားနေ၏။

"ည ၈ နာရီကျော်လောက်ကျတော့ ကျွန်တော့်ဆိုင်ရှေ့မှာ လူငယ်သုံးဦး မယောင်မလည်ရပ်နေတာ သတိထားမိတယ်၊ မြမြသင်းကလဲ ယောကျ်ားတွေရဲ့သဘောကို သိပြီးသားဆိုတော့ သူ့ကိုယ်သူ အလှပြင်ဆင်ပြီးဆိုင်ထဲက ထွက်သွားတယ်၊ ဟိုလူသုံးယောက်လည်း မြမြသင်းနောက်ကို လိုက်သွားတော့တာပဲ"

"အဲဒီ လူသုံးယောက်ရဲ့ ပုံပန်းသဏ္ဌာန်ကို ပြောပြနိုင်မလား"

ကိုစန်းထွန်းက မျက်စိကို စုံမှိတ်ထားလေ၏။

"တစ်ဦးက အရပ်ငါးပေသုံးလက်မလောက် ရှိမယ်၊ မျက်နှာပြားတယ်၊ မေးရိုးတိုပြီး ပါးစပ်က အပေါ်နှုတ်ခမ်းတိုတယ်၊ နှာခေါင်းကြီးပြီး ပြားတယ်၊ အင်း နောက်တစ်ဦးက အရပ်ငါးပေ လေးလက်မခန့် မြင့်တယ်၊ ပိန်ပိန်ပါးပါး၊ မေးရိုးချွန်တယ်၊ နှာခေါင်းချွန်တယ်၊ ပါးမှာ ပါးမြိုင်မွေးရေးရေး မြင်ရတယ်။ ပါးခွက်တယ်။ မိနစ်မခြားနှပ်ချေးညှစ်နေတတ်တယ်။ အကျင့်ပါနေပုံပဲ။ သာမန်နှပ်ညှစ်တတ်တဲ့လူပုံစံမျိုးမဟုတ်ဘူး။ အဲဒီညက အင်္ကျီအပြာနုလက်ပြတ် ဝတ်ထားတယ်။ သူတို့သုံးဦးထဲမှာ အင်္ကျီအပြာနုနဲ့လူကို မကြာခဏ တဟင့်ဟင့်နဲ့ နှပ်ညှစ်နေတာမြင်လို့ သတိရနေတာ။ တတိယလူက အရပ်မြင့်မြင့်၊ မျက်လုံးပေါက်ကျယ်တယ်၊ စကားပြောတဲ့ အသံက အသံပြာ။ လမ်းသွားတော့ ကားယားကားယားနဲ့။ လက်ပြင်ကုန်းသယောင်ပဲ။ မြမြသင်းဆိုင်က ထွက်သွားတော့ စကားပြောရင် အသံပြာပြာနဲ့လူက အင်္ကျီအပြာနုရောင်ဝတ်ထားတဲ့ နှပ်ညှပ်သမားကို ဟော့ကောင် စံမြတ်ဟိုမှာ ထွက်သွားပြီ၊ လိုက်ကြမယ်လို့ ပြောသံကြားမိတယ်"

နယ်ထိန်းတပ်ကြပ် မျိုးလွင်က ကိုစန်းထွန်းပြောသမျှကို မှတ်တမ်းစာအုပ်ထဲတွင် ရေးမှတ်နေ၏။

"အဲဒီလူသုံးယောက်ဟာ မြို့ပေါ်က လူတွေလား၊ တောရွာက လူတွေလား၊ ခင်ဗျားထင်မြင်ချက်ကို ပြောဗျာ"

"သူတို့ပုံစံတွေ ကြည့်ရတာတော့ တောသားတွေပဲဗျ"

"အဲဒီညက မြမြသင်း အသတ်ခံရတာပဲ။ ဆရာဝန်ရဲ့ ခွဲစာအရ မြမြသင်းဟာ ယောကျ်ားသုံးဦးနဲ့ ရင်းနှီးခဲ့တယ်ဆိုတာ သိရတယ်။ အဲဒီယောကျ်ားသုံးဦးဆိုတာ ကိုစန်းထွန်းပြောပြတဲ့ မြမြသင်းနောက်ကို လိုက်သွားတဲ့သူတွေဖြစ်ရမယ်။ မြမြသင်းကို သတ်ခဲ့တာလည်း သူတို့သုံးဦးပဲလို့ ယူဆရပါ"

"မြမြသင်းရဲ့သတင်းကြားရတာ စိတ်မကောင်းဖြစ်ရပါတယ်"

"အခုလို ကျွန်တော်သိချင်တာလေးတွေကို ပြောပြပေးတဲ့ ကိုစန်းထွန်းကို ကျေးဇူးတင်တယ်ဗျာ၊ မြမြသင်းရဲ့ ဒိုင်ယာရီစာအုပ်ကလေးကိုတော့ ကျွန်တော့်ကိုပေးလိုက်စေချင်တယ်။ ကျွန်တော် ခေါင်းဖူးကို တင်ပြချင်လို့"

"ရပါတယ်ဆရာ၊ ယူသွားပါ။ မြမြသင်းကို သတ်ခဲ့တဲ့

တရားခံတွေကို အမြန်ဆုံးဖမ်းမိပါစေလို့ ဆုတောင်းပေးပါတယ်"

"သဲလွန်စတွေ၊ ကွင်းဆက်တွေ ရနေပြီပဲဗျာ၊ လူသတ်တရားခံကို အမြန်ဆုံးဖမ်းမိအောင် ကျွန်တော်တို့ ကြိုးစားရမှာပေါ့"

"တရားခံ ဖမ်းမိရင်လည်း ကျွန်တော်တို့ဆီ လာပြောဦးနော်"

"စိတ်ချကိုစန်းထွန်း"

× × × × ×

ရဲစခန်းသို့ ပြန်ရောက်လျှင် နယ်ထိန်းတပ်ကြပ် မျိုးလွင်က ပေါင်းတည်မှတ်တိုင်လမ်း ကိုစန်းထွန်းထံမှ သူစုံစမ်းသိရှိခဲ့သမျှကို စခန်းမှူးရဲအုပ်အောင်မြင့်နှင့်နယ်ထိန်းအဖွဲ့ ခေါင်းဆောင်အား အသေးစိတ် ပြောပြလေ၏။

"ဆရာမျိုးလွင်ပြောပြတဲ့ မြမြသင်းနောက်ကို လိုက်သွားကြတဲ့ လူသုံးဦးရဲ့ ပုံပန်းသဏ္ဌာန်အရဆိုရင် အင်္ကျီအပြာနုရောင် ဝတ်ထားတဲ့ နှပ်ချေးကို ခဏခဏ ညှစ်နေတတ်တဲ့လူကို ကျွန်တော် တာဝန်ယူရတဲ့ အလယ်တောစုရွာမှာ တွေ့မိတယ်။ နာမည်ကစံမြတ်"

နယ်ထိန်းတပ်ကြပ်ကြီး မြင့်သန်းက စခန်းမှူးကို ပြောပြသည်။

"အလယ်တောစုက သဲကောကျင်းရွာရဲ့ အရှေ့ဘက်ကရွာပဲ။ ဟာ ဟုတ်ပြီ၊ ဒီကောင်တွေ မြမြသင်းကို ပွဲတော်ကနေ လှေနဲ့ ဒီဘက်ကမ်းထိ ခေါ်လာမယ်။ သဲကောကျင်းက မြစ်ဆိပ်နဲ့လည်း





သိပ်မဝေးဘူးမဟုတ်လား။ သဲကောကျင်းရွာတောင်ဘက်မှာရှိတဲ့ နိုးချောင်းဘေးမှာက အလယ်တောစုကို သွားတဲ့ မြေလမ်းကလေးရှိတယ်။ သူတို့က သူတို့နယ်ထဲအထိ မြမြသင်းကို ခေါ်လာပြီးမှ ပျော်ပါးမယ်။ ပြီးမှ သတ်ပစ်ကြလိမ့်မယ်"

"ဆရာ့ထင်မြင်ချက်အတိုင်း ဖြစ်လိမ့်မယ်"

"လူသတ်မှုက ဒခတော်ကလေး နီးစပ်လာပြီ။ ဒီတော့ ဆရာမြင့်သန်းက အလယ်တောစုရွာက စံမြတ်ကို သွားပြီးခေါ်ခဲ့ဗျာ။ စစ်ဆေးကြည့်ရအောင်။ ပေါင်းတည်က ကိုစန်းထွန်းပြောပြချက်အရ စံမြတ်လို့ သိရတာရယ်၊ ဆရာမြင့်သန်းက အလယ်တောစုရွာမှာ ကြောခဏ နှပ်ညှစ်တတ်တဲ့ စံမြတ်ဆိုတာ ရှိနေတယ်ဆိုတာ သိရတော့ တိုက်ဆိုင်မှုက ထပ်တူဖြစ်နေတယ်"

× × × × ×

နယ်ထိန်းတပ်ကြပ်ကြီး မြင့်သန်းက စံမြတ်နှင့်အတူ အခြားလူငယ်နှစ်ဦးကိုပါ ရဲစခန်းသို့ ခေါ်လာသည်။ နယ်ထိန်းတပ်ကြပ် မျိုးလွင်က အခြားလူငယ်နှစ်ဦးကို အသေအချာ ကြည့်နေ၏။ ကိုစန်းထွန်းပြောပြလိုက်သည့် မြမြသင်းနောက်ကို လိုက်သွားသည့် လူသုံးဦး၏ မျက်နှာအနေအထားတွေ ဖြစ်နေ၏။

"ဆရာမြင့်သန်း၊ သူတို့နှစ်ယောက်ကို ဘာလို့ခေါ်လာရတာလဲဆိုတာ ကျွန်တော်သိတယ်"

စခန်းမှူးရဲအုပ် အောင်မြင့်က ပြောသည်။

"သူတို့က စံမြတ်ကို အဖော်လိုက်လာကြတာ"

"အပေါင်းအသင်းစိတ်နဲ့ပေါ့လေ. . . အဟင်းဟင်း"

စခန်းမှူးရဲအုပ်အောင်မြင့်က စံမြတ်ကို အကဲခတ်သည်။ စံမြတ်မှာ စခန်းမှူးရှေ့မှ ခုံတွင် ဝင်၍ ထိုင်ရုံရှိသေးစဥ် နှုပ်ညှစ်နေ၏။ စခန်းမှူးရဲအုပ် အောင်မြင့်က ပြုံးလိုက်သည်။

"မင်းတို့သုံးဦးကို ငါးမေးမယ်၊ အမှန်အတိုင်း ပြောမှာလား၊ လိမ်ညာပြီး ပြောကြမှာလား၊ ငါတို့ကတော့ သတင်းအတိအကျ ရထားပြီးပြီနော်"

"အမှန်အတိုင်း ဖြေပါ့မယ်"

"မင်းတို့. . . ပွဲတော်မှာ မင်းတို့သုံးဦးနဲ့ ရင်းနှီးခဲ့တဲ့ မြမြသင်းကို သိကြတယ် မဟုတ်လား"

"ဘယ်က မြမြသင်းလဲ ဆရာ၊ ကျွန်တော်တို့ မသိဘူး"

"ဟာ . . . ဟုတ်ပါ့မလားကွာ၊ မြမြသင်းကို မင်းတို့ မသိဘူး ဟုတ်လား။ ကလေးကစားစရာ အရုပ်တွေရောင်းတဲ့ ဆိုင်မှာတည်းတဲ့ မြမြသင်းလေကွာ၊ ပွဲတော်နောက်ဆုံးနေ့ညက မင်းတို့သုံးယောက် မြမြသင်းနောက်ကို လိုက်သွားတာ မြင်တဲ့လူက မြင်လို့ ငါတို့ကို ပြောပြပြီးပြီ၊ ပြီးတော့"

စခန်းမှူးက စကားကို ဖြတ်ထားလိုက်၏။ စံမြတ်၏ မျက်နှာ





အမူအရာမှာ ရုတ်ခြည်းပြောင်းလဲသွားလေ၏။

"ပြီးတော့ မြမြသင်းနဲ့မင်းတို့"

စံမြတ်တို့ သုံးဦးသည် တစ်ဦးမျက်နှာ တစ်ဦးကြည့်နေကြ၏။

"ငါ ဆက်ပြောရင် မင်းတို့တွေ အရှက်ကွဲကုန်တော့မယ်။ ဒီတော့ မင်းတို့ အမှန်အတိုင်း ဝန်ခံတာကိုပဲ ငါနားထောင်ချင်တယ်။ ငါတို့က မင်းတို့ လှုပ်ရှားခဲ့မှုမှန်သမျှကို လေ့လာပြီးပြီ။ မင်းတို့ မြမြသင်းကို ဘာကြောင့်"

"ကျွန်တော်တို့ မြမြသင်းကို ငွေမပေးချင်တာကြောင့် ဓားနဲ့ ထိုးပြီး သတ်ခဲ့မိပါတယ်"

"အေး၊ ဒီလိုမှပေါ့ကွ၊ ယောကျ်ားတွေပဲ၊ မင်းတို့ မြမြသင်းကို ဘယ်ကို ခေါ်သွားတယ်၊ ဘယ်လိုဖြစ်တယ်ကအစ ပြောပြစမ်းကွာ"

"အဲဒီနေ့က ကျွန်တော်တို့ မြမြသင်းကို စည်းရုံးပြီး ကျွန်တော်တို့နေတဲ့ ဒီဘက်ကမ်းကို လှေနဲ့ ခေါ်လာကြတယ်။ မြမြသင်းရဲ့ ဆန္ဒအရ သဲကောကျင်းရွာ အရှေ့ဘက်က လယ်တဲကို ခေါ်လာခဲ့တယ်။ ကိုလှထွန်းရဲ့ လယ်စောင့်တဲပေါ်မှာ ကျွန်တော်တို့ သုံးဦးနဲ့ မြမြသင်း ရင်းနှီးခဲ့ကြတယ်။ မြမြသင်းက သဘောကောင်းရှာပါတယ်။ သူရင်းနှီးခဲ့တဲ့ တန်ဖိုးကိုတောင်းပြီး သူ့ကို တစ်ဖက်ကမ်း ပြန်ပို့ဖို့ ပြောတယ်။ ကျွန်တော်တို့က ညစ်ပတ်ပြီး ကျန်တဲ့ငွေကို မပေးဘဲ ထွက်ပြေးခဲ့ကြတယ်။ မြမြသင်းက ကျွန်တော်တို့နောက်က လိုက်လာ

တယ်။ ကျွန်တော်တို့က ငွေပါမလာသေးလို့ နောက်မှပေးမယ်ပြောတော့ ကျွန်တော့်ကို ပါးရိုက်တယ်။ ကျွန်တော်လည်း ရှက်စိတ်၊ ဒေါသစိတ်နဲ့ မြမြသင်းကို ဖက်ပြီး ကျောကို အသင့်ဆောင်ထားတဲ့ ဓားမြှောင်နဲ့တအားထိုးလိုက်မိတာ အသက်ပါသွားတာပဲ။ ကျွန်တော်တို့လည်း မြမြသင်း အလောင်းကို ဒီအတိုင်းထားခဲ့ရင် လူတွေ အမြန်ဆုံး သိမှာစိုးလို့ ရိုးချောင်းထဲကို ပစ်ချပြီး ရွာပြန်လာခဲ့တယ်။ ကျွန်တော်တို့ ပြစ်မှုကျူးလွန်ခဲ့တာကို ဘယ်သူမှမြင်တာ မဟုတ်တော့ ဘယ်သူမှ မသိနိုင်ဘူးထင်ခဲ့တာ"

စံမြတ်က စကားဆုံးလျှင် ခေါင်းငိုက်စိုက်ကျသွား၏။

"မင်းတို့က အတော်ဆိုးတဲ့ လူတွေပဲ။ အသွေးအသားကို အရင်းတည်ပြီး စီးပွားရှာနေတဲ့ မိန်းကလေးကို ငွေမပေးဘဲ စော်ကားခဲ့တဲ့အပြင် သူ့အသက်ကိုပါ ရန်ပြုခဲ့တာပဲ။ မင်းရဲ့ မကြာခဏ နှပ်ညှစ်တတ်တဲ့ ဝါသနာကြောင့် မြမြသင်း အသတ်ခံရမှုဟာ မင်းတို့နဲ့ ပတ်သက်နေမှာပဲလို့ သံသယဝင်ခဲ့တာပဲ။ လူအချို့ဟာ ညဉ့်ငှက်မလေးတွေကို ယုံကြည်အောင် ပြောကြပြီး ရင်းနှီးမှုရယူတယ်။ ပြီးတော့ အဖိုးအခ တန်ရာတန်ကြေးမပေးဘဲ ရိုက်နှက်လွှတ်တာတို့၊ ညဉ့်ငှက်မလေးတွေရဲ့ ရွှေငွေပစ္စည်းတွေ ချွတ်ယူတာတို့ဆိုတဲ့ သတင်းတွေ ငါတို့ကြားနေရတယ်။ မကောင်းတဲ့ အပြုအမူတွေပဲ။ မင်းတို့ကတော့ မင်းတို့ပြုမူခဲ့တဲ့ ပြစ်မှုအတွက် တရားဥပဒေရဲ့အဆုံးအဖြတ်ကို





ပဲ ခံယူကြပေတော့"

စခန်းမှူး ရဲအုပ်အောင်မြင့်က စံမြတ်ကို ဆက်လက်စစ်ဆေးပြီး သက်သေခံဓားကို သဲကောကျင်းရွာ အရှေ့ဘက် ရိုးချောင်းထဲတွင် ရှာဖွေ၍ သိမ်းဆည်းခဲ့သည်။ တရားခံများသည် ခြေရာဖျောက်ရေနှောက်ခဲ့ပေမယ့် သဲလွန်စတွေကို စုစည်းပြီး လူသတ်မှုကျူးလွန်ခဲ့သော တရားခံများအား ဖမ်းဆီးနိုင်ခဲ့သည့်အတွက် စခန်းမှူးရဲအုပ်အောင်မြင့်မှာ ပီတိဖြစ်နေမိ၏။ အသတ်ခံရသော မြမြသင်းအတွက်မူ စိတ်မကောင်း ဖြစ်နေမိသည်။ နောင်သံသရာဘဝ အဆက်ဆက်တွင် မြမြသင်းတစ်ယောက် သည်လိုဘဝဆိုးမျိုးနှင့် မကြုံတွေ့ပါစေနဲ့ဟုလည်း ဆုတောင်းပေးနေမိ၏။

*(အမည်၊ နေရပ်များ ပြောင်းလဲထားပါသည်)*

*တကယ့်ဖြစ်ရပ်မှန်၊ ၁၉၉၈၊ မေ*

☆ ☆ ☆ ☆ ☆






## အခြွေခံပန်း၏ အလွမ်းသံသရာ

၂၀. ၃. ၂၀၀၃ နေ့။

ရန်ကုန်တိုင်း ခရမ်းမြို့နယ်၊ အရှေ့ဘက် (၆)မိုင်ခန့်အကွာ ( )ရွာ မှ မခင်မာနွယ် (အမည်အရင်းမဟုတ်ပါ) သည်နံနက်ပိုင်းတွင် အိမ်ရှေ့ကြမ်းပြင်၌ နံနက်စာ အဆာပြေထမင်းကို ညီမဖြစ်သူ မခင်စန်းနွယ်နှင့်အတူ စားသောက်ရင်း တစ်စုံတစ်ခုကို တွေးမိ၍ ပြုံးလိုက်မိလေ၏။

"ဟဲ့ မနွယ် ထမင်းစားနေရင်းက ဘာပြုံးတာလဲ"

မခင်စန်းနွယ်က မေးသည်။

"ဪ ဘာလိုလိုနဲ့ ဘုရားပြီးဘုရားပွဲ ကျင်းပတော့မှာကို

သတိရလို့ပါ။ ဘုရားပွဲကျရင် ငါလိုချင်တာလေးတွေ ဝယ်ရအောင် စဉ်းစားမိပြီး ပြုံးတာပါ"

"အေး ဟုတ်တယ်နော်။ အဖေ အမေတို့ကို မုန့်ဖိုး များများ တောင်းရမယ်"

"ဆံညှပ်လှလှလေးတွေပဲ ဝယ်ချင်တယ်။ ရွာထဲက အေးမွှန် ဆံပင်မှာ ညှပ်ထားတဲ့ ဆံညှပ်က သူ မြို့ကို သွားတုန်းက သူ့အမေ ဝယ်ပေးတာတဲ့။ ငါတို့က မြို့ကို မလိုက်ရတော့ ဘုရားပွဲကျတော့မှ ဝယ်ရတော့မှာပဲ"

"အဖေတို့၊ အမေတို့က မြို့ကိုဈေးသွားဝယ်ရင် ငါတို့ကို မခေါ်ဘူး"

"ငါတို့က ငါတို့လိုချင်တာ ပူဆာမှာကို စိုးရိမ်လို့ နေမှာပေါ့"

"အေးလေ၊ မြို့က ဈေးထဲကို ရောက်ရင် လိုချင်တာတွေက အများကြီး"

"ဝယ်မပေးနိုင်ရင် အဖေတို့၊ အမေတို့က စိတ်ကောင်းမှာ မဟုတ်ဘူး"

မခင်မာနွယ်၏ အသံက တိုးညှင်းသွားသည်။ မခင်စန်းနွယ်က အစ်မဖြစ်သူ စားပြီးသည့် ထမင်းပန်းကန်ကိုယူကာ မီးဖိုချောင်ထဲသို့ ဝင်သွားသည်။ မခင်မာနွယ်က လက်ဆေးရန် နောက်မှလိုက်သွားသည်။ မခင်မာနွယ်ပြန်ထွက်လာတော့ ကန့်ဇွန်းရွက်ထည့်ထားသည့် လင်ပန်းပါလာသည်။ ညီမနှစ်ဦး ကန့်ဇွန်းရွက်သင်ကြသည်။





"ဘုရားပြို ဘုရားပွဲညကျရင် ငါတို့ကို အဖေ၊ အမေတို့က လိုက်ပို့ပါ့မလားအစ်မ"

"အေးနော် ပြီးခဲ့တဲ့ နှစ်က အလုပ်တွေပင်ပန်းလို့ ဆိုပြီး လိုက်မပို့ဘူး"

"အဖေ၊ အမေတို့ လိုက်မပို့ရင် ဒေါ်လေးကို လိုက်ပို့ခိုင်းရမယ်"

မခင်မာနွယ်တို့ ညီအစ်မနှစ်ဦးက သူ့အတွေးနှင့်သူ ပျော်နေကြသည်။ အရွယ်မရောက်သေးသည့် အသက်အရွယ်ကလေးတွေ ဆိုတော့ ပျော်ချင်ပါးချင်သည့်စိတ်က များနေသည်။ တောသူတောင်သားအဖို့ ဘုရားပွဲ၊ အလှူအတန်းပွဲရှိမှ ပျော်ကြရသည် မဟုတ်လား။

၂၃. ၃. ၂၀၀၃ နံနက်ပိုင်း။

မခင်မာနွယ်တို့ ညီအစ်မနှစ်ဦး နံနက်စာ စားပြီးသည်နှင့် အဒေါ်ဖြစ်သူ မသန်းအေး၏ အိမ်သို့ လာခဲ့သည်။

"ဟယ် ညည်းတို့ ညီအစ်မက ကျုပ်ဆီကို မလာစဖူး ဘာလာလုပ်တာလဲ"

အဒေါ်ဖြစ်သူက ဆန်ရွေးနေရင်းမှ ပြောသည်။

"ညကျရင် ဘုရားပြိုဘုရားပွဲကို ဒေါ်လေး လိုက်ပို့ခိုင်းမလို့"

မခင်မာနွယ်က ပြောသည်။

"ကျုပ်ကလည်း ညည်းတို့ ညီအပ်မခေါ်ပြီး သွားမလို့ စိတ်ကူးထားတာ"

"ဟေး"

မခင်စန်းနွယ်က လက်ခုပ်လက်ဝါးတီးရင်း ပျော်သွားသည်၊

"ဒေါ်လေးနဲ့စိတ်ကူးချင်း တူသွားတာပေါ့"

မသန်းအေးက တူမဖြစ်သူ၏ စကားကို သဘောကျပြီး ရယ်နေသည်။

"ညနေကျရင် ဘယ်အချိန်သွားမှာလဲ ဒေါ်လေး"

မခင်မာနွယ်က မေးသည်။

'မိုးချုပ် ခါနီးမှာ ဘုရားပွဲ အရောက်သွားကြတာပေါ့"

"ကောင်းပြီ ဒေါ်လေးရေ အိမ်မှာ အလုပ်သွားလုပ်ဦးမယ်"

မခင်မာနွယ်က ညီမဖြစ်သူကို ခေါ်ကာ မသန်းအေး၏ အိမ်ပေါ်မှပြေးဆင်းလာခဲ့သည်။ ဘုရားပွဲသို့ သွားရတော့မည်မို့ သူတို့ညီအစ်မနှစ်ဦးစလုံး ပျော်နေကြသည်။ အိမ်အလုပ်တွေကို သိမ်းကျုံးလုပ်ကြသည်။

"သမီးတို့နှစ်ယောက် ဒီနေ့ သိပ်ထူးခြားနေပါလား"

ဖခင်ဖြစ်သူ ကိုသောင်းထွန်းက ပြောသည်။

"သူတို့ ညီအစ်မက ညနေကျရင် မသန်းအေးနဲ့ ဘုရားပြို ဘုရားပွဲကို သွားကြမှာလေ. . ."

မခင်မာနွယ်၏မိခင် မစန်းထွေးက ပြောသည်။

"ဪ. . . ဪ. . . ဒါကြောင့်ကိုး"

ကိုသောင်းထွန်းက ခေါင်းတဆတ်ဆတ်ညိတ်နေသည်။





× × × × ×

ညနေ စောင်းသည်နှင့် မခင်မာနွယ်တို့ညီအစ်မသည် ဘုရားပြို ဘုရားပွဲသို့ သွားရန် ဖီးလိမ်းပြင်ဆင်နေသည်။ ကိုသောင်းထွန်းက သမီးတစ်ယောက်ကို မုန့်ဖိုးနှစ်ရာကျပ်စီ ပေးသည်။

"ဒါမှ တို့ဖေကြီးကွ. . ."

မခင်မာနွယ်က ပိုက်ဆံကိုင်ပြီး ခုန်ပေါက်နေသည်။

"မနွယ်တို့ ညီအစ်မရေ . . ."

မသန်းအေး၏ လှမ်းခေါ်သံကို ကြားလိုက်ရသည်။

"လာပြီ ဒေါ်လေးရေ. . ."

မခင်မာနွယ်တို့ ညီအစ်မက မသန်းအေးထံသို့ ပြေးလာကြသည်။

"ဟယ်၊ ကောင်မတွေ ခြယ်သထားလိုက်တာ"

မသန်းအေးက မျက်နှာကို ရှုံ့မဲ့ပြီး ပြောသည်။

"ဘုရားပွဲ သွားမှာမဟုတ်လား ဒေါ်လေးရဲ့"

မသန်းအေးက တူမနှစ်ယောက်၏ လက်ကိုဆွဲကာ ဘုရားပြို ဘုရားပွဲသို့ လာခဲ့သည်။ ဘုရားပွဲသို့ရောက်တော့ မှောင်စပျိုးလေပြီ။ မသန်းအေးက တူမနှစ်ယောက်နှင့်အတူ ဘုရားပွဲဈေးတန်းကို လျှောက်ကြည့်သည်။ မခင်မာနွယ်က ပွဲဈေးတန်းတွင် ရောင်းသည့် ပစ္စည်းများကို ဝယ်ချင်နေသည်။ ဘုရားပွဲဈေးတန်း ကာရာအိုကေဆိုင်မှ သီချင်းသံက အပြင်သို့ ပျံ့လွင့်နေ၏။

"ဒေါ်လေး သီချင်းဆိုနေတာ သွားပြီး နားထောင်ရအောင်"

မခင်မာနွယ်က ပြောသည်။ မသန်းအေးက တူမနှစ်ယောက်နှင့်အတူ ကာရာအိုကေ သီချင်းဆိုခန်းအနားသို့ သွားသည်။ ကျေးရွာပေါင်းစုံမှ လူငယ်များသည် ကာရာအိုကေ သီချင်းများဆိုရင်း ပျော်နေကြသည်။ ရယ်မောနေကြသည်။ မခင်မာနွယ်က မသန်းအေး၏ ပခုံးကိုဖက်ရင်း သီချင်းနားထောင်နေသည်။ နာရီဝက်ခန့် အချိန်ကြာသွားသည်။

"ဟင်. . . စန်းနွယ်၊ ဘယ်ရောက်သွားတာလဲ ဒေါ်လေး"

မခင်မာနွယ်က မေးသည်။

"ဟယ်. . . ဟုတ်ပါရဲ့၊ ဒီကောင်မလေး ဘယ်သွားပါလိမ့်"

"သမီး ပွဲဈေးတန်းဘက်ကို သွားပြီး ရှာဦးမယ်"

မခင်မာနွယ်က ပွဲဈေးတန်းဘက်သို့ ထွက်လာခဲ့သည်။ လူအုပ်ကြားတွင် ညီမဖြစ်သူကို တိုးဝှေ့၍ ရှာသည်။

"တောက်၊ ဒီကောင်မလေး ဘယ်လျှောက်သွားနေပါလိမ့်"

မခင်မာနွယ်က ညည်းတွားရင်း ပြောသည်။ မခင်မာနွယ်က နေရာအနှံ့သို့ လျှောက်၍ ရှာပမဲ့ ညီမဖြစ်သူကို မတွေ့၍ စိတ်မောသွားသည်။

"ဟင်း. . . တစ်ညလုံး လျှောက်ရှာတောင် တွေ့ပါ့မလား မသိဘူး။ ပြန်တွေ့ရင်တော့ ဗိုက်ကြောပြတ်အောင် လိမ်ပစ်လိုက်ဦးမယ်"





မခင်မာနွယ်က စိတ်ပျက်ဖွယ်ဖြင့် ညီမဖြစ်သူကို လိုက်လံရှာဖွေနေဆဲ။

× × × × ×

'တောက်. . . ဘုရားပွဲသွားတာ ဒီတူမနှစ်ယောက်စလုံးကိုတောင် မျက်စိအောက်က မပျောက်အောင် မထိန်းသိမ်းနိုင်ဘူးလား မသန်းအေးရာ"

ကိုသောင်းထွန်းက ဒေါသသံဖြင့် ပြောသည်။ မသန်းအေးနှင့် မခင်စန်းနွယ်က ငိုရှိုက်နေသည်။

"သူတို့နဲ့အတူ ကာရာအိုကေ နားထောင်နေတယ်။ ဒီကောင်မ. . ."

မသန်းအေးက မခင်စန်းနွယ်၏ ခေါင်းကို ခေါက်သည်။ မခင်စန်းနွယ်က နာကျင်သွား၍ ခေါင်းကို လက်ဖြင့် ပွတ်နေသည်။

"ဒီကောင်မ နားထောင်နေရင်းက ပျောက်သွားတော့ မနွယ်က ဟိုသည်လိုက်ရှာရင်း သူ့ကို ရှာမတွေ့တော့တာ"

"နင်တို့ တူဝရီးလိုက်ရှာတော့ ဘာဖြစ်မှာမို့လဲ"

"အေးဟယ်။ သူကလိုက်ရှာမယ်ပြောလို့ ငါ ခွင့်ပြုလိုက်တာ"

"အဲဒါ ခက်တာပေါ့။ အခု ကျုပ် သမီးကို ရှာမတွေ့တော့ဘူး။ ဘယ်လိုလုပ်မလဲ. . . ပြောစမ်းပါဦး"

ကိုသောင်းထွန်းက ကြမ်းပြင်ပေါ်သို့ ခြေပစ်လက်ပစ်ထိုင်ချရင်း ပြောသည်။

"ငါလည်း စိတ်ပူနေတာပါပဲ"

"စိတ်ပူနေလို့ မပြီးဘူးလေ။ အခု ပျောက်ဆုံးနေတာ မိန်းကလေးဗျ"

"ရဲစခန်းကို အကူအညီတောင်းမှ ဖြစ်တော့မှာပေါ့"

မစန်းထွေးက ပြောသည်။ မသန်းအေးနှင့် မခင်စန်းနွယ်တို့သည် မခင်မာနွယ်ကို လိုက်ရှာသော်လည်း မတွေ့၍ ရွာသို့ ပြန်လာခဲ့သည်။ ကိုသောင်းထွန်း ဒေါသဖြစ်နေမှန်းသိ၍ ကြောက်လန့်နေကြသည်။ ကိုသောင်းထွန်းက ကျေးရွာလူကြီးများကို ခေါ်ကာ ဘုရားပြို ဘုရားပွဲသို့ လိုက်သွားသည်။ မခင်မာနွယ်ကို ရှာ၍ တွေ့၏။

သို့သော် မခင်မာနွယ်က ဝမ်းနည်းပြီး ရှိုက်ကာရှိုက်ကာ ငိုနေသည်။

"သမီး ဘာဖြစ်လို့လဲ အဖေ့ကို ပြောစမ်း"

မခင်မာနွယ်က ခေါင်းခါသည်။

"သမီးက ညီမလေးကို လိုက်ရှာရင်း ကျန်ခဲ့တာပဲ"

မခင်မာနွယ်က ခေါင်းကို ဘယ်ညာခါယမ်းနေ ပြန်သည်။

"ဟဲ့ စန်းထွေး နင့်သမီးကို မေးစမ်း"

မစန်းထွေးက သမီးဖြစ်သူကို မေးသည်။ မခင်မာနွယ်က မိခင် အ နားသို့ တိုးကပ်ကာ တီးတိုးပြောသည်။ ထို့နောက် ခေါင်းကို အောက်သို့ ငုံ့သွား၏။

"ဘာလဲဟဲ့ စန်းထွေး"





မစန်းထွေးက ကိုသောင်းထွန်း၏နားနားသို့ ကပ်ပြောသည်။

"ဘာ. . . တောက်. . . ရဲစခန်းကို သွားမယ်"

"ဘာဖြစ်လို့လဲ ကိုသောင်းထွန်း"

ကိုသောင်းထွန်းက ကျေးရွာလူကြီးများကို ပြောပြလိုက်၏။

"ဟာ. . ."

× × × × ×

မခင်မာနွယ်က ညီမဖြစ်သူကို ပွဲဈေးတန်းဘက်တွင် ထပ်ရှာသည်။

"ဟဲ့. . ကောင်မလေး နင် ဘယ်သူ့ကို ရှာနေတာလဲ"

"ဟင်. . ကိုအေးခိုင် ကျွန်မ ညီမလေး ပျောက်သွားလို့"

"ဟေ"

ကိုအေးခိုင်မှာ မခင်မာနွယ်၏ အဖွားအိမ်သို့ အလည်အပတ်ရောက်ရှိနေသော ဧည့်သည်ဖြစ်သည်။

"ငါ လိုက်ရှာပေးမယ်။ ငါနဲ့ လိုက်ခဲ့"

ကိုအေးခိုင်က မခင်မာနွယ်ကို ဈေးတန်းအပြင်ဘက်သို့ ခေါ်လာ သည်။ မှောင်ရိပ် တစ်နေရာအရောက်တွင် ကိုအေးခိုင်က မခင်မာ ယ်ကို ပါးစပ်ပိတ်ကာ အတင်းဆွဲခေါ်လာသည်။

မခင်မာနွယ်က ရုန်းကန်ပေမယ့်မရ။ ကိုအေးခိုင် ဆွဲခေါ်ရာနောက်သို့ ဒရွတ်တိုက်ပြီး ပါသွားသည်။ သူတို့နှစ်ဦးသည် ဘုရားပွဲ

နှင့်ဝေးသည်ထက် ဝေးလာ၏။ ကရင်စုကျေးရွာအပိုင် ညောင်နှစ်ပင်တဲစု လယ်ကွင်းထဲရှိ ကောက်ရိုးပုံသို့ အရောက်တွင် ကိုအေးခိုင်က မခင်မာနွယ်အား အတင်းတွန်းလှဲသည်။

"ကိုအေးခိုင် ကျွန်မကို ဘုရားပွဲပြန်ပို့ပေးပါ။ ညီမလေးရော ကျွန်မပါ ရှာမတွေ့ရင် ဒေါ်လေး စိတ်ပူနေလိမ့်မယ်"

"ပြန်ပို့ပေးမှာပေါ့ဟယ်"

ကိုအေးခိုင်က မခင်မာနွယ်ကို သိုင်းဖက်ထားလိုက်သည်။

"ဖယ်"

မခင်မာနွယ်၏ ဘဝသည် ကိုအေးခိုင်၏ လက်အတွင်းဝယ် ရေတိမ်နစ်ခဲ့ရရှာလေ၏။ နာရီဝက်ခန့်အကြာတွင် ကိုအေးခိုင်က မခင်မာနွယ်ကို အတင်းဆွဲခေါ်သွားပြန်၏။ မခင်မာနွယ်မှာ လယ်ကန်သင်းများကို လျှောက်လှမ်းရင်း ခြေဖဝါးများ နာကျင်လာသည်။

"ကိုအေးခိုင်၊ ကျွန်မကို လွှတ်နော်"

"စကားမရှည်နဲ့ လိုက်ခဲ့"

မခင်မာနွယ်မှာ ငိုယိုရင်း ဆွဲခေါ်ရာနောက်သို့ ပါလာလေ၏။ လမ်းတွင် လယ်တဲတစ်ခုကို တွေ့ရလေ၏။ ကိုအေးခိုင်က မခင်မာနွယ်ကို လယ်တဲအတွင်းသို့ ခေါ်သွားကာ အလိုမတူဘဲ သားမယား ပြုစ် ဒုတိယအကြိမ် ပြုကျင့်ပြန်သည်။

"လူယုတ်မာကြီး ခွေးကြီး"

မခင်မာနွယ်က ကိုအေးခိုင်ကို ရိုက်ပုတ်ရင်း ပြောသည်။





ကိုအေးခိုင်က တဟားဟားနှင့် ရယ်မောနေသည်။ ကိုအေးခိုင်က မခင်မာနွယ်ကို ၄င်းနေသော ကဝမြို့နယ် ဒမွန်စုကျေးရွာသို့ ခေါ်သွားသည်။

"အော်မယ်မကြံနဲ့ အော်ရင် သတ်ပစ်မယ်"

၄င်း၏ နေအိမ်သို့ အရောက်တွင် ကိုအေးခိုင်က မခင်မာနွယ်အား တတိယအကြိမ် စော်ကားပြန်သည်။ ဖူးပွင့်စပန်းကလေး၏ ဘဝသည် နွမ်းကြေခဲ့ရလေပြီ။ ကိုအေးခိုင်က စိတ်ချလက်ချ အိပ်ပျော်သွားသည်။ မခင်မာနွယ်က ဘုရားပွဲရှိရာသို့ တစ်ဟုန်ထိုး ပြေးလာခဲ့သည်။

× × × × ×

မခင်မာနွယ်က ငိုရှိုက်ရင်း ပြောပြနေသည်။ ခရမ်းရဲစခန်းမှူးရဲအုပ်နေဝင်းက မခင်မာနွယ်၏ ပြောပြချက်များကို ရေးမှတ်နေသည်။ အခင်းဖြစ်စဉ်က မခင်မာနွယ် ဝတ်ဆင်ခဲ့သော လုံချည်ကို သက်သေများ၏ရှေ့တွင် ရှာဖွေပုံစံဖြင့် သိမ်းဆည်းခဲ့သည်။ ပြစ်မှုကျူးလွန်သူ အေးခိုင် ၂၆နှစ် ထောက်လုပ်မွန်ရွာ၊ ကဝမြို့နယ်နေသူအား ခရမ်းရဲစခန်းမှ (ပ) ၁၂၄/၂၀၀၃ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၇၆ ဖြင့် အမှုဖွင့် အရေးယူခဲ့သည်။

အမှုစစ်ရဲအုပ်နေဝင်းက သက်သေလူကြီးများ မခင်မာနွယ်တို့နှင့်အတူ အခင်းဖြစ်ရပ်များအား သွားရောက် စစ်ဆေးခဲ့သည်။ ပြစ်မှုကျူးလွန်သူ အေးခိုင်မှာ ထွက်ပြေးတိမ်းရှောင်နေခဲ့သည်။ အမှု

စစ် ရဲအုပ်နေဝင်းက နယ်ထိန်းရဲတပ်ဖွဲ့ဝင်များကို ကျေးရွာများသို့ စေလွှတ်ကာ အေးနိုင်၏ သတင်းကို စုံစမ်းခိုင်းသည်။

× × × × ×

မခင်မာနွယ်က ဝမ်းနည်းပြီး တရှုံ့ရှုံ့ငိုနေသည်။ မစန်းထွေးက သမီးဖြစ်သူ၏ ပခုံးကိုဖက်ရင်းစိတ်မကောင်း ဖြစ်နေသည်။ ကိုသောင်းထွန်း၏ မျက်နှာက ဒေါသစိတ်ကြောင့် ခက်ထန်တင်းမာနေသည်။ ကျေးရွာလူကြီးက ကိုသောင်းထွန်း၏ အိမ်ပေါ်တွင် ဝိုင်းဖွဲ့ထိုင်နေကြသည်။

"ပွဲလမ်းသဘင်၊ ပွဲလမ်းသဘင်ဆိုပြီး ကြီးကြီးငယ်ငယ် ယောကျ်ား၊ မိန်းမမှန်သမျှ သွားလာပြီး ပျော်ချင် ပါးချင်လိုက်ကြတာ အခုလို အဖြစ်မျိုးနဲ့ ကြုံတွေ့ရတော့ ဘယ်လောက်ရင်နာစရာ ကောင်းသလဲ ခံပြင်းစရာ၊ ရှက်စရာ ကောင်းသလဲ။ ဒါတောင် အခေါ် တစ်ယောက်လုံးပါသွားတာ။ ဘာမှမဖြစ်နိုင်ပါဘူးလို့ ပေါ့ပေါ့တန်တန် သဘောထားတော့ အခု ဒုက္ခတွေ့ရပြီလေ။ သမီး မိန်းကလေးတွေကို အဖော်အပေါင်းပါတာပဲဆိုပြီး ပွဲလမ်းသဘင် လွှတ်ချင်တဲ့မိဘတွေ၊ ပွဲလမ်းသဘင်သွားချင်တဲ့ အရွယ်မရောက်သေးတဲ့၊ အရွယ်ရောက်ပြီးတဲ့ မိန်းကလေးတွေအတွက် အခု ဖြစ်ရပ်က သင်ခန်းစာယူစရာပဲ"

ကျေးရွာ ဥက္ကဋ္ဌ ဦးမြထွန်းက ပြောသည်။

"ဟုတ်တယ်။ ဟိုလူယုတ်မာအေးနိုင်ကို ခရမ်းက မိုင်သုံးဆယ်ကွာဝေးတဲ့ ကျိုက်ထိုမြို့နယ်၊ ဘုတာကြီးရွာဆိုတဲ့ ပင်လယ်





တံငါရွာမှာ သတင်းရလို့ ခရမ်းရဲစခန်းမှူး ရဲအုပ်နေဝင်းနဲ့အဖွဲ့ ကျိုက်ထိုရဲစခန်း၊ ကဝရဲစခန်းက ရဲတပ်ဖွဲ့ဝင်တွေရဲ့ အကူအညီနဲ့ဖမ်းဆီးလာခဲ့ပြီလေ။ ဒီလူယုတ်မာ အေးနိုင်က သူကျူးလွန်တဲ့ ပြစ်မှုအတွက် တရားဥပဒေကပေးမယ့် ထိုက်သင့်ပြစ်ဒဏ်ကို ခံရမှာ ပဲ။ ဒါပေမယ့် သူ့ရဲ့ မိုက်ရိုင်းသွားမှုကို ခံရတဲ့ မိန်းကလေးဘဝမှာတော့ ဒီဖြစ်ရပ်ကို သတိရတိုင်း ရင်နာစရာအဖြစ် ခံစားနေရမှာပဲ။ အရှက်ရစေနေမှာပဲ လူသားအချင်းချင်း စာနာမှု ကင်းမဲ့လိုက်ကြတာ။ ဟင်း"

ဦးကျော်ဝေက သက်ပြင်းချသည်။ မခင်မာနွယ်က ရှက်ရွံ့၍ ခေါင်းကို အောက်သို့ ငုံ့ထားလေ၏။ မခင်မာနွယ်၏ မျက်ဝန်းအိမ်မှ မျက်ရည်ပေါက်များသည် ကြမ်းပြင်ပေါ်သို့ ကျသွားလေ၏။

မဏ္ဍိုင်မဂ္ဂဇင်း၊ ဇန်နဝါရီလ၊ ၂၀၀၄

✡ ✡ ✡ ✡ ✡



# ခူးခြွေဖျက်ဆီးရက်တယ်

မြသရဖူစာပေနှင့်အနုပညာလုပ်ငန်း

## ခူးခြွေဖျက်ဆီးရက်တယ်

"စခန်းမှူး ရှိလား"

ကျေးရွာဥက္ကဋ္ဌ ဦးထွန်းခင်က မေးသည်။

"ဟုတ်ကဲ့ ရှိပါတယ်၊ စခန်းမှူးက ရုံးခန်းထဲမှာပါ"

"ငါတို့ သွားတွေ့လိုက်ဦးမယ်၊ ကိစ္စကလေးရှိလို့"

"ကောင်းပါပြီ ခင်ဗျာ"

ကျေးရွာဥက္ကဋ္ဌ ဦးထွန်းခင်သည် စခန်းမှူးဒုရဲအုပ်(စခမ) ရုံးခန်းထဲသို့ တန်းတန်းမတ်မတ် ဝင်သွား၏။

"ဟာ. . .ဦးလေးထွန်း ဘာတွေ အရေးကြီးလာလို့လဲဗျာ"

မြသရဖူစာပေနှင့်အနုပညာလုပ်ငန်း

"အရေးကြီးတာပေါ့ စခန်းမှူးရယ်၊ ကွန်တော့်ရွာသူ ကောင်မလေးကို ဂုဏ်ကြီးရှင် အသိုင်းအဝိုင်းက ပန်းကောင်း အညွန့်ချိုးပြီး သားသမီးချင်း မစာမနာ အိမ်ပေါ်က နှင်ချလိုက်လို့ အဲဒါ . . ."

"ဦးလေးထွန်းတို့ ရဲစခန်းကိုလာတာ ဒီမိန်းကလေးအတွက်လား"

စခန်းမှူး ဒုရဲအုပ် (စခမ)လှဦးက မိန်းကလေး၏ မျက်နှာကို အသေအချာကြည့်ပြီး ပြောသည်။ မိန်းကလေးက ရှက်စိတ်ဖြင့် ခေါင်းကို အောက်သို့ ငုံ့သွားသည်။ စခန်းမှူးက ခေါင်းကို တဆတ်ဆတ်ညိတ်သည်။

"ဟုတ်ပါတယ် . . . စခန်းမှူး၊ ကောင်မလေး နာမည်က နွယ်မာပါ"

"ဦးလေးပြောတဲ့ ဂုဏ်ကြီးရှင် အသိုင်းအဝိုင်းဆိုတာက"

"နွယ်မာက မာတင်လမ်းသွယ်ထဲက စပါးပွဲစား စိုးမောင် အိမ်မှာ ကလေးထိန်းလုပ်ခဲ့တဲ့သူပါ။ ဟဲ့ နွယ်မာ နင်ရဲ့ အကြောင်းကို စခန်းမှူးကြီးသိရအောင် မရှက်မကြောက် ပြောပြလိုက်စမ်း"

နွယ်မာက စခန်းမှူး ဒုရဲအုပ်လှဦးကို မဝံ့မရဲ ကြည့်သည်။

"ဟုတ် . . . ဟုတ်ကဲ့ရှင်"

× × × × ×

"ဟဲ့ မနွယ်"

"ရှင် လာပါပြီ ဒေါ်လေး"





နွယ်မာက မီးဖိုချောင်တွင် ပန်းကန်ဆေးနေရာမှ အိမ်ရှေ့သို့ ထွက်လာသည်။ အဒေါ်ဖြစ်သူ မငြိမ်းအေးက ဆေးပေါ့လိပ်ကြီးကို ဖွာရှိုက်ရင်း ထိုင်နေလေ၏။

"ဘာလဲဟင် ဒေါ်လေး"

"ငါ့အနားမှာ ထိုင်စမ်းပါဦး မနွယ်ရယ် ညည်းကို ပြောစရာရှိလို့၊ ညည်းမှာ အဖေ၊ အမေ၊ ညီအစ်ကိုမောင်နှမလည်း ရှိတာ မဟုတ်ဘူး။ ညည်း အမေ ငါ့ညီမက ညည်းကို မွေးပြီး တစ်နှစ်အကြာမှာ အဖျားတက်ပြီး သေတယ်။ ညည်းအဖေက စပယ်ယာလိုက်ရင်း ကားမှောက်ပြီး သေတယ်၊ ညည်းကို ငါက ငယ်စဉ်ကတည်းက ကျွေးမွေးစောင့်ရှောက်လာခဲ့တာ ညည်း အသက်တစ်ဆယ့်ရှစ်နှစ်ကျော်ပြီ မဟုတ်လား။ အခု ညည်းက ငါ့ကို ရွာစဉ်လှည့်ပြီး ဈေးရောင်းကျွေးနေတာ ကျေးဇူးတင်လှပါတယ်။ ဈေးရောင်းလို့ရတဲ့ အမြတ်ငွေက တို့တူဝရီးနှစ်ယောက် စားလောက်ရုံပဲရတာမဟုတ်လား။ ဒီတော့ ညည်းကို ငါက"

"ဟာ . . . ယောကျ်ား ပေးစားမလို့လား၊ ကျွန်မ အိမ်ထောင်မပြုချင်ဘူး"

"ဟယ် . . . ဒီကောင်မလေး၊ ငါ့စကားကိုတော့ ဆုံးအောင်နားမထောင်ဘူး၊ မြို့ပေါ် မာတင်လမ်းသွယ်ထဲက ဒေါ်လေးရဲ့ သူငယ်ချင်း မဦးတင်ကို သိတယ်မဟုတ်လား"

"ဟုတ်ကဲ့ သိပါတယ်"

"အေး. . . မဦးတင်က သူ့သမီးလေးကို ထိန်းဖို့ ညည်းကို ကလေးထိန်းခေါ်ထားချင်တယ်တဲ့"

"ဟင်. . . အဲဒါဆိုရင် ဒေါ်လေးနဲ့ ကျွန်မ ခွဲနေရမှာပေါ့"

"မလွှဲသာလို့ ခွဲခွာနေရတာပဲ သမီးရယ်. . . ညည်းရဲ့ ဘဝ ရှေ့ရေးက ရှိသေးတယ်နော်၊ မဦးတင်က သဘောကောင်းတယ်။ ညည်းရဲ့ နေတာထိုင်တာ သန့်ပြန့်တာကိုလည်း မဦးတင်က သဘော ကျတယ်။ လစာလည်းပေးမယ်၊ ညည်းကို အဝတ်အစားတွေ ချုပ်ပေး ပါ့မယ်လို့လည်း ပြောတယ်။ အဒေါ်ကတော့ ညည်းကို အဲဒီကလေး ထိန်းအလုပ် လုပ်စေချင်တယ်။ အဒေါ်က ညည်းကို မကြာခဏ လာတွေ့မှာပေါ့"

"အဒေါ့်ကို သမီးက တစ်ယောက်တည်းထားခဲ့ရမှာ သမီးက သူဌေးအိမ်မှာ အစားကောင်းတွေစား၊ အဝတ်သစ်တွေဝတ်ပြီး ဒေါ်လေးကျတော့"

"ငါက အသက်ကြီးနေပါပြီ သမီးရယ်၊ တော်ရုံတန်ရုံ ဝတ်ရ စားရရင် တော်ပြီပေါ့"

"ကျွန်မ စဉ်းစားဦးမယ်နော် . . . ဒေါ်လေး"

"ညည်း သဘောပဲလေ"

နှယ်မာက မီးဖိုချောင်ထဲသို့ ပြန်ဝင်လာခဲ့သည်။ အဒေါ်ဖြစ် သူနှင့် ခွဲခွာပြီး နေထိုင်ရမည်ကို နှယ်မာ ဝန်လေးနေမိသည်။ သည် အဒေါ်နှင့် သည်တူမသည် တစ်ရက်ပင် ခွဲမနေဖူးခဲ့။ နှယ်မာက





အပျိုစင်ကလေးမို့ ရွယ်တူမိန်းကလေးတွေလို လှပသောအဝတ်အ စားများကို ဝတ်ဆင်ချင်သည်ကိုတော့ မငြင်းသာ။ တစ်ခါမျှသာ မြင်ဖူးတွေ့ဖူးသော သူတွေနှင့် သွားရောက်နေထိုင်ရမည်ကို နှယ်မာ ၏ စိတ်ထဲတွင် သေးသိမ်နေမိသည်။ တစ်ဖက်မှာလည်း အဒေါ်ဖြစ်သူ အတွက် ပြန်လည်စဉ်းစားပေးရသည်။ သူဌေးအိမ်တွင် နှယ်မာက ကလေးထိန်းအလုပ်ကို လုပ်လျှင် ရရှိသောလစာကို အဒေါ်က မပူ မပင် သုံးစွဲနိုင်မည်မဟုတ်လား။ အဒေါ်က သူ့ဆန္ဒကို မလိုက်လျော လျှင် စိတ်ကောင်းမည်မဟုတ်ဟု နှယ်မာ သိထားသည်။ အဒေါ်၏ ဆန္ဒပြည့်ဝစေရန် ကလေးထိန်းအလုပ်ကို လုပ်တော့မည်ဟု နှယ်မာ ဆုံးဖြတ်လိုက်ရ၏။

နှယ်မာက သူ့အဒေါ်၏ ဆန္ဒအတိုင်း ကိုစိုးမောင်-မဦးတင် တို့၏အိမ်တွင် ကလေးထိန်းသွားလုပ်မည်ဟု ပြောသောအခါ မငြိမ်း အေး ပျော်ရွှင်သွားပုံကို ကြည့်ပြီး စိတ်ချမ်းသာရသည်။ မငြိမ်းအေးက နှယ်မာကို မဦးတင်၏ အိမ်သို့ လိုက်ပို့ပေးသည်။

"ညည်းတူမလေးကို ငါ့သမီးလေးလို သဘောထားပါ့မယ် သူငယ်ချင်းရယ်၊ ညည်းတူမလေး မြို့သူအသွင် ဖြစ်သွားစေရမယ်"

မငြိမ်းအေးက မဦးတင်၏ အိမ်တွင် နှစ်ရက်တည်းပြီး ရွာသို့ ပြန် သွားသည်။ နှယ်မာက သူစိမ်း၏အိမ်တွင် စတင်နေထိုင်ရသည်မို့ စိတ်အားငယ်နေမိသည်။ အဒေါ်ဖြစ်သူ မငြိမ်းအေးကိုလည်း အချိန် တိုင်း သတိရနေမိသည်။

"ဟဲ့ . . . နွယ်မာ ပျင်းနေပြီလား သမီး ညီမလေးက သမီး စိတ်ပျော်သွားအောင် ဆော့ကစားပြလိမ့်မယ်"

မဦးတင်၏ သမီးလေး သက်ထားမောင်က အသက် တစ်နှစ် ကျော်သာ ရှိသေး၏။ နွယ်မာက သက်ထားမောင်ကို မြင်မြင်ချင်း ချစ်သွားမိသည်။ ကလေးထိန်းရင်း အားငယ်စိတ်ကို ဖျောက်ရသည်။ မဦးတင်သည် နွယ်မာကို ဈေးသို့ ခေါ်သွားပြီး အဝတ်အစားများ ဝယ်ပေးသည်။ ခေတ်ဆန်စွာ ဝတ်စားတတ်အောင် သင်ပေးသည်။ အဝတ်အစား ဗီဒိုင်းအသစ်များ ဝတ်ဆင်လိုက်သောအခါ နွယ်မာ၏ ပုံသဏ္ဍာန်သည် မြို့သူဆန်လာ၏။ သက်ထားမောင်က နွယ်မာကို ခင်မင်တွယ်ကပ်လာသည်။ ညဘက်တွင် နွယ်မာကလေးနှင့်အတူ အိပ်ရသည်။ ကလေးက တစ်ညလုံး ဂျီကျနေသည့် ညများတွင် နွယ်မာ အိပ်ရေးပျက်သည်။ နေ့လည်နေ့ခင်းဘက်တွင် ကလေးထိန်းရင်း ငိုက်နေတတ်သည်။

"သမီး ညီမလေးကို ခေါ်ခေါ်ဦး ထိန်းနေတုန်း သမီး ခဏ လောက် အိပ်လိုက်ပါလား ညဘက်မှာ သမီးက ညီမလေးကိုစွ ဆောင် ရွက်ပေးနေရတော့ ညတိုင်း အိပ်ရေးပျက်တာပေါ့"

မဦးတင်က စိတ်ထားမွှတသည်။ နွယ်မာ့ကိုလည်း ဂရုစိုက် သည်။ စိုးမောင်က စီးပွားရေးသမားပီပီ နံနက်အိမ်က ထွက်သွားပြီး ညဘက်မှ ပြန်လာတတ်သည်။ နွယ်မာ့ကို ပုံမှန်အတိုင်းပဲ ခေါ်ပြော သည်။





ဒီလိုနှင့် ကိုစိုးမောင် မဦးတင်တို့၏ အိမ်တွင် နွယ်မာနေလာ ခဲ့သည်မှာ သုံးနှစ်ကျော်လာခဲ့ပြီ သက်ထားမောင်က စကားကို ရေ လည်အောင်ပင် ပြောတတ်နေပြီ။

"သမီးက ဘယ်သူ့ အချစ်ဆုံးလဲ"

"မမနွယ်ကို အချစ်ဆုံး"

"ဟေး. . . ဟေး"

နွယ်မာက သက်ထားမောင်ကို အတင်းပွေ့ဖက်နေသည်။ သက်ထားမောင်က အတင်းရုန်းကန်ပြီး ထွက်ပြေးသွားသည်။

တစ်ည နွယ်မာသည် အိပ်မက်ဆိုးများကို မြင်မက်နေသည်။ သူသည် တောတွင်းထဲသို့ ရောက်နေသည်။ တောတွင်း တစ်နေရာ တွင် အလွန်ကြီးမားသော ကျားကြီးတစ်ကောင်နှင့် ရင်ဆိုင်မိတွေ့၏။ နွယ်မာသည် ကြောက်အားလန့်အားဖြင့် တစ်ဟုန်ထိုး ပြေးသည်။ ပြေးလွှားရင်း အလွန်နက်ရှိုင်းသော ချောက်ကမ်းပါးကြီးထဲသို့ ကျသွား ၏။

"အောင်မလေး"

နွယ်မာ ကြောက်စိတ်ဖြင့် တအားအော်လိုက်သည်။ အိပ်မက် မှ ရုတ်တရက် လန့်နိုးသွားရလေ၏။

"ဟင် . . . ဘယ်သူလဲ"

နွယ်မာသည် အိပ်မက်မှ လန့်နိုးပြီး သတိတစ်ခုရလိုက်၏။ သူ့ကိုယ်ပေါ်တွင် လေးလံသော အရာဝတ္ထုက ဖိထားခြင်း ခံရလေ၏။

"အို. . . ဘယ်သူလဲ ဖယ်စမ်း"

နွယ်မာ နှာခေါင်းထဲတွင် ရှူရှိုက်မိသော အရက်နံ့ကြောင့် သူ့အား တစ်အားဖက်ထားသူမှာ စိုးမောင်ဟု သိလိုက်၏။

"ဦးစိုး သမီး တောင်းပန်ပါတယ်။ အခန်းထဲက ထွက်သွားပါ"

"နင့်ကို ငါချစ်လို့ပါဟယ်"

"ဟာ. . . မသိဘူး မသိဘူး"

နွယ်မာက အတင်းရုန်းကန်ပေမယ့် မရ။ နောက်ဆုံးတွင် နွယ်မာ၏ ဘဝကို စိုးမောင်က အနိုင်ယူသွားသည်။ စိုးမောင်သည် အနိုင်ရသူ၏ အပြုံးမျိုးဖြင့် နွယ်မာ၏ အခန်းထဲမှ ထွက်သွားလေ၏။ နွယ်မာဝမ်းနည်းစိတ်ဖြင့် ငိုရှိုက်နေမိသည်။ ထိုညက နွယ်မာအိပ်ပျော်အောင် ကြိုးစားပေမယ့်မရ၊ တစ်ညလုံးပင် ထိုင်၍ ငိုနေမိသည်။ နွယ်မာ၏ ငိုရှိုက်သံကြောင့် ဒေါ်ဦးတင်က အခန်းထဲသို့ ဝင်လာသည်။

"ဟဲ့. . . နွယ်မာ ဘာဖြစ်လို့ ငိုနေတာလဲ၊ သမီး အဒေါ်ကို သတိရလို့လား"

နွယ်မာက ခေါင်းခါသည်။

"ဟင်. . . ဒါဖြင့် ဘာဖြစ်လို့လဲ သမီးရယ် ဒေါ်ဒေါ်ဦးကို ပြောပြပါဦး"

"ဦးဦးမောင် သမီးကို"

"ကို. . . ကိုစိုးက နင့်ကို"

"ဟုတ်တယ် ဟုတ်တယ်။ သမီး နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်





နေတုန်း ဦးစိုးမောင်က သမီးဘဝကို ပန်းကောင်းအညွန့်ချိုးဘဝ ရောက်အောင်လုပ်သွားတယ်"

"ဟာ. . . နွယ်မာ ညည်းမဟုတ်တာတွေ မပြောနဲ့နော်၊ ငါ့ယောကျ်ားက ငါ့အနားမှာ တစ်ညလုံး အိပ်ပျော်နေတာ ညည်းမစွပ်စွဲနဲ့"

"ကျွန်မ ဘဝ ရေတိမ်နစ်ခဲ့ရတာ ဒေါ်ဦးတင်ရဲ့၊ ကျွန်မ မဟုတ်တာတွေ စွပ်စွဲတယ်လို့ မပြောပါနဲ့"

"ဟင့်အင်း. . . ငါကတော့ လုံးဝ မယုံဘူး"

"မယုံရင်လည်း ရပါတယ်၊ ကျွန်မ ရှာပြန်မယ်"

"ဒါကတော့ နင့်သဘောပဲ ငါတို့ လင်မယားသိက္ခာကျအောင်တော့ မဟုတ်မဟပ်ကို လုပ်ဇာတ်ခင်းပြီး မပြောနဲ့"

"ကျွန်မ တကယ်ပြောတာ. . . ဒေါ်ဦးတင် မယုံရင် စစ်ဆေးကြည့်ပါ"

နွယ်မာ၏ စကားသံကြောင့် ဒေါ်ဦးတင်မျက်နှာ အမူအရာ ပြောင်းလဲသွား၏။ နွယ်မာ၏ ပုခုံးကို တယုတယ ကိုင်ထားသည်။

"နင်ပြောတာ အမှန်ပဲလားဟယ်၊ ငါ ရင်တွေတုန်လိုက်တာ အဲဒီလိုဆိုရင်တော့ နင် ရှာမပြန်ပါနဲ့ နင့်အဒေါ်သိသွားရင် ဒေါ်ဒေါ်ဦးတို့ အရှက်ကွဲမှာသိလား။ သမီးလေး ဘာလိုချင်လဲ သမီးလေးဘဝ နစ်နာမှုအတွက် ဒေါ်ဒေါ်ဦး စိတ်မကောင်းဘူး။ သမီးလေးကို ရွှေဆွဲကြိုး၊ လက်ကောက်၊ လက်စွပ်တွေ ဒေါ်ဒေါ်ဦး ပေးမယ်။ အခု

ကိစ္စကို ဘယ်သူ့မှ မသိပါစေနဲ့ကွယ်"

"ကျွန်မ ရွှေမမက်ဘူး၊ ငွေမမက်ဘူး။ ကျွန်မ အဒေါ်စိတ်ချမ်းသာအောင် ကျွန်မဒီမှာ အလုပ်လုပ်နေတာ အရှက်နဲ့ဘဝကို ရွှေနဲ့မလဲဘူး။ ငွေနဲ့မလဲဘူး။ အဲဒါကို ဒေါ်ဦးတင် မြဲမြဲမှတ်ထားပါ"

နွယ်မာက ရွာမှ မဦးတင်တို့ အိမ်သို့ လာစဉ်က ဝတ်ဆင်လာခဲ့သည့် အဝတ်အစားများကို ပြန်ဝတ်သည်။ ထို့နောက် မဦးတင်ကိုပင် စကားမပြောတော့ဘဲ ရွာသို့ ပြန်လာခဲ့သည်။ မငြိမ်းအေးက နွယ်မာရွာသို့ ပြန်လာသဖြင့် အလည်အပတ် သဘောမျိုးဟုသာ ထင်ခဲ့သည်။ နွယ်မာက သူ၏ စိတ်ခံစားမှုကို မြိုသိပ်ထားသည်။ အဒေါ်ဖြစ်သူအား စိတ်ချမ်းသာစေချင်၍ မြို့မှာ ဖြစ်လာသည့် ပြဿနာကို ပြောမပြဘဲ နေခဲ့သည်။ သို့ပေမယ့် . . .

"ဟဲ့ . . . နွယ်မာ မြို့ကို ပြန်တော့လေ၊ ဟိုမှာ မဦးတင် တစ်ယောက်တည်း ကလေးတစ်ယောက်နဲ့မနိုင်မနင်း ဖြစ်နေရော့မယ်"

"ကျွန်မ မြို့ကို မပြန်တော့ဘူး ဒေါ်လေး"

"ဟင် . . . သမီးက မြို့ကို ဘာလို့ မပြန်တော့တာလဲ၊ အခု သမီးက ဒေါ်လေးဆီကို အလည်လာတာ မဟုတ်ဘူးလား"

"မဟုတ်ဘူး၊ မြို့မှာ ကျွန်မ မနေချင်တော့လို့ ပြန်လာတာ"

"သမီးက မြို့မှာ ဘာလို့ မနေချင်တာလဲ"

"ဘာမှ မဖြစ်ပါဘူး"





"မဟုတ်သေးဘူး၊ သမီးမြို့မှာ မနေချင်တော့တာ အကြောင်းရှိရမယ်၊ ဒေါ်လေးကို မှန်မှန်ပြောစမ်း"

"ဒေါ်လေးရယ် သမီးဘဝ ရေတိမ်နစ်ခဲ့ရပြီ"

နွယ်မာက မငြိမ်းအေး ရင်ခွင်ထဲသို့ တိုးဝှေ့ပြီး ငိုနေရင်းမှ ပြောသည်။

"ဘာ . . . သမီး ဘယ်လို ရေတိမ်နစ်ခဲ့ရတာလဲ"

နွယ်မာက သူ ကြုံတွေ့ခဲ့ရသော ဖြစ်ရပ်ကို မငြိမ်းအေးအား ပြောပြလိုက်သည်။ ဒေါ်ငြိမ်းအေး၏ မျက်နှာသည် တင်းမာသွား၏။ ချက်ချင်းပင် အိမ်ပေါ်မှ ပြေးဆင်းသွားသည်။ ကျေးရွာလူကြီးများအား အသိပေးသည်။ ထို့နောက် ဒေါ်ငြိမ်းအေးသည် နွယ်မာနှင့်အတူ ရွာလူကြီးများကိုခေါ်၍ ရဲစခန်းသို့ လာခဲ့သည်။

× × × × ×

"ဟာ . . . ကိုစိုးမောင် တော်တော်ယုတ်မာတာပဲ ကိုစိုးမောင်က နွယ်မာ့ကို အလိုမတူဘဲ သားမယားအဖြစ် ပြုကျင့်တုန်းက နွယ်မာဝတ်ဆင်ခဲ့တဲ့ လုံချည်ရှိတယ်မဟုတ်လား"

"ဟုတ်ကဲ့ ရှိပါတယ်"

"အဲဒီလို ဖြစ်ပြီးနောက် လုံချည်ကို ရေလျှော်ပစ်လိုက်မိသေးလား"

"မလျှော်ပါဘူး၊ ကျွန်မက အဲဒီလုံချည်ကို ထားပစ်ခဲ့တာ ဒေါ်ဦးတင်က ကျွန်မ အဝတ်အစားတွေကို သရေအိတ်နဲ့ ထည့်ပြီး

ပေးလိုက်တယ်"

"မဦးတင်က စိုးမောင်ရဲ့ မိုက်ရိုင်းစော်ကားမှုကို လက်ခံ ယုံကြည်သွားတယ်ပေါ့"

"ဟုတ်ကဲ့ သူ့ယောကျ်ားရဲ့ စာနာမှုကင်းမဲ့တဲ့ လုပ်ရပ်ကို ယုံကြည်သွားလို့ ကျွန်မကို ရွှေတွေ ငွေတွေပေးပြီး နှစ်သိမ့်တာပေါ့"

စခန်းမှူး ဒုရဲအုပ် လှဦးက နွယ်မာ့အား အလိုမတူဘဲ သားမယားအဖြစ် ပြုကျင့်ခဲ့သော စိုးမောင်(၄၅)နှစ် (ဘ) ဦးချစ်တင် အား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၇၆ ဖြင့် အမှုဖွင့် အရေးယူခဲ့သည်။ စခန်းမှူး ဒုရဲအုပ်လှဦးက အခင်းဖြစ်စဉ် နွယ်မာဝတ်ဆင်ခဲ့သော လုံချည်အား သက်သေများ၏ရှေ့တွင် ရှာဖွေပုံစံဖြင့် သိမ်းဆည်းခဲ့ သည်။ ထို့နောက် ပြစ်မှုကျူးလွန်သူ စိုးမောင်အား ရဲစခန်းသို့ ခေါ် လာခဲ့သည်။ မဦးတင်က ခင်ပွန်းအတွက် စိုးရိမ်သောက ရောက်နေ သည့်မျက်နှာနှင့် ရဲစခန်းသို့ လိုက်လာသည်။

"စခန်းမှူးကြီးရယ် နွယ်မာဆိုတဲ့ ကောင်မလေးက ဦးနှောက် ကျပ်ပြည့်တာ မဟုတ်ပါဘူး။ သူ့စိတ်ဝေဒနာကို ကျွန်မက ငွေအကုန် ကျခံပြီး ကုသပေးမလို့အိမ်မှာ ခေါ်ထားတာ အခုတော့ ကျွန်မ ယောကျ်ားက သူ့ကို မုဒိန်းကျင့်တယ်ဆိုပြီး အမှုဖွင့်ထားတယ် ဟုတ်သလား၊ ဒီကောင်မလေး မဟုတ်တာ မမှန်တာတွေ လုပ်ကုန်ပြီ။ ကျွန်မယောကျ်ားက လူရိုးလူကောင်း တစ်ယောက်ပါရှင်၊ အခုလို နွယ်မာက မဟုတ်မဟုတ် လုပ်ဇာတ်ခင်းပြီး ရဲစခန်းမှာ အမှုဖွင့်တာကို





တစ်မြို့လုံးက လူတွေကသာ တကယ်ထင်သွားရင် ကျွန်မ အရှက်ကွဲရ တာနဲ့ သေလိမ့်မယ်"

မဦးတင်က စခန်းမှူး ဒုရဲအုပ် လှဦးကို ပြောပြနေသည်။ စခန်းမှူး ဒုရဲအုပ်လှဦးက ခေါင်းတဆတ်ဆတ်ညိတ်ရင်း ပြုံးနေသည်။

"အခု နွယ်မာ့ကို ဆေးရုံမှာ ရဲဆေးစာနဲ့ ဆေးစစ်ခိုင်းထား တယ်။ အခင်းဖြစ်စဉ်က နွယ်မာ ဝတ်ဆင်ခဲ့တဲ့ လုံချည်ကို ရန်ကုန်မြို့ ဓာတုဗေဒဝန်ရုံးကို ပေးပို့ပြီး လုံချည်မှာ သုက်သွေးရှိမရှိ စစ်ဆေး၊ ထင်မြင်ချက်တောင်းလို့ လုံချည်မှာ သုက်သွေးရှိတယ်လို့ ထင်မြင်ချက် ပေးခဲ့ရင် ဒေါ်ဦးတင်ရဲ့ယောကျ်ား ကိုစိုးမောင်က နွယ်မာ့ကို စော် ကားခဲ့တယ်ဆိုတာ ဘယ်လိုငြင်းငြင်း မရတော့ပါဘူး"

"ရှင်"

စခန်းမှူး ဒုရဲအုပ်လှဦးက စိုးမောင်အား စစ်ဆေးရာ ငြင်း ထန်နေခဲ့သည်။ ဆေးရုံမှဆေးစာတွင် နွယ်မာ့မှာ နဂိုအခြေအနေ ပျက်စီးသွားကြောင်း ဖော်ပြသည်။ ဓာတုဗေဒဝန်ရုံးမှလည်း နွယ်မာ ဝတ်ဆင်ခဲ့သော လုံချည်တွင် သုက်သွေးတွေ့ရှိကြောင်း ထင်မြင်ချက် ပေးသည်၊ ထိုအခါမှ စိုးမောင်က နွယ်မာ့အား စော်ကားမိခဲ့ပါ ကြောင်း ဝန်ခံသည်။

စခန်းမှူး ဒုရဲအုပ်လှဦးက အမှုကို ခိုင်မာစွာ တည်ဆောက် ပြီး မြို့နယ်ပြည်သူ့တရားရုံးသို့ တရားစွဲတင်ပို့ရာ တရားခံစိုးမောင် အား ပြစ်မှုထင်ရှားသဖြင့် အလုပ်နှင့်ထောင်ဒဏ် (၅)နှစ် ကျခံစေရန်

အမိန့်ချမှတ်ခဲ့သည်။ မဦးတင်မှာ ရှက်စိတ်၊ သောကစိတ်များကြောင့် စိုးမောင်ထောင်ကျပြီး တစ်နှစ်ခန့်အကြာတွင် ကွယ်လွန်ခဲ့သည်။

မိသားစုဝမ်းရေးအတွက် လူချမ်းသာအိမ်တွင် ကလေးထိန်းအလုပ်ကို လုပ်ခဲ့မိသော အမျိုးကောင်း တောသူမလေးတစ်ယောက် စာနာမှုကင်းမဲ့သော သူဌေးတစ်ဦးကြောင့် ဘဝရေတိမ်နစ်ခဲ့ရပုံကို တွေးမိတိုင်း စခန်းမှူး ဒုရဲအုပ်လှဦးမှာ စိတ်မကောင်းခြင်းများစွာ ဖြစ်ရလေတော့၏။

(မည်သူ့ကိုမျှ မရည်ရွယ်ပါ၊ တိုက်ဆိုင်မှုမှ ကင်းဝေးစေရန် အမည်၊ နေရပ်များကို ပြောင်းလဲရေးသားထားပါသည်)

ရဲကြေးမုံမဂ္ဂဇင်း၊ ၂၀၀၂ စက်တင်ဘာ

✡ ✡ ✡ ✡ ✡





# မပွင့်မီက ကြွေလွင့်သည်

မြသရဖူစာပေနှင့်အနုပညာလုပ်ငန်း

## မပွင့်မီက ကြွေလွင့်သည်

၁. ၃. ၉၈ နေ့ နံနက်ပိုင်း။

'ကိုမြတ်ဦး ကျွန်တော်တို့ကို ခင်ဗျား အိမ်ပေါ်တက်ခွင့် ပြုပါ'

သာယာဝတီမြို့မြောက်ဘက် (၈)မိုင်ခန့်အကွာ ကျွန်းကုန်းရွာနေကို မြတ်ဦး၏ အိမ်ရှေ့တွင် တစ်ရွာတည်းနေ ကိုတင်အေး၊ ကိုကျော်ရွှေနှင့် ကျေး ရွာလူကြီးများ ရပ်နေကြသည်။ ကိုတင်အေးက ကိုမြတ်ဦး၏ နာမည်ကို ခေါ်ပြီး အရဲစွန့်၍ ပြောလိုက်၏။

'ဟော့လူတွေ ခင်ဗျားတို့အားလုံး ပြန်ကြရင် ကောင်းမယ် နော်၊ ကျုပ်ခြံထဲကို ခင်ဗျားတို့ ဝင်လာတာပဲ လွန်နေပြီ၊ ကျုပ်





ဒေါသဖြစ်နေတုန်း ဘယ်သူနဲ့မှ စကားမပြောချင်ဘူး'

ကိုမြတ်ဦး၏ အသံက ခက်ထန်နေသည်။

'ဒီမှာ ကိုမြတ်ဦး ခင်ဗျားကို ကျွန်တော်တို့ တောင်းပန်မလို့ပါ ဗျာ'

ကိုကျော်ရွှေ အိမ်ပေါ်သို့ မော့ကြည့်ရင်း ပြောသည်။

'ဘာမှလာပြီး တောင်းပန်မနေနဲ့ ကျုပ် လုံးဝ မကျေနပ်ဘူး၊ ခင်ဗျား တို့ ပြန်ကြတော့လို့ ပြောနေတယ်'

ကိုတင်အေး၊ ကိုကျော်ရွှေနှင့် ကျေးရွာလူကြီးများသည် ကိုမြတ်ဦး၏ ခြံဝန်းထဲမှ စိတ်ပျက်စွာဖြင့် ထွက်လာခဲ့ကြ၏။ ကျေးရွာလူကြီး ကိုလှရွှေးက ကိုတင်အေးနှင့် ကိုကျော်ရွှေကို ၎င်း၏ အိမ်သို့ ခေါ်သွားသည်။

'ကိုမြတ်ဦးဘက်က တွေးကြည့်တော့လည်း သူ့ဘက်က ဒေါသဖြစ်မယ်ဆိုလည်း အပြစ်မဆိုသာဘူး၊ ခင်ဗျားတို့ရဲ့ သားနှစ်ယောက်ကလည်း ဆိုးလိုက်မိုက်လိုက်ကြတာ၊ ညကတည်းက ကိုမြတ်ဦးတို့ မိသားစုက ခင်ဗျားတို့ သားနှစ်ယောက်ကို အပြတ်ရှင်းမယ်ဆိုပြီး ကြိမ်းဝါးနေတာ ကျွန်တော်က သူတို့အားလုံး စိတ်တိုင်းကျ ဆောင်ရွက်ပေးပါ့မယ်ဆိုပြီး တောင်းပန်ထားရတယ်'

'အခု သွားရောက်တောင်းပန်တာကို လက်မခံဘူးဆိုတော့'

'ကိုမြတ်ဦးက ခင်ဗျားသားနှစ်ယောက်ကို ရဲစခန်းမှာ တိုင်ကြားပြီး ဥပဒေအတိုင်း ဆောင်ရွက်လိမ့်မယ်၊ ကျွန်တော့်ကို ရဲစခန်း

လိုက်ခဲ့ဖို့ မှာထားတယ်'

'ဗျာ'

ကိုတင်အေးနှင့် ကိုကျော်ရွှေတို့၏ မျက်နှာ မှိုင်ကျသွားလေ၏။

× × × × ×

၂၈. ၂. ၉၈ နေ့ည (၇) နာရီခန့်။

'သမီးရေ နွယ်မာ အဖေ့ကို ဆေးပေါ့လိပ်သွားဝယ်ပေးစမ်းကွယ်'

ကျွန်းကုန်းရွာလယ်ပိုင်းမှ ကိုမြတ်ဦးသည် ညစာစားပြီးနောက်အိမ်ရှေ့ ပတ်လက်ကုလားထိုင်တွင် ထိုင်နေရင်း ခံတွင်းချဉ်လာသဖြင့် သမီးဖြစ်သူ နွယ်မာအား လှမ်းပြောလိုက်၏။ သမီးဖြစ်သူ နွယ်မာက ကိုမြတ်ဦး လှမ်းပေးသော ပိုက်ဆံကိုယူ၍ အိမ်ပေါ်မှ ပြေးဆင်းသွားလေသည်။ ထို့နောက် ရွာ၏ အနောက်ဖျားမှ ဈေးဆိုင်ရှိရာသို့ သွားသည်။

'ဟာ ဒီကောင်မလေး ဆေးလိပ်သွားဝယ်တာ ကြာလိုက်တာ'

(၁၅)မိနစ်ခန့်ကြာသည့်တိုင် နွယ်မာ ပြန်ရောက်မလာသေးသဖြင့် ကိုမြတ်ဦး စိတ်တိုသွားသည်။

'သူ့ သူငယ်ချင်းတွေနဲ့ တွေ့လို့ ရပ်စကား ပြောနေသလားမှ မသိတာ'

ဇနီးသည်က ကိုမြတ်ဦးကို ပြောသည်။





'ဟင်း အဲဒါကြောင့် ဒီကောင်မလေးကို မခိုင်းချင်တာ ကိုယ့်ဖာသာကိုယ် သွားလိုက်မိရင် အကောင်းသား'

ကိုမြတ်ဦးက ညည်းညည်းညူညူ ပြောသည်။ ရေနွေးကြမ်းကို သောက်ရင်း သက်ပြင်းချနေမိ၏။ နာရီဝက်ခန့်ကြာ ခြံဝင်းအတွင်းသို့ အမြန်ပြေးတက်သည်။ နွယ်မာလက်ထဲ ဆေးပေါ့လိပ်တစ်လိပ်မှပါမလာ။

'ဟဲ့ ကောင်မလေး၊ ဘယ်မှာလဲ ငါ ဝယ်ခိုင်းလိုက်တဲ့ ဆေးလိပ်'

နွယ်မာ ခေါင်းငုံ့ထားပြီး အိပ်ခန်းထဲသို့ ဝင်သွားသည်။ ကိုမြတ်ဦးသည် နွယ်မာ၏ အပြုအမူကို နားမလည်သလို ဖြစ်သွားရလေ၏။

'ဟဲ့ မစမ်းအေး နင့်သမီးကို ငါ ဆေးပေါ့လိပ် ဝယ်ခိုင်းလိုက်တာ ပြန်လာတော့လည်း ဘာမှပါမလာဘူး၊ အိပ်ခန်းထဲ ဝင်သွားတယ်၊ ဘယ်သူနဲ့ဘာဖြစ်လာသလဲ မသိဘူး၊ မေးမြန်းကြည့်စမ်း'

မစမ်းအေး အိပ်ခန်းထဲသို့ ဝင်လာသည်။ နွယ်မာအိပ်ရာထက်မှ ခေါင်းအုံးပေါ်တွင် မျက်နှာအပ်ကာ ငိုနေလေ၏။

'ဟဲ့ သမီး နင့်ကို ဘယ်သူက ဘာပြောလိုက်လို့လဲ'

မစမ်းအေးက နွယ်မာပခုံးကို လှုပ်ရင်းမေးသည်။ နွယ်မာက ခေါင်းကို ခါယမ်းပြသည်။

'ဟာ ဘာမှဖြစ်မလာဘဲ နင် ရှိုက်ကြီးတငင် ငိုနေစရာ

အကြောင်းမရှိဘူး၊ ငါ မေးနေတယ်လေ ပြောစမ်း'

မစမ်းအေး၏အသံက ကျယ်လောင်သွားသည်။ နွယ်မာက သူ့အမေ မစမ်းအေး၏ နားနားသို့ တိုးကပ်ကာ ပြောလိုက်သည်။

'ဘာ ဟာ တောက်'

မစမ်းအေးမှာ သူ့သမီး၏ စကားကြောင့် မျက်လုံးများ ကျယ်သွား၏။

သူ့သမီးပြောပြသည့်စကားက ဒေါသကို ရုတ်ခြည်းဖြစ်ပေါ်စေခဲ့သည်။ မစမ်းအေးသည် အိပ်ခန်းထဲမှ ထွက်လာပြီး ကိုမြတ်ဦး ထိုင်နေသည့်အနားသို့ လျှောက်လာခဲ့၏။

'နင့် သမီး ဘာဖြစ်တာလဲ'

မစမ်းအေးက ကိုမြတ်ဦးကို တီးတိုးပြောပြလိုက်သည်။

'ဘာ. . . တောက်မိုက်ရိုင်းလိုက်တာ အခု ချက်ချင်း ငါ သွားသတ်ပစ်မယ်၊ လူမဆန်တဲ့ ကောင်တွေ'

ကိုမြတ်ဦးက ထိုင်နေရာမှ ဝုန်းခနဲထလိုက်၏။ မစမ်းအေးက ကိုမြတ်ဦး၏ လက်နှစ်ဖက်ကို ဆွဲထားလိုက်သည်။

'ဒေါသကို ရှေ့မထားပါနဲ့ ကိုမြတ်ဦးရယ်၊ ကျေးရွာလူကြီးတွေကို တိုင်တန်းပါဦး တစ်ရှက်က နှစ်ရှက်ဖြစ်ရမယ်နော်'

'ကျေးရွာ ဥက္ကဋ္ဌ ကိုလှဌေးကို ငါ သွားပြောမယ်'

ကိုမြတ်ဦးက ကျေးရွာလူကြီး အိမ်သို့ လာခဲ့သည်။ ကျေးရွာဥက္ကဋ္ဌ ကိုလှဌေးကို အကျိုးအကြောင်း ပြောပြလိုက်၏။





'ကျွန်တော်ကတော့ ဒီကောင်တွေကို ဥပဒေအတိုင်း ဆောင်ရွက်မှာပဲ'

'ခင်ဗျားပြောတာ ကြားရတာ ကျွန်တော်တောင် ဒေါသဖြစ်မိပါတယ်၊ သူတို့မိဘတွေကို အခုပဲ ကျွန်တော် သွားပြောမယ်၊ မနက်ကျတော့ ကိုမြတ်ဦး ဖြစ်စေချင်တဲ့အတိုင်း ဆောင်ရွက်ပေးပါ့မယ်။ ဒီတစ်ညတော့ ခင်ဗျားစိတ်ကို လျှော့ထားပေးပါဦး'

ကိုမြတ်ဦးသည် အိမ်သို့ ပြန်လာခဲ့၏။

'နင့် သမီးကော'

'ချော့မော့ အိပ်ခိုင်းလိုက်ရတယ်'

'ဟင်း ဟင်း စိတ်ကို မနည်းချုပ်တီးထားရတယ်ကွာ'

'ဒေါသကို ရှေ့ထားရင် သူ့အမှားက ကိုယ့်အမှားဖြစ်သွားမှာပေါ့'

'ညဉ့်နက်လာပြီ ရှင် အိပ်ရာဝင်တော့'

ကိုမြတ်ဦးသည် အိပ်ရာပေါ်တွင် လှဲလျောင်းနေရပေမယ့် အိပ်မပျော်။ အသက်ကို ပြင်းပြင်းရှူရှိုက်ရင်း အပေါ်သွားနှင့် အောက်သွားကို ကြိတ်ဝါးနေမိ၏။

× × × × ×

၁-၃-၉၈ နံနက် (၉)နာရီ အချိန်ခန့်။

ကိုမြတ်ဦးက သူ့သမီးနွယ်မာ၊ မစမ်းအေးနှင့် ကျေးရွာဥက္ကဋ္ဌ ကိုလှဌေးကို ခေါ်ကာ သာယာဝတီ ရဲစခန်းသို့ လာခဲ့သည်။

ထိုနေ့၏ တာဝန်မှူးမှာ ဒုရဲအုပ် ကျော်ညွန့်ဖြစ်၏။

'ဟာ ကိုလှဒွေး ဘာကိစ္စရှိသလဲ ဘာကူညီရမလဲ'

ရဲစခန်းရုံးခန်းထဲတွင် ဝင်လာသော ကျေးရွာဥက္ကဋ္ဌ ကိုလှဒွေးကို အကူစာရေး ဒုတိယတပ်ကြပ် မျိုးမြင့်အောင်က လှမ်းမေးသည်။ ကိုလှဒွေးက ကိုမြတ်ဦးတို့ မိသားစုကို ခုံတန်းလျားတွင် ထိုင်နိုင်းလိုက်ပြီး၊ အကူစာရေး ဒုတိယတပ်ကြပ် မျိုးမြင့်အောင်ရှိရာ စားပွဲသို့ လျှောက်လာသည်။ ထို့နောက် ကိုလှဒွေးက ဒုတိယတပ်ကြပ် မျိုးမြင့်အောင်အား နှစ်ကိုယ်ကြား ပြောပြလိုက် သည်။ အကူစာရေး ဒုတိယတပ်ကြပ် မျိုးမြင့်အောင်၏ မျက်နှာပေါ်တွင် အံ့ဩခြင်းများ ဖြစ်ပေါ်လာသည်။ ဒုတိယတပ်ကြပ် မျိုးမြင့်အောင်က တာဝန်မှူး ဒုရဲအုပ် ကျော်ညွန့်အား ပြောပြလိုက်သည်။

'ဟင် မနေ့ညက ဖြစ်တာပေါ့'

ဒုရဲအုပ်ကျော်ညွန့်က ကိုမြတ်ဦးကို လှမ်းမေးသည်။

'ဟုတ် ဟုတ်ပါတယ် ဆရာ'

'စာရေးကြီးဆီကိုသွား၊ ဒီက သမီးလေးက ညက အဖြစ်အပျက်ကို အသေအချာ ပြောပြလိုက် ဘယ်သူ့ကိုမှ ရှက်ကြောက်မနေနဲ့၊ သမီးက ရှက်ကြောက်ပြီး ဖုံးကွယ်ပြောရင် သမီးလေး သတင်းပေးတိုင်တန်းတာဟာ အရာမရောက်ဘဲ ဖြစ်သွားမယ်၊ ကြားလား သမီး'

အကူစာရေး ဒုတိယတပ်ကြပ် မျိုးမြင့်အောင်က နွယ်မာတို့သားအမိကို ရဲတပ်ကြပ်ကြီးစာရေး ထင်အောင်၏ စားပွဲသို့ ခေါ်သွား





၏။ ရဲတပ်ကြပ်ကြီး (စာရေး)ထင်အောင်က နွယ်မာကို အသေးစိတ် မေးမြန်းသည်။ နွယ်မာက ရှက်စိတ်ဖြင့် ခေါင်းကို အောက်သို့ ငုံ့ထားသည်။

'ဘာမှ ထိန်ချန်မထားနဲ့နော်၊ ဖြစ်စဉ် အမှန်အတိုင်း ပြောပြ'

နွယ်မာက ခေါင်းညိတ်သည်။ နွယ်မာ၏ မျက်ဝန်းထဲတွင် မျက်ရည်တွေ ဝဲနေ၏။ ကိုမြတ်ဦးမှာ ရှက်စိတ်ကြောင့် မျက်နှာကြီး နီမြန်းနေသည်။

× × × × ×

(၂၈. ၂. ၉၈) ည (၇) နာရီ အချိန်ခန့် . . .

နွယ်မာက သူ့အဖေ ကိုမြတ်ဦး ပေးလိုက်သည့် ငွေစက္ကူတစ်ဆယ်ကျပ်တန်ကို ကိုင်၍ ရွာအနောက်ဖျားပိုင်းမှ ဈေးဆိုင်တွင် ဆေးပေါ့လိပ်ဝယ်ပြီး ပြန်လာခဲ့သည်။ ရွာလယ်သို့ အရောက်တွင် တစ်ရွာတည်းသား အေးသွင်၊ မင်းဇော်တို့နှင့် တွေ့သည်။

'ဟဲ့ နွယ်မာ ဘယ်က ပြန်လာတာလဲ'

အေးသွင်က နွယ်မာ၏ ရှေ့တွင်လာ၍ ရပ်ရင်း မေးသည်။

'အဖေ့အတွက် ဆေးပေါ့လိပ်သွားဝယ်တာ'

'နေစမ်းပါဦးဟ နင့်ကို ငါ စကားပြောချင်လို့ ငါတို့နဲ့ ခဏလိုက်ခဲ့'

အေးသွင်နှင့် မင်းဇော်က နွယ်မာ၏ ရှေ့တွင် ပိတ်ဆို့ရပ်လိုက်၏။

'ဟာ မလိုက်နိုင်ပါဘူး၊ အဖေက ဆေးလိပ်သွားဝယ်တာ ကြာရမလားဆိုပြီး ဆူလိမ့်မယ်'

နွယ်မာက ခေါင်းကို ခါယမ်းရင်း ပြောသည်။ ထိုအခါ အေးသွင်က ၎င်း၏ ခါးကြားတွင် ဝှက်ယူလာသော ဓါးမြှောင်ကို ထုတ်ပြသည်။

'ဟဲ့ ဒီမှာ တွေ့လား'

'ဟင် ဟောဒီ'

'ဟဲ့ မအော်နဲ့နော်၊ အော်ရင် ဓါးမြှောင်နဲ့ ထိုးသတ်လိုက်မယ်'

နွယ်မာကြောက်သွားသည်။ အယောင်ယောင် အမှားမှားနှင့် လက်ထဲတွင် ဆုပ်ကိုင်ထားသော ဆေးပေါ့လိပ်များကို လွှတ်ချလိုက်မိ၏။

အေးသွင်နှင့် မင်းဇော်က နွယ်မာ၏ လက်မောင်းတစ်ဖက်စီကို ကိုင်ကာ ရွာအနောက်ဘက် လယ်ကွင်းထဲသို့ ဆွဲခေါ်လာသည်။

'ဟဲ့ နင်တို့ ဘာပြောချင်တာလဲ ပြော'

'တောက် အသံမထွက်နဲ့ဆို ဓါးမြှောင်နဲ့ ထိုးသတ်လိုက်ရမလား'

အေးသွင်က နွယ်မာအား လယ်ကွင်းထဲတွင် အတင်းတွန်းလှဲသည်။ နွယ်မာလဲကျသွားစဉ် အေးသွင်က နွယ်မာအား အလိုမဘူဘဲ သားမယားအဖြစ် အတင်းအဓမ္မပြုကျင့်သည်။ နွယ်မာ၏ ဘဝ ရေတိမ်နစ်ခဲ့ရသည်။ လှပစွာပွင့်လန်းလာမည့် ပန်းလေးတစ်ပွင့်သည်





မပွင့်မီက ကြွေနှင့်ရသည်နှယ်။ အေးသွင်က နွယ်မာဘဝကို နွမ်းခြွေပြီး မျက်နှာကို မခန့်လေးစားလုပ်နေ၏။ နွယ်မာက ပတ်ဝန်းကျင်ကို အော်ဟစ်အကူအညီတောင်းပေမဲ့ အချည်းနှီးသာ။ တဖန် မင်းဇော်က နွယ်မာ၏ ဘဝကို နွမ်းခြွေလိုက်ပြန်သည်။ ကျွန်းခံတွင်းသို့ သက်ဆင်းရမည့် သမင်ပျိုမနှယ်ပင်။ နွယ်မာသည် မင်းဇော်၏ လက်မှ ရုန်းကန်ပြီး ရွာဘက်သို့ ပြေးလာမိသည်။

× × × × ×

နွယ်မာက ရှက်စိတ်ဖြင့် ခေါင်းငုံ့ပြီး ငိုနေသည်။ ကိုမြတ်ဦးက အံကို တင်းတင်းကြိတ်ထားသည်။

'အခင်းဖြစ်စဉ်က သိမ်းဝတ်ထားတဲ့ လုံချည်ကော'

ရဲတပ်ကြပ်ကြီး (စာရေး) ထင်အောင်က မေးသည်။ နွယ်မာက ကျွတ်ကျွတ်အိတ်ဖြင့် ထည့်ယူလာသော လုံချည်ကို ရဲစာရေးကြီးအား မဝံ့မရဲ လှမ်းပေး၏။ ရဲတပ်ကြပ်ကြီး (စာရေး) ထင်အောင်က ပထမသတင်းပေး တိုင်ကြားချက်ကို မှန်မှန်ဖတ်ပြပြီး တိုင်ကြားသူ နွယ်မာအား လက်မှတ်ထိုးခိုင်းသည်။ ပြစ်မှုကျူးလွန်သူ အေးသွင်နှင့် မင်းဇော်တို့အား သာယာဝတီရဲစခန်းမှ (ပ) ၄၆/၉၈ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၇၆ ဖြင့် အရေးယူခဲ့သည်။

ယင်းအမှုအား ဒုရဲအုပ်ကျော်ညွန့်မှ စစ်ဆေးပြီး အခင်းဖြစ်နေရာအား သွားရောက်စစ်ဆေးခဲ့သည်။ ပြစ်မှုကျူးလွန်သူ နှစ်ဦးအနက် မင်းဇော်ကို ဖမ်းဆီးရမိပြီး အေးသွင်မှာ ထွက်ပြေးတိမ်းရှောင်

နေခဲ့သည်။ အခင်းဖြစ်စဉ်က နွယ်မာဝတ်ဆင်ခဲ့သော လုံချည်တွင် သုက်သွေး ရှိမရှိ စစ်ဆေးပေးနိုင်ရန် ရန်ကုန်မြို့၊ ဓါတုဗေဒဝန်ရုံးသို့ ပေးပို့ခဲ့သည်။ အမှုစစ်ဒုရဲအုပ်ကျော်ညွန့်မှ မုဒိမ်းတရားခံပြေး အေးသွင်၏ သတင်းကို မျက်ခြေမပြတ်စုံစမ်းခဲ့ရာ (၁၈-၅-၉၈) နေ့တွင် အေးအွင်အား လက်ပံတန်းမြို့ သက်ကယ်ကုန်းကျေးရွာတွင် ဖမ်းဆီးရမိခဲ့သည်။

နွယ်မာမှ သူမဘဝနစ်နာခဲ့ရပုံကို သာယာဝတီမြို့နယ် အမျိုးသမီးရေးရာကော်မတီသို့ စာရေးသားတိုင်ကြားခဲ့သည်။ အမှုစစ် ဒုရဲအုပ်ကျော်ညွန့်မှ တရားခံအေးသွင်နှင့် မင်းဇော်တို့အား စစ်ဆေးပြီး အမှုကို ရဲလုပ်ငန်းများပြည့်စုံစွာ ဆောင်ရွက်ကာ သာယာဝတီမြို့နယ်၊ တရားရုံးသို့ တရားစွဲတင်ပို့ခဲ့သည်။ ထို့နောက် တရားရုံးက ကြားနာစစ်ဆေးပြီး တရားခံအေးသွင်နှင့်မင်းဇော်တို့အား ပြစ်မှုထင်ရှားသဖြင့် ထိုက်သင့်သော ပြစ်ဒဏ်ကို ချမှတ်ခဲ့သည်။

ညအချိန်အခါတွင် မိမိတို့၏ သားပျိုသမီးပျိုတို့အား အပြင်သို့ စေလွှတ်ခိုင်းခြင်းကို သတိပြုရှောင်ကြဉ်သင့်ကြောင်း အထက်ပါဖြစ်ရပ်အား သင်ခန်းစာယူသင့်ကြပေသည်။

*ပြစ်မှု၊ ၂၀၀၂ ဇန်နဝါရီ*

☆ ☆ ☆ ☆ ☆



# သဝန်တိုခြင်း အမုန်းကင်းစေ



## သဝန်တိုခြင်း အမုန်းကာင်းစေ

"နင့်ကို ငါ သတ်မယ်၊ နင့်ကို ငါ သတ်မယ်၊ မပြေးနဲ့၊ ဟေ့ . . . မပြေးနဲ့"

ကိုမြင့်ဆွေ၏ အလန့်တကြား အော်သံကြောင့် သူ့နံဘေးတွင် အိပ်ပျော်နေသော ကိုကျော်ဆင့် လန့်နိုးသွား၏။

"ဟေ့လူ. . ဘာဖြစ်တာလဲ၊ ဒါ အချုပ်ခန်းဆိုတာ သတိထားဦး"

ကိုကျော်ဆင့်က ကိုမြင့်ဆွေကို လှုပ်ပြီး သတိပေးသည်။

"အချုပ်ခန်းထဲက ဘယ်ကောင်လဲကွ၊ တအားအော်နေတာ"

အချုပ်ခန်းတာဝန်ကျ ရဲသားတစ်ဦးက လှမ်းမေးသည်။





"မနေ့က လူသတ်မှုနဲ့ဝင်လာတဲ့ ကိုမြင့်ဆွေ၊ အိပ်ပျော်နေရင်း အော်နေတာပါဆရာ"

"ဟာ. . . ကိုမြင့်ဆွေ ဘယ်လိုဖြစ်ပြီး အော်ရတာလဲဗျ"

ကိုမြင့်ဆွေ လူးလဲပြီး ထ၏။

ကျွန်တော် အိပ်မက်မက်ပြီး လန့်အော်မိတာပါ၊ တောင်းပန်ပါတယ်"

"ဟင်. . .၊ ကဲ. . ကဲ. .၊ အေးအေးဆေးဆေး ပြန်အိပ်နေတော့ဗျာ"

ကိုမြင့်ဆွေသည် ငြင်သာစွာဖြင့် ပြန်လှဲနေလိုက်သည်။ ကိုမြင့်ဆွေသည် အိပ်မပျော်နေရင်းမှ အိပ်မက်ဆိုးများ မြင်မက်ခဲ့၏ အိပ်မက်ထဲတွင် သူ၏ဇနီး မတင်နွယ်က သူ့ကို လှောင်ပြောင်၍ နေသည်။ ကိုမြင့်ဆွေက ဒေါသဖြစ်ကာ မတင်နွယ်ကို ဓားဖြင့် လိုက်ထိုးနေ၏။ သည်တွင် မတင်နွယ်က မခန့်လေးစား ပြုနေပြန်၏။ ကိုမြင့်ဆွေက မတင်နွယ်နောက်သို့ တအားပြေးလိုက်သည်။ မတင်နွယ်ကို မိမိရရ ဖမ်းချုပ်မိ၏။ သည်နောက် နှစ်ဦးစလုံးသည် နက်ရှိုင်းသော ချောက်ကမ်းပါးအောက်သို့ ကျသွားလေ၏။ ကိုမြင့်ဆွေသည် အိပ်မက်မဆုံးမီမှာပင် ကိုကျော်ဆင့်၏ လှုပ်နှိုးခြင်းကို ခံလိုက်ရ၏။

ကိုမြင့်ဆွေသည် သက်ပြင်းချလိုက်မိ၏။ အိပ်မက်ထဲတွင် မတင်နွယ်၏ ရုပ်ပုံလွှာကို ပြန်လည်၍ မြင်ယောင်မိသည်။ အမှန်စင်စစ် လက်တွေ့တွင်မူ မတင်နွယ်သည် ဤလူ့လောကတွင် မရှိ

တော့။ ကိုမြင့်ဆွေသည်လည်း လူသတ်တရားခံအဖြစ် အချုပ်ခန်းအတွင်းသို့ ရောက်ခဲ့ရသည်။

ကိုမြင့်ဆွေတွင် လူမမယ် သားသမီးသုံးယောက် ကျန်ခဲ့လေ၏။ ကိုမြင့်ဆွေ၏ သားအကြီးဆုံးမှာ အသက် (၇)နှစ် အရွယ်မျှသာ ရှိသေး၏။ အလတ်သမီးလေးက (၅)နှစ်၊ အငယ်ဆုံးသားလေးက (၃)နှစ်ကျော်ကျော်။ ကိုမြင့်ဆွေခမျာ လူသတ်မှုဖြင့် ထောင်ကျသွားပါက. . . သည်လူမမယ် ကလေးသုံးယောက်၏ ဘဝရှေ့ရေးကား ရင်လေးဖွယ်ပင်။

သည်အရပ်၊ သည်ဒေသတွင် ကိုမြင့်ဆွေ ဆွေမျိုးသားချင်း မရှိ။ လောလောဆယ်တွင် ကလေးသုံးယောက်ကို မတင်နွယ်၏ အစ်မဖြစ်သူက စောင့်ရှောက်ထားသည်။ ကိုမြင့်ဆွေကိုတော့ သူ ညီမနှင့်ပတ်သက်၍ စိတ်နာနေ၍ အချုပ်ခန်းသို့ပင် လာမတွေ့။ ကိုမြင့်ဆွေ၏ သူငယ်ချင်းကသာ ကိုမြင့်ဆွေအတွက် အစစအရာရာ ကူညီသည်။

ကိုမြင့်ဆွေသည် တွေးရင်း တွေးရင်း ရင်ထဲတွင် တင်းကြပ်လာ၏။ မျက်ဝန်းအိမ်မှ မျက်ရည်များသည် အလိုလို လိမ့်ဆင်းကျလာ၏။

"မတင်နွယ်ရယ်"

ကိုမြင့်ဆွေသည် တီးတိုး ရေရွတ်လိုက်မိ၏။ ချစ်လွန်း၍ သဝန်တိုမိသော စိတ်သည် မတင်နွယ်၏ အသက်ကို ဆုံးရှုံးစေခဲ့သည်





လား။ မတင်နွယ်၏ သူ့စကားနားမထောင်မှုသည် သူ့ဘဝကို သည် အခြေအနေသို့ ရောက်ခဲ့စေသည်လား ကိုမြင့်ဆွေ ဝေခွဲ၍မရ။

ကိုမြင့်ဆွေသည် ကိုယ်ကိုတစ်ဘက်သို့ စောင်း၍ အိပ်လိုက်၏။ မျက်ဝန်းအိမ်မှ မျက်ရည်ကြည်တစ်ပေါက်သည် တမံတလင်းပေါ်သို့ ကျသွားလေ၏။ ကိုမြင့်ဆွေသည် တစ်ချက်ပြင်းပြင်း ရှိုက်လိုက်သည်။

"ကိုမြင့်ဆွေ ဘာဖြစ်လို့လဲ"

နိုးမှုဖြင့် အချုပ်ကျနေသော ကိုကျော်ဆင့်က မေး၏။

"ရင်ထဲမှာ ကြေကွဲနေလို့ပါဗျာ"

"ခင်ဗျားအတွက် ကျွန်တော် စိတ်မကောင်းပါဘူး။ ဖြစ်ပြီးမှ တော့ ဘာမှမတတ်နိုင်တော့ပါဘူး"

"မဟုတ်သေးဘူး ကိုကျော်ဆင့်၊ ခင်ဗျား ဘာမှမသိပါဘူး၊ ကျွန်တော့်သားသမီးတွေရဲ့ နောင်ရေးအတွက် ရင်လေးတယ်ဗျာ"

ကိုမြင့်ဆွေသည် ရင်ထဲမှ လေပူကို မှုတ်ထုတ်လိုက်၏။

"ဟေ့လူတွေ ဘာလို့ စကားပြောနေရတာလဲ၊ အိပ်ချိန်လေ အိပ်ကြတော့"

အချုပ်ခန်း တာဝန်ကျ ရဲတပ်သားက ပြောသည်။

ကိုမြင့်ဆွေသည် မျက်လုံးကို စုံမှိတ်ပစ်လိုက်၏။ သူ၏ မျက်လုံးထဲတွင် သူ့သားသမီးများ၏ ညှိုးငယ်နေသော မျက်နှာလေးများကို မြင်ယောင်လာမိ၏။ ယခုတွင်ပင် သားသမီးများသည် မိခင်

က သေဆုံး။ ဖခင်က အဖမ်းခံနေရသည်ဖြစ်၍ စိတ်အားငယ်နေကြမည်မှာ မလွဲ၊ သူတို့လေးတွေ၏ ရင်ထဲကဝေဒနာကို ကိုယ်ချင်းစာမိ၏။ ရင်ထဲက ပေါက်ကွဲသံသည် ပွင့်ထွက်လုနီးပါး။

× × × × ×

ရဲကင်းတဲဆီမှ သံချောင်းခေါက်သံ ကြားလိုက်သည်နှင့် အချုပ်သားများ အိပ်ရာမှ ထကြရ၏။ ကိုမြင့်ဆွေက သူ့နဘေးတွင် ထိုင်နေသော ကိုကျော်ဆင့်၏ မျက်နှာကို ကြည့်သည်။ ကိုမြင့်ဆွေက သူ့ကို ကြည့်နေသည်နှင့် ရင်ဆိုင်တိုး၏။ ကိုကျော်တင့်၏ မျက်နှာတွင် အဓိပ္ပါယ်ပေါင်း မြောက်များစွာကို တွေ့မိ၏။ အထူးသဖြင့် သူ့ဘဝဇာတ်ကြောင်းကို ကိုကျော်တင့်က သိချင်နေပုံရသည်။ ညက စကားဆက်ပြောခွင့်မရသည်ကို ပြန်ဆက်ချင်နေသလိုပင်။ ကိုကျော်တင့်က ကိုမြင့်ဆွေကို ဆေးပေါ့လိပ် တစ်လိပ်ထုတ်ပေးသည်။

"ခင်ဗျားသောက်လေ ကိုကျော်တင့်"

"ကျွန်တော့်မှာ ရှိသေးတယ် ကိုမြင့်ဆွေ ဘဝတူချင်းတွေပဲဗျာ"

ကိုကျော်တင့်စကားကြောင့် ကိုမြင့်ဆွေ ပြုံးသည်။

"ဘာပြုံးတာလဲ"

"ဪ ခင်ဗျားက ခိုးမှု၊ ကျွန်တော်က လူသတ်မှု၊ အပြစ်ခံရရင်တောင် ကျွန်တော် နစ်အများကြီး"

"ခင်ဗျား ဘာကြောင့် ကိုယ့်မိန်းမကိုယ် သတ်ခဲ့ရတာလဲ"





"ဟင်း. . . ခင်ဗျား ကျွန်တော့်အကြောင်းကို စိတ်ဝင်စားနေတယ်မဟုတ်လား၊ ကျွန်တော် ပြောပြပါမယ်ဗျာ၊ ခင်ဗျား အသေအချာနားထောင်ကြည့်ပေါ့ဗျာ"

× × × × ×

ကိုမြင့်ဆွေသည် ဆေးပေါ့လိပ်ကို မီးညှိဖွာရှိုက်လိုက်၏။ ဆေးလိပ်မီးခိုးသည် မျက်နှာကြက်ဆီသို့ လိပ်၍ လိပ်၍ တက်သွား၏။

ကိုမြင့်ဆွေသည် ဟင်္သာတမြို့ ဇာတိဖြစ်သည်။ . . . မြို့လမ်း မတော်လမ်းရှိ သူငယ်ချင်း ပွဲရုံပိုင်ရှင် ကိုညိုအောင်၏ ပွဲရုံလုပ်ငန်းတွင် အဝယ်ကိုယ်စားလှယ်လာ၍ လုပ်ကိုင်နေသူပင်။ သုံးလေးနှစ်ကြာတော့ ကိုမြင့်ဆွေမှာ သည်မြို့သားပမာ ဖြစ်လာရ၏။ အပေါင်းအသင်းများစွာလည်း ရှိလာ၏။ ကိုမြင့်ဆွေက သူငယ်ချင်း ကိုညိုအောင်ပေးသည့်ငွေများကို ဘဏ်တွင် စုဆောင်းထား၏။

တစ်နေ့တွင် ကိုမြင့်ဆွေသည် ပွဲရုံရှေ့မှ မကြာခဏ ဖြတ်သွားဖြတ်လာလေ့ရှိသော မတင်နွယ်ဆိုသည့် မိန်းကလေးကို မျက်စေ့ကျမိ၏။ ပွဲရုံဆိုတော့ သိတဲ့အတိုင်း။ အလုပ်သမားမျိုးစုံ၊ စရိုက်လက္ခဏာမျိုးစုံ၊ ပျော်တတ်ရွှင်တတ်သော အလုပ်သမားတစ်စု၏ လှုံ့ဆော်မှုကြောင့် ကိုမြင့်ဆွေသည် မတင်နွယ်ကို ရည်းစားစကားလိုက်ပြောမိ၏။ မတင်နွယ်က စဉ်းစားပါရစေဦးဟု နောက်ခြောက်လခန့်ကြာတော့ မတင်နွယ်ကို ကိုမြင့်ဆွေ လူကြီးစုံရာဖြင့် လာတောင်းပါဟု ပြောလာသည်။ ကိုမြင့်ဆွေမှာ ဝမ်းသာလိုက်ရသည့် ဖြစ်ခြင်း။

ကိုမြင့်ဆွေမှာ မိဘနှစ်ပါး မရှိတော့။ မတင်နွယ်မှာလည်း မိဘမရှိ။ အစ်မဖြစ်သူနှင့်အတူနေကြောင်း သိရသည်။ သည်တော့ ကိုမြင့်ဆွေက ကိုညိုအောင် မိဘနှစ်ပါးအား အုပ်ထိန်းသူ အရာထား ကာ မတင်နွယ်အား သွားရောက်တောင်းရမ်းသည်။ မတင်နွယ်၏ အစ်မကလည်း ကိုမြင့်ဆွေ၏ ရိုးသားကြိုးစားမှုကို လေ့လာထားပြီး ဖြစ်၍ အသာတကြည်ပင် လက်ခံခဲ့သည်။

ကိုညိုအောင်က ကိုမြင့်ဆွေနှင့် မတင်နွယ်၏ မင်္ဂလာဆောင်ကို သူ၏ တိုက်မှာပင် ခမ်းခမ်းနားနား ကျင်းပပေးခဲ့သည်။ မင်္ဂလာ ဆောင်မှရရှိသော လက်ဖွဲ့ကြေးကို သူတို့ လင်မယားအား ပေးအပ်ခဲ့၏။

"မင်း ငါ့စီးပွားရေးလုပ်ငန်းကို တိုးတက်အောင် ဆောင်ရွက် ပေးနေခဲ့တာနဲ့စာရင် ငါလက်ဖွဲ့တဲ့ငွေက မပြောပလောက်ပါဘူး။ ငါ မင်းအတွက် ဂုဏ်ပြုတာပါ"

ကိုမြင့်ဆွေက သူတို့လင်မယားနေရန် ရတနာသီရိ ရပ်ကွက် ထဲတွင် အိမ်နှင့် ခြံဝယ်သည်။ ကိုညိုအောင်၏ ပွဲရုံမှာပင် အလုပ် ဆက်လုပ်၏။

ကိုမြင့်ဆွေက မတင်နွယ်ကို အလွန်ချစ်၏။ မတင်နွယ်လိုချင် သမျှကို ဝယ်ခြမ်းပေးသည်။ မျက်စိအောက်က အပျောက်မခံ။

"ကိုဆွေက နွယ့်ကို တတ်နိုင်တာနဲ့ တယ်လီဗေးရှင်း၊ အောက် စက်၊ ရေခဲသေတ္တာ အပြည့်အစုံနဲ့ထားမှာ။ ကိုဆွေ့ သားသမီးတွေကို





ဘယ်တော့မှ မျက်နှာမငယ်စေရဘူး"

"သားသမီးဖြင့် ဘယ်ဆီနေမှန်း မသိသေးဘဲနဲ့"

"နောက် ရလာမှာပေါ့၊ အခုမှ အစပဲ ရှိသေးတာ"

"အို. . . မပြောနဲ့"

"ဟယ်. . . နွယ်က ရှက်လို့"

ကိုမြင့်ဆွေက မတင်နွယ်နှင့် ပတ်သက်လာလျှင် အစစအရာ ရာ သဝန်တိုတတ်၏။ တစ်မိမ်းယောက်ျားလေးများနှင့် စကားပြော သည်ကိုပင်-

"နွယ် မင်း တင်လှဆိုတဲ့လူနဲ့ စကားပြောတာ ငါ မကြိုက်ဘူး နော်၊ ဒီလူက အပျိုအအို ရှောင်တာမဟုတ်ဘူး"

"အို. . . ကိုဆွေကလည်း သူက စကားလာပြောလို့ နွယ်က ပြန်ပြောမိတာကို။ ပြီးတော့ တစ်ရပ်ကွက်တည်းသားတွေမို့ပါ၊ ကိုဆွေ က သဝန်တိုတတ်လိုက်တာ"

ကိုမြင့်ဆွေက ကိုညိုအောင်၏ ပွဲရုံအတွက် နယ်မှ သီးနှံများ ကို ဝယ်ပေးသဖြင့် အချိုးကျ အမြတ်ငွေရ၏။ မတင်နွယ်ကလဲ ကိုမြင့်ဆွေပေးသမျှ ဈေးဖိုးကို ခြိုးခြံချွေတာ သုံးစွဲကာ စုဆောင်း သည်။ ကိုမြင့်ဆွေနှင့်မတင်နွယ်တို့မှာ သားနှစ်ယောက်၊ သမီးတစ် ယောက်ရသည်အထိ အိမ်ထောင်ရေး သာသာယာယာ ရှိခဲ့လေ၏။

သည်နောက်ပိုင်း ကိုမြင့်ဆွေသည် ကုန်ပစ္စည်းအရောင်း အဝယ်ကိစ္စနှင့် ပတ်သက်၍ နယ်များသို့ ခရီးသွားနေရသည်၊

လေးငါးရက်ခန့်ကြာတတ်၏။ မတင်နွယ်သည် ထိုရက်များတွင် သူ့အစ်မအိမ်သို့ အလည်သွားနေတတ်သည်။ ဤသည်ကို ကိုမြင့်ဆွေက. ဘဝင်မကျ။

"မင်းက ကိုယ့်အိမ်မှာကိုယ် ဘာလို့မနေရတာလဲ၊ မတော် အိမ်ကို သူခိုးသူဝှက်ဝင်ခိုးသွားရင် ဘယ်လို လုပ်မလဲနွယ်"

"မမကို သတိရလို့ အလည်သွားရင်း မပြန်ပါနဲ့ဦးဆိုလို့ ကိုဆွေလည်း ပြန်မလာသေးဘူးဘဲထင်တာ"

"ငါ နယ်မှာ ဆယ်ရက်ကြာရင် မင်းက မင်းအစ်မအိမ်မှာ ဆယ်ရက်သွားနေမှာလား၊ နောက်ကို ကိုယ့်အိမ်မှာပဲ ကိုယ်နေစမ်းပါကွာ၊ မင်းရဲ့ ခဲအိုက အရက်သမား ငါမယုံကြည်ဘူး"

ကိုမြင့်ဆွေ၏ သဝန်တိုစိတ်သည် သူတို့ လင်မယား၏ အိမ်ထောင်ရေးကို ထိခိုက်စပြုလာ၏။ ကိုမြင့်ဆွေသည် မတင်နွယ်၏ အပေါ်တွင် သံသယစိတ်တွေ မွေးလာ၏။ ကိုမြင့်ဆွေကလည်း အိမ်မှာနေရသည်ထက် နယ်သို့ ခရီးထွက်နေသည့်ရက်က များလာသည်။

ထိုအချိန်တွင် ကိုမြင့်ဆွေနှင့် မတင်နွယ်တို့၏ အိမ်ထောင်ရေး ပဋိပက္ခဖြစ်လာရန် ဖန်တီးပေးလိုက်သူတစ်ဦး ရှိလာ၏။ ထိုသူကား ကိုမြင့်ဆွေ၏ ခြေရင်းတစ်အိမ်ကျော်မှ မောင်တင်ထွန်း ဖြစ်သည်။

မောင်တင်ထွန်းသည် ကိုမြင့်ဆွေ၏ သားငယ်လေးနှင့် ပတ်သက်ပြီး အိမ်သို့ အဝင်အထွက်ရှိလေ၏။ မတင်နွယ်ကလဲ မောင်တင်





ထွန်းကို လူမှုရေးအရ စကားပြောဆိုမှုများ ရှိခဲ့၏။ ဤသည်ကို ပတ်ဝန်းကျင်က လူတွေက တစ်မျိုးမြင်ကာ ကိုမြင့်ဆွေအား သွေးထိုး စကားများ ပြောလေ၏။

ကိုမြင့်ဆွေမှာ နဂိုကမှ သဝန်တိုတတ်သူပီပီ မတင်နွယ် အပေါ်တွင် သံသယရှိလာ၏။ မောင်တင်ထွန်း၏ အရိပ်အခြေကို လည်း အကဲခတ်လေ၏။ မတင်နွယ်က မောင်တင်ထွန်းအား ရယ်စရာ မောစရာများပြောနေသည့်အခါ ကိုမြင့်ဆွေ၏ ရင်ထဲတွင် မခံမရပ်နိုင်အောင် ဖြစ်ရသည်။ မကြာခဏဆိုသလိုပင် လင်မယား ရန်ဖြစ်သည်။

"မတင်နွယ် မင်းအနေအထိုင် ဆင်ခြင်နော်၊ သားသမီးတွေ ရဲ့ မျက်နှာကိုလည်း ကြည့်ဦး"

"ကျွန်မက အနေအထိုင် ဆင်ခြင်ရအောင် ရှင့်ကွယ်ရာမှာ ဘာလုပ်နေလို့လဲ"

"တော်ကွာ. . . ငါ မပြောချင်ဘူး"

ကိုမြင့်ဆွေက မတင်နွယ်ကို စကားမပြောဘဲ နေသည်။ ကုန်အရောင်းအဝယ်ကိစ္စဖြင့် ခရီးသွားလျှင်လည်း အရပ်[illegible] ရက်ရှည်ကြာ၏။ မောင်တင်ထွန်းကတော့ အိမ်သို့ လာမြဲ [illegible] သည်။ လင်မယားချင်းပြဿနာဖြစ်သည်ကို ဂရုထားပုံမရ။ [illegible] ကျင်က ပို၍ ပြောစရာ ဖြစ်လာသည်။

တစ်နေ့ ကိုမြင့်ဆွေ ခရီးသွားရာမှ ပြန်လာသည့်[illegible]

မောင်တင်ထွန်း သူ့အိမ်ပေါ်မှ ပြေးဆင်းသွားသည်ကို ကိုမြင့်ဆွေ လှမ်းမြင်လိုက်၏။ မတင်နွယ်က အိမ်ရှေ့က အသံကြားမှ အိပ်ခန်းထဲက ထွက်လာသည်။ ကိုမြင့်ဆွေက မတင်နွယ်၏ မျက်နှာကို အကဲခတ်သည်။ မတင်နွယ်၏ မျက်နှာတွင် မလုံမလဲ အမူအရာကို တွေ့ရ၏။ ကိုမြင့်ဆွေက အံကို တင်းတင်းကြိတ်သည်။

"မင်းငါ့ပြောစကား၊ ဆိုစကားကို နားမထောင်ပါလား မတင်နွယ်"

"ကျွန်မ ဘာများ လုပ်မိလို့လဲ၊ ရှင်က ရောက်ရောက်ချင်း ဆောက်နဲ့ ထွင်းနေပါလား"

မတင်နွယ်က ကိုမြင့်ဆွေကို မျက်နှာတင်းတင်းဖြင့် ကြည့်ရင်း ပြောသည်။

"မင်းအကြောင်း မင်းနားလည်မှာပါ မတင်နွယ်"

"ရှင် ကျွန်မကို ဘယ်လို မိန်းမစားမျိုး ထင်နေသလဲ ကိုမြင့်ဆွေ"

"ငါ ဘာစကားမှ မပြောချင်တော့ဘူး မတင်နွယ်၊ နောက်ကို ငါ့အိမ်ပေါ်မှာ တင်ထွန်းဆိုတဲ့ကောင်ကို မမြင်ချင်ဘူး။ မလာနဲ့လို့ မင်းပြောထား။ နောက်တစ်ခါ ဒီကောင့်ကို တွေ့လို့ကတော့ ငါ့အဆိုး မဆိုနဲ့ ဒါပဲ"

ကိုမြင့်ဆွေ ဒေါသဖြင့် ပြောသည်။ မတင်နွယ်က မျက်နှာကို တစ်ဖက်သို့ လှည့်ကာ ရှုံ့မဲ့နေသည်။ ကိုမြင့်ဆွေသည် အိပ်ခန်းထဲသို့





ဝင်သွား၏။

× × × × ×

"လာကြပါဦးဗျာ။ ဒီမှာ မတင်နွယ် ဒဏ်ရာကြီးနဲ့ သေနေလို့"

ကိုမြင့်ဆွေ အော်သံကြောင့် အနီးပတ်ဝန်းကျင်အိမ်မှ လူများသည် အိမ်ပေါ်သို့ ပြေးတက်လာကြ၏၊ အိမ်၏ ဧည့်ခန်းထဲတွင် မတင်နွယ်သည် သွေးအိုင်ထဲ၌ သေဆုံးနေသည်ကို အားလုံး မြင်တွေ့လိုက်ရ၏။ မတင်နွယ်၏ အလောင်းဘေးတွင် သားလှီးဓား တစ်ချောင်းကို တွေ့ရ၏။ ဓားတွင် သွေးများစွန်းထင်းနေ၏။

"မောင်မြင့်ဆွေ ဘယ်လိုဖြစ်တာလဲ"

ခြေရင်းအိမ်က ဦးမြအောင်က မေးသည်။

"ကျွန်တော် မြို့ထဲပွဲရုံက ပြန်လာတော့ ဒီအတိုင်း တွေ့ရတာပဲ"

လာရောက်ကြည့်ရှုသူများက ကိုမြင့်ဆွေကို သံသယမျက်လုံးဖြင့် အကဲခတ်သည်။ ရပ်ကွက်လူကြီးများ ရဲစခန်းသို့ သွားရောက်အကြောင်းကြားသည်။ လမ်းထိပ်တွင် တယ်လီဗေးရှင်း သွားကြည့်နေသော ကိုမြင့်ဆွေ သားသမီးများသည် အိမ်သို့ ပြန်ရောက်လာကြ၏။ သူ့အမေ၏ အလောင်းကို ကြည့်ကာ ရှိုက်ကြီးတငင် ငိုကြွေးကြသည်။ ကိုမြင့်ဆွေမှာမူ သူ့ဇနီးတစ်ယောက်လုံး ဓားဒဏ်ရာဖြင့် သေနေပေမယ့် ဘာမျှမဖြစ်သလိုပင်။

မကြာမီ ရဲစခန်းမှ ဒုရဲအုပ်ဇော်မောင်နှင့် ရဲတပ်ဖွဲ့ဝင်များ ရောက်ရှိလာ၏။ ဒုရဲအုပ်ဇော်မောင်က မတင်နွယ်အလောင်းကို စစ်ဆေးသည်။

"မတင်နွယ်ရဲ့ အလောင်းကို အခု အနေအထားအတိုင်း ဘယ်သူ အရင်မြင်တွေ့တာလဲ။ ကိုမြင့်ဆွေကကော ဘယ်မှာ ရှိနေသလဲ"

"ကျွန်တော် ပွဲရုံက ပြန်အလာမှာ မတင်နွယ် အခုလို ဒဏ်ရာကြီးနဲ့ သေနေတာ တွေ့ရတာပါပဲ"

"ခင်ဗျားက ဘယ်သူ့ပွဲရုံ သွားတာလဲ"

"ကိုညိုအောင် ပွဲရုံကို စာရင်းစာရွက်တွေ သွားပေးတာ"

"ခင်ဗျားနဲ့မတင်နွယ် မကြာခဏဆိုသလို စကားများ ရန်ဖြစ်ကြတယ်လို့ ကျွန်တော် သိထားတယ်။ အဲဒါ ဟုတ်ပါသလား'

ကိုမြင့်ဆွေက အိမ်နီးနားချင်းများ၏ မျက်နှာများကို လိုက်ကြည့်၏။

"ဟုတ်. . . ဟုတ်ပါတယ်"

"ဘာကြောင့် စကားများ ရန်ဖြစ်ရတာလဲ"

"အိမ်ထောင်ရေး ကိစ္စကြောင့်ပါ"

ထိုစဉ် အိမ်ပေါ်သို့ လူတစ်ဦး ပြေးတက်လာ၏။ ဒုရဲအုပ်ဇော်မောင်က လှမ်းကြည့်သည်။

"မမတင်နွယ် အသတ်ခံရလို့ဆို။ လက်ဖက်ရည်ဆိုင်က





ကြားလာလို့။ ဖြစ်မှဖြစ်ရလေဗျာ"

ကိုမြင့်ဆွေက မောင်တင်ထွန်း၏ မျက်နှာကို စိမ်းစိမ်းကြည့်သည်။

မောင်တင်ထွန်းက မတင်နွယ်၏ အလောင်းကို သွားကြည့်သည်။ ပတ်ဝန်းကျင်မှ လူများသည် မျက်လုံးချင်း စကားပြောနေကြမှန်းကို ကိုမြင့်ဆွေ မြင်သည်။ ဒုရဲအုပ်ဇော်မောင်က ကိုမြင့်ဆွေ၏ ခေါင်းရင်းအိမ်နှင့် ခြေရင်းအိမ်မှလူများကို တီးတိုးမေးမြန်းနေ၏။

"ပတ်ဝန်းကျင်အိမ်က လူတွေကတော့ ဒီည ခင်ဗျားခြံထဲကို လူဝင်လူထွက် မတွေ့ဘူးလို့ ပြောကြတယ်။ ခင်ဗျားနဲ့ မတင်နွယ်က တစ်ဦးနဲ့တစ်ဦး စကားမပြောကြတာလဲ ကြာပြီဆို ကိုမြင့်ဆွေ။ မကြာခဏလဲ ခင်ဗျားတို့ လင်မယားစကားများကြတယ်၊ ခင်ဗျားက မတင်နွယ်ကို လူမှုရေးကိစ္စ မရိုးသားတဲ့ပြစ်မှုကို ကျူးလွန်နေသူလို့ ထင်ထားတာဆိုတော့ မတင်နွယ်ကို ခင်ဗျား သတ်ပစ်လိုက်တာလား"

"မ. . . မဟုတ်ဘူးဆရာ"

"ဒါဆို မတင်နွယ်ကို ဘယ်သူသတ်သလဲ"

"ကျွန်တော် မသိဘူး"

"မတင်နွယ်ကို ခင်ဗျား သတ်ပြီးတော့မှ အသတ်ခံထားရသလို ပတ်ဝန်းကျင်ကို အော်ဟစ်အကူအညီတောင်းတာလဲ မဖြစ်နိုင်ဘူးလား။ ခင်ဗျား ကိုညိုအောင်ရဲ့ ပွဲရုံကိုသွားတာ ဘယ်အချိန်လဲ၊ ပြန်တာရော ဘယ်အချိန်လဲ"

"ဒီည (၇)နာရီလောက်က သွားတာ"

"အခု (၁၀) နာရီခွဲဆိုတော့ ခင်ဗျား မိန်းမအလောင်းကို ခင်ဗျား တွေ့တော့ (၁၀)နာရီလောက်ကပေါ့"

"ဟုတ်ပါလိမ့်မယ်"

"ဆယ်နာရီ မထိုးခင်လောက်ပါ ဆရာ"

"ကိုညိုအောင်ကို တပ်ကြပ်ထိန်လင်း သွားမေးစမ်းကွာ။ သူ့ဆီကို ကိုမြင့်ဆွေ ရောက်လာချိန်နဲ့ ပြန်သွားချိန်"

"ဟုတ်ကဲ့ ဆရာ"

ဒု ရဲအုပ်ဇော်မောင်က မတင်နွယ်၏ အလောင်းအနီးမှ သွေးစွန်းနေသော သားလှီးဓားကို သက်သေလူကြီးများ၏ ရှေ့တွင် ရှာဖွေပုံစံဖြင့် သိမ်း ဆည်းလိုက်၏။ ထို့နောက် အိမ်၏ အနောက်ဘက် မီးဖိုချောင်ကို သွားရောက် စစ်ဆေးသည်။ မီးဖိုချောင် တံခါးသည် အခိုင်အမာ ဂျက်ထိုးထား၏။ အိမ်ဘေးပတ်လည်ကို စစ်ဆေးကြည့်ရာ မည်သည့်သဲလွန်စကိုမျှ မတွေ့ရ။ တပ်ကြပ်ထိန်လင်း ပြန်ရောက်လာ၏။

"ဘာပြောလဲ ထိန်လင်း"

"ကိုမြင့်ဆွေ သူ့ဆီကို ရှစ်နာရီခွဲလောက်ကလာပြီး ဆယ်နာရီ မတ်တင်းလောက်က ပြန်သွားတယ်တဲ့။ ကျွန်တော်က မတင်နွယ် အသတ်ခံရတာကို ပြောပြလို့ သူအတော် အံ့ဩနေရှာတယ်"

တပ်ကြပ်ထိန်လင်းက ဒု-ရဲအုပ်ဇော်မောင်ကို ပြောပြသည်။





"ကဲ. . . ဘယ်လိုလဲ ကိုမြင့်ဆွေ၊ ခင်ဗျားပြောတော့ (၇)နာရီ ကတည်းက ပွဲရုံကိုသွားခဲ့တာဆို။ အချိန်တစ်ရီခွဲ ကွာဟနေပါလား"

"ဟို. . . ဟိုဆရာ"

ကိုမြင့်ဆွေမှာ ဆက်ပြောရန် စကားစရှာမရသလို ဖြစ်သွား၏။

"ပြောလေ ကိုမြင့်ဆွေ"

"ကျွန်တော် ဘာမှ မပြောချင်တော့ပါဘူး"

"ဒါဆို ခင်ဗျား မတင်နွယ်ကို သတ်ခဲ့တာလား"

ကိုမြင့်ဆွေ မဖြေ။

"လောလောဆယ် အလောင်းနားမှာ ခင်ဗျားကိုပဲ တွေ့တယ်လို့ ရပ်ကွက်သားတွေက တညီတညွတ်တည်း ထွက်ဆိုထားတော့ ခင်ဗျားကိုပဲ လူသတ်မှုရဲ့ သံသယတရားခံလိုပဲ ယူဆထားရမှာပဲ"

ဒု-ရဲအုပ်ဇော်မောင်က ကိုမြင့်ဆွေကို ရဲစခန်းသို့ ခေါ်လာကာ ခေတ္တထိန်းသိမ်းထားလိုက်သည်။

× × × × ×

မယားဖြစ်သူ မတင်နွယ်ကို ယောကျ်ားဖြစ်သူ ကိုမြင့်ဆွေက သတ်ပစ်လိုက်သည်ဆိုသည့် သတင်းက တစ်မြို့လုံးသို့ ပျံ့နှံ့၍ သွားသည်။

ဒု-ရဲအုပ်ဇော်မောင်က အခင်းဖြစ်ပွားစဉ်က အသတ်ခံရသူ မတင်နွယ်၏ အလောင်းဘေးမှ ဓာတုဗေဒဌာနသို့ ပေးပို့ကာ ဓားမှ

လက်ဗွေရာကို စစ်ဆေးခိုင်းသည်။

"အခု ထိန်းသိမ်းထားတဲ့ ကိုမြင့်ဆွေက သူ့မယားမတင်နွယ်ကို ခြေရင်းအိမ်က မောင်တင်ထွန်းဆိုတဲ့ လူနဲ့ မသင်္ကာဖြစ်လို့ မတင်နွယ်နဲ့ ကိုမြင့်ဆွေဟာ စကားမပြောကြတာ ကြာပြီတဲ့ဆရာ။ အချစ်ကြီးတော့ အမျက်ကြီးဆိုသလို သူ့မယားကို သူကိုယ်တိုင် သတ်လိုက်တာများလား"

"ငါတို့ စစ်မေးတိုင်း ကိုမြင့်ဆွေက အင်းမလုပ် အဲမလုပ်နဲ့ ကျွန်တော့်ကို လူသတ်တရားခံလို့သာ သတ်မှတ်လိုက်ပါဆိုတော့ စဉ်းစားရခက်နေတယ်။ ဓာတုဗေဒဌာနက လက်ဗွေရာနဲ့ မတင်နွယ် အသတ်ခံရတဲ့အချိန်ကို မှုခင်းဆရာဝန်ဆီက ရလာရင်တော့ အဖြေတစ်မျိုး ဖြစ်လာနိုင်တယ်"

"ကိုမြင့်ဆွေရဲ့ ခြေရင်းအိမ်က ဦးမြအောင် ပြောပြတာကတော့ မတင်နွယ်ဟာ သိပ်ရိုးသားပြီး အေးဆေးတဲ့ မိန်းကလေးတဲ့။ ကိုမြင့်ဆွေက သဝန်တိုတတ်တယ်တဲ့။ ဟိုတစ်လောကတော့ မတင်နွယ်က ဦးမြအောင်ကို သူနဲ့မောင်တင်ထွန်းကို ကိုမြင့်ဆွေက မယုံသင်္ကာပြောလို့ စကားများထားတဲ့အကြောင်း ပြောပြတယ်တဲ့။ မောင်တင်ထွန်းရဲ့ စာရိတ္တကို လေ့လာကြည့်တော့ အဲဒီဘက်မှာ ရှုပ်ရှုပ်ထွေထွေ မရှိဘူး"

ဒု-ရဲအုပ်ဇော်မောင်သည် မတင်နွယ်အသတ်ခံရမှုနှင့် ပတ်သက်ပြီး စဉ်းစားမရအောင် ဖြစ်နေလေ၏။ ကိုညိုအောင်က





ကိုမြင့်ဆွေကို နံနက်တစ်ခါ၊ ညနေတစ်ခါ လာရောက်တွေ့ဆုံကာ စားစရာများလာ၍ ပို့၏။

မှုခင်းဆရာဝန်ထံမှ ဆေးစာနှင့် ဓာတုဗေဒဌာနမှ လက်ဗွေစစ်ဆေးတွေ့ရှိချက်တို့ကို သည်ကနေ့ ရရှိသည်။ မှုခင်းဆေး ဆရာဝန်စစ်ဆေးချက်တွင် မတင်နွယ်သည် ည(၉)နာရီအချိန်ခန့်တွင် သေဆုံးသွားသည်ဟု မှတ်ချက်ပြုထား၏။ သားလှီးဓားမှ လက်ဗွေရာမှာလည်း မတင်နွယ်၏လက်ဗွေရာဟု ဓာတုဗေဒဌာနက အကြောင်းပြန်ကြားသည်။

ဒု-ရဲအုပ်ဇော်မောင်က ကိုမြင့်ဆွေကို အချုပ်ခန်းထဲမှ ထုတ်လာသည်။ သူ့စားပွဲရှေ့မှ ထိုင်ခုံတွင် ဝင်ထိုင်ခိုင်း၏။

"ကျွန်တော့်ကို စစ်မေးမနေပါနဲ့တော့ ဆရာရယ်၊ မတင်နွယ်ကို ကျွန်တော်သတ်တယ်လို့ပဲ သတ်မှတ်လိုက်ပါ"

"မဟုတ်သေးပါဘူး ကိုမြင့်ဆွေ။ မတင်နွယ်ကို ခင်ဗျား မသတ်နိုင်ဘူးဆိုတာ ကျွန်တော်သိနေပြီ။ ပြီးတော့ မတင်နွယ်ဟာ ခင်ဗျား ကိုညိုအောင်ပွဲရုံရောက်နေချိန်မှာ အသတ်ခံရတာပဲ။ ခင်ဗျားကို သံသယတရားခံအဖြစ်က ခွင့်လွှတ်လိုက်ပါပြီဗျာ။ ဒါပေမယ့် ခင်ဗျားကို ကျွန်တော်မေးစရာတစ်ခုရှိတယ်။ အဲဒါကတော့ ခင်ဗျား အဲဒီညက အိမ်က(၇)နာရီကျော်မှာ ထွက်သွားပြီး ကိုညိုအောင်ပွဲရုံကို ည(၈)နာရီခွဲမှ ရောက်တယ်ဆိုတာပဲ"

"ဟင် . . . , အမှန်အတိုင်း ဝန်ခံရရင်တော့ အဲဒီညက

ကျွန်တော်အိမ်က အစောကြီးထွက်ဟန်ပြပြီး ခြံထဲကို ပြန်ဝင်တယ်။ အိမ်အောက်ထဲဝင်နေပြီး မတင်နွယ်ရဲ့ အရိပ်အခြေကို အကဲခတ်တာပဲဆရာ။ မတင်နွယ်နဲ့ မောင်တင်ထွန်းကို ကျွန်တော်က ဟို. . . ဟို"

"ကျွန်တော် သဘောပေါက်ပါပြီ ကိုမြင့်ဆွေ"

ထိုစဉ် ရဲစခန်း၏ ရုံးခန်းထဲသို့ လူငယ်တစ်ဦးဝင်လာ၏။ သူကား မောင်တင်ထွန်း။

"ဘာ အကူအညီ ပေးရမလဲခင်ဗျာ"

"ကျွန်တော့်နာမည် တင်ထွန်းပါ။ အစ်မတင်နွယ် သေဆုံးမှုမှာ ပတ်သက်နေလို့ပါ"

"ဟင်"

ကိုမြင့်ဆွေက မောင်တင်ထွန်းမျက်နှာကို ခက်ထန်သော မျက်လုံးများဖြင့် ကြည့်သည်။ မောင်တင်ထွန်းသည် ကိုမြင့်ဆွေ၏ မျက်လုံးများကို ရင်မဆိုင်ရဲသည်ထင့် ဦးခေါင်းကို အောက်သို့ ငုံ့ထားလေ၏။

"ဘယ်လို ပတ်သက်နေတယ်ဆိုတာ ပြောပြစမ်းပါဦး မောင်တင်ထွန်း"

ဒု-ရဲအုပ်ဇော်မောင်က မေးသည်။

"ဒီလိုပါ ဆရာ"

× × × × ×

"အစ်မတင်နွယ် . . . အစ်မတင်နွယ်"





မောင်တင်ထွန်းက အော်ခေါ်ရင်း အိမ်ပေါ်သို့ တက်လာခဲ့၏။ မတင်နွယ်သည် အိပ်ခန်းထဲမှ ပြေးထွက်လာ၏။

"ဟင် . . . မောင်တင်ထွန်း"

"အစ်မ အိမ်မှာ ကလေးတွေ မမြင်ပါလား"

"ဟုတ်တယ် မောင်တင်ထွန်း၊ လမ်းထိပ်က အိမ်မှာ တယ်လီဗေးရှင်းသွားကြည့်ကြတယ်၊ ကိုမြင့်ဆွေလဲ ပွဲရုံဘက်သွားတယ်၊ အစ်မတစ်ယောက်တည်း မင်း ပြန်တော့ မောင်တင်ထွန်း"

"ဟာ. . . အစ်မကလဲ ဘယ်လို ဖြစ်တာလဲ"

"ကိုမြင့်ဆွေက မင်း အိမ်လာတာကို မကြိုက်ဘူး၊ မင်းနဲ့ငါ့ကို သူက . . . အို. . . ပြောလို့ မကောင်းပါဘူး၊ မင်း သွားပါတော့ကွယ်"

မတင်နွယ်က မောင်တင်ထွန်းကို ပြောသည်။

"အစ်မကလဲဗျာ၊ အစ်မနဲ့ကျွန်တော်က မောင်ရင်း အစ်မရင်းလို ခင်ကြတာပဲ"

"ငါ မင်းကို တောင်းပန်ပါတယ်နော်၊ အခုအချိန် ကိုဆွေပြန်လာရင် နဂိုကတည်းကမှ မယုံသင်္ကာဖြစ်နေတာ ငါနဲ့ပြဿနာ ဖြစ်နေကြမယ်"

မောင်တင်ထွန်းသည် ဘာမှမကြားသလို နေ၏။ မတင်နွယ် ဒေါသဖြစ်သွားပုံရ၏။ တစ်ခဏချင်းပင် မီးဖိုချောင်ထဲသို့ ဝင်သွားကာ သားလှီးဓားကို ယူလာ၏။

"ငါ့ ယောကျ်ား အထင်လွဲတာတော့ ငါမခံချင်ဘူး။ ငါဟာ

ဖောက်ပြန်တတ်တဲ့ မိန်းမလည်း မဟုတ်ဘူး။ ငါ့ယောကျ်ား အခုလို ငါ့အပေါ် တစ်မျိုးမြင်နေတာကိုပဲ သေမလောက် ရှက်မိတယ်။ ငါ့ အသက်နဲ့ အရှက်နဲ့လဲပစ်မယ်"

ဒေါသသံ ပြောပြောဆိုဆို မတင်နွယ်က သားလှီးဓားကို မြှောက်ထား လေ၏။

"ဘာဖြစ်လို့ ဖြစ်ရတာလဲ အစ်မရယ်"

မောင်တင်ထွန်းက မတင်နွယ်၏ လက်ထဲမှ ဓားကို အတင်း ဆွဲလုသည်။

"ငါ့လက်ကို လွှတ်စမ်း မောင်တင်ထွန်း"

"အစ်မလက်ထဲက ဓား ကျွန်တော့်ကို ပေး"

"မပေးဘူးဟယ် . . . လွှတ်စမ်း"

မတင်နွယ်က မောင်တင်ထွန်း၏ လက်ထဲမှ အတင်းရုန်း သည်။ ထိုသို့ ရုန်းကန်ရင်း နှစ်ဦးသားသည် ကြမ်းပြင်ပေါ်သို့ လဲကျ သွားလေသည်။

"အား . . . အမလေး"

"ဟာ"

မတင်နွယ်၏ လက်ထဲမှ သားလှီးဓားသည် မတင်နွယ်၏ ရင်ဝသို့ ထိုးမိသွား၏။ မတင်နွယ်က ဓားကို ဆွဲနှုတ်သည်။ ထို့နောက် ကြမ်းပြင်ပေါ်သို့ လွှင့်ပစ်လိုက်၏။

"အစ်မတင်နွယ်"





မောင်တင်ထွန်းက မတင်နွယ်ကို လှုပ်ခေါ်သည်။ မတင် နွယ်သည် ငြိမ်သက်သွားလေ၏။

"အစ်မတင်နွယ် အသက်မရှိတော့ဘူး"

× × × × ×

"ဩော် . . . အဖြစ်အပျက်က ဒီလိုကိုး။ ကိုမြင့်ဆွေကို ထိန်း သိမ်းထားစဉ်က ဒီအကြောင်းကို ဘာလို့ လာမပြောပြရတာလဲ"

"ကျွန်တော့်ကိုများ အမှုပတ်နေမလားလို့။ တရားခံမဟုတ် ဘဲ ကိုမြင့်ဆွေ အဖမ်းခံနေရတာကို ကိုယ်ချင်းစာမိလို့ အခုလို လာပြောပြရတာပါ အစ်ကို"

"ကိုမြင့်ဆွေကတော့ အိမ်ပြန်နိုင်ပါပြီ။ မတင်နွယ်ရဲ့ အမှုကို ရုံးတင်တဲ့အခါ မောင်တင်ထွန်းကတော့ စစ်မေးခံရလိမ့်ဦးမယ်"

ကိုမြင့်ဆွေသည် သွက်လက်သော ခြေလှမ်းများဖြင့် မတင် နွယ်၏ အစ်မအိမ်သို့ လာခဲ့လေ၏။ သူ့ကိုမြင်လျှင် သူ့သားသမီးများ ပျော်ရွှင်နေကြမည်ကို သူသိနေ၏။ ပျော်ရွှင်ချမ်းမြေ့ခဲ့ရသည့် သူတို့ အိမ်ထောင်ရေးသည် သူ၏ သဝန်တိုတတ်မှုကြောင့် သူ့ဇနီးမတင်နွယ် သည် မသေဆုံးသင့်ဘဲ သေခဲ့ရပါလားဟု နောင်တရနေမိ၏။ အမိမဲ့ သားသမီးတို့၏ ဘဝကို စာနာမိ၏။

"ကိုယ့်ကို ခွင့်လွှတ်ပါ မတင်နွယ်ရယ်"

သူ၏ တီးတိုးစကားသံသည် ရင်ထဲတွင် ပဲ့တင်ထပ်နေ၏။

*မြစ်မှုမဂ္ဂဇင်း၊ ဇန်နဝါရီ၊ ၁၉၉၈*



# စိတ်ရိုင်း



## စိတ်ရိုင်း

ကိုတင်ထွန်းက မင်းစိုး၏ လက်မောင်းကို ဆုပ်ကိုင်၍ အတင်းဆွဲ ခေါ်လာသည်။ မင်းစိုးက မလိုက်ချင်လိုက်ချင်နှင့် ပါလာ၏။ ကိုတင်ထွန်း၏မျက်နှာတွင် စိတ်ပျက်နေပုံပေါ်နေသည်။ ကိုတင်ထွန်းက မင်းစိုးကို အိမ်ပေါ်ရောက်သည်အထိ ခေါ်လာသည်။ ခြေသံပြင်းပြင်းနင်းပြီး တက်လာသည့် အသံများကြောင့် အိပ်ခန်းထဲမှ အသက်(၄၅)နှစ်အရွယ် အမျိုးသမီးတစ်ဦးထွက်လာသည်။

"ဟယ်. . . ကိုတင်ထွန်း၊ သား မင်းစိုး ဘာဖြစ်လာတာလဲ"

ကိုတင်ထွန်းက မင်းစိုးကို ထိုင်ခုံတွင် ထိုင်ခိုင်းလိုက်၏။

"နင့်သား တော်တော်မကောင်းဘူးဟာ"

ကိုတင်ထွန်းက ထိုင်ခုံပေါ်သို့ ခြေပစ်လက်ပစ်ထိုင်ချရင်း ပြော၏။ အမျိုးသမီးက ကိုတင်ထွန်း၏ အနီးတွင် လာ၍ ထိုင်သည်။

"ဘာတွေ မကောင်းတာလဲ၊ ပြောစမ်းပါဦး"

"နင့်သားက ကိုအောင်ဝင်း သမီး ခင်မြမွန်ကို မဟားတရား ကြံလို့"

"ဟင်"

အမျိုးသမီးအံ့ဩသွားသည်။ သူ၏ သား မင်းစိုးကိုလည်း ဒေါသမျက်လုံးများဖြင့် ကြည့်သည်။

"ဟုတ်တယ် မစိုးကြည်၊ ကောင်မလေးက ငိုယိုပြီး အိမ်ပြန် သွားတယ်။ အရပ်ထဲက လူတွေက နင်တို့သားမှန်း သိလို့သာပေါ့။ တခြားသူသာဆို ရင်ပိုင်းရိုက်ကြမှာ သေချာတယ်"

ကိုတင်ထွန်းက ခေါင်းကို ဘယ်ညာယမ်းရင်း ပြောသည်။

"ဟုတ်သလား ကိုစိုး"

မစိုးစိုးကြည်က ဒေါသသံဖြင့် မေးသည်။ မင်းစိုးက ခေါင်း ညိတ်ပြပြီး ခေါင်းငုံ့သွားသည်။

"သူ့အဖေက ခရီးထွက်နေတယ်။ ပြန်လာလို့ အခုကိစ္စကို သိလို့ကတော့ သူ့ကို သေအောင်ရိုက်မှာ ကိုတင်ထွန်းရဲ့၊ နင် ဘာလို့ သူများသားပျို သမီးပျိုကို စော်ကားချင်ရတာလဲ။ နင့်မှာ နှမသားချင်း တနာစိတ်မရှိဘူးလား။ နင့်ကြောင့် ကိုအောင်ဝင်း၊ မသန်းအေးတို့





မျက်နှာကို ဘယ်လိုကြည့်ရမလဲ။ အခု ကိစ္စကို သွားပြီး တောင်းပန်ရ ရင် ကောင်းမလား"

မစိုးစိုးကြည်က ကိုတင်ထွန်းကို အကြံဉာဏ်တောင်းသည်။

"အခု လောလောဆယ်သွားပြီး တောင်းပန်လို့ မဖြစ်သေး ဘူး"

သူတို့က သူတို့ သမီးကို အစော်ကားခံထားရတာဆိုတော့ သွေးပူပြီး ဒေါသဖြစ်နေမှာပဲ။ မချေမငံ ပြောဆိုလွှတ်မှာ အမှန်ပဲ။ သူတို့ဘက်က သတင်းကို ကြားလူနဲ့ စုံစမ်းပြီး အခြေအနေကောင်း မကောင်း လေ့လာပါဦး"

"ကျွန်မတော့ အပြင်ထွက်ရမှာတောင် ရှက်မိတယ်။ အခုအ ချိန်ဆို ဒီသတင်းက တစ်ရွာလုံး ပြန့်နှံ့နေရောပေါ့။ တစ်သက်လုံး သိက္ခာရှိရှိနေလာခဲ့တာ၊ ဒီကောင့်ကြောင့် သူများ အပြောအဆိုခံရဦး မယ်"

"သူ့ကိုလဲ ဘယ်မှမသွားစေနဲ့၊ ငါ ရွာထဲမှာ အောင်ဝင်းတို့ ဘက်က သတင်းစုံစမ်းကြည့်ဦးမယ်။ မင်းစိုးရယ် တစ်ရွာတည်းသား ချင်းတွေ မင်း ဒီလို မလုပ်သင့်ဘူး"

"ကျွန်တော်လည်း ရုတ်တရက် တွေ့လိုက်ရတော့ စိတ်မိုက် ဝင်သွားတာ"

"ငါ သွားဦးမယ် မစိုးကြည်"

"ဟုတ်ကဲ့ ကိုတင်ထွန်း"

ကိုတင်ထွန်းက အိမ်ပေါ်မှ ဆင်းသွားသည်။ မစိုးကြည်က မင်းစိုးကို ရွံမုန်းသော မျက်လုံးများဖြင့် ကြည့်သည်။ လှေကားမှတက်လာသောအသံကို မစိုးစိုးကြည် ကြားလိုက်မိ၏။

"ဟင်. . . မလှထွေး၊ လာလေ"

"နင့်သားက အောင်ဝင်းသမီးကို မတရားကြံစည်လို့ဆိုပြီး အောင်ဝင်းတို့တစ်မိသားစုလုံး ဒေါသူပုန်ထနေလေရဲ့"

"ကျွန်မသားက အမှားကျူးလွန်မိတာဆိုတော့ ဘယ်လိုတောင်းပန်ရမှန်းမသိတော့ဘူး"

"လောလောဆယ်တော့ ဒီရွာမှာ နင့်သားကို မနေခိုင်းရင်ကောင်းမယ်။ သွေးပူနေချိန်ဆိုတော့ တစ်ဖက်က ရန်ရှာမှာ စိုးရိမ်ရတယ်"

"သေသာသေလိုက်ချင်တယ် မလှထွေးရယ်"

မစိုးစိုးကြည်က စိတ်ပျက်စွာ ပြောသည်။ မင်းစိုးက အခန်းထဲသို့ ဝင်သွားသည်။ ညစာကျွေးသော်လည်း မစား။ မစိုးစိုးကြည်၏ စိတ်ထဲတွင် လေးပင်နေ၏။

"သာယာဝတီက သားရဲ့ သူငယ်ချင်းအိမ်မှာ ရှောင်နေရင်ကောင်းမယ်"

မင်းစိုးက ခေါင်းညိတ်သည်။ ငွေနှင့်အဝတ်အစားများယူပြီး ညတွင်းချင်း သာယာဝတီမှ သူငယ်ချင်းအိမ်သို့ မင်းစိုးသွားသည်။ သူ့အမေနှင့်စိတ်ဆိုး၍ အိမ်မှ ဆင်းလာသယောင် သူငယ်ချင်းကို





အကြောင်းပြသည်။

× × × × ×

နောက်တစ်နေ့ နံနက် ၁၀နာရီတွင် မစိုးစိုးကြည်၏ အိမ်သို့ ရဲတပ်ဖွဲ့ဝင်များ ရောက်ရှိလာသည်။ မစိုးစိုးကြည် ရင်ထဲတွင် စိုးထိတ်နေ၏။

"ကျွန်တော်က သာယာဝတီရဲစခန်းက ဒုရဲအုပ် ဇော်မင်းနိုင်ပါ။ အစ်မကြီးရဲ့သား မင်းစိုးက အောင်ဝင်းရဲ့သမီး မခင်မြမွန်ကို အလိုမတူဘဲ သားမယားအဖြစ် ပြုကျင့်ဖို့ ကြံစည်အားထုတ်လို့ မခင်မြမွန်က ကျွန်တော်တို့ ရဲစခန်းမှာ အမှုဖွင့်တိုင်ကြားထားပါတယ်။ အဲဒါကြောင့် မင်းစိုးကို ကျွန်တော်တို့ လာရောက်ဖမ်းဆီးတာပါ"

"ရှင်"

မစိုးစိုးကြည်၏ ရင်ထဲတွင် ဒိန်းခနဲ နှလုံးခုန်သွားသည်။

"အခု မင်းစိုး ဘယ်မှာလဲ"

"အဲဒီနေ့ ညကပဲ ကြောက်လန့်ပြီး ထွက်ပြေးသွားပါပြီ"

"အစ်မကြီးတို့ အိမ်ထဲမှာ ဝင်ရှာပါရစေ"

ဒုရဲအုပ်ဇော်မင်းနိုင်နှင့်အဖွဲ့က မစိုးစိုးကြည်၏ အိပ်ခန်းများထဲသို့ ဝင်၍ ရှာဖွေကြသည်။ မင်းစိုးကို မတွေ့ရ။

"အားမနာတမ်းပြောရရင် မင်းစိုးဟာ ခုအချိန်မှာ ပြစ်မှုကျူးလွန်ထားသူ ဖြစ်ပါတယ်။ အဲဒီတော့ မင်းစိုးသွားနိုင်မယ်ထင်တဲ့

နေရာတွေကို အစ်မကြီးက ပြောပြပေးပါ။ အစ်မကြီးနဲ့ အစ်မကြီး ခင်ပွန်းတို့ရဲ့ ဆွေမျိုးသားချင်း လိပ်စာအကုန်လုံး သိချင်ပါတယ်။ သားကိုချစ်တဲ့စိတ်နဲ့ ဖုံးကွယ်ပေးထားမယ်ဆိုရင်တော့ ဥပဒေအရ အရေးယူရပါလိမ့်မယ်။ ဘယ်လိုမှတော့ သဘောမထားပါနဲ့"

ဒုရဲအုပ်ဇော်မင်းနိုင်က လူငယ်ပီပီ စကားခပ်ပြတ်ပြတ် ပြောလိုက်သည်။ မစိုးစိုးကြည်က ဆွေမျိုးသားချင်းများ၏ လိပ်စာများကို စဉ်းစားပြီး ပြောပြသည်။ သားအတွက် စိုးရိမ်မိ၍ ငိုနေသည်။

"အစ်မကြီးရဲ့အိမ်ကို မင်းစိုး ပြန်ရောက်လာရင်လဲ ကျွန်တော်တို့ဆီ အကြောင်းကြားပြီး အပ်နှံပါ၊ ရာဇဝတ်ဘေးဆိုတာ ဘယ်တော့မှ ပြေးမလွတ်ပါဘူး။ သူ ကျူးလွန်ခဲ့တဲ့ပြစ်မှုကို တရားရုံးမှာ ရင်ဆိုင်ဖြေရှင်းတာဟာ အကောင်းဆုံးပါပဲ"

ဒုရဲအုပ် ဇော်မင်းနိုင်နှင့်အဖွဲ့က နီးစပ်ရာ ကျေးရွာများတွင် မင်းစိုးသတင်းကို စုံစမ်းသည်။ သို့သော် စုံစမ်းမရဘဲ ရှိနေခဲ့သည်။ ဒုရဲအုပ်ဇော်မင်းနိုင်ကလည်း ဇွဲမလျှော့။

"အခင်းဖြစ်ပွားတဲ့ ညနေအထိ မင်းစိုးဟာ ရွာထဲမှာပဲရှိနေပြီး ညဘက်မှာ ထွက်ပြေးတိမ်းရှောင်သွားတယ်လို့ သတင်းအတိအကျ ရပြီးပြီ၊ ဒီကောင် ရွာက ထွက်သွားတဲ့ လမ်းကြောင်းအရဆိုရင် မင်းစိုးဟာ သာယာဝတီမြို့ကို ရောက်နေတယ်"

ဒုရဲအုပ်ဇော်မင်းနိုင်က နယ်ထိန်းရဲတပ်ဖွဲ့ဝင်များကို ပြောသည်။ ဒုရဲအုပ်ဇော်မင်းနိုင်က မင်းစိုး၏ ပုံသဏ္ဌာန်ကို နယ်ထိန်း





ရဲတပ်ဖွဲ့ဝင်များကို အသေးစိတ်ပြောပြသည်။

× × × × ×

"တောက် တရားဥပဒေကို လေးစားလိုက်နာနေလို့သာပေါ့။ နို့မို့သာဆိုလျှင် မင်းစိုးဆိုတဲ့ကောင်ကို ငါ သတ်မိမှာအမှန်ပဲ"

မခင်မြမွန်၏ အဖေ ကိုအောင်ဝင်းက ပြောသည်။ မခင်မြမွန်က ငိုရှိုက်နေသည်။ မခင်မြမွန်၏အမေ မသန်းအေး၏ မျက်နှာမှာလည်း ညှိုးငယ်နေသည်။

"ငါတို့ မိသားစုကို အရှက်တကွဲ အကျိုးနည်းအောင်လုပ်တဲ့ကောင်၊ အခုဆိုရင် အိမ်ထဲက အိမ်ပြင်ထွက်ရမှာတောင် လိပ်ပြာမသန့်ဘူး။ ငါ့သမီးလေးလဲ သနားစရာကောင်းလိုက်တာ။ ဘာမှ စိတ်ညစ်မနေပါနဲ့ သမီးရယ်။ သူက ယုတ်မာစော်ကားတာပဲ။ အရပ်ထဲက လူတွေကလဲ သမီးကို နားလည်ပေးကြမှာပါ။ ငါ့သမီးလေး ဒီလူယုတ်မာကြောင့် ဘဝရေတိမ်မနစ်ခဲ့တာ ကံကောင်းတယ် . . . ဟင်း"

ကိုအောင်ဝင်းက ပြောရင်း သက်ပြင်းချသည်။

"အခု အဲဒီကောင်ကို ရဲက ဖမ်းမမိသေးဘူးဆို၊ ဟုတ်သလား"

"ဒီကောင် ဘယ်လောက်ကြာအောင် ရှောင်ပြေးနေနိုင်မှာမို့လဲ။ ရဲက အပူတပြင်း လိုက်ရှာနေပါတယ်။ ဒီကောင်လေးရဲ့ မျက်နှာကို မကြည့်ချင် မမြင်ချင်ဘူး"

"ဒေါ်သတွေ လျှော့စမ်းပါ ကိုအောင်ဝင်းရယ်"

ကိုအောင်ဝင်း၏ မျက်နှာက ခက်ထန်နေဆဲ။

× × × × ×

သာယာဝတီမြို့၏ သမ္ဗာဆန္ဒဆွမ်းလောင်းပွဲတော်ကြီးကို ကျင်းပတော့မည်ဖြစ်၍ သာယာဝတီဈေးလမ်းတစ်လျှောက် ဈေးဆိုင်ခန်းများချထားမည့်နေရာများတွင် အနယ်နယ်အရပ်ရပ်မှ ဈေးသည်များက ဆိုင်ခန်းများဖွင့်ပြီး ရောင်းချနေကြလေ၏။

"ပွဲတော်မှာ အနယ်နယ်က လူတွေရောက်လာပြီဆိုတော့ မင်းစိုးသတင်းစုံစမ်းရတာ လွယ်မယောင်နဲ့ ခက်တော့မယ်"

"ပွဲဈေးတန်းဈေးဆိုင်မှာ မင်းစိုးကို မြင်တွေ့လိုက်ရတယ်လို့ ကျွန်တော်သတင်းရထားတယ်။ ဘယ်ဈေးဆိုင်နဲ့ ပတ်သက်သိကျွမ်းနေသလဲဆိုတာ စုံစမ်းရမယ်"

ဒုရဲအုပ်ဇော်မင်းနိုင်က ပွဲတော်ဈေးဆိုင်ခန်းတွင် မင်းစိုး၏ ပုံပန်းသဏ္ဍာန်ကို ပြောပြပြီး စုံးစမ်းသည်။ (. . .)ဈေးသည်၏ ဆိုင်တွင် မင်းစိုးနေထိုင်သွားကြောင်း သတင်းရသဖြင့် ဒုရဲအုပ် ဇော်မင်းနိုင် ဝမ်းသာသွားသည်။

"ခင်ဗျားဆိုင်မှာ ပုဒ်မ ၃၇၆/၅၁၁ တရားခံပြေးမင်းစိုး နေထိုင်သွားတယ်ဆိုတာ ကျွန်တော် သတင်းအတိအကျရထားတယ်။ ခင်ဗျားကို ကျွန်တော့်မိတ်ဆွေတစ်ဦးလို သဘောထားပြီးမေးမယ်။ မင်းစိုး ဘယ်ကို ရှောင်ပြေးသွားသလဲဆိုတာ ပြောပြပါ"





ဆိုင်ရှင်က ဣန္ဒြေမပျက်။

"ကျွန်တော့်ဆိုင်မှာ ဒီကောင်လေးနေသွားတာတော့ ဟုတ်ပါတယ်။ အခု သူ ဘယ်ထွက်သွားသလဲဆိုတာတော့ ကျွန်တော် မသိပါဘူး"

ဒုရဲအုပ် ဇော်မင်းနိုင်က မချိုပြုံး ပြုံးသည်။

'တရားခံပြေးမှန်းသိလျက် လက်ခံထားတာရယ်၊ တရားခံပြေးလွတ်မြောက်ရေးအတွက် ဖုံးကွယ်ပေးထားတာကို ဥပဒေအရ အရေးယူလို့ရတယ်။ ကျွန်တော်မေးတာကို ခင်ဗျားအမှန်အတိုင်း မပြောဘဲ လိမ်ညာနေမယ်ဆိုရင်တော့ ခင်ဗျားကို အမှုဖွင့်အရေးယူရမှာပဲ"

"ဗျာ"

ဆိုင်ရှင်သည် ဒုရဲအုပ်ဇော်မင်းနိုင် စကားကြောင့် မျက်နှာအမူအရာ ပျက်သွားလေ၏။

"ဘယ်လိုလဲဗျ"

ဒုရဲအုပ်ဇော်မင်းနိုင်က လေသံမာမာဖြင့် ပြောသည်။

"ဟုတ်ကဲ့. . . ဟုတ်ကဲ့၊ ပြောပြပါ့မယ်ဆရာ"

"ဒါဆိုလည်း ပြောပါ"

"အင်းစိန်ကြို့ကုန်းဘက်ကို ထွက်သွားတာပါဆရာ"

"ခင်ဗျားပြောတာ သေချာတယ်နော်၊ ကျွန်တော်တ ခရီးစရိတ် အကုန်အကျခံပြီး တရားခံပြေးကို သွားရောက်ဖမ်းဆီးရမှာဗျ"

"သေချာပါတယ်။ ကျွန်တော် အမှန်အတိုင်း ပြောတာပါ"

× × × × ×

၈-၁-၂၀၀၁။ ၁၃၆၂ခုနှစ်၊ ပြာသိုလပြည့်နေ့ည။

သာယာဝတီမြို့၊ သမ္ဗာဆန္ဒဆွမ်းလောင်းပွဲတော်တွင် မဟာရန်ကုန်စံပြဇာတ်မင်းသား မိုးမင်း၏ ဇာတ်ပွဲနောက်ဆုံးညအဖြစ်ကပြဖျော်ဖြေနေချိန်တွင် ဒုရဲအုပ်ဇော်မင်းနိုင်၊ တပ်သားကျော်ဝင်းထွန်းတို့က ဇာတ်ရုံထဲသို့ ခဏဝင်ကြည့်သည်။ ရန်ကုန်-ပြည် ၄၂ အစုန်ရထားက ပြည်ဘူတာမှ သာယာဝတီဘူတာသို့ ည၃ ၂ နာရီကျော်မှ ဆိုက်ရောက်လာမည်မို့ အချိန်စောင့်ရင်း ဇာတ်ပွဲဝင်ကြည့်နေခြင်း ဖြစ်၏။ နောက်ဆုံးနေ့ညမို့ ဇာတ်ပွဲရုံထဲတွင် ပွဲကြည့်ပရိသတ်များဖြင့် ပြည့်နှက်နေသည်။ သာယာဝတီ အရန်မီးသတ်ရဲဘော်အားလုံးသည် ဇာတ်ရုံထဲတွင် ရောက်ရှိနေကြလေ၏။

"ဗိုလ်လေး ည၃ ၁ နာရီကျော်ပြီ ဘူတာရုံကို သွားရအောင်"

ရဲတပ်သား ကျော်ဝင်းထွန်းက လက်ကနာရီကို ကြည့်ပြီး ပြောသည်။ ဒုရဲအုပ်ဇော်မင်းနိုင်နှင့် ရဲတပ်သား ကျော်ဝင်းထွန်းတို့သည် သာယာဝတီဘူတာသို့ လာခဲ့ကြ၏။

"တရားလိုတွေက တရားခံမမိသေးတော့ အပြစ်တင်ချင်ကြတယ်။ ငါတို့ ရဲတပ်ဖွဲ့ဝင်တွေဆိုတာက နတ်မျက်စိရှိထားတာမှ မဟုတ်တာ။ ထွက်ပြေးတိမ်းရှောင်နေတဲ့ တရားခံကို သတင်းစုံစမ်းရသေးတယ်။ သတင်းအတိအကျ ရပြန်တော့လဲ ဖမ်းဆီးမိအောင်





ကြိုးစားရသေးတယ်"

ဒုရဲအုပ်ဇော်မင်းနိုင်က ဘူတာပလက်ဖောင်းပေါ်တွင် လျှောက်နေရင်း ရဲတပ်သားကျော်ဝင်းထွန်းကို ပြောသည်။ သာယာဝတီဘူတာရုံထဲတွင် ခရီးသည်များက ရထားကို စောင့်မျှော်ရင်း စကားပြောနေကြ၏။ ဆောင်းရာသီဖြစ်၍ ည၃နက်လေ အအေးဓာတ်ပိုကဲလေဖြစ်သည်။ ည၃ ၂နာရီကျော်တွင် ဘူတာအတွင်းသို့ ရန်ကုန်-ပြည်အမြန်ရထားကြီးဝင်လာသည်။ ရထားရပ်တန့်လျှင် ဒုရဲအုပ်ဇော်မင်းနိုင်နှင့်ရဲတပ်သားကျော်ဝင်းထွန်းက ရထားတွဲပေါ်သို့ တက်၏။ ထို့နောက် ထိုင်ခုံတွင် အိပ်စက်ပြီး ရန်ကုန်သို့ လိုက်ပါလာခဲ့ကြ၏။

နံနက် ၅ နာရီကျော်တွင် ရန်ကုန်ဘူတာကြီးသို့ ရထားဆိုက်ရောက်သည်။ ရန်ကုန်မှ အင်းစိန်ကြို့ကုန်းသို့ ခရီးဆက်ကြသည်။ အင်းစိန်ကြို့ကုန်းရဲကင်းသို့ဝင်၍ တရားခံပြေး မင်းစိုး၏ အကြောင်းကို ပြောပြအကူအညီတောင်းရသည်။ အင်းစိန်ကြို့ကုန်း၊ အရှေ့ရပ်ကွက်၊ အမှတ်(၃)နယ်မြေရဲကင်းမှ ရဲတပ်ကြီးဝင်းမြင့်၊ ရဲတပ်ကြပ်ဇော်မင်းထိုက်တို့၏ အကူအညီဖြင့် တရားခံပြေးမင်းစိုးအား နာရီပိုင်းအတွင်း ဖမ်းဆီးမိခဲ့သည်။ ဒုရဲအုပ်ဇော်မင်းနိုင်နှင့် ရဲတပ်သားကျော်ဝင်းထွန်းတို့က အင်းစိန်ကြို့ကုန်း၊ အရှေ့ရပ်ကွက်၊ အမှတ်(၃)နယ်မြေရဲကင်းမှ ရဲတပ်ကြပ်ကြီးဝင်းမြင့်၊ ရဲတပ်ကြပ် ဇော်မင်းထိုက်တို့အား ကျေးဇူးတင်စကားပြောကြားကာ တရားခံမင်းစိုးအား သာ

ယာဝတီရဲစခန်းသို့ ခေါ်ဆောင်လာခဲ့၏။ အမှုစစ် ဒုရဲအုပ်ဇော်မင်းနိုင်က တရားခံမင်းစိုးအား စစ်ဆေးကြည့်ရာ. . .

× × × × ×

ထိုနေ့က မင်းစိုးသည် ရွာထဲသို့ လျှောက်သွားရင်း မခင်မြမွန်ရေချိုးသွားသည်ကို အမှတ်မထင် မြင်လိုက်မိလေ၏။ မခင်မြမွန်က တစ်နေ့ထက်တစ်နေ့ အလှသွေးကြွယ်လာသူမို့ မင်းစိုးရင်ထဲက ချစ်နေမိသည်။ ထို့ကြောင့် မင်းစိုးက မခင်မြမွန်အား ချစ်ခွင့်ပန်ခဲ့ဖူးသည်။ သို့သော် မခင်မြမွန်က ကျွန်မအသက်ငယ်သေးတယ်။ ဒါတွေ မစဉ်းစားသေးပါဟု အဖြေပေးခဲ့သည်။ မင်းစိုးက မခင်မြမွန်၏ ဖြေစကားကို ဘဝင်မကျခဲ့။

မင်းစိုးသည် မခင်မြမွန်နှင့် တွေ့ဆုံစကားပြောရန် ဆုံးဖြတ်လိုက်၏။ ရွာလယ်တွင် အများသုံးရန် ရေတွင်းကြီး ရှိ၏။ မိန်းကလေး ရေချိုးရန်လည်း ရေချိုးခန်းပြုလုပ်ပေးထားသည်။ မင်းစိုးသည် ရေချိုးခန်းအပြင်ဘက်မှ ဟိုလိုလို သည်လိုလို ရပ်စောင့်နေမိ၏။ ခဏအကြာတွင် မခင်မြမွန်သည် ကလေးမလေးနှင့်အတူ ရေချိုးခန်းထဲမှ ထွက်လာသည်။

"ဟင်"

ရုတ်တရက် မင်းစိုးကို မြင်တွေ့လိုက်ရတော့ မခင်မြမွန် လန့်သွားပုံရသည်။ ခေါင်းကိုငုံ့၍ ဆက်လျှောက်သည်။ မခင်မြမွန် လက်ထဲတွင် ရေခွက်နှင့်ဆပ်ပြာခွက် ကိုင်ထားလေ၏။





"မြမွန် ရေခွက် ခဏလောက်"

မင်းစိုးက ပြောသည်။ မခင်မြမွန်က ရေခွက်ကို လှမ်းပေး၏။ မင်းစိုးက မခင်မြမွန်၏လက်ကို လှမ်းဆွဲထားလိုက်သည်။

"ဟာ ဒါ ဘာလုပ်တာလဲ"

မခင်မြမွန်က အတင်းရုန်းကန်၍ မင်းစိုးဆွဲကိုင်ထားသောလက်သည် လွတ်သွား၏။ မင်းစိုးစိတ်သည် စိတ်ရိုင်းဝင်သွားသည်။ မင်းစိုးသည် မခင်မြမွန်အား အတင်းဖက်ထားလိုက်၏။ ထို့နောက် ကြံခင်းဘက်သို့အရောက်တွင် မခင်မြမွန်အား မြေကြီးပေါ်သို့ ဆွဲလှဲချလိုက်သည်။

"ဟဲ့ . . . နင်နော်"

မင်းစိုးသည် မခင်မြမွန်၏ လုံ့လြှမှုကို လျစ်လျူရှုကာ အလိုမတူဘဲ သားမယားအဖြစ် ပြုကျင့်ရန် အားထုတ်သည်။ မခင်မြမွန်က အတင်းရုန်းကန်သည်။ မခင်မြမွန်နှင့်အဖော်ပါလာသော ကလေးမလေးကလည်း ပတ်ဝန်းကျင်ကို အော်ဟစ်အကူအညီတောင်း၏။ မခင်မြမွန်သည် မင်းစိုးအား အတင်းဆောင့်တွန်းပြီး ကလေးမလေးတို့ခေါ်ကာ ပြေးလာခဲ့မိသည်။ မင်းစိုးသည် အမှောင်ကျနေသောစိတ်များဖြင့် ကျန်ရစ်ခဲ့၏။

"တောက်"

မင်းစိုးက မိမိကိုယ်မိမိ မကျေမနပ် ဖြစ်နေမိသည်။ မင်းစိုးအနီးသို့ ရွာထဲမှ ကိုတင်ထွန်းနှင့်ရွာသားများ ရောက်လာကြသည်။

× × × × ×

ယင်းအမှုအား ဒုရဲအုပ် ဇော်မင်းနိုင်က ရဲလုပ်ငန်းများ ပြည့်စုံအောင်ဆောင်ရွက်ပြီး သာယာဝတီမြို့နယ် တရားရုံးသို့ တရားစွဲဆိုတင်ပို့ရာ တရားရုံးက ရာဇဝတ်ကြီးအမှုအမှတ် ၈၉/၂၀၀၁ ဖြင့် ကြားနာစစ်ဆေးသည်။ ပြစ်မှုထင်ရှားသဖြင့် တရားခံမင်းစိုးအား အလုပ်နှင့်ထောင်ဒဏ်(၁)နှစ် ကျခံစေရန် တရားရုံးက အမိန့်ချမှတ်ခဲ့သည်။

(ဤမှုခင်းဇာတ်လမ်းရေးသားနိုင်ရန် အကူအညီပေးခဲ့သော သာယာဝတီ ရဲစခန်းမှ ဒုရဲအုပ်ဇော်မင်းနိုင်၊ ရဲတပ်ကြပ်ကြီး (စာရေး) ထင်အောင်၊ အကူစာရေး ဒုတပ်ကြပ်မျိုးမြင့်အောင်တို့အား အထူးကျေးဇူးတင်ရှိပါသည်။ မူရင်းနာမည်မှန်များအား ပြောင်းလွဲထားပါသည်။ . . . စာရေးသူ)

မှုခင်းရှုထောင့်မဂ္ဂဇင်း၊ ၂၀၀၁၊ အောက်တိုဘာ

☆ ☆ ☆ ☆ ☆





# မဖြေသာ ကြမ္မာဆိုး

## မပြောသာကြမ္မာဆိုး

"ဟင်"

ခင်မောင်ထွန်းက သက်ပြင်းကို လေးပင်စွာ ချလိုက်၏။ သူနှင့်မျက်နှာချင်းဆိုင်တွင် ထိုင်နေသော တင်ထွန်းက ခင်မောင်ထွန်း၏ မျက်နှာကို အကဲခတ်နေသည်။ အေးအေးဆေးဆေး စကားပြောချင်၍ တင်ထွန်းက ခင်မောင်ထွန်းကို လက်ဖက်ရည်ဆိုင်သို့ ခေါ်လာသည်။ ဆိုင်၏ ထောင့်ကျကျစားပွဲတွင် သူတို့ထိုင်ကြ၏။ စားပွဲထိုးလေးလာချပေးသော လက်ဖက်ရည်ကို တင်ထွန်းကသောက်ပြီး စီးကရက်တစ်လိပ်ကို မီးညှိဖွာရှိုက်နေ၏။ ခင်မောင်ထွန်းရှေ့ရှိ





လက်ဖက်ရည်ခွက်ထဲမှ လက်ဖက်ရည်သည် အေးစက်စပြုနေပြီ။ အရည်မျက်နှာပြင် တင်းနေ၏။ ခင်မောင်ထွန်းသည် တစ်စုံတစ်ရာကို စဉ်းစားရင်း စားပွဲမျက်နှာပြင်ကို ငေးကြည့်နေ၏။

"ကိုထွန်း၊ လက်ဖက်ရည်တွေ အေးနေပြီ၊ သောက်လိုက်ဦး"

တင်ထွန်းက ပြောမှ ခင်မောင်ထွန်း အသိဝင်လာသည်။ ခင်မောင်ထွန်း၏ မျက်နှာသည် ညှိုးငယ်နေ၏။ စိတ်ထဲတွင် ပြင်းထန်သော ဝေဒနာတစ်ခု ခံစားနေရပုံရ၏။

"စဉ်းစားပါဦး သူငယ်ချင်းရယ်။ ဆုံးဖြတ်ချက်ကို အဆောတလျင်မချမိဖို့ ငါသတိပေးချင်တယ်"

ခင်မောင်ထွန်းက တင်ထွန်း၏ မျက်နှာကို ကြည့်သည်။ အခြားစားပွဲမှ လူများကိုလည်း ဟိုသည်ကြည့်၏။

"ငါ အိမ်အပြင် မထွက်တာကြာပြီ။ ကိုယ့်လိပ်ပြာကိုယ် မလုံဘူး ဖြစ်နေတယ်။ ပတ်ဝန်းကျင်က လူတွေရဲ့ မျက်လုံးတွေကိုလဲ ငါအကြည့်မခံရဲဘူး"

"ပတ်ဝန်းကျင်ဆိုတာက"

ခင်မောင်ထွန်းက လက်ကာပြသည်။

"အခု ကိစ္စက ပတ်ဝန်းကျင်ကို ဂရုမစိုက်လို့မရဘူး။ ပတ်ဝန်းကျင်က လူတွေပြောနေတဲ့ စကားသံကို ငါ နားမထောင်ရဲဘူး။ တစ်ကယ်မြင်ခဲ့တဲ့ အဖြစ်အပျက်တွေဆိုတော့ ငြင်းလို့လဲ မရ

ဘူး"

"မမြသက်ကိုယ်တိုင်က"

"သူ့ကိုတော့ ငါအပြစ်မပြောပါဘူး။ ဒါပေမယ့် သူနဲ့ငါ ဘယ်လို ဆက်လက်ပေါင်းသင်းလို့ ရမှာလဲ"

"ဒီတော့ မင်း ဘယ်လို စဉ်းစားထားသလဲ ကိုထွန်း"

ခင်မောင်ထွန်းက ပန်းကန်လုံးထဲသို့ ရေနွေးကြမ်းလောင်း ထည့်သည်။ အပူငွေ့သည် တရိပ်ရိပ်တက်လာ၏။ တင်ထွန်းက ခင်မောင်ထွန်းပြောမည့်စကားကို နားစွင့်နေသည်။ ခင်မောင်ထွန်း သည် နှုတ်ခမ်းစမွေးများကို လက်ဖြင့် သုတ်လိုက်၏။

"ငါ ဆုံးဖြတ်ချက်တစ်ခုတော့ ချထားတယ်"

"ဘယ်လို ဆုံးဖြတ်ချက်လဲ"

တင်ထွန်းက စီးကရက် နောက်တစ်လိပ်ကို မီးညှိရင်း မေး သည်။

"ငါ မြသက်ကို ကွာရှင်းလိုက်တော့မယ်"

"ဟာ ကိုထွန်း"

ခင်မောင်ထွန်းက ခေါင်းကို ဘယ်ညာလှုပ်ယမ်းသည်။

"အခု မြသက်မှာ ကိုယ်ဝန်ရှိနေပြီ"

"ဟင်. . . ဒါကတော့ ကိုထွန်းရယ်၊ နင်နဲ့ရတဲ့ ကိုယ်ဝန်ဖြစ် ဖို့များပါတယ်။ မင်းတို့ အိမ်ထောင်သက် ငါးနှစ်ကျော်လာမှပဲ"





ခင်မောင်ထွန်းက မချိပြုံး ပြုံးသည်။

"ငါနဲ့ရတဲ့ ကိုယ်ဝန် မဖြစ်နိုင်ဘူး"

"မင်း သံသယစိတ်တွေနဲ့ တွေးနေတာပါ"

"မဟုတ်ဘူးတင်ထွန်း။ ငါ သံသယစိတ်နဲ့ ပြောတာမဟုတ် ဘူး။ ငါ့ကျောက်ကပ်အလုပ်မလုပ်လို့ အိပ်ရာထဲလဲခဲ့တာ မင်း မှတ်မိဦး မှာပေါ့။ အိမ်ထောင်ကျပြီး နှစ်နှစ်အကြာမှာလေ"

"အေး မှတ်မိတယ်။ အခု ကျန်းမာရေးကောင်းလာပြီပဲ"

"ငါ ကျန်းမာရေးတွေ ချို့ယွင်းသွားပြီးနောက် ငါတို့ သား သမီးယူဖို့ တိုင်ပင်ခဲ့ကြတယ်။ ဒါပေမယ့် ငါဆေးစစ်ကြည့်တော့ သား သမီးမရနိုင်ဘူးဆိုတာ သိခဲ့ရတယ်"

"တကယ်ဟုတ်ရဲ့လားကွာ"

"ဟုတ်ပါတယ်။ အိမ်နီးနားချင်းတွေက ငါ့အကြောင်း သိနေ တာဆိုတော့ မြသက်မှာ သားသမီးရလာရင် ဘယ့်လိုပြောကြမလဲ"

"မင်းရဲ့ ချို့ယွင်းနေတဲ့ ဇီဇတွေ ပြန်ကောင်းလာတယ်လို့ ပတ်ဝန်းကျင်ကို သတင်းလွှင့်ပေါ့"

ငါကိုယ်ငါ ဘာဆိုတာ သိနေပြီပဲ။ မြသက် မွေးလာတဲ့ ကလေးကို ငါ ကြည်ဖြူနိုင်ပါ့မလား"

"ဒါဆိုရင် မြသက်ရင်ထဲက"

"အချိန်တွေလွန်မှ သိခဲ့ရတာပါ။ ကံအကြောင်းတရားကြောင့်

လူလေး‌ကကို ရောက်လာမယ့် အပြစ်မရှိတဲ့ သန္ဓေကို ငါ မဖျက်ဆီးနိုင်ဘူး။ မြသက်ရဲ့အမေက လက်သည်နဲ့ နှိပ်ချပေးတယ်။ ငါ့အသွေးအသားမဟုတ်ပေမယ့် အဲဒီသန္ဓေကို ငါသနားတယ်။ ဒီကလေးမွေးလာရင် ပတ်ဝန်းကျင်က လူတွေပြောမယ့်စကား ငါကြားမိတာနဲ့ သေလိမ့်မယ်"

"စိတ်ညစ်စရာကောင်းလိုက်တာ ကိုထွဋ်ရယ်"

"ငါ့ရင်ထဲမှာ တင်းကျပ်အောင် ခံစားနေရပါတယ်ကွာ။ ဆိုင်ထဲက လူတွေ ငါ့ကို ဝိုင်းကြည့်နေတာ မသိကျိုးကျွန်ပြုနေရတယ်"

"ဒါဆို ငါတို့ ပြန်ကြရအောင်"

× × × × ×

ခင်မောင်ထွဋ်က ဇီးကုန်းနယ်သား။ သူ့အဖေသေတော့ ခုနစ်နှစ်အရွယ်သာ ရှိသေး၏။ သူတို့မှာ မွေးချင်းကမနည်း။ အားကိုးမရှိသော သူ့အမေသည် ခင်မောင်ထွဋ်(၁၀)နှစ်သားအရွယ်တွင် နောက်အိမ်ထောင်ပြုလိုက်၏။ သည်တော့ သူ့ဦးကြီးက. . . မြို့သို့ ခေါ်လာပြီး မွေးစားသည်။

သူ့ဦးကြီးနှင့် ဒေါ်ကြီးက ကျပန်းအလုပ်လုပ်သည်။ ခင်မောင်ထွဋ်ကို ၁၀ တန်းအထိ ပညာသင်ပေး၏။ ခင်မောင်ထွဋ်က မြို့မှ ပစ္စည်းများကို ကျေးရွာများသို့ လှည့်လည်ရောင်းချရင်း ကပျပ်ကြီးရွာသူ မမြသက်နှင့် ချစ်သူဖြစ်သွားကြသည်။ ခင်မောင်ထွဋ်၏





မွေးစားဖခင်ဆုံးပြီးနောက် ခင်မောင်ထွဋ်နှင့် မမြသက်တို့ လက်ထပ်လိုက်ကြ၏။ ခင်မောင်ထွဋ်၏ မွေးစားအမေက ခင်မောင်ထွဋ်တို့ လင်မယားကို အိမ်နှင့်ခြံပေးပြီး တရားရိပ်သာတွင် တရားအားထုတ်နေသည်။

ခင်မောင်ထွဋ်နှင့် မမြသက်က အသက်အတော်ကွာသည်။ ခင်မောင်ထွဋ်က ဇနီးချောအသက်ငယ်ငယ်ကို ယူထားသူမို့ အစစအရာရာ သဝန်တိုတတ်သည်။ ဇနီးချောဘယ်သွားသွား နောက်မှ လိုက်ပါစမြဲ။ အိမ်ထောင်ကျပြီး နှစ်နှစ်အကြာတွင် ခင်မောင်ထွဋ် ကျန်းမာရေးချို့ယွင်းသည်။ ကျောက်ကပ်တွေ အလုပ်မလုပ်၍ဟု သိရသည်။ မမြသက်က ခင်မောင်ထွဋ် ဝေဒနာခံစားနေရသည်ကို ကြည့်ပြီး ငို၏။

"ငါ ဘာမှမဖြစ်နိုင်ပါဘူး မြသက်ရယ်၊ အနာသိရင် ဆေးရှိပါတယ်"

မမြသက် စိတ်အားငယ်နေ၏။ ခင်မောင်ထွဋ်က မိတ်ဆွေတစ်ဦးထံမှ ငွေချေးပြီး ဆေးကုသည်။ ကျန်းမာရေးကောင်းလာပေမယ့် အလုပ်ပင်ပင်ပန်းပန်း မလုပ်နိုင်တော့။ ခင်မောင်ထွဋ်တွင် သူ့အဖေ၏ အဆုတ်ရောဂါကလည်း အမွေရလိုက်သည်။

ယခင်က ဝဖြိုးဖြိုးရှိခဲ့သော မမြသက်မှာလည်း ပင်ပန်းမှုဒဏ်ကြောင့် အသားအရေ မစိုပြည်တော့။ သို့ပေမယ့် အိမ်ထောင်

သက်ရလာပြီမို့ မမြသက်က သားသမီးလိုချင်သည့် ဆန္ဒတွေ ပေါ်လာသည်။ သို့သော် ခင်မောင်ထွန်းတွင် သားသမီးပေးစွမ်းနိုင်သော ဗီဇချို့ယွင်းနေသည်ကို သိရတော့ မမြသက် ဝမ်းနည်းသွားသည်။

"ဟယ် ဟုတ်ရဲ့လားမမြသက်ရယ်။ သားသမီးလေးတစ်ယောက်လောက် ရှိသင့်တာပေါ့။ နင်တို့ အသက်ကြီးလာတော့ အားကိုးရအောင်လေ"

ခင်မောင်ထွန်း၏ အကြောင်းကို အိမ်နီးနားချင်းများ သိသွားတော့ ခင်မောင်ထွန်း၏ စိတ်ထဲတွင် မလုံမလဲ ဖြစ်ရသည်။ မမြသက် အပေါ် ကြင်နာယုယမှုတွေ ပိုပေးရင်း စိတ်ချမ်းသာအောင် ဆောင်ရွက်ပေးသည်။

ခင်မောင်ထွန်းက ကုန်စုံဆိုင်တစ်ခုတွင် စာရေးဝင်လုပ်သည်။ လင်မယားနှစ်ယောက်၏ စားဝတ်နေရေး ပြေလည်ခဲ့ရ၏။ ခင်မောင်ထွန်းတို့လင်မယားသည် ညစဉ်ညတိုင်း ထမင်းစားပြီးသည်နှင့် အိမ်၏ သုံးအိမ်ကျော်မှ ပွဲစားကိုမောင်မောင်ထွန်း၏ အိမ်သို့ တယ်လီဗီးရှင်းသွားကြည့်ကြသည်။ မမြသက်က မြန်မာဗီဒီယိုဇာတ်လမ်း ရုပ်ရှင်တို့ကို ကြိုက်နှစ်သက်၏။ ခင်မောင်ထွန်းက နိုင်ငံခြားဇာတ်လမ်းများကိုသာ ကြည့်ချင်သူ။

"မြသက်ရေ ညကျရင် ကမ္ဘာ့ဖလားဘောလုံးပွဲ မြို့ထဲက ဗီဒီယိုရုံမှာပြမယ်လို့ ကြေညာထားတယ်။ အဲဒါ ကိုယ်သွားကြည့်မယ်





နော်"

"အိပ်ရေးပျက်ခံပြီး ကြည့်ဦးမယ်"

"ကမ္ဘာ့ဖလားဘောလုံးပွဲက သိပ်ကြည့်လို့ကောင်းတာမြသက်ရဲ့"

"ကြည့်လို့ကောင်းရင် သွားကြည့်ပေါ့ ယောကျ်ားရယ်"

ခင်မောင်ထွန်း ဘောလုံးပွဲကြည့်ပြီး ပြန်လာတိုင်း မမြသက်က တံခါးလာဖွင့်ပေးရသည်။ ခင်မောင်ထွန်းက တစ်နေကုန် အိမ်မှုကိစ္စဖြင့် ပင်ပန်းနေသော ဇနီးဖြစ်သူ ညတိုင်း အိပ်ရေးပျက်နေရ၍ အိမ်တံခါးကို အပြင်ဘက်မှ သော့ခတ်ပြီး သွား၏။

× × × × ×

မမြသက်သည် နှစ်ခြိုက်စွာ အိပ်မောကျနေလေ၏။ ထိုအချိန်တွင် သူတို့၏ အိမ်ထဲသို့ မီးဖိုချောင်ဘက်မှ လူတစ်ယောက် ဝင်လာသည်ကို မသိချေ။ မမြသက်တို့နေသော အိမ်က အိမ်အိုအိမ်ဟောင်းမို့ ပြတင်းပေါက်ချက်များကမမိ။ ပြတင်းပေါက်ကို အသာစေ့ထားရုံသာ ပိတ်၍ရသည်။ အိမ်ထဲသို့ ဝင်လာသူသည် အိမ်အလယ်ခန်းတွင် ထွန်းထားသော တစ်တိုင်အား လျှပ်စစ်မီးသီး၏ အရောင်ဖြင့် လျှောက်လာ၏။

မမြသက်သည် အိပ်ခန်းထဲတွင် နှစ်ခြိုက်စွာ အိပ်မောကျနေလေ၏။ ညနေက ခေါင်းလျှော်ပြီး နှာစေးနေသဖြင့် ပါရာစီတမော

ဆေးပြားနှင့် ဘာမီတွန်ဆေးပြားတို့ကို အိပ်ရာဝင်ခါနီး သောက်ခဲ့သော မမြသက်ခမျာ အိမ်ထဲသို့ လူဝင်လာသည်ကိုလည်း မသိနိုင်ရှာပါ။ သူ့အပေါ်သို့ အန္တရာယ်ဆိုးတစ်ခု ကျရောက်လာမည်ကိုလည်း မသိပါ။ အိပ်ခန်းထဲသို့ ဝင်လာသူက မမြသက် အိပ်ပျော်နေသော ခြင်ထောင်ထဲသို့ ဝင်သွားလေ၏။

အိပ်ပျော်နေသည့် မမြသက်မှာ အိပ်မက်ဆိုးတစ်ခုကို မြင်မက်မိသလို ခံစားရ၏။ ယောကျ်ားဖြစ်သူ ခင်မောင်ထွန်း အိမ်ပြန်လာသည်ဟု တွေးထင်မိသလို၊ သို့သော် နှာခေါင်းထဲသို့ ဝင်ရောက်လာသည့် ကွမ်းနံ့ကြောင့် ခင်ပွန်းခင်မောင်ထွန်း မဟုတ်မှန်းရိပ်စားမိလိုက်သည်။ မမြသက် အားယူ၍ အော်ဟစ်ကြည့်သည်။ မရ။ သူ့ကိုယ်ပေါ်မှလူက မမြသက်၏ ပါးစပ်ကို အဝတ်ဖြင့် ပိတ်ထားသည်။ မမြသက်အားကုန်အင်ကုန် လှုပ်ရှားရုန်းကန်ပေမဲ့ မရ။

"အူး. . . ဝူး ဝူး"

မမြသက်က ဦးခေါင်းကို ဘယ်ညာလှုပ်ယမ်းလိုက်သည်။ ရင်ခုန်နှုန်းသည် ပို၍ ပို၍ မြန်လာသည်။ သူ့ဘဝကို အနိုင်အထက်ပြုခြင်းခံလိုက်ရ၏။

"ငါပါ မမြသက်ရယ်၊ စံမောင်ပါ"

"ဟင်"

စိတ်ထဲမှ အံ့ဩသွားသည်။ မမြသက်တို့ တစ်အိမ်ကျော်တွင်





နေသော စံမောင်ဟု သိလိုက်ရ၍ ခံပြင်းစိတ်ဖြစ်သွားမိသည်။ အစ်ကိုဘစ်ယောက်ကဲ့သို့ ခင်မင်ရသော သူက အခွင့်ကောင်းယူကာ သူ့ဘဝကို ဖျက်ဆီးရလေခြင်းဟု ဒေါသဖြစ်မိ၏။ မမြသက်ငိုရှိုက်နေမိသည်။ စံမောင်၏ပါးကိုလည်း ရိုက်လိုက်၏။ "ငါ တောင်းပန်ပါတယ်။ ဘယ်သူမှ မသိပါစေနဲ့ဟယ်"

"ဘာ. . . တောက်"

ခင်မောင်ထွန်း ခြံထဲသို့ ဝင်လာသံကို ကြားမိသည်။ စံမောင်သည် မီးဖိုချောင်ဘက်သို့ ပြေးသွားလေ၏။ ခင်မောင်ထွန်းက အိမ်ရှေ့တံခါးဖွင့်ပြီး အိမ်ထဲသို့ ဝင်လာသည်။ မမြသက် ဝမ်းနည်းလွန်း၍ ငိုမိ၏။

"ဟင် မြသက်၊ ဘာဖြစ်နေတာလဲ"

ခင်မောင်ထွန်းက အိပ်ခန်းထဲသို့ ပြေးဝင်လာသည်။ မမြသက်က ခင်မောင်ထွန်းကို ဖက်၍ ငိုသည်။

"ဟဲ့. . . ဘာဖြစ်တာလဲ"

မြသက်က တိုးတိုးပြောပြလိုက်သည်၊

"တောက်. . . မိုက်ရိုင်းလိုက်တာ။ အဲဒီကောင်ကို ငါသတ်မယ်"

"တစ်ရက်ကနေ နှစ်ရက်ဖြစ်ပါ့မယ်ကိုထွန်းရယ်။ ဒေါသကို ထိန်းပါ"

ခင်မောင်ထွန်းက မမြသက်၏ အနားသို့ တိုးကပ်ပြီး မေး၏။

မမြသက်က ငိုရှိုက်ရင်း ခေါင်းညိတ်သည်။

"တောက်"

ခင်မောင်ထွန်းသည် ရပ်ကွက်လူကြီး ဦးကျော်ဝင်းကို ခေါ်ပြီး ( ) ရဲစခန်းသို့ သွားသည်။ စခန်းမှူး ဒုရဲအုပ် (စခန်းမှူး) အောင်သိန်းအား အကျိုးအကြောင်း ပြောပြလိုက်၏။

"ဟာ လူမဆန်တဲ့ လုပ်ရပ်။ ကာယကံရှင်ကိုယ်တိုင် သတင်းပေးတိုင်တန်းအမှုဖွင့်ရမှာမို့ ကိုခင်မောင်ထွန်းဇနီး မမြသက်ကို သွားခေါ်ဦး"

ခင်မောင်ထွန်းက မမြသက်ကို ခေါ်လာခဲ့သည်။ စခန်းမှူး ဒုရဲအုပ် အောင်သိန်းက သိလိုသမျှကို မမြသက်အား မေး၏။ ထို့နောက် မမြသက်အား အလိုမတူဘဲ သားမယားအဖြစ် ပြုကျင့်ခဲ့သည့် စံမောင်အား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၇၆ ဖြင့် အမှုဖွင့်ခဲ့သည်။

စခန်းမှူး ဒုရဲအုပ် (စခန်းမှူး)အောင်သိန်း၊ တပ်ကြပ်ကြီး မြင့်မောင်၊ ဒုတပ်ကြပ်ထွန်းအေး၊ တပ်သားသိန်းမြင့်၊ တပ်သားကျော်ထွန်းတို့က စံမောင်အား သွားရောက်ဖမ်းဆီးခဲ့သည်။ သို့သော် စံမောင်မှာ ထွက်ပြေးတိမ်းရှောင်နေခဲ့သည်။ စခန်းမှူး ဦးအောင်သိန်းနှင့်အဖွဲ့က အခင်းဖြစ်နေရာအား ကြည့်ရှုစစ်ဆေးသည်။ အခင်းဖြစ်





စဉ်နေရာမှ မြင်တွေ့ရသော သဲလွန်စများအား သက်သေများရှေ့တွင် ရေးမှတ်၏။ အခင်းဖြစ်စဉ် မမြသက် ဝတ်ဆင်ခဲ့သော လုံချည်ကို သက်သေလူကြီးများ၏ရှေ့တွင် ရှာဖွေပုံစံဖြင့် သိမ်းဆည်းခဲ့သည်။ မမြသက်ကိုလည်း ဆေးရုံတွင် ဆေးစစ်ချက်ရယူခဲ့သည်။ မမြသက်မှာ ရှက်လွန်း၍ ငို၍ မဆုံးခဲ့ပေ။

စခန်းမှူး ရဲအုပ် (စခန်းမှူး) အောင်သိန်းနှင့်အဖွဲ့က တရားခံ စံမောင်၏ သတင်းအား စုံစမ်းရာ ရွှေတောင်မြို့နယ်၊ . . . ရွာမှ ဦးလေးထံတွင် ရှိနိုင်ကြောင်း သိရသည်။ စခန်းမှူးနှင့်အဖွဲ့က ချက်ချင်းလိုက်သွားပြီး ရွှေတောင်ရဲစခန်း၏ အကူအညီဖြင့် ရှာဖွေရာ စံမောင်အား ဖမ်းဆီးမိခဲ့သည်။

စခန်းမှူး ရဲအုပ်(စခန်းမှူး) အောင်သိန်းက ယင်းအမှုအား အမှုခိုင်မာစွာ တည်ဆောက်၍ . . . မြို့နယ်တရားရုံးသို့ တရားစွဲဆိုတင်ပို့ခဲ့၏။

မမြသက်က တရားရုံးသို့ သူ့အမေနှင့်သွားသည်။ ခင်မောင်ထွန်းက ရှက်လွန်း၍ မြို့ထဲသို့ပင် မထွက်။ မြို့နယ်တရားရုံးက ကြားနာစစ်ဆေးပြီး ပြစ်မှုထင်ရှားသဖြင့် တရားခံစံမောင်အား အလုပ်နှင့်ထောင်ဒဏ် ၅ နှစ် အမိန့်ချမှတ်ခဲ့၏။

မမြသက်သည် ခင်မောင်ထွန်း၏ မျက်နှာကိုပင် မကြည့်ရဲ။ ခင်မောင်ထွန်းကလည်း ပြောစရာစကားမရှိလျှင် စာဖတ်နေတတ်၏။

မမြသက်မှာ ခင်မောင်ထွင်၏ ကွယ်ရာတွင် ကျိတ်၍ ငိုနေခဲ့ရ၏။

တစ်နေ့ မမြသက်သည် အိမ်ပေါ်တွင် တံမြက်စည်းလှည်းရင်း မူးလဲသွားခဲ့သည်။ မမြသက်ကိုယ်တိုင်လည်း အိပ်ရေးပျက်သည့်ညများ များနေ၍ အားနည်းပြီး မူးလဲခြင်းဟု ထင်ခဲ့၏။ မမြသက်က အိမ်နီးနားချင်း မသန်းအေးနှင့် ဆေးခန်းသို့ သွားရောက်ကုသသည်။

"ငါ့ညီမမှာ ရင်သွေးရှိနေပြီ။ ဝမ်းသာပေတော့"

"ရှင်"

ဒေါက်တာ ခင်မြင့်ချို၏ စကားကြောင့် မမြသက်၏ ခေါင်းထဲတွင် ပို၍ မူးနောက်သွားရသည်။ အိမ်သို့ ပြန်ရောက်တော့ အိပ်ခန်းထဲသို့ ဝင်ပြီး ကျိတ်မှိတ်ငိုနေ၏။

"ဟင် . . . မြသက်၊ ဘာဖြစ်လို့လဲ"

ငိုသံကြားမိသော ခင်မောင်ထွင်က လာ၍ မေးသည်။ မမြသက်သည် ငိုနေရင်းမှ ခင်မောင်ထွင်၏ မျက်နှာကို မဝံ့မရဲ ကြည့်၏။

"မြသက်မှာ ကိုယ်ဝန်ရှိနေတယ်"

"ဟာ"

ခင်မောင်ထွင်က ခေါင်းကို ဘယ်ညာယမ်းသည်။

"အရှက်ကွဲပြီးလို့မှ ဘာမှမကြာသေးဘူး။ ပိုပြီး အရှက်ရစေဦးမယ်။ သေသာသေလိုက်ချင်တော့တယ်"

"ဒီကိုယ်ဝန်ကို မြသက်"





"မကောင်းတဲ့ လုပ်ရပ်တွေနဲ့ ဘာမှ အပြစ်မရှိတဲ့ သန္ဓေကို မဖျက်ဆီးပါနဲ့ မြသက်ရယ်"

"မြသက် ဘာလုပ်ရမလဲ"

"ငါ စဉ်းစားဦးမယ်။ မင်းနဲ့ငါ့အတွက် အကောင်းဆုံးဖြစ်မယ့် နည်းလမ်းကို ရွေးရတော့မှာပေါ့"

မမြသက်၏ မျက်နှာသည် ညှိုးငယ်နေလေ၏။

× × × × ×

ခင်မောင်ထွင်က မမြသက်နှင့်ပတ်သက်ပြီး နောက်ထပ် အရှက်ကွဲမခံနိုင်၍ မမြသက်နှင့် ကွာရှင်းပြတ်စဲရန် ဆုံးဖြတ်သည်။ မမြသက်က ခင်မောင်ထွင့် ဆုံးဖြတ်ချက်ကို လက်ခံပါမည်ဟု ပြော၏။ ခင်မောင်ထွင်က သူ့မိခင်ရှိရာ တရားရိပ်သာသို့ သွားပြီး သူ့မိခင်အား အကျိုးအကြောင်း ပြောပြသည်။

"ဟာ. . . မဟုတ်ပါဘူး ကိုထွင်ရယ်။ မြသက်အစော်ကားခံရတာဟာ ငါ့သားမှာလဲ အပြစ်မကင်းဘူး။ ကိုယ့်ဇနီးမယားကို ဟိုအိမ်မှာ တစ်ယောက်တည်းထားခဲ့ပြီး တယ်လီဗီးရှင်းကလာတဲ့ ဘောလုံးပွဲ သွားကြည့်တာမျိုး မလုပ်သင့်ဘူး။ မသမာတဲ့သူက အကွက်ကောင်းကို အခွင့်အရေးယူပြီး အနိုင်ကျင့်သွားတာပဲ။ မြသက်မှာ ဘာမှအပြစ်မရှိဘူး။ သူ့ခမျာ လင်သားကို အားကိုးနေရတာ။ ငါ့သား တ ရက်ရက်စက်စက် ဆုံးဖြတ်လိုက်ရင် မြသက်ရဲ့ဘဝ ရှေ့ရေးစဉ်း

စားကြည့်စမ်း။ ဘယ်လောက်သနားစရာကောင်းသလဲ"

ပတ်ဝန်းကျင်က ပြောမှာ ဆိုမှာကို ဂရုထားပြီး လုပ်လိုက်ရင် မင်းတို့လင်မယားနှစ်ယောက်စလုံး တစ်သက်လုံး ယူကျုံးမရ ဖြစ်နေရလိမ့်မယ်။ မြသက်ကပို့ပြီး စိတ်ထိခိုက်ရလိမ့်မယ်"

ခွင်မောင်ထွန်းက တွေဝေကာ စဉ်းစားနေ၏။

"အသေအချာ စဉ်းစားပါဦး သားရယ်"

ခင်မောင်ထွန်းသည် သူ့အမေထံမှ ပြန်လာခဲ့၏။

"ကိုခင်မောင်ထွန်း၊ ခင်ဗျားကို လိုက်ရှာနေတာ"

"ဘာကိစ္စရှိလို့လဲ"

"မမြသက်ရေချိုးရင်း ချော်လဲသွားတယ်။ သွေးတွေတအား ဆင်းနေလို့ ဆေးရုံကို ခေါ်သွားကြတယ်"

"ဟင်"

ခင်မောင်ထွန်းသည် ဆေးရုံသို့ လိုက်သွား၏။

"သမီး ရေချိုးရင်း ချော်လဲတာ ကလေးပျက်ကျသွားတယ်"

မြသက်၏ အမေက ပြောသည်။

"မြသက် အခြေအနေက"

"ဆရာဝန်၊ ဆရာမတွေ ကုသပေးနေတယ်"

မမြသက်အတွက် ခင်မောင်ထွန်း စိတ်ပူနေမိ၏။ မမြသက်၏ ကျန်းမာရေးအခြေအနေကို သိချင်နေမိ၏။





မသမာသူ၏ ယုတ်မာမှုကို ခံစားခဲ့ရသော မြသက်သည် စိတ်ဝေဒနာကို ခံစားရင်း သန္ဓေသားပျက်ကျသည့်အခါ ဝင်ကိုယ်အားလျော့နည်းနေ၍ ထိုနေ့ညမှာပင် လောကကြီးအား ကျောခိုင်းထွက်ခွာသွားရလေ၏။ ခင်မောင်ထွန်းမှာ မမြသက်အတွက် ယူကျုံးမရ ဖြစ်နေမိ၏။ ခင်မောင်ထွန်းသည် မမြသက်အား မြေမြှုပ်သင်္ဂြိုဟ်သည့်သုသာန်သို့ နံနက်တိုင်းသွားလေ၏၊ မမြသက်၏ မြေပုံဘေးတွင် ထိုင်ရင်း တီးတိုးစကား ပြောနေတတ်လေ၏။

"မြသက်ရယ်၊ ကိုယ့်ကြောင့် မြသက်အရှက်ရခဲ့တာ။ ကိုယ့်ကြောင့် မြသက် သေခဲ့ရတာပါကွယ်"

ခင်မောင်ထွန်း၏ မျက်ဝန်းအိမ်မှ မျက်ရည်များသည် မမြသက်၏ မြေပုံပေါ်သို့ ကျသွားလေ၏။

(အမည်၊ နေရပ်လိပ်စာများ ပြောင်းလဲရေးသားထားပါသည်)

မှူခင်းရှုထောင့်မဂ္ဂဇင်း၊ ၂၀၀၀၊ ဧပြီ

☆ ☆ ☆ ☆ ☆




# သံသယ
# အမုန်း



## သံသယအမုန်း

ကိုတင်အေးသည် လယ်ထဲမှ ပြန်လာစဉ် အိမ်ရှေ့ရောက်သည်နှင့် အိမ်အတွင်းသို့ နားစွင့်လိုက်မိ၏။ အိမ်ထဲမှ အိမ်သားများ၏ အသံကို မကြားရ။ သူ့အိမ်မှာလည်း ကိုတင်အေးရယ်၊ သူ့အမေရယ်၊ သူ့မိန်းမငွေသန်းရယ် သုံးယောက်သာ ရှိကြသည်။

ကိုတင်အေး လယ်ထဲသို့ အလုပ်ဆင်းသည့်အခါ သူ့အမေနှင့် သူ့မိန်းမသာ ကျန်ခဲ့၏။ သူ့အမေက အသက် ၇၀ ကျော်ပြီ။ 'မျက်စိက မှုန်မွဲ၏။ သူ့အမေက မျက်စိမကောင်းပေမယ့် အိမ်ထဲမှာ မနေချင်။ တုတ်တစ်ချောင်းကို အဖော်ပြု၍ အရပ်ထဲမှ ဆွေမျိုးများအိမ်သို့ မကြာခဏ သွားလည်တတ်သည်။ ချော်လဲမည်စိုး၍ မသွားပါနှင့်ဟု ကိုတင်အေးက တောင်းပန်သော်လည်း မရ။

ယခုလည်း အိမ်ထဲမှာ တိတ်ဆိတ်နေ၍ သူ့အမေ အရပ်ထဲသို့ သွားနေမှန်း ကိုတင်အေး အတပ်သိလိုက်သည်။ ကိုတင်အေးသည် ဖိနပ်ချွတ်မှ ခြေသုတ်ခုံတွင် ခြေထောက်သုတ်ရင်း အိမ်ပေါ်သို့ တက်သွားခဲ့သည်။ သူ့အိမ်မီးဖိုချောင်ထဲမှ လှုပ်ရှားနေသံလိုလို ကြားလိုက်မိ၏။ ထို့ကြောင့် မီးဖိုချောင်ဘက်သို့ ဝင်သွားခဲ့သည်။

ကိုတင်အေးသည် မြင်လိုက်ရသော မြင်ကွင်းကြောင့် မျက်လုံးများ ပြာဝေသွားသည်။ သူ့မိန်းမ မငွေသန်းအား ယောကျာ်းသားတစ်ဦးက မီးဖိုချောင်ထဲမှ ကွပ်ပျစ်ပေါ်တွင် အတင်းအဓမ္မပြုကျင့်ရန် ကြိုးစားနေသည့် မြင်ကွင်းကြောင့် ဖြစ်သည်။ မငွေသန်းက အနိုင်အထက်ပြုကျင့်သူ၏ ရင်ဘက်ကို အတင်းတွန်းနေသည်။ ကိုတင်အေးသည် တံခါးရွက်နောက်မှ ငှက်ကြီးတောင်ဓားကို ဆွဲထုတ်လိုက်သည်။ ကိုတင်အေး၏ လှုပ်ရှားမှုကြောင့် သူ့မိန်းမအား စော်ကားနေသူသည် မီးဖိုချောင်တံခါးပေါက်မှ ခြံအနောက်ဘက်သို့ ခုန်ဆင်းပြေးသွားတော့၏။

မငွေသန်းက ကွပ်ပျစ်ပေါ်တွင်ထိုင်ကာ တရှုပ်ရှုပ် ငိုနေသည်။ ကိုတင်အေးက နောက်ဘက်တံခါးပေါက်မှ မီးဖိုချောင်ထဲသို့ ပြန်တက်လာခဲ့၏။

"တောက် တော်တော် မိုက်ရိုင်းတဲ့ကောင်ကွာ၊ ဟဲ့ မငွေသန်း နင်ကလဲ နင့်ကို စော်ကားဖို့ ကြိုးစားနေတာကို ဘာလို့ အရပ်ထဲကို အကူအညီ မတောင်းရတာလဲ"

"အဟင့် ဟင့် ကျွန်မ ညနေက ထမင်းချက်နေတုန်း သူ





ရောက်လာတယ်။ ရှင်နဲ့ အမေ့ကို ဘယ်သွားသလဲ မေးတယ်၊ ကျွန်မက နင့်အစ်ကို လယ်ထဲသွားတယ်၊ နင့်အဒေါ်က အရပ်ထဲ သွားတယ်လို့ ပြောလိုက်တယ်။ ကျွန်မက သူ့အရင်လည်း လာနေကျဆိုတော့ စကားပြောမိတာပေါ့။ နောက်တော့ သူက ကျွန်မကို မဖွယ်မရာ စကားတွေပြောပြီး. . . အဟီး. . . ကျွန်မကို အတင်းချုပ်၊ ပါးစပ်ပိတ်ပြီး ခွေးကျင့်ခွေးကြံ ကြံသွားတာ"

"နင် အရပ်ထဲကိုအော်ပြီး အကူအညီ တောင်းပါလား"

"ကျွန်မတအားအော်ပေမဲ့ သူက ပါးစပ်ကို အတင်းပိတ်ထားပြီး ကျွန်မမျက်နှာကို ဖြတ်ရိုက်လိုက်တာ ကျွန်မမူးမေ့သွားတယ်။ အဲဒီအချိန်မှာ သူက ကျွန်မကို စော်ကားတာ၊ ကျွန်မ သတိဝင်လာလို့ ရုန်းကန်နေချိန်မှာ ရှင်ရောက်လာတာ"

မငွေသန်းက ငိုယိုပြီး ကိုတင်အေးကို ပြောပြသည်။ ကိုတင်အေးမှာ ဒေါသစိတ်ကြောင့် မေးရိုးကြီးများပင် ထောင်နေ၏။ မငွေသန်းကို မတရားစော်ကားသွားသူက တခြားသူမဟုတ် ကိုတင်အေးနှင့် ညီအစ်ကို ဝမ်းကွဲတော်စပ်သည့် ထွန်းမောင်ဖြစ်နေသည်။

အသက်အားဖြင့် နှစ်ဆယ်ကျော်သာ ရှိသေးပေမဲ့ လူကောင်က ထွားကျိုင်း၏။ ကိုတင်အေး၏ အိမ်သို့ မကြာခဏ လာလည်တတ်သည်။ မငွေသန်းက ထွန်းမောင်ကို သူ့မောင်ဖွားပမာ ခင်မင်နေ၏။ ထွန်းမောင်က ခင်မင်မှုကို အခွင့်ကောင်းယူ၍ မငွေသန်းကို စော်ကားရက်လေခြင်းဟု ကိုတင်အေးစိတ်ထဲမှ ခံပြင်းမိ၏။ သူ့အမေကိုလည်း ကိုတင်အေးက အပြစ်တင်မိသည်။ သူ့အမေသာ အိမ်မှာ

ရှိလျှင် ထွန်းမောင်သည် မငွေသန်းကို စော်ကားရဲလိမ့်မည် မဟုတ်။

ကိုတင်အေးက အံကို ပြတ်လုမတတ်ကြိတ်ထားမိ၏။ သူ့လယ်ထဲမှ မပြန်ခင် နာရီဝက်က မိုးသည်းထန်စွာ ရွာခဲ့၏။ သည်အချိန်တွင် ထွန်းမောင်သည် သူ့အိမ်သို့ ရောက်နေ၏။ မိုးသည်းထန်စွာရွာနေစဉ် ထွန်းမောင်သည် မငွေသန်းကို မတရားစော်ကားခဲ့ခြင်း ဖြစ်သည်။ မငွေသန်း အရပ်ထဲရှိ လူများကို အော်ဟစ်ကာ အကူအညီတောင်းပေမဲ့ မိုးသံကြောင့် ကြားကြလိမ့်မည် မဟုတ်။

မငွေသန်းက ဝမ်းနည်းစွာ ငိုနေသည်။ ကိုတင်အေးသည် ရေစိုလုံချည်ဖြင့်ပင် ကွပ်ပျစ်ပေါ် ထိုင်ချလိုက်သည်။ မငွေသန်းအား စော်ကားသွားသည့်ကိစ္စကို မည်သို့ပြုရမည်နည်းဟု ကိုတင်အေး စဉ်းစား၏။ ထိုအချိန်တွင် ကိုတင်အေး၏အမေ ဒေါ်နှင်းရီက အိမ်သို့ ပြန်ရောက်လာသည်။

ဒေါ်နှင်းရီသည် သူ့အိမ်တွင် မည်သို့ဖြစ်ပျက်သွားသည်ကို မရိပ်စားမိ။ အိမ်ရှေ့ကြမ်းပြင်တွင် ထိုင်ကာ ဆေးပေါ့လိပ်ကို မီးညှိဖွာရှိုက်နေသည်။

"ဒီကိစ္စကို ကျေးရွာလူကြီးတွေကို သွားပြောပြီး ရဲစခန်းမှာ အမှုဖွင့်မယ်"

ကိုတင်အေးက မငွေသန်းကို တီးတိုးပြော၏။

"စဉ်းစားပါဦး ကိုတင်အေးရယ်၊ တစ်ရပ်လုံး တစ်နယ်လုံး သိကုန်ရင် ခေါင်းမဖော်ဝံ့အောင် ဖြစ်မယ်နော်"

"ငါတော့ လုံးဝမကျေနပ်ဘူးဟာ၊ ဒီကောင်ကို သတ်ပစ်ချင်





တယ်၊ တောက်"

"ကျွန်မက သေတောင်သေချင်တာ"

"ကဲ ဟန်မပျက် ချက်ပြုတ်နေဦး၊ ငါ စဉ်းစားလိုက်ဦးမယ်"

ကိုတင်အေးသည် ရေချိုးရန် အိမ်ရှေ့သို့ ထွက်ခဲ့၏။ အပြင်ဘက်တွင် အအေးဓာတ်လွှမ်းကဲနေပေမဲ့ သူ့ရင်ထဲမှာတော့ ပူလောင်နေသည်။

ထိုညက ကိုတင်အေး ညစာ မစားနိုင်။ တစ်ညလုံးလည်း အိပ်မပျော်နိုင်။ ထွန်းမောင်၏ မျက်နှာကို အတွေးထဲတွင် မြင်မိတိုင်း အံကြိတ်မိ၏။ ကိုတင်အေးသည် ထွန်းမောင်ကို လူရိုးလူအေး တစ်ယောက်ဟု သဘောထားကာ အစစအရာရာ ယုံကြည်ခဲ့၏။ မငွေသန်းကလည်း ကိုတင်အေးနည်းတူ ထွန်းမောင်ကို ယုံကြည်ခဲ့သည်မှာ အမှန်။

နောက်နေ့များတွင် ကိုတင်အေးသည် နေမကောင်းဟု အကြောင်းပြကာ အိမ်မှာပင် နားနေလိုက်သည်။ မငွေသန်းကလည်း မြို့ကို ဈေးသွားဝယ်သည်က လွဲ၍ အရပ်ထဲသို့ပင် မသွား။ မငွေသန်းသည် ကိုတင်အေးမျက်နှာကို ကြည့်ရမှာကိုပင် ရှက်ရွံ့နေဟန်ရှိသည်။ ကိုတင်အေးက မငွေသန်း၏မျက်နှာကို ကြည့်ရင်း အကဲခတ်သည်။

"မငွေသန်း နင့်ကို ငါ မေးစရာရှိတယ်၊ မှန်မှန်ဖြေနော်။ ငါ့စိတ်ထဲမှာ မတင်မကျဖြစ်နေလို့၊ နင့်ကို ထွန်းမောင်ရိုက်လိုက်တုန်းက မူးမေ့သွားတယ်ဆိုတာ တကယ်လား"

"တကယ်ပါ ကိုတင်အေးရယ်၊ ဒါကြောင့် ကျွန်မ စော်ကားခံ

ရတာပေါ့။ သတိဝင်လာတော့ ကျွန်မ အတင်းရုန်းကန်ပြီး အရပ်ကို အော်ဟစ် အကူအညီတောင်းတယ်။ ထွန်းမောင်က ကျွန်မပါးစပ်ကို အတင်းပိတ်လို့ သူ့ လက်ချောင်းတွေကို သွားနဲ့ ကိုက်ပစ်လိုက်တယ်"

ကိုတင်အေး တွေးရင်းတွေးရင်း ရင်ထဲတွင် တကျိုကျိုဖြစ်နေမိ၏။ ထွန်းမောင်အပေါ် သူ့နာကျည်းချက်သည် လှိုင်းတံပိုးပမာ ထန်လာနေ၏။

ကိုတင်အေးသည် သူနေထိုင်ရာနှင့် တစ်မိုင်ကျော်ခန့်ဝေးသည့်မြို့သို့ တက်သွားသည်။ ရင်းနှီးသော မိတ်ဆွေ ရဲတပ်ဖွဲ့ဝင်တစ်ဦးကို မငွေသန်းအား ထွန်းမောင် စော်ကားခဲ့သည့်ကိစ္စကို ရဲစခန်းတွင် အမှုဖွင့်ရန် တိုင်ပင်ကြည့်မိ၏။ ထိုအခါ ကိုတင်အေး၏ မိတ်ဆွေ ရဲတပ်ကြပ်ကြီးက ခေါင်းကို ခါရမ်း၏။

"အမှုဖွင့် တိုင်ကြားလို့ကတော့ အခက်အခဲ ဖြစ်လိမ့်မယ်ဗျ။ ဘာဖြစ်လို့လဲဆိုတော့ ခင်ဗျားမိန်းမကို စော်ကားခံရပြီး နာရီပိုင်းအတွင်းမှာ တိုင်ကြားမှ ခင်ဗျားမိန်းမကို အမှုစစ်ရဲအရာရှိက စစ်ဆေးမေးမြန်းမယ်။ ပြီးတော့ ဆေးရုံက ဆရာဝန်ဆီပို့ပြီးတော့ စော်ကားခံရခြင်း ရှိမရှိ စစ်ဆေးခိုင်းမယ်၊ စော်ကားခံထားရတယ်လို့ စစ်ဆေးတွေ့ရှိရရင် စော်ကားတဲ့လူကို မုဒိန်းမှုနဲ့ ဖမ်းဆီးအရေးယူလိုက်ရုံပဲ။ ခုတော့ နှစ်ရက်ကြာသွားပြီဆိုတော့ ဟင်း . . . အဲဒီနေ့ကတည်းက ခင်ဗျားမိန်းမကို စခန်းခေါ်လာပြီး တိုင်ချက်ဖွင့်ဖို့ ကောင်းတယ်"

"ကျွန်တော်ရော ကျွန်တော့်မိန်းမကပါ ဒီကိစ္စနဲ့ ပတ်သက်ပြီး ရဲစခန်းကို တိုင်ရင် လူတွေသိကုန်ပြီး မျက်နှာမဖော်ဝံ့အောင် အရှက်ရ





မှာစိုးလို့ဗျ"

"ဟာ. . . ဒါကတော့ ခင်ဗျား မိန်းမတစ်ယောက်လုံး အစော်ကားခံရတာပဲ။ အခုလို မဖုံးကွယ်သင့်တာကို ဖုံးကွယ်ထားလိုက်တော့ ခင်ဗျားမိန်းမအစော်ကားခံလိုက်ရတာကို ဒီလိုပဲ ငုံ့ခံနေမှာလား"

"အေးဗျာ၊ ကျွန်တော် အတွေးမှားသွားတယ်"

ကိုတင်အေးသည် မိမိအတွေးများ လွဲမှားခဲ့သည်ကို သတိရတိုင်း မိမိကိုယ်မိမိ အပြစ်တင်မိ၏။ ထွန်းမောင်ကိုတော့ အရိပ်ယောင်မျှပင် မတွေ့။ ကိုတင်အေးကလည်း သူ့မယားအပေါ် စိတ်မသိုးမသန့်ဖြစ်မိ၏။ သူ့မိန်းမ အရှက်အကြောက်ကြီးလွန်းတာလည်း ပါသည်ဟု အပြစ်တင်မိသည်။

ကိုတင်အေးသည် ညအိပ်ရာ ဝင်ခါနီးတိုင်း ထွန်းမောင်ကို ဒေါသဖြစ်ရသည်။ မငွေသန်းကလည်း ကိုတင်အေးကို ရှက်ရွံ့ခြင်းများစွာ ဖြစ်နေပုံရသည်။

နောက်သုံးလေးလခန့် ကြာသောအခါ မငွေသန်းသည် အလုပ်လုပ်နေရင်းမှ မူးလဲသွား၏။ ကိုတင်အေးက ဆရာဝန်ကို အိမ်ပင့်သည်။ ဆရာဝန်က မငွေသန်းကို စမ်းသပ်ပြီး မျက်နှာပြုံးသွားသည်။ ဆရာဝန်ပြုံးနေသည့် အဓိပ္ပာယ်ကို ကိုတင်အေး စဉ်းစားမရ။

"ခင်ဗျားတို့လင်မယား အိမ်ထောင်ကျတာ ဘယ်လောက်ကြာပြီလဲ"

"ခုနစ်နှစ်ရှိပါပြီ ဆရာ"

"ဟင် ဒါဆိုရင်တော့ ခင်ဗျားတို့မှာ သားဦးလေး ဒါမှမဟုတ် သမီးဦးလေးရတော့မှာ"

"ဗျာ"

ကိုတင်အေး အံ့ဩသွား၏။ ဆရာဝန် ပြောစကားအရဆိုလျှင် မငွေသန်းမှာ ကိုယ်ဝန်ရှိနေပြီဆိုသည့် သဘော။ ကိုတင်အေး စိတ်ထဲတွင် ဝမ်းသာရမလို ဝမ်းနည်းရမလို ဖြစ်သွား၏။ ဆရာဝန် ပြန်သွားတော့ ကိုတင်အေးက မငွေသန်းဘေးတွင် လာထိုင်သည်။ မငွေသန်း၏ မျက်နှာကို စေ့စေ့စပ်စပ် ကြည့်မိ၏။ မငွေသန်းက ကိုတင်အေးအကြည့်ကြောင့် ခေါင်းငုံ့သွားသည်။ မငွေသန်း နားထင်နားရင်းတွေကျလို့ပါလားဟု ကိုတင်အေး တွေးမိ၏။ မျက်ကွင်းတွေလည်း ညိုနေသည်။

"ဆရာဝန်ပြောတဲ့အတိုင်းဆို မင်းမှာ ကိုယ်ဝန်ရှိနေပြီပေါ့ဟုတ်လား မငွေသန်း"

"ကျွန်မ သတိထားမိတာ နှစ်လကျော်ပြီဆိုတော့ ဟုတ်မယ် ကိုတင်အေး။ ကိုယ်လက်တွေ မအီမသာ ဖြစ်နေတာလဲ ကြာပြီ"

ကိုတင်အေးအနေဖြင့် ထွန်းမောင်က မငွေသန်းကို စော်ကားခဲ့သည့်ကာလကို ပြန်လည်၍ တွက်ဆကြည့်မိ၏။ နှစ်လခွဲကျော်ခဲ့ပြီ။ ကိုတင်အေးစိတ်ထဲတွင် သံသယတွေ တန်းစီသွားခဲ့ရတော့သည်။

သူနှင့်မငွေသန်းတို့ အိမ်ထောင်ကျခဲ့သည်မှာ ခုနစ်နှစ်ကျော်ခဲ့ပြီ။ သူရော မငွေသန်းပါ သားသမီးလိုချင်ခဲ့ကြ၏။ သို့သော်





မငွေသန်းမှာ သားသမီးတစ်ယောက်မှ မထွန်းကားခဲ့။ ယခုတော့ မငွေသန်းမှာ သားသမီး ရှိနေပြီတဲ့။ ကိုတင်အေးက မငွေသန်းနားသို့ ကပ်ကာ တီးတိုးမေးသည်၊ မငွေသန်းက ခေါင်းညိတ်ပြသည်။

"ဟာ"

ကိုတင်အေး၏ ဦးခေါင်းသည် မိုးကြိုးပစ်ချခံရသည့်နှယ် ဖြစ်သွား၏။ မငွေသန်း၏ မျက်နှာကိုလည်း ရွံမုန်းသောအကြည့်ဖြင့် ကြည့်မိ၏။ မငွေသန်းက ချုံးပွဲချငို၏။ ထိုနေ့မှစ၍ မငွေသန်းကို ကိုတင်အေး စကားမပြောတော့။ နံနက်ပိုင်းတွင် လယ်ထဲတွင် သွားနေသည်။ နေ့လယ်ပိုင်းတွင် အိမ်သို့ ထမင်းပြန်စားပြီး လယ်ထဲသို့ ပြန်၏၊ ညနေမိုးချုပ်ခါနီးမှ အိမ်သို့ ပြန်လာသည်။ ညစာစားပြီးသည်နှင့် ရွာထဲမှ ဘကြီးစောလှိုင်၏အိမ်သို့သွားကာ စကားလက်ဆုံကျနေတတ်သည်။ ညဥ့်နက်မှ အိမ်သို့ ပြန်လာပြီး ဘုရားစင်ရှေ့တွင် အိပ်သည်။

"ကိုတင်အေး"

မငွေသန်းက ကိုတင်အေးဘေးတွင် လာထိုင်သည်။

"ဘာလဲဟာ၊ ငါ အိပ်တော့မလို့"

"မနက်ဖြန်ကျရင် အဖေတို့ဆီ နေ့ချင်းပြန်သွားချင်လို့၊ ကျွန်မယောက်မမီးဖွားတာ သတင်းသွားမေးချင်တယ်"

"နင့်သဘောပဲ မငွေသန်းရယ်"

နောက်တစ်နေ့ နံနက်တွင် မငွေသန်းသည် သူ့အဖေရှိရာ သယောပြင်ရွာသို့ သွားလေ၏။

× × × × ×

"ဟဲ့ လူလေးတင်အေး။ မိငွေသန်းမှာ ကိုယ်ဝန်ကြီးနဲ့ဆိုတာ နင်လဲသိသားနဲ့၊ နင့် ငါကြည့်ရတာ ကိုယ့်မိန်းမအပေါ် ဂရုမစိုက်သလိုပဲ"

ဒေါ်နှင်းရီက သူ့သား ကိုတင်အေးကို ပြောသည်။ ကိုတင်အေး မည်သို့မျှ ခွန်းတုံ့မပြန်။ မငွေသန်း၏ မျက်နှာကို လှမ်းကြည့်သည်။ မငွေသန်း၏ ကိုယ်ဝန်သည် ၈ လကျော်လာခဲ့ပြီကို ကိုတင်အေး သတိထားမိ၏။ မငွေသန်း၏ ကိုယ်လက်တွေ ရောင်ရမ်းသည်ပင် နှစ်ခါရှိခဲ့ပြီ။ မကြာမီ မငွေသန်း မီးဖွားတော့မည်ကို သိနေ၏။ ထိုညနေက ကိုတင်အေး အိပ်ရာသို့ စောစောဝင်ခဲ့သည်။ သူ့အမေနှင့် မငွေသန်းကတော့ စကားပြောနေကြဆဲ။

× × × × ×

"ဗျို့ ကိုတင်အေး၊ ကိုတင်အေး"

နံနက်မိုးမလင်းမီ အိမ်ရှေ့မှ ခေါ်သံကြောင့် ကိုတင်အေးသည် အိပ်ပျော်နေရာမှ လန့်နိုးသွား၏။

"အိမ်ရှေ့က ခေါ်နေတာ ဘယ်သူလဲ"

"ကျွန်တော် ဖိုးဆိတ်ပါ ကိုတင်အေး"

"ဘာ ကိစ္စ ရှိလို့လဲကွ"

"ခင်ဗျားကို ဘကြီးထွန်းသိန်းက အခေါ်ခိုင်းလိုက်လို့"

ကိုတင်အေးသည် အိပ်ရာထဲမှ လူးလဲထပြီး အိမ်ရှေ့တံခါးကို ဖွင့်ပေးလိုက်ကာ ခြံဝသို့ လျှောက်သွား၏။





"ဘာတွေ အရေးကြီးလို့လဲ ဖိုးဆိတ်ရဲ့"

"ခင်ဗျားညီဝမ်းကွဲ ကိုထွန်းမောင် သူ့အိမ်နောက်ဘက်က မကျည်းပင်အောက်မှာ အသတ်ခံထားရလို့"

"ဟင်"

"အဲဒါ သူ့အဖေ ဘကြီးထွန်းသိန်းက နောက်ဖေးဘက်မှ ခွေးတွေ တအားဟောင်နေလို့ လက်နှိပ်ဓာတ်မီးနဲ့ ထိုးအကြည့်မှာ သူ့သားအသတ်ခံထားရတာကို တွေ့တာ"

ကိုတင်အေးသည် အိမ်ရှေ့တံခါးကို စေ့ထားခဲ့ကာ ဖိုးဆိတ်နှင့်အတူ သူ့ဦးကြီးထွန်းသိန်း၏ အိမ်သို့ လိုက်သွားခဲ့၏။ ဦးထွန်းသိန်း၏ အိမ်နောက်ဘက် မကျည်းပင်အောက်တွင် ထွန်းမောင်၏ အလောင်းကို ဝိုင်းအုံကြည့်နေသော ရွာသားများကို တွေ့ရ၏။

"မောင်တင်အေးရယ်၊ မင်းညီလေးရဲ့ အဖြစ်ကို ကြည့်ပါဦးကွယ်။ မင်း ညီလေးကို မကယ်နိုင်တော့ဘူးလား"

ဦးထွန်းသိန်းက ကိုတင်အေး၏ ပခုံးကိုကိုင်ရင်း ဝမ်းနည်းသံဖြင့် ပြောသည်။ ကိုတင်အေးသည် ထွန်းမောင်၏ အလောင်းကို ကြည့်ကာ ခေါင်းတဆတ်ဆတ် ညိတ်နေမိ၏။ သူ့မျက်နှာတွင် ဝမ်းနည်းသယောင် ဟန်ဆောင်ထားရသော်လည်း စိတ်ထဲတွင် ကြိတ်၍ ဝမ်းသာနေသည်။ မငွေသန်းကို စော်ကားတဲ့ကောင်၊ ဒီလိုပဲ အသေဆိုးနဲ့ သေရမယ်ဟု စိတ်ထဲမှ ပြောနေမိ၏။

မကြာမီ ရွှေဆယ်ရဲစခန်းမှ စခန်းမှူးရဲအုပ်ကျော်ဦးနှင့် ရဲတပ်ဖွဲ့ဝင်များ ရောက်လာကြသည်။ ရဲတပ်ဖွဲ့ဝင်များက သေဆုံးနေ

သည့် ထွန်းမောင်၏အလောင်းကို ကြည့်ရှုစစ်ဆေးကြသည်။ ထွန်းမောင်၏ ညာဘက်ဝမ်းဗိုက်တွင် ချွန်ထက်စူးရှသော ဒဏ်ရာ နှစ်ချက်ကို တွေ့ရသည်။ အခင်းဖြစ်ပွားသည့်နေရာတွင် ရုန်းရင်းဆန်ခတ်ဖြစ်ပွားခဲ့သည့် အနေအထားကို တွေ့ရသည်။ စခန်းမှူးရဲအုပ်ကျော်ထွန်းက ထွန်းမောင်၏ အလောင်းကို ကြည့်ရှုစစ်ဆေးရေးမှတ်ထားပြီးသည်နှင့် သူသိလိုသမျှကို ဦးထွန်းသိန်းအား မေးမြန်းသည်။ ကိုတင်အေးသည် ထွန်းမောင်၏အလောင်းနှင့် မလှမ်းမကမ်းတွင် ထိုင်ကာ ငိုင်နေမိ၏။

စခန်းမှူးရဲအုပ်ကျော်ဦးနှင့်အတူ ပါလာသော နယ်ထိန်းတပ်ကြပ်ကြီးမြင့်ဆွေက ကိုတင်အေး၏ မျက်နှာကို အကဲခတ်နေမှန်း ကိုတင်အေး သတိပြုမိသည်။ စခန်းမှူးရဲအုပ် ကျော်ဦးက ထွန်းမောင်၏ အလောင်းကို ရွာမှလှည်းတစ်စီးဖြင့် ဆေးရုံသို့ ပို့ခိုင်းလိုက်၏။ နယ်ထိန်းတပ်ကြပ်ကို သေဆုံးသူ ထွန်းမောင်အလောင်းနှင့် ပတ်သက် သော စစ်ဆေးတွေ့ရှိချက်ကို ရေးပေးလိုက်၏။

ကိုတင်အေးက အသုဘကိစ္စအတွက် ရွာထဲမှ လူငယ်များနှင့် စီစဉ်စရာရှိသည်များကို စီစဉ်သည်။ ဦးထွန်းသိန်းသည် သူ့သား အသတ်ခံရခြင်းအတွက် အလွန်စိတ်မကောင်း ဖြစ်နေပုံရ၏။

ကိုတင်အေးသည် နံနက်စာ ထမင်းကြမ်းစားရန် အိမ်သို့ ပြန်လာခဲ့၏။ ထမင်းကြမ်းစားပြီးနောက် အိမ်ရှေ့ကြမ်းပြင်တွင်ထိုင်ကာ ရေနွေးကြမ်းသောက်နေခဲ့သည်။ မငွေသန်း၏ မျက်နှာကိုလည်း ကိုတင်အေး မသိမသာ အကဲခတ်နေခဲ့၏။ မငွေသန်း၏ မျက်နှာမှာ





မည်သို့မျှ မပြောင်းလဲကြောင်း တွေ့ရသည်။

ကိုတင်အေးအဖို့မူ ထွန်းမောင်သေဆုံးသွားပေမဲ့ ထွန်းမောင်အပေါ်ရှိခဲ့သော ဒေါသများမှာ မပြေနိုင်သေး။ သင်းစနက်ကြောင့် သူတို့လင်မယား လူမသိ သူမသိ အဆင်မပြေ ဖြစ်နေသည်ကို တွေးမိတိုင်း ဝမ်းနည်းရ၏။ မငွေသန်းမှာ ယူကျုံးမရဖြင့် ဝမ်းနည်းရ၏။ မငွေသန်းမှာ မကြာမီတွင် မီးဖွားပေတော့မည်။

"ထွန်းမောင်လေး အသတ်ခံရတာ သနားစရာကွယ်၊ ဘယ်သူများ ရန်ငြိုးနဲ့သတ်သွားသလဲ မသိပါဘူး"

ဒေါ်နှင်းရီက သူ့သား ကိုတင်အေးကြားအောင် ပြောနေသည်။

"လူယုတ်မာပဲ အသတ်ခံရမှာပေါ့၊ သေတာ ကောင်းတယ်"

"ဟဲ့ တင်အေး၊ ဘယ်လိုစကားမျိုး ပြောလိုက်တာလဲကွယ်၊ ထွန်းမောင်ဟာ မင်းရဲ့ညီဝမ်းကွဲ မဟုတ်လား"

"ညီဝမ်းကွဲမို့ ဒီကောင်ယုတ်မာတာတွေ သိနေတာ"

"ထွန်းမောင်က ဘာတွေ ယုတ်မာလို့လဲကွယ်"

"အမေ မသိပါဘူးဗျာ"

ကိုတင်အေးသည် အိမ်ပေါ်မှ ဆင်းသွားခဲ့၏။ မငွေသန်း၏ မျက်နှာကိုလည်း ငုံ့စောင်း၍ ကြည့်သည်။ မငွေသန်းက မျက်နှာ အောက်ငုံ့ထား၏။

နေ့လယ်ဘက်တွင် ထွန်းမောင်၏အလောင်း ဆေးရုံမှ ပြန်ရောက်လာသည်။ ရွာထဲက သူငယ်ချင်းတွေက ထွန်းမောင်၏

အခေါင်းကို ဖွင့်၍ ကြည့်ကြ၏။ ငိုသူတွေ ငိုကြသည်။ ကိုတင်အေး ကတော့ အလောင်းကို ကြည့်ပြီး နှာခေါင်းရှုံ့သည်။

သပြေတန်းစုရွာရှိ ထွန်းမောင်၏ ချစ်သူကလည်း သတင်းကြားခဲ့၍ ဦးထွန်းသိန်းအိမ်သို့ ရောက်လာသည်။ ထွန်းမောင်နှင့်သူချစ်သူတို့ကို နှစ်ဖက်မိဘများက သဘောတူကြ၍ စေ့စပ်ထားသည်မှာ ရက်ပိုင်းပင် ရှိသေး၏။ မိန်းကလေးမှာ ထွန်းမောင်အလောင်းကိုကြည့်ပြီး ငိုယိုရင်း သတိလစ်သွားသဖြင့် ပြုစုပေးနေကြသည်။

"မိန်းကလေးရယ်၊ နင်က နင့်ရည်းစားနဲ့ သေကွဲကွဲသလို၊ ငါကလဲ ငါ့မိန်းမနဲ့ ရှင်ကွဲ ကွဲနေရသူပါ"

ကိုတင်အေးစိတ်ထဲမှ ပြောလိုက်သည်။ မိန်းကလေး အတွက်တော့ ကိုတင်အေး စိတ်မကောင်းကြီးစွာ ဖြစ်ရသည်။

နောက်တစ်နေ့ညနေတွင် ရဲစခန်းမှ စခန်းမှူးနှင့်ရဲတပ်ဖွဲ့ဝင်များ ရွာသို့ ရောက်လာကြသည်။ ကိုတင်အေးကို စစ်မေးစရာရှိ၍ စခန်းသို့ လိုက်ခဲ့ပါဟု ခေါ်သည်။ ကိုတင်အေးကလည်း သူ့မိတ်ဆွေ ရဲတပ်ကြပ်ကြီးကို ကြည့်ပြီး "ဥပဒေဆိုတာ မိတ်ဆွေမရှိပါလား" ဟု ဆင်ခြင်မိ၏။

ရဲစခန်းသို့ရောက်တော့ စခန်းမှူးရဲအုပ်ကျော်ဦးက ကိုတင်အေးကို ထွန်းမောင် အသတ်ခံရမှုနှင့်ပတ်သက်ပြီး မသင်္ကာသဖြင့် စစ်ဆေးမေးမြန်းသည်။

"ခင်ဗျားမိန်းမနဲ့ပတ်သက်ပြီး ထွန်းမောင်ကို ခင်ဗျား သတ်ပစ်လိုက်တာ ဖြစ်နိုင်တယ်လို့ ကျွန်တော်တို့ ယူဆထားတယ်။ ဒါ





ကြောင့် ခင်ဗျားကို ခေါ်ပြီး စစ်မေးရတာပါ"

"ထွန်းမောင်ကို ကျွန်တော် မသတ်ပါဘူး"

"ခင်ဗျားလိမ်ညာဖို့ မကြိုးစားသင့်ဘူး"

"ကျွန်တော် မလိမ်ပါဘူး ဆရာ"

"ခင်ဗျားကို လူသတ်မှုနဲ့ ပတ်သက်ပြီး သံသယတရားခံအဖြစ် ယူဆထားတာမို့ စခန်းမှာ ထိန်းသိမ်းထားရပါလိမ့်မယ်"

ကိုတင်အေး မည်သို့ ပြန်မဖြေ။ ရဲစခန်း၏ အချုပ်ခန်းအတွင်းသို့ ဝင်သွားခဲ့သည်။ ထွန်းမောင် အသတ်ခံရသည်မှာ မျက်မြင်သက်သေမရှိ။ ကိုတင်အေး အိပ်ပျော်နေသည်ကို ရွာထဲမှ ဖိုးဆိတ်က သက်သေရှိသည်။ ရဲစခန်းသို့ သူ့အမေ ဒေါ်နှင်းရီ လိုက်သွားခဲ့၏။

"ဟဲ့ တင်အေး၊ ထွန်းမောင်ကို နင်သတ်တာပါလို့ ရွာထဲမှာ ပြောနေကြတယ်။ နင် ကိုယ့်ညီလေးကို ဘာကြောင့်သတ်ရတာလဲ၊ မိုက်လိုက်တာကွယ်"

"ဟာဗျာ အမေကလဲ အများထင်သလို ကျွန်တော့်ကို မစွပ်စွဲပါနဲ့၊ ထွန်းမောင်ကို ကျွန်တော် မသတ်ပါဘူး။ ဒီကောင် ယုတ်မာခဲ့ပေမဲ့ ကျွန်တော် ခွင့်လွှတ်ခဲ့ပါတယ်"

"နင်ကသာ မသတ်ဘူးပြောနေပေမဲ့ နင် အဖမ်းခံထားရတယ်မဟုတ်လား။ နင့် မိန်းမကလဲ နေ့ မီးဖွားမလား၊ ည မီးဖွားမလား မသိတဲ့ အချိန်မှာကွယ်"

သူ့အမေ ပြန်သွားတော့ ကိုတင်အေးရင်ထဲတွင် ဝမ်းနည်းသွားရ၏။ ခုလောက်ဆို ထွန်းမောင်ကို ကိုတင်အေး သတ်သည်ဆို

သည့်သတင်း တစ်နယ်လုံးသို့ ပျံ့နှံ့နေလောက်ပြီ၊ ကိုတင်အေးအတွက် နေ့စာ၊ ညစာကို သူ့မိတ်ဆွေ နယ်ထိန်းတပ်ကြပ်ကြီး မြင့်ဆွေက ပို့ပေးသည်။

သုံးလေးရက်အကြာတွင် ရွာမှ ဖိုးဆိတ်က ကိုတင်အေးကို အချုပ်ခန်းသို့ လာတွေ့သည်။ ဖိုးဆိတ်မျက်နှာမကောင်း။

"ဖိုးဆိတ်၊ ငါ့အမေ နေကောင်းလား"

"အရီးကတော့ နေကောင်းပါတယ်၊ အစ်မငွေသန်းကတော့ ညက ၈ နာရီလောက်မှာ သားယောကျ်ားလေး မွေးပြီးပြီးချင်း ဆုံးသွားလို့ ခင်ဗျားဆီကို လာအကြောင်းကြားတာ"

"ဟင်"

ကိုတင်အေး၏ ရင်ထဲတွင် ပွင့်ထွက်လုမတတ် ခံစားလိုက်ရ၏။ မငွေသန်း ဆုံးရှာပြီ။ သူ့မှာလည်း လူသတ်မှု၏ သံသယတရားခံအဖြစ် အချုပ်အနှောင် ခံနေရဆဲ ဖြစ်သည်။ ယခုဆိုလျှင် အိမ်မှာ သူ့အမေက တစ်ယောက်တည်း။

"အစ်မငွေသန်းရဲ့ မိဘဆွေမျိုးတွေဆီကိုတော့ ရွာထဲက လူစိန်ကို သွားပြောခိုင်းလိုက်တယ်"

"မင်းတို့ပဲ မငွေသန်းရဲ့ အသုဘကို မြေကျတဲ့အထိ အစစ အရာရာ တာဝန်ယူပေးကြပါ ဖိုးဆိတ်ရယ်"

ကိုတင်အေး၏ စိတ်များ လှုပ်ရှားနေရသည်။ မငွေသန်း အပေါ် ရှိခဲ့သည့် သူ၏ သံသယစိတ်များသည် ပြေလျော့စ ပြုလာ၏။ မငွေသန်းသားဦးလေး မွေးသည်ဘို၍ တွေ့ချင်မြင်ချင်မိသည်။





ညနေစောင်းတွင် အချုပ်ခန်းစောင့်က ကိုတင်အေးကို အချုပ်ခန်းထဲမှ ရဲစခန်း၏ ရုံးခန်းထဲသို့ ခေါ်ထုတ်ခဲ့သည်။

"ဟင် အောင်စိုး"

စခန်းမှူးရဲအုပ်ကျော်ဦး၏ ရှေ့တွင် မငွေသန်း၏ မောင် အောင်စိုးကို တွေ့လိုက်ရသည်။

"ထိုင်ပါ ကိုတင်အေး၊ အောင်စိုးက ထွန်းမောင်ကို သူသတ်တာပါလို့ ဝန်ခံတယ်။ သူ့အစ်မ မငွေသန်း ရွာကို လာတုန်းက ထွန်းမောင်က သူ့ကို စော်ကားခဲ့တာတွေ၊ ကိုတင်အေးက အစ်မငွေသန်းကို အထင်လွဲစိတ်နဲ့ ပစ်ပယ်ထားတာတွေကို သူ့အစ်မက သူ့ကို ပြောပြတယ်တဲ့၊ အဲဒါကြောင့် သူ့အစ်မကို စော်ကားခဲ့တဲ့ ထွန်းမောင်ကို သူသတ်ပစ်လိုက်တာတဲ့။ အခု ခင်ဗျား သံသယတရားခံအဖြစ် အဖမ်း ခံထားရတယ်။ အဲဒီအချိန်မှာ သူ့အစ်မသေတာ သိရလို့ စိတ် မကောင်းဖြစ်ပြီး ရဲစခန်းမှာ လာရောက်အဖမ်းခံတာ"

"ဟင်"

ကိုတင်အေး အံ့ဩသွားရသည်။ အောင်စိုးက ကိုတင်အေး၏ မျက်နှာကို ကြည့်သည်။

"ကဲ ကိုတင်အေး၊ ခင်ဗျားပြန်နိုင်ပြီ။ ခင်ဗျားအတွက်တော့ စိတ်မကောင်း ဖြစ်မိတယ်ဗျာ"

"အစ် အစ်ကိုတင်အေး၊ အခု အစ်မမွေးခဲ့တဲ့ ကလေးဟာ ခင်ဗျားရင်သွေး အစစ်ဆိုတာ ယုံပါနော်"

အောင်စိုးက ပြောသည်။ ကိုတင်အေး ခေါင်းကို ညိတ်ပြလိုက်

၏။ ကိုတင်အေးသည် သွက်လက်သော ခြေလှမ်းများဖြင့် ရွာသို့ ပြန်ခဲ့၏။ ရွာရောက်လျှင် သူ့သားလေး၏ မျက်နှာကို မြင်တွေ့ရတော့မည်။ ပြီးတော့ . . .။

တကယ့်ဖြစ်ရပ်မှန်ခင်းမဂ္ဂဇင်း၊ ဇန်နဝါရီလ၊ ၂၀၀၀

☆ ☆ ☆ ☆ ☆



# ဆူညံသံတွေကြားမှာ



ပန်းချီကျော်စိုးညိန်း

မြသရဖူစာပေနှင့်အနုပညာလုပ်ငန်း

## ရှေ့ညသံတွေကြားမှာ

***(ဖြစ်ရပ်မှန် မှတ်တမ်း)***

၁၉၉၅ခုနှစ်၊ ဧပြီလ (   )ရက်။

"ဖြန်း"

"အောင်မလေး။ သေပါပြီ"

ဒေါ်တင်အေးက ကလေးများနှင့်အတူ ဆော့ကစားနေသော မိလုံး၏တင်ပါးကို ဝါးခြမ်းပြားကြီးဖြင့် တစ်အားလွှဲရိုက်ပစ်လိုက်သည်။ မိလုံးက နာကျင်လွန်း၍ တင်ပါးကို လက်ဝါးဖြင့် ပွတ်သပ်ပြီး ငိုယိုကာ အိမ်ဘက်သို့ တစ်ဟုန်ထိုးထွက်ပြေးသွားသည်။ ကလေးများက ဝိုင်းပြီး ရယ်မောနေကြသည်။





"ဟဲ့ မတင်အေး၊ မိလုံးကို မရိုက်ပါနဲ့ဟယ်။ သူက ရောဂါဝေဒနာသည် မဟုတ်လား။ ကလေးတွေနဲ့ ဆော့ကစားပါစေလား. ."

ဦးစိန်ပိုင်က လှမ်းပြောသည်။

"ညမိုးချုပ်နေပြီလေ အစ်ကိုကြီးရဲ့၊ သူ့အဖေပြန်လာလို့ သူ့သမီးကို မတွေ့ရင် ကျွန်မကို ပြောမှာ။ မိလုံးကို မျက်စိအောက်က အပျောက်မခံဝံ့ဘူး"

"ဟုတ်တော့လည်း ဟုတ်ပါတယ်။ ဒါပေမဲ့ သူ့ကို စိတ်ချမ်းသာအောင် ထားပါ။ သူ့စိတ်ဖောက်ပြန်လာရင် နင်တို့ပဲ ပင်ပန်းတာ မဟုတ်လား"

"သွားမယ် အစ်ကိုကြီးရေ၊ သူ့ကို ရေချိုးပေးရဦးမယ်"

ဒေါ်တင်အေးက လက်ထဲမှ ဝါးခြမ်းပြားကို လမ်းဘေးသို့ လွှတ်ချကာ အိမ်ရှိရာသို့ လျှောက်သွားလေသည်။ မိလုံးက ဦးသန်းထွန်း ဒေါ်တင်အေးတို့၏ တစ်ဦးတည်းသောသမီး ဖြစ်သည်။ အပျိုဖော်ဝင်ကစအရွယ်တွင် သွေးသားကြောင့် စိတ်ဖောက်ပြန်ကာ စိတ္တဇဝေဒနာသည်လေး ဖြစ်သွားသည်။ ယခု မိလုံးအသက်သည် နှစ်ဆယ်ကျော်လာခဲ့ပြီ။ မိလုံးစိတ်တည်ငြိမ်သည့်အခါများတွင် ကလေးများနှင့် ဝိုင်းဖွဲ့ကာ ဆော့ကစားနေတတ်သည်။ အော်ဟစ်ကာ သီချင်းဆိုနေတတ်သည်။ ဦးသန်းထွန်းက သူ့သမီး မိလုံးကို အလွန်ချစ်သည်။ အိမ်ထဲမှာပင် နေစေသည်။ ဒေါ်တင်အေးမှာ အိမ်မှုကိစ္စက တစ်ဖက်၊ မိလုံးကို မျက်ချည်မပြတ် ကြည့်ရှုနေရသည်က တစ်ဖက်နှင့် မအားရ

ပါ။

ဦးသန်းထွန်းက လွယ်အိတ်ကလေး လွယ်ပြီးအလုပ်မှ ပြန်လာသည်။ အိမ်ရှေ့ကွပ်ပျစ်တွင် ထိုင်နေသော ဦးစိန်ပိုင်ကို ဦးသန်းထွန်းက အပြုံးဖြင့် နှုတ်ဆက်သည်။

"ခင်ဗျားသမီး မိလုံးမိုးချုပ်တဲ့အထိ ကလေးတွေနဲ့ ကစားနေလို့ မတင်အေးက ရိုက်ပြီး ခေါ်သွားလေရဲ့. . ."

"ဟာ. . . မတင်အေးက သမီးကို ချော့မော့ခေါ်တာမဟုတ်ဘူး"

ဦးသန်းထွန်းက အိမ်ရှိရာသို့ ခပ်သုတ်သုတ် လျှောက်သွားသည်။

"ရှင်ကလဲလေ ဘာလို့ ပြောလိုက်ရတာလဲ။ လင်မယားချင်း စကားများနေမှဖြင့်"

ဦးစိန်ပိုင်၏ ဇနီးက ဦးစိန်ပိုင်ကို ပြောသည်။

"ဟုတ်ပါရဲ့ ငါကလည်း လျှာရှည်လိုက်မိတယ်"

ဦးစိန်ပိုင်က ပြောပြီး သက်ပြင်းချသည်။ သူ့ဇနီး၏ မျက်နှာက ရှုံ့မဲ့နေ၏။

မိလုံးက တယ်လီဗေးရှင်းကြည့်နေရင်းမှ သီချင်းဆိုနေသည်။ ဦးသန်းထွန်းက သဘောကျကာ ပြုံးနေသည်။

"သမီး မနက်ကျရင် ဘာစားချင်သလဲ"

"ကော်ဖီနဲ့ အီကြာကွေးကို အရင်စားမယ်။ ပြီးတော့ ကောက်





ညှင်းပေါင်းစားမယ်"

"တော်ပြီလား"

"ကိတ်မုန့်လည်း စားချင်သေးတယ်"

"ဟာ. . . အစားတွေများပြီး သမီး ဗိုက်ကြီးကွဲထွက်သွားမှာပေါ့"

"ဖေဖေက လိုက်ကောက်စားပေါ့။ မေမေ့ကို မကျွေးနဲ့. . ."

"အေးပါကွာ၊ စားပါမယ်"

သားအဖနှစ်ယောက်၏ ရယ်မောသံထွက်ပေါ်လာသည်။ ဒေါ်တင်အေးက ခေါင်းတဆတ်ဆတ်ညိတ်ရင်း သဘောကျနေသည်။

"ဟဲ့ မတင်အေး သမီးကို ဆေးတိုက်ဦးလေ၊ သမီးအားရှိလာအောင်"

ဒေါ်တင်အေးက ဆေးပုလင်းယူလာသည်။

"ဖေဖေလည်း ဆေးသောက်လေ အားရှိအောင်. . ."

"ဖေဖေက အားရှိပြီးသား၊ သမီးလေးသာ သောက်စမ်းပါ"

မိလုံးက ဒေါ်တင်အေးလှမ်းပေးသော ဆေးလုံးကို ပါးစပ်ထဲသို့ ပစ်ထည့်ပြီး ရေကို မော့သောက်လိုက်သည်။

သမီးအိပ်တော့နော်။ မနက်ကျရင် မုန့်တွေအများကြီး ကျွေးမယ်နော်"

"ဟုတ်ကဲ့"

မိလုံးက အိပ်ခန်းထဲသို့ ပြေးဝင်သွားသည်။

"တွေ့လား . . ငါ့သမီးက သိပ်လိမ်မာတာ"

"ဟုတ်ပ့ါတော်။ ဟုတ်ပ့ါ"

× × × × ×

ယခုတစ်လော မိလုံးမှာ အော့အန်နေသည်။

"ဒီကောင်မလေးအစားတွေ တရားလွန်စားပြီး အစာမကြေ ဖြစ်နေတယ်"

ဒေါ်တင်အေးက အော့အန်နေသော မိလုံး၏ ကျောပြင်ကို လက်ဖြင့် ဖိပေးရင်း ပြောသည်။

မိလုံးက အော့အန်ပြီး မောဟိုက်နေသည်။

နင် အစားပုပ်တာ အရေးမကြီးဘူး။ နင် အဖေက ငါ့ကို ဆူကြိမ်းဦးမယ်"

မိလုံးက သူ့အမေဒေါ်တင်အေးကို ဖက်ထားသည်။ ထိုစဉ် ဦးသန်းထွန်းက အပြင်မှ ပြန်လာသည်။

"ဟဲ့ . . . သမီး ဘာဖြစ်တာလဲ"

အစားတွေမှားပြီး အစာမကြေဖြစ်တာ။ ခဏ ခဏ အန်နေ တယ်"

"ဟာ . . . ဒါဆို ဘယ်ဖြစ်မလဲ။ ဆရာဝန်ကို သွားပြရ မယ် . ."

ဦးသန်းထွန်းက မိလုံးကို ဆေးခန်းသို့ ခေါ်သွားသည်။ ဆရာဝန်က မိလုံးကို စမ်းသပ်ပြီး မျက်နှာအမူအရာ ပြောင်းလဲသွား





သည်ကို ဦးသန်းထွန်းက သတိပြုမိလိုက်၏။ မိလုံးက ပျို့တက်နေ သည်။ ဆရာဝန်က ဦးသန်းထွန်းကို မျက်ရိပ်ပြပြီး အနားသို့ ခေါ် သည်။

"ဘာပြောချင်လို့လဲ ဆရာ . . ."

"ခင်ဗျား သမီးမှာ အိမ်ထောင်ရှိသလား"

"ဗျာ . . . ဟာ . . . မရှိပါဘူး။ ဘာဖြစ်လို့လဲ"

"ပြောရမှာတော့ အားနာတယ်ဗျာ။ သူ့မှာ ရည်းစားထားတဲ့ သူရှိရင် အမြန်ဆုံး လက်ထပ်ပေးလိုက်ပါ"

"ဟင် . . . ဘာကြောင့်လဲဆရာ"

"ခင်ဗျားသမီးမှာ ကိုယ်ဝန်ရှိနေပြီ"

"ဗျာ"

ဆရာဝန်၏ တိုးတိုးစကားကြောင့် ဦးသန်းထွန်းမှာ ယိုင်လဲ မလို ဖြစ်သွားသည်။ ခေါင်းထဲတွင် မူးဝေသွားသည်။ မိလုံးကို ဆေးခန်းမှ ခေါ်ထုတ်လာပြီး အိမ်သို့ အမြန်ပြန်လာခဲ့၏။

"ဆရာဝန်က ဘာဆေးတွေပေးလိုက်သလဲ"

"သေဆေးတွေ . . ."

"ဟာ . . . ရှင်ကလဲ စကားကောင်းကောင်း ပြောစမ်းပါ"

ဆရာဝန်က သေဆေးသာပေးလိုက်ရင် ငါက အရင်သောက် ပြီး သေလိုက်မယ်"

"ရှင် ဘာဖြစ်လာတာလဲ"

ဦးသန်းထွန်း၏ မျက်နှာတွင် ဇောချွေးတွေ ပြန်နေသည်။

"ပြဿနာတွေတော့ တက်နေပြီ မတင်အေးရေ။ မျက်နှာမပြရဲအောင် အရှက်ကွဲတော့မှာဟဲ့"

ဦးသန်းထွန်း၏ အသံက ဆို့နစ်နေသည်။

"ဘာတွေ ဖြစ်နေလို့လဲ ပြောစမ်းပါဦး"

ဦးသန်းထွန်းက ဒေါ်တင်အေး၏ နားနားသို့ တိုးကပ်ကာ ပြောသည်။

"ဘုရား. . . ဘုရားဟုတ်ရဲ့လား ကိုသန်းထွန်းရယ်"

ဒေါ်တင်အေးက စိုးရိမ်တကြီးမေးသည်။

"ဆရာဝန်က စမ်းသပ်ပြီးမှ ပြောတာ"

"ငါက သေတောင်သေချင်တယ်"

မိလုံးက အိပ်ယာပေါ်တွင် လှဲ၍ အိပ်နေ၏။ မျက်နှာလေးက မှိုင်တွေနေသည်။ ဒေါ်တင်အေးက မိလုံးကို ကြည့်ပြီး မျက်ရည်ဝဲနေသည်။

"ငါ့သမီးက ဘယ်ယောကျ်ားလေးနဲ့မှ စကားတောင် ပြောတာမဟုတ်ဘဲနဲ့"

"ဟုတ်တယ်။ ကျွန်မလည်း စဉ်းစားရခက်နေတယ်"

ဦးသန်းထွန်းက စခန်းမှူး ရဲအုပ်အောင်ဝင်းအား တီးတိုးပြောပြသည်။ ရဲအုပ်အောင်ဝင်းက တွေဝေကာ စဉ်းစားနေသည်။

'စိတ္တဇဝေဒနာရှင် မိန်းကလေးကို တစ်စုံတစ်ဦးက ယုတ်မာ





စော်ကားထားတာပဲ။ ခင်ဗျားသမီးက ခင်ဗျားတို့ မျက်စိအောက်က အပျောက်ခံတာလည်း မဟုတ်ဘူး။ ဒီတော့ ခင်ဗျားတို့ကလည်း ခင်ဗျားသမီးကို ဘယ်သူဘယ်ဝါက ယုတ်မာစော်ကားနိုင်မလဲဆိုတာ အခြေအနေကို အကဲခတ်စုံစမ်းကြည့်ပါ။ ကျွန်တော်တို့ကလည်း စုံစမ်းပေးပါ့မယ်။ ခင်ဗျားသမီးက စိတ္တဇဝေဒနာသည်တစ်ဦးဖြစ်နေတော့ ခင်ဗျားကပဲ တရားလိုလုပ်ပြီး အမှုဖွင့်ထားခဲ့ပေတော့"

"ဗျာ"

"ဟုတ်တယ်လေ၊ အမှန်ဆိုရင် ကာယကံရှင်က တရားလိုလုပ် အမှုဖွင့်ရမှာဗျ။ အခုတော့ ကာယကံရှင်က စိတ်ဝေဒနာရှင်ဖြစ်နေတော့ အုပ်ထိန်းသူကိုပဲ တရားလို လုပ်ခိုင်းရတော့မှာပေါ့"

စခန်းမှူးရဲအုပ်အောင်ဝင်းက ခရိုင်ရဲတပ်ဖွဲ့မှူးနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူးတို့ထံသို့ အမှုနှင့်ပတ်သက်ပြီး တင်ပြသည်။ ထို့နောက် ယင်းအမှုအား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၇၆ ဖြင့် ပထမ သတင်းပေးတိုင်ချက်ရေးဖွင့်သည်။

စခန်းမှူး ရဲအုပ်အောင်ဝင်းက နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်သန်းလွင်ဦးကို ခေါ်၍ ဦးသန်းထွန်းအိမ်သို့ အလည်အပတ်သဘောမျိုး လိုက်လာခဲ့သည်။ မိလုံး၏ အိပ်ခန်းအနေအထားကို လေ့လာသည်။ မိလုံး၏အိပ်ခန်းက နေအိမ်၏ လက်ဝဲဘက်တွင် ရှိ၏။ ထိုအိပ်ခန်းအနီးအိမ်အပြင်ဘက်တွင် သရက်ပင်တစ်ပင် ရှိနေသည်။

"ဒီသရက်ပင်ပေါ်ကနေ မိလုံးရဲ့ အိပ်ခန်းပြတင်းပေါက်ကို

လှမ်းဝင်လို့ရတယ်။ မသမာသူဟာ သရက်ပင်ပေါ်မှ မိလုံး အိပ်ခန်းထဲကို လှမ်းဝင်ပြီး . . . ဟုတ်တယ်။ ဒီတစ်လမ်းပဲ ရှိတယ်"

စခန်းမှူး ရဲအုပ်အောင်ဝင်းက မှတ်ချက်ချသည်။

"ရဲလုပ်သက် အနှစ်နှစ်ဆယ်ကျော်လာပြီ အမှုကြီးပေါင်းများစွာကို စုံစမ်းဖော်ထုတ်ပေးနိုင်ခဲ့တာ မနည်းတော့ဘူး။ အခုလိုအမှုမျိုးတော့ တစ်ခါမှ မကြုံဖူးသေးဘူး သန်းလွင်ရေ"

"တောက် စိတ်ဝေဒနာရှင်လေးဆိုတော့ ပိုပြီး သနားစရာကောင်းတာပေါ့"

ဒုရဲအုပ်သန်းလွင်ဦးက အသံအုပ်အုပ်ဖြင့် ပြောသည်။

"ကျွန်တော့်သမီးဟာ ဘဝကံဆိုးရတဲ့အထဲ အဖြစ်ပါဆိုးရတယ်။ နှမသားချင်း စာနာမှုကင်းမဲ့လိုက်ကြတာ။ သမီးကို ဆွေမျိုးတွေရှိတဲ့ အညာဒေသကို ခေါ်သွားပြီး သူ့ကိုယ်ဝန်ကို မွေးဖွားပေးရမှာပဲ"

ဦးသန်းထွန်း၏ အသံက ဆို့နစ်နေသည်။

"စိတ်အားမငယ်ပါနဲ့ဗျာ။ အမှန်တရားဆိုတာ ပေါ်ပေါက်လာမှာပဲ။ မကောင်းမှုဆိုတာ ဆိတ်ကွယ်ရာမရှိပါဘူး။ ကျွန်တော်တို့လည်း အစွမ်းကုန် စုံစမ်းမှာပါ။ စိတ်ထဲမှာ ခံပြင်းနေမိတယ်"

စခန်းမှူးရဲအုပ်အောင်ဝင်းက ဒေါသသံဖြင့် ပြောသည်။ မိလုံးအခန်းကို စနစ်တကျ လေ့လာပြီးနောက် စခန်းမှူးရဲအုပ်အောင်ဝင်းနှင့် ဒုရဲအုပ်သန်းလွင်ဦးတို့သည် ရဲစခန်းသို့ ပြန်လာခဲ့





ကြလေ၏။

ဦးသန်းထွန်းတို့ မိသားစု အညာဒေသသို့ ခရီးသွားနေသည့်ရက်ကို စခန်းမှူးရဲအုပ်အောင်ဝင်းက ရေတွက်နေမိသည်။ အမှုနှင့်ပတ်သက်၍ စုံစမ်းသော်လည်း ဘာမှထူးခြားမှုမရှိသေး။ ဦးသန်းထွန်းတို့ အိမ်ပတ်ဝန်းကျင်မှ ယောကျ်ားများကို မျက်ခြေမပြတ် လေ့လာကြည့်ရှုနေမိသည်။

ဘာမှမကြာ။ ဦးသန်းထွန်းက ရဲစခန်းသို့ အပြေးကလေးရောက်လာသည်။ စခန်းမှူးရဲအုပ်အောင်ဝင်းက အမှုမှတရားခံကို ဖော်ထုတ်မပေးနိုင်သေး၍ ဦးသန်းထွန်းကို အားနာနေမိသည်။

"ဘယ်တုန်းက ပြန်ရောက်တာလဲ ဦးသန်းထွန်း"

"အခုပဲ ပြန်ရောက်တာဆရာ၊ သမီးက ယောကျ်ားလေးမွေးတယ်။ မိခင်ရော၊ ကလေးပါ ကျန်းမာပါတယ်။ အမှုနဲ့ ပတ်သက်ပြီး ဘာထူးခြားမှုတွေ ရရှိထားပြီလဲ။ ကျွန်တော့်သမီးအပေါ် မိုက်ရိုင်းစော်ကားထားတဲ့သူကို ကျွန်တော်တို့ သိရပြီ စခန်းမှူး"

"ဟင်"

ဦးသန်းထွန်း၏ စကားကြောင့် စခန်းမှူးရဲအုပ်အောင်ဝင်း အံ့ဩသွားရသည်။

"ဘယ်လို သိရတာလဲ၊ ပြောပြစမ်းပါဦး။"

"ကျွန်တော့်သမီးလေးက သူ့ရင်သွေးလေးကို မွေးတဲ့နေ့ကပေါ့"

"အင်း. . . အောင်မယ်လေး၊ နာလိုက်တာ"

မိလုံးက ဝမ်းနာသဖြင့် အော်ဟစ်ညည်းညူနေသည်။ ဦးသန်းထွန်းနှင့် ဒေါ်တင်အေးတို့က သမီးအတွက် စိတ်မကောင်းဖြစ်နေကြသည်။ စိုးရိမ်စိတ်တွေလည်း လွှမ်းကဲနေကြသည်။ ဦးသန်းထွန်းက ဒေါသစိတ်ကြောင့် လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ထားမိသည်။

"တောက်"

"ဟင်. . . ရှင်ကလဲ အရေးထဲ ဒေါသကို ဖြေဖျောက်ထားမှပေါ့"

"ငါ့သမီးလေးအပေါ် မိုက်ရိုင်းစော်ကားလွန်းလို့ပါကွာ"

"သမီးလေး အဆင်ပြေပြေနဲ့ မွေးဖွားဖို့က လောလောဆယ်မှာ အရေးကြီးနေတယ်မဟုတ်လား"

"အင်း . . . ဟုတ်ပါတယ်ကွာ"

သူနာပြုဆရာမနှစ်ဦးက မိလုံး၏အနားမှ ကူညီဆောင်ရွက်ပေးနေသည်။ မိလုံးသည် ဝေဒနာကို အလူးအလဲ ခံစားနေရသည်။ သမီးလေး အဆင်ပြေစွာ မီးဖွားနိုင်ပါစေဟု ဦးသန်းထွန်းက ဆုတောင်းနေမိသည်။

မိလုံးသည် ည(၁၀)နာရီတွင် သားလေးကို မွေးဖွားသည်။ သည်တော့မှ မိဘနှစ်ပါးမှာ စိုးရိမ်စိတ်များ လျော့ကျသွားသည်။ မိလုံးမှာ ပင်ပန်းနွမ်းနယ်နေ၍ အိပ်ပျော်နေသည်။





ဦးသန်းထွန်းက မြေးငယ်ကို သနားကြင်နာစွာ ကြည့်နေမိ၏။ ယုတ်မာရက်စက်သောသူ၏ စာနာစိတ်ကင်းမဲ့မှုကြောင့် လူ့လောကထဲသို့ ရောက်လာရသော မြေးငယ်ကို သနားနေမိသည်။ လူ့ပတ်ဝန်းကျင်အလယ်တွင် မျက်နှာငယ်စွာဖြင့် ကြီးပြင်းလာရမည့် ကလေးငယ်၏ ဘဝကို စာနာမိသည်။

(မရှိသေစကား) မိလုံးသွေးသစ်လောင်းသည့်နေ့တွင် ဦးသန်းထွန်းနှင့်ဒေါ်တင်အေးတို့က စိုးရိမ်စိတ်ဖြင့် ကြည့်ရှုနေကြသည်။ မိလုံးက နှစ်ခြိုက်စွာ အိပ်ပျော်နေသည်။

"သွား. . . သွား. . ဘာလုပ်မလို့လဲ။ ဟဲ့ . . . ဖိုးစိုးသွားလို့ပြောနေတယ်နော်. . ငါအော်လိုက်ရမလား။ အူး. . ဝူး. ."

"ဟဲ့. . . သမီး၊ ဘာဖြစ်တာလဲ။ သတိထားလေ. . ."

"အမေ. . . သမီးကို ဖိုးစိုးက မတရားစော်ကားနေတယ်"

"ဟင် သမီး. . . သတိရပြီလား ပြောစမ်း ပြောစမ်း၊ အမေ့ကို ပြောပြစမ်း"

"သမီးတို့ ခေါင်းရင်းအိမ်က ဦးခင်သန်းတို့ နတ်ပွဲပေးတဲ့ညက သမီးအိပ်ခန်းထဲကို ဖိုးစိုးရောက်လာတယ်။ နတ်ဆိုင်းသံတွေ ဆူညံနေတာပဲ။ ဖိုးစိုးက သမီးကို အတင်းဖက်ပြီး၊ မိုက်ရိုင်းတာ။ သမီးကအော်တော့ ပါးစပ်ပိတ်ပြီး . . . အဟင့်ဟင့်"

"သမီး အားလုံးကို မှတ်မိနေတယ်ပေါ့"

"မှတ်မိတယ်။ သမီးက ဖိုးစိုးရဲ့လည်ပင်းကို လက်သည်းနဲ့

တစ်အား ကုတ်ပစ်လိုက်တယ်။ သူ့လည်ပင်းက ဆွဲကြိုးကို လက်နဲ့ တအားဆောင့်ဆွဲလိုက်တာ ပြတ်သွားတယ်။ သမီးခေါင်းရင်းဘက်ကို ဆွဲကြိုးလွှင့်ပစ်လိုက်တာ အခန်းနံရံနဲ့ထိပြီး အောက်ကိုကျသွားတယ်။ ဖိုးစိုး သမီးအခန်းပြတင်းပေါက်က သရက်ပင်ပေါ် ကူးပြီး ထွက်ပြေးသွားတာ"

"ငါ့သမီးလေး မူလစိတ်ရင်း ပြန်ဖြစ်သွားတာ အဖေတို့ဝမ်းသာတယ်။ အမှုကိစ္စအတွက်လည်း သမီးက ပြန်ပြောနိုင်ပြီမို့ သမီးပေါ် ယုတ်မာခဲ့သူကို ဖော်ထုတ်လို့ ရသွားပြီ"

ဦးသန်းထွန်းက ဝမ်းသာအားရ ပြောသည်။

စခန်းမှူး ရဲအုပ်အောင်ဝင်းက မိလုံး၏ ထွက်ဆိုချက်များကို ရေးမှတ်နေသည်။ မိလုံး၏ အခန်းတွင်းသို့ သွားရောက်ရှာဖွေရာ ငါးမူးသားခန့်ရှိ သံကြိုးပုံ ရွှေဆွဲကြိုးတစ်ကုံးကို အဆစ်ပြတ်လျက် မိလုံး၏ ကုတင်အောက်မှ တွေ့ရှိ၍ သက်သေများ၏ ရှေ့တွင် ရဲလုပ်ထုံးလုပ်နည်းနှင့်အညီ သိမ်းဆည်းခဲ့သည်။ ဖိုးစိုး(ခေါ်) ရဲထွန်းအား ဖမ်းဆီးစစ်ဆေးရာ မိလုံးအား အလိုမတူဘဲ သားမယားအဖြစ် ပြုကျင့်ခဲ့ကြောင်း ဝန်ခံထွက်ဆိုခဲ့သည်။ ယင်းအမှုအား စခန်းမှူးရဲအုပ်အောင်ဝင်းက အမှုကို ခိုင်မာစွာတည်ဆောက်၍ . . . မြို့နယ် တရားရုံးသို့ တရားစွဲဆိုတင်ပို့ရာ တရားရုံးက ကြားနာစစ်ဆေးပြီး ပြစ်မှုကျူးလွန်သူ ဖိုးစိုး(ခ)ရဲထွန်း ၂၃ နှစ် (ဘ) ဦးအောင်သန်းထွန်းအား ပြစ်မှုထင်ရှားသဖြင့် အလုပ်နှင့်ထောင်ဒဏ်(၅)နှစ် ကျခံစေရန် အမိန့်





ချမှတ်ခဲ့သည်။

စိတ်ထားယုတ်မာမိုက်ရိုင်းလိုစိတ်ရှိသူတို့ အမျိုးကောင်းသမီးပျိုတို့၏ အားနည်းချက်ကို အခွင့်ကောင်းယူကာ စိတ်ရိုင်းမွေးအတတ်ကြသည်ကို အုပ်ထိန်းသူ မိဘများက သတိထားစောင့်ရှောက်ပေးသင့်ထိုကြောင်း သင်ခန်းယူနိုင်စေရန် အထက်ပါဖြစ်ရပ်အား ရေးသားတင်ပြလိုက်ရပါသည်။

(အမည်များ ပြောင်းလဲတင်ပြထားပါသည်။)

*မှုခင်းစုံ၊ ၂၀၀၅-ဇူလိုင်*

☆ ☆ ☆ ☆ ☆






## မိန်းကလေးငယ် အသိမကြွယ်

မြို့နယ် တရားသူကြီး ဦးမြတ်ဆောင်သည် သူ၏ ရုံးခန်းထဲရှိ ကုလားထိုင်ပေါ်တွင် ခြေပစ်လက်ပစ် ထိုင်ချလိုက်၏။ ရင်ထဲမှ လေပူကိုလည်း မှုတ်ထုတ်လိုက်မိသည်။ သူနှင့် မလှမ်းမကမ်းတွင် စာရေးလေးလှမြင့်သိန်းက လက်နှိပ်စက် ရိုက်နေ၏။ မကြာသေးခင် အချိန်ကပင် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၆၃/၃၄ အရ တရားခံ လူငယ်(၃)ဦးကို ထိုက်သင့်သော အပြစ်ဒဏ်ကို ချမှတ်ပေးခဲ့ရ၏။ တရားခံ(၃)ဦး၏ မျက်နှာများနှင့် ကာယကံရှင် မိန်းကလေး၏ မျက်နှာကို ဦးမြတ်ဆောင် ပြန်လည်မြင်ယောင်နေမိသည်။ ညှိုးငယ်

သွားရှာသော တရား(၃)ဦး၏ မျက်နှာသည် သူ့မျက်လုံးထဲမှ မထွက်။

နှယ်မာ၏အဖေ ကိုသာဝ၏ မျက်နှာကတော့ ပြုံးရွှင်နေသည်ဟု ထင်မိ၏။ ဒုရဲအုပ်ဇော်မောင်ကတော့ ခေါင်းတဆတ်ဆတ် ညိတ်နေသည်ကို မြင်တွေ့မိသည်။ နှယ်မာသည် တရားခံ(၃)ဦးကို ကြည့်တော့ စိတ်မကောင်း ဖြစ်သွားသည်ဟု ထင်မိ၏။ ပြစ်မှုကျူးလွန်သူကို တရားဥပဒေအရ ပြစ်ဒဏ်ချမှတ်ခြင်းသည် တရားရုံး၏ တာဝန်မဟုတ်လား။ ပြစ်မှုကျူးလွန်ကြောင်း ထင်ရှားလျှင် ထိုက်သင့်သည့် အပြစ်ဒဏ်ကို ခံရမည်မှာ မလွဲ။

သည်နေ့ သူ အမိန့်ချမှတ်ခဲ့ရသော အမှုကို ဦးမြတ်ဆောင် ပြန်လည်၍ စဉ်းစားနေမိ၏။ အရွယ်မရောက်သေးသည့် မိန်းကလေးအား အုပ်ထိန်းသူထံမှ ခိုးယူမှု၊ အားပေးကူညီမှု။

တရားခံက လိပ်ပု(ခေါ်) တင်ဝင်းအောင်နှင့် အပေါင်းပါနှစ်ဦး။ ပြစ်မှုကျူးလွန်ပုံကတော့. . .

× × × × ×

တစ်နေ့ ဒုရဲအုပ်ဇော်မောင်တာဝန်ကျရာ ရွှေဆယ်ရဲစခန်း၏ ရုံးခန်းအတွင်းသို့ အသက်လေးဆယ် အရွယ်လူတစ်ဦး အပြေးကလေးဝင်လာသည်။ ဒုရဲအုပ်ဇော်မောင်က သူ့စားပွဲတွင် လချုပ်စာရင်းများ ရေးသွင်းနေချိန်ဖြစ်၏။ ရုံးခန်းထဲသို့ အပြေးကလေး ဝင်ရောက်လာသော ခြေသံကြောင့် ဒုရဲအုပ်ဇော်မောင်သည် စာရေး





နေရင်းမှ မော့ကြည့်လိုက်မိ၏။

"ဘာများကူညီရမလဲခင်ဗျာ၊ ထိုင်ပါ"

"ကျွန်တော့်သမီးလေး ပျောက်ဆုံးနေလို့ လာတိုင်တာပါဆရာ"

"ဩော် . . . လူပျောက်မှုပေါ့။ ခင်ဗျားသမီးက ဘယ်အသက်အရွယ်ရှိပြီလဲ"

"တစ်ဆယ့်လေးနှစ်ပဲ ရှိပါသေးတယ်"

"ဘယ်တုန်းက ပျောက်သွားမှန်းသိတာလဲ"

"ညက ရှိသေးတယ်။ မနက် ရှာမတွေ့တော့မှ ပျောက်ဆုံးနေမှန်းသိတာ။ လိုက်ရှာရတာလည်း တစ်မြို့လုံး နှံ့နေပြီ"

"ရည်းစားနောက်များ လိုက်သွားသလားဗျာ။ မေးစရာရှိလို့မေးတာပါနော်. . . စိတ်မဆိုးပါနဲ့. . ."

"ဟာ . . . ဆရာကလဲ။ ဒီအသက်အရွယ်က ရည်းစားထားပါ့မလား"

"ခင်ဗျားသမီးရဲ့ ပုံပန်းသဏ္ဌာန်ကို ပြောပြစမ်းပါဦး"

ဖခင်ဖြစ်သူက ပျောက်ဆုံးနေသည့် သူ့သမီး၏ ပုံပန်းသဏ္ဌာန်ကို ပြောပြသည်။ ဖခင်၏စကားအရဆိုပါလျှင် ပျောက်ဆုံးနေသည့် ကောင်မလေး၏ ကိုယ်ခန္ဓာသည် အသက်အရွယ်နှင့်မကထွားကျိုင်းနေမှန်း ဒုရဲအုပ်ဇော်မောင် သိလိုက်ရသည်။

"အခုရက်ပိုင်းအတွင်းမှာ မိဘတွေနဲ့ကလေးမနဲ့ စိတ်ဆိုးစိတ်ကောက်စရာတွေ ရှိခဲ့သလား။ ကလေးမ နာမည်ကကော. . ."

"သမီးနာမည်က နွယ်မာဝင်းပါဆရာ။ ကျွန်တော်တို့ မိဘနှစ်ယောက်က တစ်ဦးတည်းသောသမီးမို့ သိပ်အလိုလိုက်ထားတယ်။ သမီးလေး မျက်နှာညှိုးတာကိုတောင် မြင်ချင်ကြတာ မဟုတ်ဘူး"

"အစ်ကိုကြီးနာမည်က. ."

"ကိုသာထွန်းပါဆရာ"

"ကိုသာထွန်းရဲ့ သမီးဓာတ်ပုံတွေတော့ ရှိမှာပေါ့။ ဓာတ်ပုံတစ်ပုံလောက် လိုချင်တယ်။ ဓာတ်ပုံမြင်ဖူးထားတော့ စုံစမ်းရတာလွယ်ကူတာပေါ့။ ဘာမှစိတ်မပူပါနဲ့ ကိုသာထွန်းရယ်။ အမြန်ဆုံးတွေ့အောင် ဆောင်ရွက်ပေးပါ့မယ်"

ဒုရဲအုပ်ဇော်ရမောင်က ကိုသာထွန်းအလိုကျ နွယ်မာ ပျောက်ဆုံးနေမှုကို အမှုဖွင့်ပေးထားလိုက်သည်။

"သူ့အမေကတော့ သူ့သမီးပျောက်လို့ စိတ်မချမ်းသာ ဖြစ်နေရှာတယ်။ ကျွန်တော့်သမီးလေးကို အမြန်ဆုံးတွေ့အောင် ရှာဖွေပေးပါဆရာ။ ကျေးဇူးမမေ့ပါဘူး"

ကိုသာထွန်းသည် ပြောရင်း မျက်ရည်တွေ ဝဲလာ၏။ ဒုရဲအုပ်ဇော်မောင်က ကိုသာထွန်းကို ကြည့်ပြီး သနားသွားမိသည်။

"စိတ်ချပါ ကိုသာထွန်းရယ်၊ ခင်ဗျားသမီးကို တွေ့အောင်





ရှာပေးပါ့မယ်"

ကိုသာထွန်းသည် လေးပင်သော ခြေလှမ်းများဖြင့် ရဲစခန်းအတွင်းမှ ပြန်ထွက်သွားသည်။ မကြာမီ ရဲစခန်း၏ ရုံးခန်းအတွင်းသို့ စခန်းမှူး ဦးခင်မောင်ရီ ရောက်လာသည်။ ဒုရဲအုပ်ဇော်မောင်က စခန်းမှူးကို လူပျောက်မှုအကြောင်း ပြောပြလိုက်၏။

"အင်း. . စဉ်းစားရတော့ ခက်တယ်။ အိမ်မှာနေရင်း ကောင်မလေးက ပျောက်ဆုံးသွားတာဆိုတော့ ကားဂိတ်တို့ ဘူတာရုံတို့ကို သွားရောက်စုံစမ်းဗျာ"

စခန်းမှူး ဦးခင်မောင်ရီက ဒုရဲအုပ်ဇော်မောင်ကို တာဝန်ပေး၏။

ထို့ကြောင့် ဒုရဲအုပ်ဇော်မောင်သည် နယ်ထိန်းမြလွင်နှင့် နယ်ထိန်းအောင်မျိုးတို့ကို ခေါ်ကာ ကားဂိတ်သို့ အရင်လာခဲ့၏။ လမ်းတွင် ကိုသာထွန်းနှင့် ဆုံတွေ့သည်။

"သမီးလေးရဲ့ ဓာတ်ပုံ လာပို့တာဆရာ"

ကိုသာထွန်းက ပျောက်ဆုံးနေသည့် သူ့သမီးလေး နွယ်မာ၏ ဓါတ်ပုံကို ထုတ်ပေးသည်။ ဒုရဲအုပ်ဇော်မောင်က နွယ်မာ၏ ဓါတ်ပုံကို ကြည့်လိုက်သည်။ နွယ်မာသည် အသက်တစ်ဆယ့်လေးနှစ်ဆိုပေမယ့် အသက်တစ်ဆယ့်ခြောက်နှစ်အရွယ်မိန်းကလေးဟု ထင်ရလောက်အောင်ပင် အလှသွေးကြွယ်နေ၏။ မျက်လုံးမျက်ခုံး ကောင်းလှသည်။

“ကျေးဇူးပဲဗျာ။ အခုလည်း ခင်ဗျားသမီးရဲ့ သတင်းကို စုံစမ်းဖို့ လာခဲ့တာ. . .”

ဒုရဲအုပ်ဇော်မောင်တို့အဖွဲ့သည် ကားဂိတ်သို့ ရောက်လာကြ၏။

“ဆရာတို့ ဘယ်သွားကြမလို့လဲ။ ကားစီစဉ်ပေးရမလား”

“အခုတော့ ဘယ်မှသွားစရာ မရှိသေးပါဘူး ဂိတ်မှူးရယ်။ စုံစမ်းစရာလေးရှိလို့ လာခဲ့တာ. . .”

“ဘာများ သိချင်လို့လဲ ဆရာ”

ဒုရဲအုပ်ဇော်မောင်က သူ၏ အကျႌအိတ်ထဲမှ နွယ်မာ၏ ဓါတ်ပုံကိုထုတ်ကာ ကားဂိတ်မှူး ကိုတင်ဝင်းကို ပြသ၏။

“အဲဒီ ဓာတ်ပုံထဲက ကောင်မလေး၊ ဒီမနက် ကားဂိတ်ကို ရောက်လာသလားလို့”

“ဒီမနက် ကျွန်တော်ကားဂိတ်ကို လာတာနောက်ကျတယ် ဆရာ၊ ကျွန်တော့်တပည့်က မိုးမလင်းခင်ကတည်းက ရောက်တာ၊ သူ့ကို မေးပေးပါ့မယ်”

ကားဂိတ်မှူး ကိုတင်ဝင်းက သူ့တပည့်ကိုခေါ်ကာ နွယ်မာ၏ ဓာတ်ပုံကို ပြ၍ မေးနေ၏။ လူငယ်က တွေဝေစဉ်းစားသည်။

“အင်း. . . ဒီမနက် အဲဒီကောင်မလေးနဲ့ အသက်နှစ်ဆယ်လောက်ရှိမယ့် ကောင်လေးသုံးယောက် ကားဂိတ်ကို ရောက်လာ





တယ်။ ကျွန်တော်က ဘယ်သွားမလို့လဲလို့မေးတော့ မဖြေကြဘူး”

“နောက်တော့ကော ညီလေး” ဒုရဲအုပ်ဇော်မောင်က ဝင်မေးသည်။

“ပြည်ဘက်ကို ထွက်တဲ့ကားနဲ့ လေးယောက်စလုံး ပါသွားကြတယ်”

“ဟင်”

သည်ကလေးမလေး ဘာမှမစဉ်းစားမဆင်ခြင်ဘဲ ယောကျ်ားနောက် လိုက်သွားတာ ဖြစ်ဖို့များနေသည်။ အရွယ်က မရောက်သေး။ ဒုက္ခတွေ ပင်လယ်ဝေတော့မှာပဲဟု ဒုရဲအုပ်ဇော်မောင် စိုးရိမ်မိ၏။

“အတိအကျပဲနော် ညီလေး”

“ကျွန်တော် မသင်္ကာလို့ လိုက်ကြည့်မိတာပါဆရာ”

“ယောကျ်ားလေး သုံးယောက်ကို မင်းမြင်ဖူးလား”

“မြင်ဖူးတယ်ဆရာ။ ဒီကောင်တွေက သူတို့တိုင်းသူတို့ သူဌေးသားဂိုက်ဖမ်းပြီး ရှုပ်ပွေနေတဲ့ကောင်တွေ။ ကောင်မလေးနား ကပ်ပြီး စကားပြောတဲ့ကောင်ကတော့ လိပ်ပု(ခေါ်) တင်ဝင်းအောင်ပါဆရာ။ ကျန်တဲ့နှစ်ယောက်ကိုတော့ နာမည်မသိဘူး။ တင်ဝင်းအောင်က မြို့ပတ်လမ်းမှာ နေတယ်”

“ကျေးဇူးပဲ ညီလေးရာ။ ဆရာကိုမြင့်လွင်၊ နွယ်မာရဲ့အဖေကို

မြသရဖူစာပေနှင့်အနုပညာလုပ်ငန်း

သွားခေါ်စမ်းဗျာ။ (  ) လမ်းထဲမှာ နေတယ်"

နယ်ထိန်းမြလွင်က ကားဂိတ်မှူး ကိုတင်ဝင်း၏ စက်ဘီးကို စီးကာ ကိုသာထွန်းကို သွားခေါ်သည်။

"ဘာဖြစ်လို့လဲ ဆရာ"

"ကောင်မလေး ပျောက်နေလို့ဆိုပြီး သူ့အဖေက ရဲစခန်းမှာ အမှုလာ ဖွင့်ထားလို့"

"သူ့သမီးက ခိုးရာလိုက်ပြေးတာ ဖြစ်မယ်ထင်တယ်"

"မဟုတ်သေးဘူးဗျ။ ကလေးမက အရွယ်မရောက်သေးဘူး။ ကောင်မလေးက ခိုးရာပါ လိုက်ပြေးသည်ပဲဖြစ်စေ. . ကောင်မလေးက အုပ်ထိန်းသူလက်အောက်မှာပဲ ရှိနေသေးတဲ့ အရွယ်မို့. . . ဟိုကောင်တွေမှာ အပြစ်ရှိနေတယ်"

ခဏမျှကြာတော့ နယ်ထိန်းမြလွင်နှင့်အတူ ကိုသာထွန်း လိုက်လာ၏။

"ဘာအကြောင်းထူးလို့လဲ ဆရာ"

ဒုရဲအုပ်ဇော်မောင်က ကိုသာထွန်းကို ကားဂိတ်မှ ရသည့် သတင်းကို ပြောပြလိုက်သည်။

"ဟာ. . . အဲဒီအကောင်ဆိုရင် ကျွန်တော့်အိမ်ကို လာလည်ဖူးတယ်။ ပုံစံက ထောင့်မကျိုးဘူး။ သမီးနဲ့ ဘယ်ကဘယ်လို သိကျွမ်းလာတယ် မသိဘူးဆရာရယ်။ အခု အဲဒီအကောင်နောက်





လိုက်သွားတာဆိုတော့. . . တောက်. . . သေသာ သေလိုက်ချင်တော့တယ်"

"ဘာမှ စိတ်မပူပါနဲ့ဗျာ။ ကျွန်တော်တို့ လိုက်သွားမယ်"

ကိုသာထွန်းသည် သူ့သမီးအတွက် အလွန်စိုးရိမ်ပူပန်နေပုံရ၏။ ဒုရဲအုပ်ဇော်မောင်တို့အဖွဲ့က အဝေးပြေးဟိုင်းနိုးကားကြီးဖြင့် ပြည်မြို့သို့ ခရီးဆက်ခဲ့သည်။ သို့သော် လမ်းခရီး မြို့တိုင်းတွင် ဆင်း၍ ရဲစခန်းများသို့ သတင်းပို့လိုက်၊ ခရီးဆက်လိုက်နှင့်။ ပြည်မြို့သို့ ရောက်လာသည်။ ပြည်မြို့နဝင်းရဲစခန်းသို့ဝင်ကာ အကူအညီတောင်းသည်။ ပြည်မြို့လုံးပတ်လည်သို့ လှည့်ပတ်ရှာဖွေသည်။

ကံကောင်းချင်တော့ ဗိုလ်ချုပ်ကြေးရုပ်ဖြတ်လမ်း၌ ကောင်မလေးတစ်ဦးနှင့်လူငယ်(၃)ဦးတို့ကို အမှတ်မထင် မြင်တွေ့လိုက်ရသည်။

"ဟိုမှာ ကိုသာထွန်းရဲ့သမီး"

ဒုရဲအုပ်ဇော်မောင်တို့အဖွဲ့က သူတို့နောက်မှ ထပ်ကြပ်မကွာ လိုက်လာခဲ့သည်။ လူငယ်(၃)ဦးတွင် ပါးရည်နပ်ရည်ရှိသည်ဟု ယူဆရသော လူငယ်က ဒုရဲအုပ်ဇော်မောင်တို့အဖွဲ့ သူတို့နောက်မှ လိုက်လာသည်ကို ရိပ်စားမိသည်ထင့်။ ကောင်မလေး၏ လက်ကို အတင်းဆွဲကာ ခြေလှမ်းသွက်သွက်ဖြင့် လျှောက်လှမ်းနေသည်။ ဒုရဲအုပ်ဇော်မောင်က သူတို့နောက်မှ ပြေးလိုက်သွားသည်။ လူငယ်၏

အင်္ကျီကုပ်ပိုးကိုဖမ်း၍ ဆုပ်ကိုင်ထားလိုက်သည်။ ရုတ်တရက်မို့ ကောင်မလေး လန့်သွား၏။ လူငယ်က အတင်းရုန်းကန်သည်။

"ကျုပ်ကို ဘာလုပ်တာလဲဗျ. . . လွှတ်. . အခုလွှတ်ဗျာ"

"ငါ ဒုရဲအုပ်ဇော်မောင်ပဲကွ။ မင်းတို့သုံးယောက် ကိုသာထွန်းရဲ့သမီးကို သွေးဆောင်ဖြားယောင်းပြီး ခေါ်သွားလို့ မင်းတို့ကို ငါ လိုက်ဖမ်းတာ"

"ဟာ. . .ဘယ်က သွေးဆောင်ဖြားယောင်းရမှာလဲ။ သူနဲ့ ကျွန်တော်က သမီးရည်းစားတွေမို့ ခိုးပြေးလာကြတာ. . ."

"ဒါတွေ နောက်မှပြောကွာ။ ရဲစခန်းကိုသာ လိုက်ခဲ့. . ."

ဒုရဲအုပ်ဇော်မောင်က လူငယ်(၃)ဦးနှင့် နွယ်မာတို့ကို ပြည်မြို့၊ နဝင်းရဲစခန်းသို့ ခေါ်လာခဲ့သည်။ စခန်းမှူးဦးညွန့်တင်က ဒုရဲအုပ်ဇော်မောင်နှင့်လူငယ်များကို တွေ့တော့ အံ့သြသွားသည်။

"ဟာ . . . ကိုဇော်မောင် လှုပ်ရှားတာ မြန်လှချည်လား။ ဒီကောင်တွေက ကောင်မလေးကို ခေါ်သွားတဲ့သူတွေလား"

"ဟုတ်တယ် စခန်းမှူး၊ ဒီကောင်တွေက ကောင်မလေးကို ခေါ်သွားကြတာ"

ဒုရဲအုပ်ဇော်မောင်က နွယ်မာကို စခန်းမှူးဦးညွန့်တင်၏ အိမ်တွင် သွား၍ ပို့ထားလိုက်သည်။ ထို့နောက် လူငယ်(၃)ဦးကို စစ်ဆေးမေးမြန်း၏။ လိပ်ပု(ခေါ်)တင်ဝင်းအောင်က သူနှင့်နွယ်မာ





သည် သမီးရည်းစားများဖြစ်၍ ခိုးပြေးလာကြကြောင်း အစစ်ခံသည်။ ကျန်လူငယ်နှစ်ဦးက အဖော်အဖြစ် လိုက်ပါလာကြောင်း ပြောပြသည်။ လူငယ်နှစ်ဦးသည် ကြောက်စိတ်ကြောင့် အမူအရာများ ပျက်နေကြ၏။

"လိပ်ပု ဘာကောင်လဲဆိုတာ ငါသိထားတယ်။ မင်းတို့နှစ်ယောက်က လိပ်ပုနဲ့အပေါင်းအသင်းတွေဆိုတော့ ငါမေးတာကို အမှန်အတိုင်း ဖြေစေချင်တယ်"

လူငယ်နှစ်ဦးသည် တွေဝေကာ စဉ်းစားနေကြသည်။ မည်သို့မှတော့ မဖြေ။

"ဆရာကိုမြလွင်၊ သူတို့နှစ်ယောက်ကို ခဏအနားယူပါစေဦး"

ဒုရဲအုပ်ဇော်မောင်က နယ်ထိန်းမြလွင်ကို မျက်ရိပ်ပြ၍ ပြောလိုက်သည်။ ထို့နောက် စခန်းမှူး ဦးညွန့်တင်အိမ်တွင် ပို့ထားသော နွယ်မာကို အခေါ်ခိုင်းလိုက်၏။

"သမီးနဲ့ဟိုကောင်လေး တင်ဝင်းအောင်က ခိုးရာလိုက်ပြေးကြတာဆို. . ."

ဒုရဲအုပ်ဇော်မောင်က နွယ်မာကို ကောက်ကာငင်ကာ မေးလိုက်သည်။

"အို. . . မဟုတ်ပါဘူးဦးလေး။ သမီးနဲ့ကိုတင်ဝင်းအောင်က

ခင်မင်တာပါ။ သူပြောသလို ခိုးရာလိုက်ပြေးတာ မဟုတ်ပါဘူး"

"ဒါဆို သမီးက သူတို့နောက်ကို ဘာလို့ လိုက်လာရတာလဲ"

"သမီးက ခွေးကလေး၊ ကြောင်ကလေးတွေကို သိပ်ချစ်တတ်တယ်ဦးရဲ့. . . ကိုတင်ဝင်းအောင်က, ပြည်မြို့က ဦးလေးအိမ်မှာ တယ်ရီယာခွေးပုကလေးတွေ ရှိတယ်။ လိုချင်ရင် လိုက်တောင်းပါလား ဆိုတာနဲ့ သမီးလိုက်လာမိတာပါ"

နွယ်မာက ပကတိတည်ငြိမ်စွာဖြင့် ပြောသည်။

"အဲဒါ သမီးမှားတာပေါ့။ တင်ဝင်းအောင်က လူရှုပ်လူပွေ။ ပြီးတော့ သူက အပေါင်းအသင်း(၂)နှစ်ယောက်ကို ခေါ်လာသေးတယ်။ အဲဒီသုံးယောက်က သမီးကို အယုံသွင်းပြီး သမီးဘဝကို ဖျက်ဆီးလိုက်ကြရင် သမီးဘဝပျက်စီးပြီး သမီးမိဘတွေခမျာ အရှက်တကွဲ အကျိုးနည်းနဲ့ရင်ကွဲရမယ်ဆိုတာ သမီးမတွေးမိဘူးလားကွယ်။ သမီးပြောပြတာတွေ အမှန်ပဲနော်. . ."

"အမှန်တွေပါဦးလေး၊ ကားကဆင်းတော့ ကိုတင်ဝင်းအောင်က သမီးကို ဟိုလိုလို ဒီလိုလို ခေါ်သွားနေကတည်းက သမီးကြောက်လာတယ်။ တယ်ရီယာခွေးပုလေးလိုချင်လို့ မိဘကို အသိမပေးဘဲ လိုက်လာမိတာမှားပြီလို့ သိလိုက်ပါတယ်။ ဦးလေးတို့လိုက်လာတာ သမီးကံကောင်းတာပဲ"

နွယ်မာ၏ ပြောပြချက်များကို နယ်ထိန်းမြလွင်က ရေးမှတ်





နေသည်။

"လိပ်ပုက လူလည်ဆိုနေတော့ ဟိုကောင်နှစ်ကောင်ကို ဘယ်ပုံဘယ်နည်းပြောပြီး ခေါ်လာသလဲမသိဘူး။ ငါ့အထင်တော့ ကောင်မလေးကို မက်လုံးပေးပြီး ခေါ်လာတာနေမယ်၊ တစ်ကျိတ်တည်း တစ်ဉာဏ်တည်း ကောင်တွေပဲ. . ."

နယ်ထိန်းမြလွင်က နွယ်မာ၏ ထွက်ဆိုချက်များကို ပြန်လည်ဖတ်ပြသည်။ နွယ်မာက ဟုတ်မှန်ကြောင်း ခေါင်းညိတ်၍ ပြ၏။ ထို့ကြောင့် ထွက်ဆိုချက်တွင် နွယ်မာကို လက်မှတ်ထိုးခိုင်းလိုက်သည်။

"အရွယ်မရောက်သေးသော မိန်းကလေးအား အုပ်ထိန်းသူထံက ခိုးယူမှု၊ ကိုယ်ဖိရင်ဖိ အားပေးကူညီမှု ပုဒ်မ ၃၆၃/၃၄ အရ ဒီကောင်တွေကို အမှုဖွင့်အရေးယူရမယ်"

ဒုရဲအုပ်ဇော်မောင်က စခန်းမှူး ဦးညွန့်တင်ကို ကျေးဇူးတင်စကားပြောပြီး နွယ်မာနှင့် လိပ်ပုတို့သုံးဦးကို ရွှေဆယ်ရဲစခန်းသို့ ခေါ်လာခဲ့သည်။ မြို့သို့ရောက်လျှင် နွယ်မာ၏အဖေ ကိုသာထွန်းအား လူလွှတ်၍ အခေါ်ခိုင်းလိုက်သည်။

"မိုက်လိုက်တာ သမီးရယ်"

ကိုသာထွန်းက နွယ်မာကို မြင်မြင်ချင်း ဝမ်းနည်းသံကြီးဖြင့် ပြောသည်။ နွယ်မာက သူ့အဖေ၏ ပခုံးကိုဖက်ကာ ငိုသည်။ ဒုရဲအုပ်ဇော်မောင်က ဖြစ်ပျက်ပုံအလုံးစုံကို ကိုသာထွန်းအား ရှင်းပြလိုက်၏။

"တော်သေးတာပေါ့ဆရာရယ်။ နို့မို့ဆို ကျွန်တော့် သမီးလေး ဘဝကို မတွေးရဲဘူး။ ဒီလူယုတ်မာသုံးယောက်ကို အမှုဖွင့်ပြီး ထောင်ချပစ်မယ်"

ကိုသာထွန်းက လိပ်ပုနှင့်အပေါင်းပါနှစ်ဦးကို ကြည့်ပြီး ဒေါသသံဖြင့် ပြောသည်။

"ကျွန်တော်တို့ တရားဥပဒေအရ ဆက်လက်ဆောင်ရွက်ပေးပါ့မယ်။ ကိုသာထွန်းတို့ စိတ်ချမ်းချမ်းသာသာနေပါ။ မိန်းကလေးတွေကို အမျိုးမျိုးအယုံသွင်းပြီး လူလည်ကျနေတဲ့ ဒီကောင်တွေကို ဥပဒေက ပြင်းထန်စွာ ဆုံးမပါလိမ့်မယ်"

လိပ်ပုနှင့်အပေါင်းပါနှစ်ဦးတို့ ခေါင်းငိုက်စိုက်ကျသွားကြသည်။

× × × × ×

မြို့နယ်တရားသူကြီး ဦးမြတ်ဆောင်သည် သူ၏ ရုံးခန်းပြတင်းပေါက်သို့ လျှောက်လာ၏။ ထို့နောက် ရန်ကုန်ပြည်လမ်းမကြီးဘက်သို့ အမှတ်မထင် ကြည့်မိသည်။ အချုပ်ကားကြီးသည် အကျဉ်းထောင်ရှိရာသို့ ဦးတည်မောင်းသွားသည်ကို မြင်တွေ့မိ၏။

သည်အချုပ်ကားကြီးထဲတွင် သူမကြာခင်က ပြစ်ဒဏ်ချမှတ်ခဲ့သော တရားခံသုံးဦးပါသွားပြီကို သိလိုက်သည်။ 'မကောင်းသဖြင့် ချေးညှော်ထူထပ်သော ပကတိပင်ကိုယ်ဉာဏ်မကောင်းသဖြင့်





စင်ကြယ်သန့်ရှင်းအပြစ်ကင်း အဖိုးတန်သော ကိုယ်ကျင့်တရားဖြစ်ပေါ်လာစေရန် မည်သည့်လောကစာတ်ကျောင်းကမှ သင်ကြား၍ မပေးနိုင်ချေ' ဆိုသည့် ပညာရှိစကားလို လိပ်ပုနှင့် အပေါင်းပါနှစ်ဦးတို့သည် သူတို့ထိုက်သင့်သည့် ပြစ်ဒဏ်များကို ကျခံပြီးနောက် လိမ္မာသော လူငယ်လေးများ ဖြစ်လာကြပါစေဟု ဦးမြတ်ဆောင် ဆုတောင်းနေမိ၏။

အရွယ်မရောက်သေးသည့် မိန်းကလေးများအနေဖြင့်လည်း မိဘအုပ်ထိန်းသူ၏ ခွင့်ပြုချက်မရဘဲ ထင်ရာသွားလာတတ်သည့် အလေ့အထများ မရှိစေရန် အရပ်ထဲက ကလေးတွေကို သည်နေ့ သူအမိန့်ချမှတ်လိုက်ရသည့် အမှုအကြောင်းကို ပြောပြပြီး ဆုံးမရမည်ဟု ဦးမြတ်ဆောင် စိတ်ကူးလိုက်မိသည်။ ကိုသာထွန်း၏ သမီးလေး နွယ်မာအတွက်မူ သူကြုံတွေ့ခဲ့ရသော အဖြစ်အပျက်သည် သူမဘဝတစ်သက်တာအတွက် မမေ့နိုင်စရာသင်ခန်းစာဟု အစဉ်အမြဲ မှတ်ယူနေမည် မဟုတ်ပါလား။

မဂ္ဂဇိုင်ဖြစ်ရပ်မှန်၊ ၁၉၉၇၊ ဇွန်

☸ ☸ ☸ ☸ ☸

# အရွယ်မတိုင်မီ စိတ်ရိုင်း




မြသာရထူစာပေနှင့်အနုပညာလုပ်ငန်း

## အရွယ်မတိုင်မီ စိတ်ရိုင်း

"ဟော့ကောင်တင်အေး၊ ထွက်ခဲ့စမ်းပါဦးကွ၊ မင်းရဲ့သားနေလင်းအောင်ရဲ့ ယုတ်မာမိုက်ရိုင်းတဲ့လုပ်ရပ်ကို လက်ပိုက်ကြည့်နေတော့မှာလား"

ရွာသစ်ချောင်းရွာ လမ်းမဘေးတွင် ဖြစ်သည်။ ကိုထွန်းကြည်က ဓားရှည်ကြီးကိုကိုင်ကာ ကိုတင်အေးကို လှမ်းခေါ်နေသည်။ ကိုထွန်းကြည်မှာ အလွန်ဒေါသဖြစ်နေပုံရ၏။ ကိုတင်အေးက အိမ်ပေါ်မှ ဆင်းလာသည်။

"ထွန်းကြည်. ငါတောင်းပန်ပါတယ်ကွာ၊ ငါ့သားကိုလည်း

မြသာရထူစာပေနှင့်အနုပညာလုပ်ငန်း

စိတ်လိုက်မာန်ပါ ရိုက်နှက်ဆုံးမထားပါတယ်။ မင်းမယုံရင် ဘေးက အိမ်တွေကို မေးကြည့်ပါကွာ"

ကိုတင်အေးက လေ့ကားလက်ရမ်းကို ကိုင်ထားရင်းပြောသည်။

"တော်က် . . ငါတို့မိသားစုက အရှက်ကွဲခံရတာကွ၊ မင်းရဲ့သားကို ရိုက်နှက်ဆုံးမရုံနဲ့ ငါက ကျေနပ်ရတော့မှာလား"

ကိုထွန်းကြည်၏အသံက ကျယ်လောင်သွား၏။ အိမ်နီးနားချင်းများက အိမ်ရှေ့သို့ထွက်၍ ကြည့်နေကြသည်။

"အရွယ်မရောက်သေးတဲ့ကလေးကို ဒီလောက်ပဲ ဆုံးမလို့ရမှာပေါ့ထွန်းကြည်ရယ်၊ ဘယ်လိုဆုံးမရဦးမှာလဲ"

"ဟား . . ဟား . . ဟား ရယ်စရာကောင်းလိုက်တာကွာ၊ မင်းရဲ့သားက အရွယ်မရောက်သေးပေမယ့် ယုတ်မာမိုက်ရိုင်းတဲ့အကျင့်ကိုတော့ တတ်သလား။ ငါနဲ့ရင်ဆိုင်မတိုးတာ ကံကောင်းတယ်၊ ရင်ဆိုင်တွေ့လို့ကတော့ ပွဲကြီးပွဲကောင်းပဲဟေ့"

ကိုထွန်းကြည်က အော်၍ ပြောသည်။

"ကျွန်တော် အနူးအညွတ် တောင်းပန်နေပြီပဲ ကိုထွန်းကြည်ရယ်၊ ကျေးရွာလူကြီးတွေရှေ့မှာ ရှိခိုးတောင်းပန်ဆိုလည်း ရှိခိုးတောင်းပန်နိုင်းပါ့မယ်၊ ခင်ဗျားဘက်ကကြည့်ရင် ကျွန်တော့်သားကို သတ်ပစ်ချင်လောက်အောင် ဒေါသဖြစ်နေမယ်ဆိုတာ သိပါတယ်။





ခင်ဗျားစိတ်ကျေနပ်အောင် ကျွန်တော် ဘယ်လို တောင်းပန်ရမလဲ ကိုထွန်းကြည်ရယ်"

ကိုတင်အေးက စိတ်ပျက်အားငယ်စွာဖြင့် ပြောသည်။ ကိုထွန်းကြည်၏ မျက်နှာက တင်းမာနေဆဲ။ ကိုတင်အေးက ကိုထွန်းကြည်၏အနားသို့ မတိုးကပ်ရဲချေ။ ကိုထွန်းကြည်မှာ ဒေါသဖြစ်နေသည့်အပြင် လက်ထဲတွင်လည်း ဗုက်ကြီးတောင် ဓားကြီးကို ကိုင်ထားသဖြင့် ကိုတင်အေးက ကြောက်လန့်နေမိသည်။ ကိုထွန်းကြည်က တဖွတ်ထိုးတဖောက်ကန်းသမား။ ကျေးရွာထဲမှ လူများက ကိုထွန်းကြည်၏အနားသို့ တိုးကပ်လာကြသည်။

"တစ်ရွာတည်းသားချင်းတွေပဲ ကိုထွန်းကြည်ရယ်၊ ကလေးက စိတ်ရိုင်းဝင်ပြီး မမှားသင့်တာတွေ မှားတာလို့ပဲ သဘောထားပေးပါလားဗျာ"

ရွာသားတစ်ဦးက ကိုထွန်းကြည်ကို တောင်းပန်သည်။

"ခင်ဗျားတို့က မခံစားရတော့ အလွယ်လေးပြောကြတာပေါ့ဗျာ"

"ဒီလိုလဲ သဘောမထားပါနဲ့ ကိုထွန်းကြည်ရယ်၊ ကျွန်တော်တို့က တစ်ရွာတည်းသားချင်း မျက်နှာမပျက်ရအောင် ကြားထဲက တောင်းပန်ရတာပါ၊ ခင်ဗျားမကျေနပ်ရင် ရဲစခန်းကို တိုင်ပေါ့ဗျာ"

"ဟင်း"

ကိုထွန်းကြည်က သက်ပြင်းချရင်း ခေါင်းငိုက်စိုက်ကျသွားသည်။ ရွာသားတစ်ဦးက ကိုထွန်းကြည်၏ လက်မောင်းကို ဆွဲ၍ခေါ်သွားသည်။ ကိုတင်အေးက ခေါင်းကိုကုပ်ပြီး အိမ်ပေါ်သို့ ပြန်တက်လာခဲ့သည်။ သားဖြစ်သူ နေလင်းအောင်က ကိုတင်အေးကို ရှက်ရွံ့ကြောက်လန့်သည့် မျက်လုံးများဖြင့် ကြည့်နေသည်။

"မင်းကြောင့် သူတစ်ပါးလာပြီး စော်ကားတာကိုခံရတာ၊ အရွယ်မရောက်သေးဘူး၊ သူတစ်ပါးကို မိုက်ရိုင်းစော်ကားချင်စိတ်မွေးတာ၊ တောက်. . ဒေါသဖြစ်စရာ ကောင်းလိုက်တာကွာ"

ကိုတင်အေးက ကြမ်းပြင်ပေါ်သို့ခြေပစ်လက်ပစ် ထိုင်ချရင်း ပြောသည်။ နေလင်းအောင်က ငိုနေသည်။ ကိုတင်အေး၏ မိန်းမ မစန်းကြည်က ပါးပြင်ပေါ်တွင် မျက်ရည်များကို သုတ်ရင်း ငေးငိုင်နေသည်။

"အရွယ်မရောက်သေးဘူး၊ ဘယ်လို စိတ်ကူးမျိုးတွေ မွေးတာလဲသားရယ်၊ လူကြားလို့လဲမကောင်းဘူး၊ တစ်ရွာတည်းနေကြတဲ့သူတွေ တစ်ယောက်မျက်နှာတစ်ယောက် မကြည့်ရဲအောင် လုပ်ရက်တယ်ဟယ်၊ သားကြောင့် အမေရှက်လိုက်တာ၊ ရွာထဲမှ လူတွေကို ဘယ်လို မျက်နှာပြရမှန်းတောင် မသိတော့ဘူး"

မစန်းကြည်က ခေါင်းကို ဘယ်ညာခါရမ်းပစ်ရင်းပြောသည်။





"ဟော့ကောင် မင်းကို ဘယ်သူက မြှောက်ပင့်ပေးတာလဲ"

ကိုတင်အေးက ထိုင်ရာမှ ဝုန်းခနဲ ထရပ်သည်။ ရုတ်တရက်မို့ နေလင်းအောင် လန့်သွားသည်။

"ဘယ် ဘယ်သူမှ မြှောက်မပေးပါဘူး အဖေ"

"ဟင်. . ဒါဆိုရင် မင်းစိတ်ကိုက စိတ်ရိုင်းတွေ ဝင်နေတာပေါ့၊ တောက်. . ငါ့စိတ်ထဲဒေါသဖြစ်နေတဲ့အတိုင်းသာ ထပြီးရိုက်ရရင် မင်းတော့ သေတော့မှာပဲ"

ကိုတင်အေးက လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ထားရင်း အံကြိတ်ထားသည်၊ ကိုတင်အေး၏ ဒေါသကြီးတတ်ပုံကို ဇနီးဖြစ်သူ မစန်းကြည်က သိနေသည်။ သားဖြစ်သူ နေလင်းအောင်အား ကိုတင်အေးမှ ထရိုက်မည်ကိုလည်း စိုးရိမ်နေမိသည်။ ကိုတင်အေးက နေလင်းအောင်၏မျက်နှာကို စူးစူးရဲရဲကြည့်ရင်း အိမ်အောက်သို့ ဆင်းသွားသည်။ မစန်းကြည်က သက်ပြင်းချပြီး စိတ်အေးသွားရတော့၏။

× × × × ×

"ဟဲ့. . ဘာဖြစ်တာလဲ မိသင်း"

ဝုန်းဝုန်းဒိုင်းဒိုင်းအသံများကြောင့် ဘေးအိမ်မှ ဒေါ်သောင်းတင်က မသင်းသင်းဝေ၏အိမ်ပေါ်သို့ ပြေးတက်လာသည်။ မသင်းသင်းဝေက မျက်စိပျက်မျက်နှာပျက်အမူအရာနှင့် ဒေါ်သောင်းတင်

ကိုမြင်တော့ မသင်းသင်းဝေက ရင်ခွင်ထဲသို့ တိုးဝင်ပြီး ငိုရှိုက်လိုက်သည်။

"ဟဲ့ ဘာဖြစ်တာလဲ ငါ့ကို ပြောစမ်း"

ဒေါ်သောင်းတင်က မသင်းသင်းဝေ၏ ပခုံးကို ကိုင်လှုပ်ရင်း မေးသည်။

"ဟဲ့. . ဟဲ့ ဘာဖြစ်တာလဲ ငါ့ကို ပြောစမ်း"

"ဟို. . ဟို ဦးတင်အေးရဲ့သား နေလင်းအောင်က သမီးကို အဟီး ဟီး"

မသင်းသင်းဝေက ချုံးပွဲချငိုလိုက်သည်။

"ဘာရယ် ငါနားလည်အောင် ပြောပြစမ်းပါမိသင်းရယ်"

မသင်းသင်းဝေက ဒေါ်သောင်းတင်၏အနားသို့ တိုးကပ်ကာ ပြောပြလိုက်သည်။

"ဟယ်. . တောက် မိုက်ရိုင်းလိုက်တာဟယ်၊ သမီး ဘာဖြစ်သွားသေးလဲ"

"သမီးက ရုန်းကန်ပြီး တွန်းလိုက်တော့ သူ နောက်ပြန်လဲကျသွားတယ်၊ သမီး ဘာမှမဖြစ်ပါဘူးဒေါ်လေး"

"အဒေါ်က သမီးတို့မောင်နှမတွေ သတ်ပုတ်ကစားနေကြတာလို့ထင်တာ"

"သမီး ရုက်လိုက်တာ ဒေါ်လေးရယ်"





"သမီး အဖေနဲ့အမေတို့က ဘယ်သွားနေလို့လဲ"

"အဖေနဲ့အမေက အသရော်ရွာကို သွားနေကြတယ်"

"ဟင်း- ညည်းအဖေနဲ့အမေက သားသမီးတွေထားခဲ့ပြီး တစ်ခြားရွာကို သွားတာများ ဘေးအိမ်က လူတွေကို ပြောမသွားဘူး၊ ပြန်လာတော့မှ အပြစ်တင်ရဦးမယ်"

ဒေါ်သောင်းတင်က မသင်းသင်းဝေကို သူ့အိမ်သို့ ခေါ်သွားသည်။

"နင့်ဦးလေး ဦးမောင်မရှိလို့သာပေါ့၊ နင်နဲ့ နေလင်းအောင်တို့ ရှုန်းရင်းဆန်ခတ်ဖြစ်နေတုန်း ဦးမောင်သာရှိရင် ဒီကောင်လေးကို အသေသတ်မှာသိလား၊ နတ်သိကြားတွေက ဖယ်ရှားတာ သမီးအိမ်မှာ ဘာလုပ်စရာရှိသေးလဲ"

"ညနေစာ ထမင်းချက်ရဦးမယ်"

"အဒေါ် ချက်ထားလိုက်မယ်၊ သမီး အဒေါ်တို့အိမ်မှာပဲနေပေါ့၊ ဒီကိစ္စကို ညည်းအဖေသိရင် ယမ်းပုံမီးကျတာ မြင်ယောင်ပါသေးတယ်"

ညနေစောင်းလျှင် မသင်းသင်းဝေ၏အမေ-မအေးနွယ် အိမ်သို့ ပြန်လာ၏။ ဒေါ်သောင်းတင်က မအေးနွယ်ကိုခေါ်ပြီး အကျိုးအကြောင်းပြောပြလိုက်သည်။

"ဟင်. . သူ့အဖေသာသိရင်"

"အဲဒါ ပြောနေတာပေါ့"

"သမီးလေးရယ်၊ အမေရင်တွေ ပူလိုက်တာ"

မအေးနွယ်က မသင်းသင်းဝေကို ဖက်ထားရင်း ပြောသည်။

"ဒီကောင်လေး ဒီလောက် မိုက်ရိုင်းလိမ့်မယ်လို့ မထင်ဘူး၊ တောက် - ခံပြင်းစရာကောင်းလိုက်တာနော်"

"သမီး ရှက်လိုက်တာ အမေရယ်"

"ဒီကိစ္စကို ငြိမ်နေလို့တော့ မဖြစ်ဘူး"

မအေးနွယ်က မသင်းသင်းဝေနှင့် ဒေါ်သောင်းတင်ကိုခေါ်ကာ ကျေးရွာလူကြီး ဦးသိန်းမြင့်၏ အိမ်သို့ သွားသည်။ မအေးနွယ်၏ ယောက်ျား ကိုထွန်းကြည်က သတင်းကြား၍ နောက်မှလိုက်လာသည်။

"ကျွန်တော်ကတော့ အခုကိစ္စကို လုံးဝမကျေနပ်ဘူးနော် ဦးသိန်းမြင့်၊ ဒီလောက်မိုက်ရိုင်းယုတ်မာတာ၊ လူချင်းအပြတ်ရှင်းပစ်လိုက်ချင်တယ်"

ကိုထွန်းကြည်က လက်သီးလက်မောင်းတန်းရင်း ပြောသည်။

"ဒေါသကို ရှေ့မထားပါနဲ့ ထွန်းကြည်ရယ်၊ ပြစ်မှုကျူးလွန်သူတွေအတွက် တရားဥပဒေဆိုတာ ရှိပါတယ်။ မင်း မကျေနပ်ရင် ဥပဒေအရ အရေးယူ ဆောင်ရွက်လို့ရပါတယ်၊ လောလောဆယ်တော့ စိတ်ထိန်းထားစမ်းပါဦး"

ဦးသိန်းမြင့်က ကိုထွန်းကြည်ကို နှစ်သိမ့်သည်။ ကိုထွန်း





ကြည်၏မျက်နှာက တင်းမာနေသည်။ မအေးနွယ်က ကိုထွန်းကြည်ကို တောင်းပန်သော အကြည့်ဖြင့် ကြည့်နေသည်။

ကိုထွန်းကြည်က မအေးနွယ်၊ ဒေါ်သောင်းတင်၊ မသင်းသင်းဝေနှင့် ကျေးရွာလူကြီးများကိုခေါ်ကာ သာယာဝတီမြို့နယ်၊ စံရွေးရဲစခန်းသို့ စက်လှေဖြင့် မြစ်ကြောင်းအတိုင်း လာခဲ့သည်။ စံရွေးရဲစခန်းက သာယာဝတီမြို့နယ် သုံးဆယ်မြို့၏ အနောက်ဘက် ၅ မိုင်ခန့်အကွာ မြစ်မခမြစ်၏ တစ်ဖက်ကမ်း စံရွေးရွာတွင် ရှိသည်။ မြစ်မခမြစ်တစ်လျှောက် ကျေးရွာများတွင် ဖြစ်ပွားသော မှုခင်းများကို တိုင်ကြားရန် ရဲစခန်းဖွင့်လှစ်ထားခြင်း ဖြစ်သည်။

ဦးသိန်းမြင့်က ဦးဆောင်၍ ရဲစခန်းထဲသို့ ဝင်လာသည်။

"ဟာ-ဦးသိန်းမြင့်၊ မိုးတောင်မလင်းသေးဘူး၊ ဘာတွေ ဖြစ်လာတာလဲ"

နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်အေးကျော်က မေးလာသည်။

"ပြောမပြောချင်ပါဘူး ဗိုလ်လေးရယ်၊ ကျွန်တော်တို့ရွာမှာ အရွယ်မရောက်သေးတဲ့ကလေးချင်း ပဋိပက္ခဖြစ်လို့ အမှုဖွင့် တိုင်ကြားမယ်ဆိုပြီးလာခဲ့တာ"

"ဟင်-ဘယ်လိုဖြစ်ကြတာလဲ၊ လာဗျာ ထိုင်ကြဦး၊ ခေါင်းမှူးကို သွားရောက်အကြောင်းကြားလိုက်ဦးမယ်"

နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်အေးကျော်က စခန်းမှူး အိမ်ဘက်သို့ ထွက်သွား၏။ ခဏကြာတော့ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်အေးကျော်နှင့်အတူ စခန်းမှူးရဲအုပ်ခင်မောင်တင့် လိုက်ပါလာသည်။ စခန်းမှူးရဲအုပ်ခင်မောင်တင့်က ဖြစ်စဉ်ကို မသင်းသင်းဝေအား မေးမြန်းသည်။ စခန်းမှူးရဲအုပ်ခင်မောင်တင့်က ကိုထွန်းကြည်အား ဥပဒေနှင့်ပတ်သက်ပြီး ရှင်းလင်းပြပေမယ့် လက်မခံ။

"ဥပဒေအရသာ အရေးယူ ဆောင်ရွက်ပေးပါ စခန်းမှူး၊ ကျွန်တော် ဒေါသတွေ တစ်အားဖြစ်နေလို့ပါ၊ စိတ်မထိန်းနိုင်ရင် လူကြီးချင်း ရိုက်နှက်သတ်ပုတ်တဲ့အထိ ဖြစ်သွားနိုင်ပါတယ်"

ကိုထွန်းကြည်က ဒေါသသံဖြင့် ပြောသည်။ စခန်းမှူးရဲအုပ်ခင်မောင်တင့်က ကိုထွန်းကြည်၏မျက်နှာကို ကြည့်ရင်း စဉ်းစားနေသည်။

"ကာယကံရှင်တွေ စိတ်တိုင်းကျ ဆောင်ရွက်ပေးပါ့မယ်ဗျာ"

စခန်းမှူး ရဲအုပ်ခင်မောင်တင့်က ရဲတပ်ကြပ်ကြီး(စာရေး)ကို ခေါ်၍ အမှုဖွင့်ပေးရန် တာဝန်ပေးလိုက်သည်။ ထို့ကြောင့် ပြစ်မှုကျူးလွန်သူ နေလင်းအောင်အား စံရွှေးရဲစခန်းမှ (မ)/ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၇၆/ ၅၁၁ဖြင့် အမှုဖွင့် အရေးယူခဲ့၏။ စခန်းမှူး ရဲအုပ်ခင်မောင်တင့်နှင့်နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်ခင်မောင်တင့်နှင့်နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်အေးကျော်တို့က ရွာသစ်





ချောင်းရွာသို့ လိုက်သွားသည်၊ နေလင်းအောင်အား စံရွှေးရဲစခန်းသို့ ခေါ်လာခဲ့သည်။ စခန်းမှူးရဲအုပ်ခင်မောင်တင့်က နေလင်းအောင်နှင့်မသင်းသင်းဝေတို့အား ရဲဆေးစာဖြင့် သာယာဝတီဆေးရုံသို့ ပို့အပ်၍ ဆေးစစ်ဆေးချက်ရယူခိုင်းသည်။ အခင်းဖြစ်စဉ်က နေလင်းအောင်နှင့် မသင်းသင်းဝေတို့ ဝတ်ဆင်ခဲ့သော လုံချည်၊ ဘောင်းဘီတို့ကို သက်သေလူကြီးများ၏ရှေ့တွင် ရဲလုပ်ထုံးလုပ်နည်းနှင့်အညီ သိမ်းဆည်းပြီး ရန်ကုန်ဓာတုဗေဒဝန်ရုံးသို့ စစ်ဆေးတွေ့ရှိချက် ပြန်ကြားပေးရန် ပေးပို့ခဲ့သည်။

အမှုစစ်ရဲအုပ်ခင်မောင်တင့်က နေလင်းအောင်အား စစ်ဆေးမေးမြန်းကြည့်သောအခါ-

× × × × ×

နေလင်းအောင်က မသင်းသင်းဝေ၏ အိမ်ပေါ်သို့ တစ်လှမ်းချင်း တက်လာသည်။ တစ်အိမ်လုံးသည် တိတ်ဆိတ်ငြိမ်သက်နေ၏။ နေလင်းအောင်က အိမ်ပေါ်ရှိနေရာတိုင်းသို့ မျက်စိကစားလိုက်သည်။ မည်သူ့ကိုမှ မတွေ့ရ။

"ဟဲ့-သင်းဝေ"

နေလင်းအောင်က တီးတိုးခေါ်ကြည့်လိုက်သည်။ အိပ်ခန်းထဲမှ လျှောက်လာသော ခြေသံကို ကြားလိုက်ရသည်။

"ဟယ်- နေလင်းအောင်၊ ဘာကိစ္စလဲ"

မသင်းသင်းဝေက ဆံပင်ကို ပြင်စည်းရင်း မေးသည်။

"ဟို-ဟိုလေ"

"ဘာလဲဟဲ့- အိမ်မှာ ဘယ်သူမှမရှိဘူး၊ ငါတစ်ယောက်တည်း၊ ဘာပြောချင်လဲပြော"

နေလင်းအောင်၏ မျက်နှာပြုံးရွှင်သွားသည်။

"ဟိုလေဟယ် နင့်ကို ပြောစရာရှိလို့"

"ဘာပြောချင်သလဲ ပြောဟဲ့"

နေလင်းအောင်က မသင်းသင်းဝေ၏ အနီးသို့ တိုးကပ်လာသည်။

"ဟဲ့-ဘာပြောချင်သလဲ၊ ပြောလေ"

နေလင်းအောင်က မသင်းသင်းဝေ၏ ကိုယ်လုံးလေးအား ပွေ့ဖက်ပစ်လိုက်သည်။

"ဟဲ့ - လွှတ်နော်၊ ငါအော်ဟစ်လိုက်ရင် နင်အရှက်ကွဲသွားမယ်နော်"

နေလင်းအောင်က မသင်းသင်းဝေအား အိပ်ခန်းထဲသို့ ဒရွတ်တိုက်ဆွဲခေါ်သွား၏။ ထို့နောက် အိပ်ရာပေါ်သို့ လှဲချလိုက်သည်။ မသင်းသင်းဝေက နေလင်းအောင်၏ ယုတ်မာသော အကြံအစည်ကို ရိပ်စားမိလိုက်သည်။

"တောက်. . . ဖယ်စမ်း"





မသင်းသင်းဝေက နေလင်းအောင်၏ လက်အတွင်းမှ အတင်းရုန်းကန်ပြီး အိမ်ရှေ့ဘက်သို့ ပြေးထွက်လာခဲ့သည်။ နေလင်းအောင်က နောက်မှ ပြေးလိုက်လာ၏။

"နင်- ငါ့အိမ်ပေါ်က ဆင်းသွား"

မသင်းသင်းဝေက နေလင်းအောင်ကို ကျယ်လောင်စွာ ပြောလိုက်သည်။

"ဟဲ့- ဘာဖြစ်နေကြတာလဲ"

ဘေးအိမ်မှဒေါ်သောင်းတင်က လှမ်း၍ မေးသည်။ နေလင်းအောင်က မသင်းသင်းဝေ၏အိမ်ပေါ်မှ ပြေးဆင်းသွားသည်။

× × × × ×

"မင်းရဲ့သား လုပ်ရပ်ကတော့ ငါတို့မိဘဆွေမျိုးအားလုံးအတွက် အရှက်ကွဲရုံမက မင်းရဲ့သားကိုယ်တိုင် အရေးယူခံနေရပြီ၊ တော်တော်ဆိုးတဲ့အကောင် အရွယ်မရောက်သေးဘဲ ဘယ်လိုစိတ်ရိုင်းတွေ ဝင်နေတာလဲ မသိပါဘူး၊ ငါတော့ စိတ်ညစ်တာနဲ့ သေလိမ့်မယ် စန်းကြည်ရေ"

ကိုတင်အေးက ခေါင်းကိုဘယ်ညာ ခါရမ်းရင်း ပြောသည်။

"ရှင့်ရဲ့သားက ရွာထဲက ကာလသားတွေနဲ့ ပေါင်းနေတာ မဟုတ်လား၊ အဲဒီကောင်ကြီးတွေက ကလေးတွေ စိတ်ရိုင်းဝင်လာအောင် မဖွယ်မရာတဲ့အကြောင်းကိစ္စတွေကို ပြောဆိုပြီး သွေးထိုးထား

တာနေမှာပေါ့၊ ဒီအရွယ်လေးနဲ့ စိတ်ရိုင်းတွေဝင်နေတာ အံ့ဩစရာပဲ၊ ကောင်မလေးမိဘတွေဘက်က ကြည့်တော့လည်း တော်တော်ရှက်စရာကောင်းတာပဲ၊ ဒေါသဖြစ်မယ်ဆိုလည်း ဒေါသဖြစ်စရာပါပဲ၊ ဘယ်လိုတောင်းပန်ရမှန်းတောင်မသိပါဘူး ကိုတင်အေးရယ်"

- မစိန်းကြည်က စိတ်ပျက်စွာဖြင့် ပြောသည်။

"စခန်းမှူးကတော့ အရွယ်မရောက်သေးတဲ့ ကလေးသူငယ်တွေမို့ ထောင်မကျနိုင်ဘူးလို့တော့ ပြောတာပဲ၊ ငါကတော့ သားအတွက် စိတ်ပူနေမိတယ်"

"အင်း- မပြောကောင်း မဆိုကောင်း သားလေးသာ"

စခန်းမှူးရဲအုပ်ခင်မောင်တင့်က အမှုကို သာယာဝတီမြို့နယ်တရားရုံးသို့ တရားစွဲတင်ပို့သည်။ တရားရုံးမှအမှုကို ကြားနာစစ်ဆေးပြီး နေလင်းအောင်မှာ အရွယ်မရောက်သေးသည့် အရွယ်ဖြစ်နေသဖြင့် ပြောဆိုဆုံးမကာ အမှုမှ အပြီးပြတ်လွှတ်လိုက်သည်။ ကိုတင်အေးနှင့်မစိန်းကြည်တို့မှာ သားဖြစ်သူအတွက် ဝမ်းသာလွန်း၍ မျက်ရည်များဝဲနေကြသည်။ တရားရုံးမှအပြန်တွင် စံရွှေးရဲစခန်းသို့ ဝင်၍ စခန်းမှူးရဲအုပ်ခင်မောင်တင့်အား ကျေးဇူးတင်စကားပြောကြသည်။

"မင်းက အရွယ်မရောက်သေးတဲ့ ကလေးသူငယ်တစ်ဦးမို့ တရားရုံးက သက်ညှာစွာ စဉ်းစားပြီး ဆုံးမလွှတ်လိုက်တာ၊ အရွယ်





ရောက်နေတဲ့ ယောကျာ်းလေးတစ်ယောက်ဆိုရင်တော့ မင်းကျူးလွန်ခဲ့ မြင်မှုက ထောင်ကျမှာ အမှန်ပဲ၊ (ကလေးတွေဟာ အတုမြင်အတတ်သင်ဆိုသလို စရိုက်ဆိုးတဲ့သူနဲ့ ပေါင်းသင်းမိရင် စရိုက်ဆိုးလာကြတယ်၊ သူတို့ပေါင်းသင်းတဲ့ အပေါင်းအသင်းတွေက ရွယ်တူတွေဘဲ အသက်အရွယ် အတွေ့အကြုံရင့်ကျက်သူတွေဖြစ်နေရင် သူတို့ရဲ့ သွေးသားသောင်းကျန်းစရာစကားတွေကြောင့် ကလေးတွေဟာ စိတ်ရိုင်းဝင်သွားကြတတ်တာပဲ၊ လူကြီးသူမတွေကသာ ကလေးသူငယ်တွေကို မကောင်းမြစ်တာ ကောင်းရာညွှန်လတ်တတ်ကြတာပါ) မောင်နေလင်းအောင်ကလည်း နောင် ဒါမျိုးတွေ မဖြစ်အောင် ကြိုးစားပေါ့ကွာ" ကိုတင်အေးတို့မိသားစုက စခန်းမှူးရဲအုပ်ခင်မောင်တင့်ကို နှုတ်ဆက်ပြီး ရွာသစ်ချောင်းရွာသို့ ပြန်လာခဲ့ကြသည်။

စိတ်ရိုင်းဝင်မိသောကြောင့် မိမိသာမက မိဘဆွေမျိုးအားလုံး အရှက်ရစေခဲ့သောဖြစ်ရပ်ကို သတိရတိုင်း နေလင်းအောင်တစ်ယောက် နောင်တရပြီးတိုင်း နောင်တရနေမိတော့၏။

ပြစ်မှု၊ ၂၀၀၃၊ ဧပြီ

✡ ✡ ✡ ✡ ✡

# မြသရဖူစာပေနှင့်အနုပညာလုပ်ငန်းမှ
# ထွက်ရှိပြီးစာအုပ်များနှင့်ဆက်လက်ထွက်ရှိမည့်စာအုပ်များ

## ထွက်ရှိပြီးစာအုပ်များ

| | |
|---|---|
| ၁။ ထူးထူးခြားခြားဂမ္ဘီရဝတ္ထုတိုများ | ကလောင်စုံ |
| ၂။ ဦးလေးဆော်တာဆွေနှင့်ဖားပေါင်တောင်က မျောက်ကလေးတစ်ကောင် | ဆောင်းဝင်းလတ် |
| ၃။ ကျွန်တော်နှင့်ရှေးဟောင်းဗိဿာဉ်အပါအဝင် ထူးထူးခြားခြားဂမ္ဘီရဝတ္ထုတိုများ | ကလောင်စုံ |
| ၄။ သံသေခေါင်းလောင်းနဲ့မရဏာလိပ်ပြာအပါအဝင် ထူးထူးခြားခြားဂမ္ဘီရဝတ္ထုတိုများ | ကလောင်စုံ |
| ၅။ ဆရာဆော်တာဆွေနှင့်ကျွန်တော် | သုဝဏ္ဏကျော်စိန် |

## ဆက်လက်ထွက်ရှိမည့်စာအုပ်များ

| | |
|---|---|
| ၁။ ဆရာဆော်တာဆွေ၏ အဟိတေဝ်နှင့်ရင်ထဲထင်ဆဲပုံရိပ်များ | သုဝဏ္ဏကျော်စိန် |
| ၂။ ထူးထူးခြားခြားဂမ္ဘီရဝတ္ထုတိုများ (၃) | ကလောင်စုံ |
| ၃။ ပြူးစရာဟာသများနှင့်ရယ်စရာလှောင်ကွက်များ | ဇော်ကီတော်ကီ |
| ၄။ နေ့စံ၍ညစံရသူများအပါအဝင်ဂမ္ဘီရထူးခြား ဆန်းကြယ်ဝတ္ထုများ | ကျော်မင်းနိုင် |
| ၅။ ကလိုဲစားဗိဿာဉ်နှင့် ဂမ္ဘီရဝတ္ထုတိုများ | လွန်ကျော်ဦး |


စာအုပ်များကို နီးစပ်ရာစာအုပ်ဆိုင်များတွင် မှာကြားနိုင်ပါသည်။

ဆက်သွယ်ရန် - ၂၉၆၀၈၀၊ ၂၉၆၇၇၂၊ ၅၂၄၃၈၆